mgyoe.com

ဒက္ခိဏာရာမ ဆရာတော်ဘုရားကြီး
အရှင်ဇာဂရာဘိဓဇ
ရေးသားစီရင်အပ်သော

# သံဝေဂဝတ္ထုဒီပနီကျမ်း

(၄တွဲ ပေါင်းချုပ်)

သံတော်ဆင့် ဦးဘိုးအို
တည်းဖြတ်သည်

mgyoe.com

mgyoe.com

taya0044
7,500.00 KS

mgyoe.com

သံဝေဂဝတ္ထုဒီပနီကျမ်း- ၉ တွဲပေါင်းချုပ်၊ အရှင်ဇာဂရာဘိဝံသ
မျက်နှာဖုံးပန်းချီ - ဝင်းမြင့်ဦး၊ စာမျက်နှာ ၃၇၆+မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဖိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၈၈၉ မြန်မာသံတော်မီ စက်ပုံနှိပ်တိုက်ထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၇၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သံဝေဂဝတ္ထုဒီပနီကျမ်း

## ၄ တွဲ ပေါင်းချုပ်

ဒက္ခိဏာရာမဆရာတော်ဘုရားကြီး
အရှင်ဇာဂရာဘိဓဇ ရေးသားစီရင်၍
သံတော်ဆင့်ဦးဘိုးအို တည်းဖြတ်သည်။

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

သီရိန္ဒရ။ သကျမုနိ။ ထွန်းဘုန်းရှိသည်။
ဇာတိဇရာ။ အစဖွာဖြင့်။ လေးဖြာဝဋ္ဋ။
ဟောမြွက်ပြုလျှင်။ ထောက်ရှုနိုင်းဆ။ ဗုဒ္ဓမတည့်။ ဉာဏ်မူဖွယ်စုံ။ ဂုဏ်အနန္တ၊ သီဖွမ်းလှ၍။
အတ္ထဝဏ္ဏနအရာ။ လွန်လိမ္မာသော။ အဋ္ဌကထာ
ဆရာမြတ်တို့သည်။ လျောက်ပတ်စွာ ဖြည့်စွက် ယူအပ်သော သံဝေဂဝတ္ထုရှစ်ပါးကို။
တရားစွဲယူ။ အများလူတို့။ ကြည်ဖြူသဒ္ဓါ။ ရှုစိမ့်ငှာဟု။
ဇာဂရာဘိဓေ။ ဘွဲ့နာမဖြင့်။ ပေါက်ပြဇာနည်။ သင်ကြည်သကတ်။
ခင်းတည်လတ်၍။ ပရိယတ္တိဆောကာ။ ဒက္ခိဏာရာမ။ ဝိဟာရ၌။
ယာပထမှုညီပျော်သော။ ဆရာတော် ဘုရားကြီးသည်။
ဘဝနိဗ္ဗိန္ဒ။ သံဝေဂတရား။ ဖြစ်ပွားကြစေခြင်းငှာ။ ရေးသားစီရင်အပ်သော

## သံဝေဂဝတ္ထုဒီပနီကျမ်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ပထမတွဲ


၁။ သံဝေဂလေးပါး၊ သံဝေဂရှစ်ပါးအကြောင်း ၂
၂။ တစ်နည်း သံဝေဂလေးပါးအကြောင်း ၄
၃။ သံဝေဂ၏ ဝိဂြိုဟ်ရအကြောင်း ၄
၄။ သံဝေဂဝတ္ထု၏ ဝိဂြိုဟ်ရအကြောင်း ၆
၅။ ကြောက်ခြင်းကင်းသောသူ ခြောက်ယောက်အကြောင်း ၇
၆။ ခြင်္သေ့၏ ကြောက်ခြင်းမရှိသောအကြောင်း ၇
၇။ ဆင်အာဇာနည်၏ ကြောက်ခြင်းမရှိကြောင်း ၈
၈။ တစ်နည်း ဆင်အာဇာနည်အကြောင်း ၁၀
၉။ မြင်းအာဇာနည်၏ ကြောက်ခြင်းမရှိကြောင်း ၁၂
၁၀။ တစ်နည်း မြင်းအာဇာနည်အကြောင်း ၁၃
၁၁။ နွားလားဥသဘအာဇာနည်၏ ကြောက်ခြင်းမရှိကြောင်း ၁၄
၁၂။ တစ်နည်း နွားလားဥသဘအာဇာနည် အကြောင်း ၁၅
၁၃။ လူအာဇာနည်၏ ကြောက်ခြင်းမရှိကြောင်း ၁၇
၁၄။ တစ်နည်း လူအာဇာနည်အကြောင်း ၁၉
၁၅။ ဟီရိဩတ္တပ္ပတရားနှစ်ပါးအကြောင်း
၁၆။ ဩတ္တပ္ပသံဝေဂမရှိသူ စုန္ဒာခုကရိကအကြောင်း ၂၂
၁၇။ တစ်နည်း ဩတ္တပ္ပသံဝေဂမရှိသူ နွားသတ်အကြောင်း ၂၅
၁၈။ ပုတိဂတ္တတိဿထေရ်အကြောင်း ၂၇
၁၉။ ပညာမသင်သောသူဌေးသားအကြောင်း ၃၀
၂၀။ အဝတ်ကိုခိုးသောကြောင့် မကောင်းကျိုး ပေးကြောင်း ၃၂
၂၁။ ကျီစယ်၍ အဝတ်ပုဆိုးကို ဝှက်ထားမိကြောင်း ၃၅
၂၂။ ကာမေသုမိစ္ဆာပရဒါကို ကျူးလွန်ကြောင်း ၃၈
၂၃။ တစ်နည်း ပရဒါရကံကိုကျူးလွန်ကြောင်း ၄၂
၂၄။ တစ်နည်း ရှင်အာနန္ဒာ၏ ပရဒါရှကံအကြောင်း ၄၃


## ဒုတိယတွဲ


၂၅။ မုသာဝါဒကံအကြောင်း ၄၈
၂၆။ တစ်နည်း မုသာဝါဒကံအကြောင်း ၅၀
၂၇ သာဝါဒကိုကျူးလွန်သော စေတီယမင်းအကြောင်း ၅၂
၂၈။ သေရက်သောက်သော ရှင်သာဂတထေရ်အကြောင်း ၅၅
၂၉။ တစ်နည်း သေရက်သောက်ခြင်းအကြောင်း၅၇
၃၀။ သေရက်ဖြစ်ခြင်း၏ မူလအကြောင်း ၅၉
၃၁။ အနာထပိဏ်သူဌေးတူ သေသောက်ကြူးအကြောင်း ၆၁
၃၂။ ဃောသကနတ်သားအကြောင်း ၆၃
၃၃။ ၎င်းဃောသကသူဌေးအကြောင်း ၆၅
၃၄။ ပရိတ်တော်ကြောင့်အသက်ရှည်ကြောင်း ၇၅
၃၅။ အနာတပိဏ်သူဌေး၏ လှူခြင်းအကြောင်း ၇၆
၃၆။ လိမ်လည်ကောက်ကျစ်သောသူအကြောင်း ၇၈
၃၇။ နကုလပိ ထာနကုလမာတာတို့အကြောင်း ၈၀
၃၈။ ဘဒ္ဒါသတို့သမီးသီလရှိအကြောင်း ၈၂
၃၉။ မုသာဝါဒကိုကြဉ်၍ကြံတိုင်း မြောက်သောမင်းအကြောင်း ၈၄


mgyoe.com

၄၀။ တစ်နည်း ရသာဝါဒကိုကြည်သော ဝတ္ထုအကြောင်း ၈၇
၄၁။ မာဃလုလင်အကြောင်း ၈၈
၄၂။ တည်ကြည်သော ကုမ္ဘဃောသကသူဌေး အကြောင်း ၉၂


## တတိယတွဲ


၄၃။ ညာဏသံဝေဂကိုပြရာပြကြောင်း ၉၉
၄၄။ မတောင်းမခံဘဲ သီလကို မပေးသင့်ကြောင်း ၁၀၁
၄၅။ စုတေသောလူနတ်တို့ အပါယ်သွားများကြောင်း ၁၀၃
၄၆။ နတ်ပြည်မှစုတေ၍ အဝီစိသို့ရောက်ကြောင်း ၁၀၅
၄၇။ သစ္စာလေးပါးမှလွတ်သော ဒေသနာမရှိကြောင်း ၁၀၈
၄၈။ ပဋိသန္ဓေလေးပါးအကြောင်း ၁၁၁
၄၉။ လူတို့သံသေဒဇပဋိသန္ဓေယူကြောင်း ၁၁၂
၅၀။ လူတို့ ဥပပတ်ပဋိသန္ဓေယူကြောင်း ၁၁၉
၅၁။ ကိုယ်ဝန်ရခြင်းအကြောင်း ၁၂၇
၅၂။ ကလလရေကြည်တည်ခြင်းအကြောင်း ၁၂၉
၅၃။ ဘုရားရှင်ကို ဣန္ဒက ဘီလူးမေးလျှောက်ကြောင်း ၁၃၀
၅၄။ ခုနစ်လသားရှစ်လသားတို့ အသက်ရှင်မရှင်အကြောင်း ၁၃၀
၅၅။ ရှင်သီဝလိ၏ပဋိသန္ဓေအကြောင်း ၁၃၀
၅၆။ ဇာတိဒုက္ခ၏အကြောင်း ၁၃၆
၅၇။ ရှင်ဂေါဓိကထေရ်နိဗ္ဗာန်ယူကြောင်း ၁၃၉
၅၈။ အသုဘစကားကိုဟောတော်မူကြောင်း ၁၄၀
၅၉။ ဆန္နထေရ်၏နိဗ္ဗာန်ယူကြောင်း ၁၄၂
၆၀။ ရှင်ဝက္ကလိ၏နိဗ္ဗာန်ယူကြောင်း ၁၄၄
၆၁။ ကြိုးဆွဲချ၍သေသော မိန်းမတို့အကြောင်း ၁၄၆


## စတုတ္ထတွဲ


၆၂။ ရာဂနှိပ်စက်၍အသက်သေရကြောင်း ၁၄၇
၆၃။ အစာဒ္ဓတပ်မက်၍အသက်သေရကြောင်း ၁၄၇
၆၄။ နတ်သမီးကိုတပ်မက်၍ အသက်သေရကြောင်း ၁၄၇
၆၅။ ပုရာဏကဿပ၏သေရခြင်းအကြောင်း ၁၄၈
၆၆။ ယုန်တစ်ခုကြောင့်သားအပေါင်း သေရကြောင်း ၁၅၀
၆၇။ ဘုရားလောင်းမိစ္ဆာအယူဖြစ်ဖူးကြောင်း ၁၅၃
၆၈။ ဥပက္ခာပါရမီကိုဖြည့်တော်မူကြောင်း ၁၅၄
၆၉။ ရှေးဟုပ်သောမိစ္ဆာရသေ့တို့အကြောင်း ၁၅၃
၇၀။ ပုရာဏကဿပအကြောင်း ၁၅၄
၇၁။ မက္ခလိဂေါသာလအကြောင်း ၁၅၄
၇၂။ ကောရခတ္တိယသုနက္ခတ္တတို့အကြောင်း ၁၅၄
၇၃။ ကဋ္ဌာရမန္ဒက တက္ကဒ္ဒန်းအကြောင်း ၁၅၆
၇၄။ နန္ဒဂေါပါလကသေခြင်းအကြောင်း ၁၅၈
၇၅။ မဟာကာဠဥပါသကာ၏ သေရခြင်းအကြောင်း ၁၅၈
၇၆။ ဝေဒပ္ပမန္တာန်ဖြင့်ရတနာမိုးရွာကြောင်း ၁၆၂
၇၇။ ဆတ္တလုလင်ကိုသူခိုးတို့သတ်ကြောင်း ၁၆၅
၇၈။ အပ္ပပေတာဝတ္ထုအကြောင်း ၁၆၈
၇၉။ တိဿမထေရ်ကိုသူခိုးတို့သတ်ကြောင်း ၁၇၀
၈၀။ ရှင်မောဂ္ဂလာန်ကို ခိုးသားငါးရာသတ်ကြောင်း ၁၇၀
၈၁။ စူဠဓနုဂ္ဂဟပဏ္ဍိတကို ခိုးသားငါးကျိပ်သတ်ကြောင်း ၁၇၆
၈၂။ သဗ္ဗရဒဓာနနမန္တာန်အကြောင်း ၁၇၆
၈၃။ လင်ကိုအကြိမ်ကြိမ်သတ်သော မိန်းမ ၁၇၉
၈၄။ မိန်းမနိုင်ငံသို့လိုက်၍သေရကြောင်း ၁၈၀
၈၅။ လာဇာသတို့သမီးကို မြွေခဲ၍သေကြောင်း ၁၈၂
၈၆။ မြွေကိုမွေးကျွေးသောရသေ့အကြောင်း ၁၈၄
၈၇။ အသက်ကိုစွန့်၍လှူဒါန်းကြောင်း ၁၈၅
၈၈။ မြွေလေးမျိုး၌မေတ္တာပွားအပ်ကြောင်း ၁၈၆
၈၉။ မယားဟောင်းနှင့်ပေါင်းရသောဝိမာန ပြိတ္တာအကြောင်း ၁၈၇
၉၀။ မြွေကျကာဖြင့်နိဗ္ဗာန်ယူရသော ရဟန္တာအကြောင်း ၁၈၈
၉၁။ ကျားခဲ၍ရဟန်းတစ်ကျိပ် ငါးပါးကုန်ကြောင်း ၁၈၉

mgyoe.com


၉၂။ အဇာတသတ်မင်းအကြောင်း ၁၈၉
၉၃။ သဋ္ဌိဝလုလင်ကို ကျားခဲ၍သေကြောင်း ၁၉၁
၉၄။ ကျားစာကျွေးသောဗြဟ္မာရသေ့အကြောင်း ၁၉၂


## ပဉ္စမတွဲ


၉၅။ ဆုံးမခက်သောသူ၏အကြောင်း ၁၉၆
၉၆။ ပထဝီဇယမန္တာန်အကြောင်း ၁၉၆
၉၇။ လျှပ်ပေါ်သောမျောက်အကြောင်း ၁၉၈
၉၈။ ဒေဝဒတ်နှင့်ကောကာလိကတို့အကြောင်း ၂၀၀
၉၉။ တမ္ဗဒါဓိကခိုးသူကြီးအကြောင်း ၂၀၄
၁၀၀။ သုပ္ပဗုဒ္ဓလူနူအကြောင်း ၂၀၄
၁၀၁။ ရဟန်း ၇ ပါးအကြောင်း ၂၀၆
၁၀၂။ ပုက္ကုသာတိမင်းအကြောင်း ၂၀၉
၁၀၃။ ဒွန်းစဏ္ဍားမိန်းမအိုအကြောင်း ၂၁၁
၁၀၄။ ပသေနဒီကောသလမင်းနှင့် အဇာတသတ် ၂၁၂
၁၀၅။ ခွေးမုဆိုးတောတကအကြောင်း ၂၁၆
၁၀၆။ စဉ်းလဲသောကုဟကရဟန်းအကြောင်း ၂၁၇
၁၀၇။ စဉ်းလဲသော မြေခွေးအကြောင်း ၂၁၈
၁၀၈။ သာမာဝတီအကြောင်း ၂၁၉
၁၀၉။ တောမီးလောင်၍ နိဗ္ဗာန်ယူသော ရဟန္တာအကြောင်း ၂၂၃
၁၁၀။ ကရွတ်မီးလောင်၍သေသော ကျီးအကြောင်း ၂၂၃
၁၁၁။ သူယုတ်စာရေးတန်ကျသော မိန်းမအကြောင်း ၂၂၃
၁၁၂။ သရဏဂုံသီလအကြောင်း ၂၂၅
၁၁၃။ ဝိတဒ္ဒူဘအကြောင်း ၂၂၆
၁၁၄။ မတကဘတ်ကိုပြုလုပ်ကြောင်း ၂၂၈
၁၁၅။ မိုးကြိုးကျ၍သေခြင်းအကြောင်း ၂၂၉
၁၁၆။ မဟာနန္ဒိယမျောက်မင်းအကြောင်း ၂၃၀
၁၁၇။ ဦးရိုးတော်သုပ္ပဗုဒ္ဓမင်းကြီးအကြောင်း ၂၃၂
၁၁၈။ စိဉ္စမာဏအကြောင်း ၂၃၃
၁၁၉။ အဇာတသတ်မင်းအကြောင်း ၂၃၅
၁၂၀။ မှက်ကိုရိုက်၍ အဘအမိကို သေစေကြောင်းနှစ်ဝတ္ထု ၂၃၇
၁၂၁။ သုန္ဒြီပုပိုဇ်မအကြောင်း ၂၃၈
၁၂၂။ ကြံခင်းစောင့်ကိုရိုက်သတ်ကြောင်း ၂၄၀
၁၂၃။ ရန်ငြိုးပါသောမိန်းမချင်းအကြောင်း ၂၄၁


## ဆဋ္ဌမတွဲ


၁၂၄။ ဇရာဒုက္ခ၏အကြောင်း ၂၄၅
၁၂၅။ ချွေးမတို့နှိပ်စက်သော သူအိုပုဏ္ဏားအကြောင်း ၁၄၇
၁၂၆။ ဗျာဓိဒုက္ခအကြောင်း ၂၅၀
၁၂၇။ ၉၈ ပါးသောအနာရောဂါတို့အကြောင်း ၂၅၁
၁၂၈။ ရောဂါကပ်ရောက်သော မထေရ်အကြောင်း ၂၅၇
၁၂၉။ အိုင်းအမာပေါက်သောမင်းအကြောင်း ၂၅၉
၁၃၀။ တစ်နည်း ပြင်းစွာနာသော ဗာရာဏသီမင်းအကြောင်း ၂၅၉
၁၃၁။ အနာထပိဏ်သူဌေးသမီးမမာကြောင်း ၂၆၀
၁၃၂။ အနာထပိဏ်သူဌေးအနာနှိပ်စက်ကြောင်း ၂၆၁
၁၃၃။ အရှင်အနုရုဒ္ဓါ၏နှမတော်မမာကြောင်း ၂၆၂
၁၃၄။ မလ္လိကာမိဖုရားလင်၌မြတ်နိုးကြောင်း ၂၆၃
၁၃၅။ ဒေဝဒတ်၏ပြင်းစွာနာခြင်းအကြောင်း ၂၆၅
၁၃၆။ ဒေဝဒတ်၏အကျိုးစီးပွားယုတ်ကြောင်း ၂၆၆
၁၃၇။ ပျင်းရိခြင်းကြောင့် အန္တရာယ်ဖြစ်သောသူအကြောင်း ၂၆၇
၁၃၈။ ဝိပါတ်တော် ၁၂ ပါး၏ အတိတ်အကြောင်း ၂၇၀
၁၃၉။ မရဏဒုက္ခအကြောင်း ၂၇၂
၁၄၀။ သောဏမထေရ်၏ အဘရဟန်းအိုအကြောင်း ၂၇၃


## သတ္တမတွဲ


၁၄၁။ အပါယဒုက္ခအကြောင်း ၂၇၅
၁၄၂။ အဘယစောရနာဂမင်းအကြောင်း ၂၇၆
၁၄၃။ ငရဲကြီးရှစ်ထပ်အကြောင်း ၂၇၇
၁၄၄။ ငရဲ၏ဥပမာကိုပြတော်မူကြောင်း ၂၈၁
၁၄၅။ ငရဲကြီးရှစ်ထပ်၏ဝိဂြိုဟ်အကြောင်း ၂၈၁
၁၄၆။ ငရဲထိန်းငရဲသားတို့ရှိကြောင်း ၂၈၇


mgyoe.com

၁၄၇။ ယမမင်းစစ်ကြောခြင်းအကြောင်း ၂၈၇
၁၄၈။ နေမိမင်းအား ငရဲကိုပြကြောင်း ၂၉၁
၁၄၉။ စူဠကောကိတအကြောင်း ၂၉၄
၁၅၀။ ကချေသဘင်သည်တို့၏အကြောင်း ၂၉၆
၁၅၁။ အဇာတသတ်မင်း
လောဟကုမ္ဘီငရဲ၌ခံရကြောင်း ၂၉၇
၁၅၂။ သူ့သားအိမ်ယာပြစ်မှားခြင်းအကြောင်း ၂၉၇
၁၅၃။ ပရစေတနာပျက်သောသူဌေးအကြောင်း ၃၀၀
၁၅၄။ မလ္လိကာမိဖုရားသည်
ခွေးနှင့်မလျော်ပြုကျင့်ကြောင်း ၃၀၁
၁၅၅။ ရဟန္တာကို ပြစ်မှားသော
ရွှဲသမားအကြောင်း ၃၀၂
၁၅၆။ ဥပလဝဏ်ထေရ်အား ပြစ်မှား၍
နန္ဒကို မြေမျိုကြောင်း ၃၀၃
၁၅၇။ ရှင်သာရိပုတ္တရာကို ပြစ်မှားသော
ဘီလူးအကြောင်း ၃၀၅

အဌမတွဲ

၁၅၈။ ကိသဝစ္ဆရှင်ရသေ့ကိုပြစ်မှားကြောင်း ၃၀၇
၁၅၉။ ရသေ့သူမြတ်ကိုပြစ်မှားသော
နာဠိကေရမင်းအကြောင်း ၃၀၉
၁၆၀။ အဇ္ဇုနမင်းအကြောင်း ...
၁၆၀။ အင်္ဂီရသဂေါတမရသေ့ကို
ပြစ်မှားသော အဇ္ဇုနမင်းအကြောင်း ၃၀၉
၁၆၁။ ခန္တီဝါဒီရှင်ရသေ့ကို ကလာပုမင်း
ပြစ်မှားကြောင်း ၃၁၀
၁၆၂။ ကဏှဒီပါယနရသေ့ကို ပြစ်မှားသော
ဒသဘာတိက မင်းတို့အကြောင်း ၃၁၂
၁၆၃။ မာတင်္ဂရသေ့ကိုပြစ်မှားခြင်းအကြောင်း ၃၁၃
၁၆၄။ နန္ဒိယနှင့်ရေဝတီအကြောင်း ၃၁၃
၁၆၅။ တိရစ္ဆာန်ဒုက္ခအကြောင်း ၃၁၆
၁၆၆။ ပေတဒုက္ခအကြောင်း ၃၁၇
၁၆၇။ အလှူကိုဖျက်ဆီး၍ပြိတ္တာဖြစ်ကြောင်း ၃၂၁
၁၆၈။ ရဟန်းပြိတ္တာအကြောင်း ၃၂၃
၁၆၉။ ဆံပင်ကောင်းသောပြိတ္တာမအကြောင်း ၃၂၄
၁၇၀။ ကုန်းတိုက်သောရဟန်းပြိတ္တာအကြောင်း ၃၂၆
၁၇၁။ မိန်းမပြိတ္တာမအကြောင်း ၃၂၇
၁၇၂။ ပုဏ္ဏားလင်မယားပြိတ္တာအကြောင်း ၃၂၈
၁၇၃။ ရက်ကန်းသည်မယားပြိတ္တာမအကြောင်း ၃၃၀
၁၇၄။ စပါး၌အဖျင်းရောခြင်းစသော
ပြိတ္တာ ၄ ဦးတို့အကြောင်း ၃၃၁
၁၇၅။ မိစ္ဆာအယူကြောင့်ပြိတ္တာဖြစ်ကြောင်း ၃၃၂
၁၇၆။ နှုတ်ထွက်ဆိုး၍ ပြိတ္တာမဖြစ်ကြောင်း ၃၃၃
၁၇၇။ နတ္ထိကမိစ္ဆာကြောင့် ပြိတ္တာဖြစ်ကြောင်း ၃၃၄
၁၇၈။ မတ္တာမည်သောပြိတ္တာမအကြောင်း ၃၃၅
၁၇၉။ ရှင်ပစ္စေကဗုဒ္ဓါကိုပြစ်မှား၍
ပြိတ္တာဖြစ်ကြောင်း ၃၃၆
၁၈၀။ အမျက်နှင့်တကွ ကြံကိုပေး၍
ပြိတ္တာဖြစ်ကြောင်း ၃၃၈
၁၈၁။ ကုလုဝကရဟန်းပြိတ္တာအကြောင်း ၃၃၉

နဝမတွဲ

၁၈၂။ အပါယဒုက္ခအကြောင်း ၃၄၁
၁၈၃။ ခေါင်းကားလူ၊ ကိုယ်ကား
မြွေပြိတ္တာအကြောင်း ၃၄၅
၁၈၄။ ကျီးပြိတ္တာအကြောင်း ၃၄၇
၁၈၅။ ရှင်ပစ္စေကဗုဒ္ဓါကိုပြစ်မှား၍
ပြိတ္တာဖြစ်ကြောင်း ၃၄၈
၁၈၆။ ပြိတ္တာ ၂၁ မျိုးတို့၏အကြောင်း ၃၅၀
၁၈၇။ မစ္ဆေရကြောင့်ပြိတ္တာဖြစ်ကြောင်း ၃၅၄
၁၈၈။ သံဃာတို့၏အရန်ဥယျာဉ်ကို
ဖျက်ဆီးမိ၍ပြိတ္တာဖြစ်ကြောင်း ၃၅၅
၁၈၉။ သံဃာပိုင်လယ်မြေကိုယူမိ၍
ပြိတ္တာဖြစ်ကြောင်း ၃၅၅
၁၉၀။ ဘုရားရှင်ကိုနှုတ်ပြစ်မှား၍
ပြိတ္တာဖြစ်ကြောင်း ၃၅၆
၁၉၁။ သင်္ဃိကဆန်ကိုယူမိ၍
ပြိတ္တာဖြစ်ကြောင်း ၃၅၇
၁၉၂။ တံခွန်ကုက္ကားကိုသုံးမိ၍
ပြိတ္တာဖြစ်ကြောင်း ၃၅၈
၁၉၃။ ပြိတ္တာတို့သေသော
အလောင်း၏အကြောင်း ၃၅၉
၁၉၄။ အမှျဝေသည်ကို ရ,မရ အကြောင်း ၃၆၀


mgyoe.com

mgyoe.com

၁၉၅။ အသူရာတို့၏ဒုက္ခအကြောင်း ၃၆၀
၁၉၆။ ဝိယက်ံရမာတာဘီလူးမ
သောတာပန်ဖြစ်ကြောင်း ၃၆၁
၁၉၇။ ပုနပ္ပသုမာတာဘီလူးမ သားအမိ
၁၉၈။ သောတာ ပန်ဖြစ်ကြောင်း ၃၆၁
၁၉၉။ ကာလကဉ္စိက အသူရာတို့အကြောင်း ၃၆၃
၂၀၀။ အတိတ်အနာဂတ်ဒုက္ခအကြောင်း ၃၆၄
၂၀၁။ အတိတ်ကိုအာရုံပြု၍မဂ်ဖိုလ်ရကြောင်း ၃၆၅
၂၀၂။ အနာဂတ်ဒုက္ခကိုအာရုံပြု၍
ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း ၃၆၆
၂၀၃။ အတိတ်အနာဂတ်ဒုက္ခနှစ်ပါးကို
အာရုံပြုသောတေမိမင်းသားအကြောင်း ၃၆၆
၂၀၄။ ကပိလပြိတ္တာအကြောင်း ၃၆၇
၂၀၅။ ပစ္စုပ္ပန်၌ အာဟာရရှာရခြင်း
ဒုက္ခအကြောင်း ၃၆၉
၂၀၆။ သီဟိုဠ်၌ဓါတ်တော်မွတ်ခြင်းအကြောင်း ၃၇၀
၂၀၇။ ထန်းသီးစားရသော
ဆရာတပည့်အကြောင်း ၃၇၃
၂၀၈။ နိဂ္ဂုံးချုပ်အပြီးသတ်အကြောင်ဲး ၃၇၅

သံဝေဂဝတ္ထုဒီပနီကျမ်းမာတိကာပြီးပြီ

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သံဝေဂဝတ္ထုဒီပနီကျမ်း ပထမတွဲ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သံဝေဂညာဏဇံနာထံ၊ သံဝေဂဒဿနံနမေ၊ ကတာချန္တေသုတဗ္ဗုဒ္ဓ၊ ပါဏီနဋ္ဌဿဒေသကံ။ ။ သံဝေဂညာဏသမ္ဗန္နာ၊ ယေနတရန္တိ အဏ္ဏဝံ။ နမေတံတရဏံ ဓမ္မံ၊ သံဝေဂဝတ္ထုနှာသကံ။ ။ သံဝေဂညာဏသမ္ဗန္နော၊ ဇိတောသံဝေဂမူလကံ။ ယောနမေရိယသံဃန္တံ၊ သံဝေဂဝတ္ထုတိက္ကမံ။ ။ နမနာဇနိတံပုညံ၊ ဣတိယံရတနတ္တယော။ ဟုတွာ ဟတန္တရာယောဟံ၊ သဗ္ဗတ္ထ တဿ တေဇသာ။ ။ သဗ္ဗခတ္တိယဓမ္မေန၊ သဗ္ဗသတ္တဟိတတ္ထိနာ။ မာပိတရိနိပုဏ္ဏေန၊ ဓမ္မရာဇေနယာစိတော။ အနာကုလံကရိဿာမိ၊ သံဝေဂဝတ္ထုဒီပ–နိ။ သံဝေဇနိယဋ္ဌာနေသု၊ သံဝိဂ္ဂတ္ထဥပါဏီနန္တိ။ ။ သံဝေဂညာဏဇံ၊ သံဝေဂဉာဏ်ကြောင့်။ သဗ္ဗညုအစစ်ဖြစ်တော်မူထသော။ ဝါ၊ သံဝေဂဉာဏ်ကို၊ ကိုယ်တော်နှင့်တကွ ဝေနေယျတို့အားဖြစ်စေတော်မူထသော။ သံဝေဂဒဿနံ၊ သံဝေဂဝဉာဏ်ကို၊ လက်ဝယ်တင်ထား၊ ပတ္တမြားသို့ ပိုင်းခြားထင်ထင် သိမြင်တော်မူထသော။ တဗ္ဗုဒ္ဓ၊ ထိုသံဝေဂဝတ္ထုတရားရှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်သည်နှင့် လျော်စွာလည်း။ အာချန္တေသု။ သဗ္ဗညုအစစ်ဖြစ်တော်မူခြင်း၏ အစအဆုံးတို့၌၊ ကတံ၊ ဝတ္ထု ကာမကလေသ၊ ကာမနှစ်ပါး၏ကင်းဝေးခြင်းကို ပြုတော်မူပြီးထသော။ ပါဏီနဋ္ဌ၊ သတ္တဝါတို့အားလည်း။ အဿ၊ ထိုဇာတိစသော သံဝေဂဝတ္ထုတရားရှစ်ပါးကို။ ဒေသကံ၊ ဟောကြားတော်မူတတ်ထသော။ နာထံ၊ မြတ်စွာဘုရားကို။ အဟံ၊ သည်။ နမေနမာမိ၊ ရှိခိုးပါ၏။ ။ သံဝေဂညာဏသမ္ဗန္နာ၊ သံဝေဂဉာဏ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍။ ဝါ၊ သံဝေဂဉာဏ်နှင့် ပြည့်စုံကုန်သောသူတို့သည်။ ယေန၊ အကြင်ဆယ်ပါးသော တရားတော်ကြောင့်။ အဏ္ဏဝံ၊ သံသရာတည်းဟူသော သမုဒ္ဒရာကို။ တရန္တိ၊ ကူးမြောက်ကုန်၏။ တရဏံ၊ သံသရာတည်းဟူသောသမုဒ္ဒရာကို၊ ကူးမြောက် ကြောင်းဖြစ်ထသော။ သံဝေဂဝတ္ထုနှာသကံ၊ ဇာတိ စသောသံဝေဂဝတ္ထုတရားရှစ်ပါးကို၊ ဖျက်ဆီးတတ်ထသော။ ဝါ၊ ဇာတိစသော သံဝေဂဝတ္ထုတရားရှစ်ပါး၏အကြောင်းဖြစ်သော အဝိဇ္ဇာတဏှာကို ဖျက်ဆီးတတ်ထသော။ တံဓမ္မံပိ၊ ထိုဆယ်ပါးသော တရားကိုလည်း။ ။ သမုစ္စယတ္ထဝါစက၊ ပိသဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ။ ။ အဟံ၊ သည်။ နမေနမာမိ၊ ၏။ ။ ယောအရိယသံဃော၊ အကြင်ရှစ်ယောက်သော အရိယာသံဃာတော်သည်။ သံဝေဂညာဏသမ္ဗန္နော၊ သံဝေဂဉာဏ်နှင့် ပြည့်စုံတော်မူ၏။ သံဝေဂမူလကံ၊ ဇာတိစသော သံဝေဂဝတ္ထု တရားရှစ်ပါးကို။ ဝါ၊ ဇာတိစသော သံဝေဂဝတ္ထုတရားရှစ်ပါး၏အကြောင်းဖြစ်သော၊ အဝိဇ္ဇာတဏှာကို။ ဇိတော၊ အောင်တော်မူတတ်၏။ သံဝေဂဝတ္ထုတိက္ကမံ၊ ဇာတိစသော သံဝေဂဝတ္ထုတရားရှစ်ပါးကို လွန်တော်မူ ပြီးထသော။ တံ–အရိယသံဃံပိ၊ ထိုရှစ်ယောက်သော အရိယာသံဃာတော်တို့လည်း။ အဟံ၊ သည်။ နမေန မာမိ၊ ၏။ ဣတိဇဝံယထာဝုတ္တဝါဇာတ္တယေန၊ ဤသို့ အကြင်အကြင်ပြဆိုအပ်ပြီးသော ဂါထာ သုံးခုအပေါင်းဖြင့်။ ရတနတ္တယေ၊ ရတနာတို့၏

mgyoe.com


သုံးပါးတို့၏အပေါင်း၌။ နမနာဇနိတာ၊ ရှိခိုးခြင်းသည် ဖြစ်စေ အပ်သော။ ဝါ၊ ရှိခိုးခြင်းကြောင့်ဖြစ်သာ။ ယံပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ရှိ၏။ တဿပုညဿ၊ ထိုကောင်းမှု၏။ တေဇသာ၊ အစွမ်းဖြင့်။ ဝါ၊ အစွမ်းကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောကျမ်း၏ အစအလယ် အဆုံး သုံးပါးတို့၌။ အဟံ၊ သည်။ ဟတန္တရာယော၊ ပယ်ဖျောက်အပ်ပြီးသော အန္တရာယ်ရှိသည်။ ဟုတ္တွာ၊ ဖြစ်၍။ သဗ္ဗခတ္တိယဓမ္မေ၊ သင်္ဂဟတရားလေးပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ မင်းကျင့်တရားဆယ်ပါး စသော ခပ်သိမ်းသော မင်းတို့တရားအပေါင်းနှင့် ပြည့်စုံတော်မူ ထသော။ သဗ္ဗသတ္တဟိတတ္ထိနာ၊ ခပ်သိမ်းသော သတ္တဝါ တို့၏ ပစ္စုပ္ပန်သံသရာစီးပွား၊ လောကီလောကုတ္တရာ စီးပွားကို အလိုရှိတော်မူထသော။ မာပိတရတနပုဏ္ဏေန။ ရတနာပုံမည်သော ရာဇဌာနီ မန္တလေးရွှေမြို့ကြီးကို တည်ထောင်တော်မူထသော။ ဓမ္မရာဇေန၊ သာသနာ့ ဒါယကာအစစ် ဓမ္မရာဇ်ဖြစ်တော်မူထသော။ ရညော၊ မင်းသည်။ ယာစိတော– အတိယာစိတော၊ ရိုသေ လေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန် အပ်သောကြောင့်။ အနာကုလံ၊ နှောင့်ယှက်ရောပြွမ်း ခြင်း ကင်းစွာထသော၊ သံဝေဇနိယဌာနေသု၊ သတ္တဝါ တို့အား ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော၊ ဇာတိ စသော အကြောင်းတရား ရှစ်ပါးတို့၌။ ပါဏီနံ၊ သတ္တဝါ တို့အား၊ သံဝိဂ္ဂတ္တဥ္စ၊ ထိတ်လန့်ခြင်း အကျိုးငှာလည်း။ သံဝိဂ္ဂါနံ၊ ထိတ်လန့်ကုန်သောသတ္တဝါတို့အား။ ယောနိ သော၊ အသင့်အားဖြင့်။ ပဒဟနတ္တဥ္စ၊ အားထုတ်စေ ခြင်းအကျိုးငှာလည်း။ (ဤသုံးပုဒ်ကား၊ သံဝိဂ္ဂတ္တဥ္စ၌၊ စသဒ္ဒါဖြင့်ပေါင်းအပ်သောပုဒ်တည်း။) သံဝေဂဝတ္ထုဒီပနီ ဇာတိစသော သံဝေဂဝတ္ထုတရားရှစ်ပါးကို ပြရာပြ ကြောင်းဖြစ်သောကြောင့် သံဝေဂဝတ္ထုဒီပနီ အမည်ရှိ သော။ ပကရဏံ၊ ကျမ်းကို။ ကရိဿာမိ၊ ပြုပေလ အံ့သတည်း။ ဣတိ။ဤသည်လျှင် ရတနတ္တယပဏာမ၊ ပယောဇဉ်၊ ပဋိညာဉ်၊ အဘိယာစက စသည်ကိုပြဆို သော စကားရပ် အပြီးသတ်တည်း။ ။ ဤခြောက်ဂါထာ တို့တွင်။ ပဌမဂါထာဖြင့် သဗ္ဗညုဘုရားအား၊ ရှိခိုးခြင်း။ ဗုဒ္ဓပဏာမကို ပြသည်။ ဒုတိယဂါထာဖြင့် တရားတော် အား ရှိခိုးခြင်း။ ဓမ္မ ပဏာမကိုပြသည်။ တတိယဂါထာ ဖြင့် သံဃာတော်အား ရှိခိုးခြင်း။ သံဃာပဏာမကို ပြသည်။ စတုတ္ထဂါထာဖြင့်၊ ထိုရတနတ္တယပဏာမကို အလိုရှိအပ်သော အကျိုး၌ ညွတ်စေခြင်း ပရိဏာမနကို ပြသည်။ ပဉ္စမ ဂါထာဖြင့်။ တောင်းပန်သော အဘိယာ စကကို ပြသည်။ ထို အဘိယာစကကား လူ့ရဟန်း သာမဏေမဟုတ်။ သက္ကရာဇ် ၁၂၁၆ ခု ရတနာပုံမည် သော ရာဇဌာနီမန္တလေးမြို့တော်ကြီးကို တည်ထောင် တော်မူသော။ သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရား မင်းမြတ်ပင်တည်း။ ။ ဆဋ္ဌဂါထာဖြင့် သညာနိမိတ်၊ ကတ္တာ၊ ပရိမာဏ၊ ပယောဇဉ်၊ ပဋိညာဉ်နှင့်တကွ၊ အဘိဓေယျ၊ ကရဏပကာရ၊ ပကရဏာဘိဓာန၊ ပကရဏပယောဇဉ် တို့ကို ပြသည်။ ။ တတိယဂါထာ၌ ဆန်းအက္ခရာ မသာမပိုစေခြင်းငှာ၊ နမေရိယသံဃံဟု ဧနှောင်အကို ချေ၍ရွတ်။ ။ ဂါထာပါဒေသုအရိယာ ရဟာ စရိယာ ဒိယောဂေ အဓိကက္ခရောပိပါဒေါ အနုပဝဇ္ဇော။ ဟု ဆန်းငို့ကာသဒ္ဒါကျမ်းတို့၌ မိန့်သည်နှင့်အညီ။ မချေဘဲ ရွတ်၍ အက္ခရာသာလွန်သော်လည်း။ အရိယ သဒ္ဒါ၏ အရှင်ဖြစ်၍ အပြစ်မရှိ။ ပဉ္စမဂါထာ၌။ သရ လော ပေါယမ နရာဒိသု။ ဟု သဒ္ဒါကျမ်းတို့၌ မိန့်သည် နှင့်အညီ။ မာပိတရတနပုဏ္ဏေန၌၊ ဆန်းအက္ခရာ မသာ မလွန်စေခြင်းငှာ တနှင့်နကိုဆင့်၍ရေး။ ။ သံဝေဂေါစ သံဝေဇနိယေသုဌာနေသု။ သံဝိဂ္ဂဿစယောနိသော ပဌာနံ။ ။ ဟူသော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့်အညီ။ ဆဋ္ဌဂါထာစတုတ္ထပါဒဝယ်။ သံဝိဂ္ဂတ္တဥ္စ၌။ စသဒ္ဒါကို ဝုတ္တသမုစ္စည်းယူ၍။ သံဝိဂ္ဂါနံယောနိသော ပဒဟနတ္တ ဥ္စ။ ဟူသောအနက်ကို မှတ်ရမည်။ ဤသို့ ကျမ်းပြုဆရာ တို့၏ ဓမ္မတာသဘောအားဖြင့်။ ပြအပ်သောအနက် တို့ကို ပြဆိုပြီး၍။ ယခုအခါ သံဝေဂဝတ္ထု ဒီပနီအမည် ရှိသောကျမ်းကို ပြုပေအံ့ဟု ဝန်ခံအပ်သည်နှင့်အညီ။ ပါဠိအဋ္ဌကထာဋီကာဂန္ထန္တရတို့လာတိုင်း အစွမ်းသတ္တိရှိ သည်အလျောက် မဖောက်မပြန် သံဝေဂဝတ္ထုဒီပနီအမည် ရှိသော ကျမ်းကိုပြုပေအံ့သတည်း။

ထိုသံဝေဂဝတ္ထုကား၊ ဓမ္မသင်္ဂဏီပါဠိတော်၌။ ။ သံဝေဇနိယံဌာနန္တိ။ ဇာတိဇရာဗျာဓိမရဏံ။ ။ ဟု လေးပါးသာလာသည်။ ။ သံဝေဇနိယံ၊ ထိတ်လန့်ခြင်း ကို ဖြစ်စေတတ်သော။ ဌာနန္တိ၊ အကြောင်းဟူသည်ကား။

mgyoe.com

mgyoe.com

ဇာတိ၊ ဇာတိငှင်း။ ဇရာ၊ ဇရာငှင်း။ ဗျာဓိ၊ ဗျာဓိငှင်း။ မရဏံ၊ မရဏငှင်း။ ဣတိအယံ၊ ဤလေးပါးတည်း။ စတုက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း။ ॥ စတ္တာရိမာနိ။ ဘိက္ခဝေ ဘယာနိ။ ကတမာနိ စတ္တာရိ၊ ဇာတိဘယံ၊ ဇရာဘယံ၊ ဗျာဓိဘယံ၊ မရဏဘယံ။ ဣမာနိခေါဘိက္ခဝေ စတ္တာရိဘယာနိ။ ॥ ဟု သံဝေဂဉာဏ်ကို ပြသောအားဖြင့် လေးပါးသာလာသည်။ ॥ ဘိက္ခဝေ၊ ရဟန်းတို့၊ ဘယာနိ၊ ဘေးတို့သည်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။ ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးတို့နည်းမူဟူကား။ ဇာတိဘယံ၊ ဇာတိဘေးလည်းကောင်း။ ဇရာဘယံ၊ ဇရာဘေးငှင်း။ ဗျာဓိဘယံ၊ ဗျာဓိဘေးလည်းကောင်း။ မရဏဘယံ၊ မရဏဘေးငှင်း။ ဘိက္ခဝေ၊ တို့။ ဘယာနိ၊ ဘေးတို့သည်။ ဣမာနိခေါ စတ္တာရိ၊ ဤ လေးပါးတို့တည်း။ ॥ ဒီဃနိကာယ်သုတ်မဟာဝါအဋ္ဌကထာ၊ မဇ္ဈိမနိကာယ်မူလပဏ္ဏာသအဋ္ဌကထာ၊ သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်ဧက္ကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ကား။ ॥ အဋ္ဌသံဝေဂဝတ္ထုနိနာမဇာတိဇရာ ဗျာဓိမရဏာ နိစတ္တာရိ အပါယဒုက္ခံ ပဉ္စမံ။ အတီတေဝဋ္ဋမူလကံ ဒုက္ခံ။ နာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ ပစ္စုပ္ပန္နေ အာဟာရ ပရိယေသန မူလကံဒုက္ခန္တိ။ ॥ ဟု ပါဠိတော်လာရင်း ဇာတိ ဇရာဗျာဓိမရဏလေးပါးတို့တွင်။ အပါယဒုက္ခကို ငါးခုမြောက်ပဉ္စမပြု၍။ အတီတေဝဋ္ဋမူလကဒုက္ခကို ခြောက်ခုမြောက် ဆဋ္ဌမပြု၍။ အနာဂတေ ဝဋ္ဋမူလက ဒုက္ခကို ခုနစ်ခုမြောက် သတ္တမပြု၍။ ပစ္စုပ္ပန္နေ အာဟာရ ပရိယေသန မူလကဒုက္ခကို။ ရှစ်ခုမြောက် အဋ္ဌမပြု၍ ရှစ်ပါးလာသည်။ အဋ္ဌသံဝေဂဝတ္ထုနိနာမ။ ရှစ်ပါးသော သံဝေဂဝတ္ထုတို့မည်သည်ကား။ စတ္တာရိ၊ လေးပါးကုန်သော။ ဇာတိဇရာဗျာဓိမရဏာနိ၊ ဇာတိဇရာ ဗျာဓိမရဏတို့ငှင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ အပါယဒုက္ခံ၊ အပါယဒုက္ခငှင်း၊ အတီ တေ၊ အတိတ်၌။ ဝဋ္ဋမူလကံ၊ ဝဋ်လျှင်အကြောင်းရှိ သော။ ဒုက္ခံ၊ ဒုက္ခငှင်း။ အနာဂတေ။ အနာဂတ်၌။ ဝဋ္ဋမူလကံ။ ဝဋ်လျှင် အကြောင်းရှိသော။ ဒုက္ခ။ ဒုက္ခငှင်း။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်၌။ အာဟာရပရိယေသနမူလကံ၊ အာဟာရကို ရှာမှီးခြင်းလျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခငှင်း။ ဣတိဣမာနိ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ॥ ထိုရှစ်ပါးတို့တွင်။ ပါဠိတော်လာဖြစ်သော ဇာတိဇရာ ဗျာဓိမရဏတို့သည်ကား။ သုဂတိဘုံ ဒုဂတိဘုံတို့၌ ထိုက်သည့်အားလျော်စွာ သတ္တဝါတို့ အားဖြစ်ကြကုန်သည်။ ဒုဂတိဘုံ၌သာ ဖြစ်သည် မဟုတ်ကုန်။ ထို့ကြောင့်။ ထိုဇာတိဇရာ ဗျာဓိမရဏတို့မှတစ်ပါး။ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း၊ ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း၊ အချင်းချင်း သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းသည်လျှင် အကြောင်းရှိသော အပါယဒုက္ခကို ငါးခုမြောက် ပဉ္စမပြု၍။ အဋ္ဌကထာဆရာတို့ ယူတော်မူအပ်ကုန်သည်။ ဤငါးပါးသော ဇာတိဇရာ ဗျာဓိမရဏ၊ အပါယဒုက္ခတို့ကို။ ထို ထိုသတ္တဝါတို့အား။ အတိတ်ဘဝ အနာဂတ်ဘဝ၌ မှီသည်ကိုပြု၍ ယူအပ်ကုန်သည်မဟုတ်။ ပစ္စုပ္ပန်၌မှီသည်ကိုပြု၍သာ ယူအပ်ကုန်၏။ ဟု နှလုံးပိုက်တော်မူ၍။ အတိတ်၌ ဝဋ္ဋမူလက ဒုက္ခကို။ ခြောက်ခုမြောက်ဆဋ္ဌမပြု၍။ အနာဂတ်၌ ဝဋ္ဋမူလက ဒုက္ခကို၊ ခုနစ်ခုမြောက် သတ္တမပြု၍။ အသီးအခြားတပါးစီ ယူတော်မူကုန်သည်။ အကြင်သတ္တဝါတို့သည်ကား အာဟာရကို အမှီပြု၍ အသက်ရှင်ကုန်၏။ ထိုအာဟာရကို ရှာမှီးခြင်း၌လည်း။ ထကြွလုံ့လပြုခြင်းတည်းဟူသော အကျိုးကိုမှီ၍ အသက်မွေးကုန်၏။ ထိုသတ္တဝါတို့အား။ တစ်ပါးသောဇာတိ အစရှိသည်တို့နှင့် မဆက်ဆံသော။ အသက်မွေးခြင်းရှိသော ဒုက္ခကို။ ရှစ်ခုမြောက် အဋ္ဌမ သံဝေဂပြု၍ ယူတော်မူအပ်၏။ ॥ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ၌။ ॥ တတ္ထဇာတိဇရာ ဗျာဓိမရဏာနိယထာရဟံ သုဂတိယံ ဒုဂတိယဉ္စဟောန္တိတိ။ တဒညာ မေဝပဉ္စမံ ဗန္ဓနာဒိခုပ္ပိပါသာဒိ အညမညာ ဝဓဗန္ဓနာဒိ ဟေတုကံအပါယ ဒုက္ခံဂဟိတန္တိဒဋ္ဌဗ္ဗံ။ တယိဒံသဗ္ဗံ တေသံတေသံ သတ္တာနံ ပစ္စုပ္ပန္နဘဝနိဿိ တံဂဟိတန္တိ။ အတီတေအနာဂတေစကာလေ။ ဝဋ္ဋမူလက ဒုက္ခာနိဝိသုံ ဂဟိတာနိ။ ယေပနသတ္တာအာဟာရူပဇိဝိနော။ တတ္ထစဥဋ္ဌာနဖလုပဇိဝိနော။ တေ သံအညေဟိ အသာဓာရဏဇိဝိတံ ဒုက္ခံ အဋ္ဌမံ သံဝေဂဝတ္ထုန္တိဂဟိ တန္တိဒဋ္ဌဗ္ဗံ။ ဟုမိန့်အပ်၏။ ॥ ဤနည်းအတူ ဒီဃနိကာယ်ဋီကာ၊ မဇ္ဈိမနိကာယ်ဋီကာ၊ သံယုတ္တနိကာယ်ဋီကာ၊ ဝိသုဒ္ဓိ မဂ်

mgyoe.com

mgyoe.com

ဋီကာ၊ အနုဋီကာတို့၌လည်း မိန့်အပ်၏။ တတ္ထ၊ ထို ရှစ်ပါးသော သံဝေဂဝတ္ထုတို့တွင်။ ဇာတိဇရာ ဗျာဓ မရဏာနိ၊ ဇာတိဇရာ ဗျာဓိမရဏာလေးပါးတို့သည်။ ယထာရဟံ၊ ထိုထိုသတ္တဝါတို့၌ ထိုက်သည် အားလျော် စွာ။ သုဂတိယဥ္စ၊ သုဂတိဘုံ၌ငှင်း။ ဒုဂတိယဥ္စ၊ ဒုဂတိ ဘုံ၌ငှင်း။ ဟောန္တိ၊ ကုန်၏။ ဣတိမနသိကတွာ၊ ဤသို့ နှလုံး၌ ပိုက်တော်မူ၍။ တဒုညမေဝ၊ ထိုဇာတိဇရာ ဗျာဓိ မရဏာတို့မှတစ်ပါးသာလျှင် ဖြစ်သော။ ပဥ္စဝိဓဗန္ဓနာဒိ ခုပ္ပိပါသာဒိ အညမညဝဓဗန္ဓနာဒိဟောတုကံ။ ငါးပါး အပြားရှိသော နှောင်ဖွဲ့ခြင်းစသည်၊ ထမင်း မွတ်ခြင်း၊ ရေသိပ်ခြင်းစသည့် အချင်းချင်း သတ်ပုတ် ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်း စသည်လျှင် အကြောင်းရှိသော။ အပါယ ဒုက္ခံ၊ အပါယ်ဆင်းရဲကို။ ပဥ္စမံ၊ ငါးခုမြောက်သော သံဝေဂဝတ္ထုန္တိ၊ သံဝေဂဝတ္ထုဟူ၍။ အာစရိယေဟိ၊ အဌကထာဆရာတို့သည်။ ။ ဤသုံးပုဒ်ကား ထည့် သည်။ ။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ သို့။ ဒဠ္ဌဗ္ဗံ၊ မှတ်အပ်၏။ တယိဒံ–တံဣဒံသဗ္ဗံ၊ ထိုအလုံးစုံ သော ဇာတိဇရာ ဗျာဓိမရဏာအပါယဒုက္ခကို။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသို့သော သတ္တဝါတို့၏။ ပစ္စုပ္ပန္နဘဝ နိဿိတံ၊ ပစ္စုပ္ပန်ဘဝ၌ မှီသည်ကို။ ကတွာ။ ပြု၍။ ဂဟိတံ၊ ယူအပ်၏။ ဣတိမနသိကတွာ၊ ဤသို့ နှလုံး၌ ပိုက်တော်မူ၍။ အတိတေစကာလေ၊ အတိတ်ကာလ ၌ငှင်း။ အနာဂတေစကာလေ၊ အနာဂတ်ကာလ၌ငှင်း။ ဝဋ္ဋမူလကဒုက္ခာနိ၊ ဝဋ်ဆင်းရဲလျှင် အကြောင်းရှိသော ဒုက္ခတို့ကို။ ဆဋ္ဌသတ္တမာနိ။ ခြောက်ခုမြောက် ခုနစ်ခု မြောက်ဖြစ်ကုန်သော။ သံဝေဂဝတ္ထုနီတိ၊ သံဝေဂဝတ္ထု တို့ဟူ၍။ ဝိသုံ၊ အသီး။ အာစရိယေဟိ။ အဌကထာ ဆရာတို့သည်။ ကပဟိထာနိ။ ယူအပ်ကုန်၏။ ယေပန သတ္တာ။ အကြင်သတ္တဝါတို့သည်ကား။ အာဟာရူပဇိဝိ နော၊ အာဟာရကိုမှီ၍ အသက်မွေးကုန်၏။ တတ္ထစ၊ ထိုအာဟာရကို ရှာမှီးခြင်း၌လည်း။ ဥဋ္ဌာန ဖလုပဇိဝိနော၊ ထကြွလုံ့လပြုခြင်း၏အကျိုးကို မှီ၍ အသက်ရှည်ကုန် ၏။ တေသံ၊ ထိုသတ္တဝါတို့အား။ အညေဟိ၊ ဇာတိ စသော သံဝေဂဝတ္ထုတရား ခုနစ်ပါးတို့နှင့်။ အသာဓာ ရဏဇိဝိတံ၊ မဆက်ဆံသော အသက် ရှင်ခြင်းရှိသော။ ဒုက္ခံ၊ ဒုက္ခကို။ အဠမံ၊ ရှစ်ခုမြောက်သော။ သံဝေဂဝတ္ထုန္တိ၊ သံဝေဂဝတ္ထုဟူ၍။ အာစရိယေဟိ။ အဌကထာဆရာတို့ သည်။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ သို့။ ဒဠ္ဌဗ္ဗံ၊ မှတ်အပ် ၏။ ။ သံဝေဂဝတ္ထုန္တိနာမ ဟူသော ပါဠိ၌။ သံဝေဂသည် စိတ္တုတြာသသံဝေဂ၊ ဩတ္တပ္ပသံဝေဂ၊ ဉာဏသံဝေဂ၊ ဓမ္မသံဝေဂဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါးတို့ တွင်။ စိတ္တုတြာသ သံဝေဂကိုရည်၍၊ အင်္ဂုတ္တိုရ်အဌ ကထာ၌။ ။ ယေဘုယျေနဘယံသန္တာသံသံဝေဂံ အာပ ဇ္ဇန္တိ၊ သဗ္ဗံစိတ္တုတြာသသဝေဝနာမံ။ ။ ဟုမိန့်အပ်၏။ ။ ယေဘုယျေန၊ များသောအားဖြင့်။ ဘယံ၊ ကြောက်ခြင်း သို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ သံဝေဂံ၊ တုန်လှုပ် ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဣတိဣဒံ သဗ္ဗံ၊ ဤအလုံးစုံသည်။ စိတ္တုတြာသသဝေဝ၊ ထိတ်လန့်ခြင်း ၏သာလျှင်။ နာမံ၊ အမည်တည်း။

ဩတ္တပ္ပသံဝေဂ၊ ဉာဏသံဝေဂနှစ်ပါးကိုရည်၍ မူလဋီကာ၌။ ။ သံဝေဂေါတိ သဟောတ္တပ္ပဉာဏံ ဩတ္တပ္ပမေဝဝါ။ ။ ဟုမိန့်အပ်၏။ ။ သံဝေဂေါတိ၊ သံဝေဂဟူသည်ကား။ သဟောတ္တပ္ပံ၊ ဩတ္တပ္ပနှင့် တကွ သော။ ဉာဏံ၊ ဉာဏ်တည်း။ ဝါ၊ တစ်နည်းကား။ ဩတ္တပ္ပမေဝ၊ ဉာဏ်နှင့်မယှဉ်မဖတ်။ ဩတ္တပ္ပသက် သက်သာတည်း။ ။ ဉာဏသံဝေဂကိုရည်၍။ ဓမ္မသင်္ ဏီပါဠိ တော်၌။ ။ သံဝေဂေါတိဇာတိဘယံ၊ ဇရာဘယံ၊ ဗျာဓိ ဘယံ၊ မရဏာဘယံ။ ။ ဟုဟောတော်မူအပ်၏။ ။ သံဝေဂေါတိ၊ သံဝေဂဟူသည်ကား။ ဇာတိဘယံ၊ ဇာတိ မှကြောက်ခြင်း။ ဇရာဘယံ၊ ဇရာမှကြောက်ခြင်း။ ဗျာဓိ ဘယံ၊ ဗျာဓိမှကြောက်ခြင်း။ မရဏာဘယံ၊ မရဏာမှ ကြောက်ခြင်းတည်း။ ။ ငှင်း ဉာဏသံဝေဂကိုပင် ရည်၍။ စတုက္က နိပါတ် အင်္ဂုတ္တုရ်ပါဠိတော်၌လည်း။ ။ စတ္တာ ရိမာနိဘိက္ခဝေ ဘယာနိစသော ပါဠိကို ဟောတော် မူသည်။ ထိုပါဠိအနက်ကို အောက်၌ ရေးခဲ့ပြီ။ ငှင်း ဉာဏသံဝေဂကိုရည်၍၊ အဌသာလိနီ၌။ ဇာတိ ဘယန္တိ ဇာတိ၊ ဘယတော ဒိသွာဌိတ ဉာဏံ၊ ဇရာမရဏာ ဒိသုပိဧသေဝနယော။ ။ ဟု မိန့်အပ်၏။ ဇာတိ ဘယန္တိ။ ဇာတိဘယဟူသည်ကား။ ဇာတိ။ ဇာတိကို။ ဘယ တော၊ ဘေးအားဖြင့်။ ဒိသွာ၊ မြင်၍။ ဌိတဉာဏံ၊ တည်သောဉာဏ်တည်း။ ဇရာမရဏာဒိသုပိ၊ ဇရာမရဏာ စသည်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းသာလျှင်

mgyoe.com

mgyoe.com

နည်းရှိ၏။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လည်း။ ။ ဇာတိဘယန္တိ ဇာတိအာရဗ္ဘဥပ္ပဇ္ဇနကဘယံ။ သေသပဒေသုပိ ဧသေဝနယော။ ။ ဟု မိန့်အပ်၏။ ဇာတိဘယန္တိ။ ဇာတိဘယဟူသည်ကား။ ဇာတိံ။ ဇာတိကို။ အာရဗ္ဘ။ အကြောင်းပြု၍။ ဥပ္ပဇ္ဇနကဘယံ၊ ဖြစ်သောကြောက်ခြင်းတည်း။ သေသပဒေသုပိ။ ကြွင်းသော ပုဒ်တို့၌လည်း........။ ၎င်း ဉာဏသံဝေဂကိုပင်ရည်၍၊ ပဋိသမ္ဘိဒါမဂ်ဂဏ္ဍိ၌လည်း။ ။ သံဝေဂပဒဋ္ဌာနန္တိသ ယောတ္တပ္ပဉာဏပဒဋ္ဌာနံ။ ။ ဟုမိန့်အပ်၏။ သံဝေဂ ပဒဋ္ဌာနန္တိ၊ သံဝေဂလျှင် နီးစွာသော အကြောင်းရှိ၏ဟူသည်ကား။ သယောတ္တပ္ပဉာဏပဒဋ္ဌာနံ၊ ဩတ္တပ္ပနှင့်တကွသော ဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ အင်္ဂုတ္တိုရ်ဋီကာ၌လည်း။ သံဝေဂဇနကောသုကာ ရဏောသုတိသံဝေဂ ဇနကေသုဇာတိ အာဒီသုကာရ ဏေသု။ သံဝေဇနီယေသု ဌာနေသု၊ သဟောတ္တပ္ပဉာဏ် သံဝေဂေါ။ ။ ဟုမိန့်အပ်၏။ သံဝေဂ ဇနကေသုကာ ရဏေသုတိ၊ သံဝေဂဇနကေသု ကာရဏေသုဟူသည်ကား။ သံဝေဂဇနကေသု၊ ထိတ်လန့်ခြင်းကိုဖြစ်စေ တတ်ကုန်သော။ ဇာတိအာဒိသု၊ ဇာနိအစရှိကုန်သော။ ကာရဏေသု၊ ရှစ်ပါးသော အကြောင်းတို့၌။ သံဝေဇနိယေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဇာတိအာဒိသု၊ ဇာတိအစရှိ ကုန်သော။ ကာရဏေသု၊ ရှစ်ပါးသောအကြောင်းတို့၌။ သံဝေဇနိယေသု၊ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော။ ဌာနေသု။ ဇာတိ အစရှိသော ရှစ်ပါးသော အကြောင်းတို့၌။ သဟောတ္တပ္ပဉာဏံ၊ ဩတပ္ပနှင့်တကွသော ဉာဏ်သည်၊ သံဝေဂေါ၊ သံဝေဂမည်၏။ ဓမ္မသံဝေဂကို ရည်၍။ သာရတ္ထဒီပနီ၌။ ဓမ္မသဘာဝစိန္တာဝသေန ပဝတ္တံ သဟောတ္တပ္ပ ဉာဏံဓမ္မသံဝေဂေါ။ ။ ဟု မိန့်အပ်၏။ ဓမ္မသဘာဝ စိန္တာဝသေန၊ ဓမ္မသဘောကို ကြံသည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ သဟောတ္တပ္ပဉာဏံ၊ ဩတ္တပ္ပနှင့်တကွသော ဉာဏ်သည်။ ဓမ္မသံဝေဂေါ၊ ဓမ္မသံဝေဂ မည်၏။ ။ ဓမ္မသံဝေဂဟူသည်။ သရုပ်တရားကိုယ်အား ဖြင့်။ ဉာဏသံဝေဂနှင့်အတူတူပင်။ အထူးကား။ ဉာဏသံဝေဂမှာ၊ ပုထုဇ္ဇန်သေက္ခတို့အားဖြစ်သည်။ ဓမ္မသံဝေဂမှာ။ ရဟန္တာတို့အားသာ ဖြစ်သည်။ ဤကား အထူး။ ထို့ကြောင့်၊ သာရတ္ထဒီပနီဋီကာ၌။ ။ သဗ္ဗသခ်တ ဓမ္မေသုဩတ္တပ္ပါကာရသဏ္ဌိတံ၊ ဉာဏမောဟိတ ဘာရာနံ ဓမ္မသံဝေဂသည်တံ။ ။ ဟု မိန့်အပ်၏။ ။ ဩဟိတဘာရာနံ၊ ချအပ်ပြီးသော ကိလေသာဝန်ရှိကုန်သော ရဟန္တာတို့အား။ ဝါ၊ ချအပ်ပြီးသော ခန္ဓာဝန်ရှိကုန်သော ရဟန္တာတို့အား။ တို့၏။ သဗ္ဗသခ်တဓမ္မေသု၊ အလုံးစုံသော သခ်တတရားတို့၌။ ဩတ္တပ္ပါကာ သဏ္ဌိတံ၊ ထိတ်လန့်သော အခြင်းအရာအားဖြင့် တည်သော။ ဉာဏံ၊ ဉာဏ်ကို။ ဓမ္မသံဝေဂ သည်တံ၊ ဓမ္မသံဝေဂဟု မှတ်အပ်၏။ ။ ထိုလေးပါးသော သံဝေဂတို့တွင်။ တရားကိုယ်အားဖြင့် စိတ္တုတြာသ သံဝေဂကား၊ ဒေါသစေတသိက်။ ဩတ္တပ္ပသံဝေဂကား၊ ဩတ္တပ္ပစေတသိက်။ ဉာဏသံဝေဂကား၊ ဩတ္တပ္ပနှင့် တကွသော ပညာစေတသိက်။ ဓမ္မသံဝေဂကား၊ ဩတ္တပ္ပကာရအားဖြင့်တည်သော အမောဟစေတသိက် ဤသို့တရားကိုယ်အားဖြင့် မှတ်သားအပ်၏။ ထိုလေးပါးတို့တွင်။ အဋ္ဌသံဝေဂဝတ္ထုနိနှာမဟူသော ပါဠိ၌။ ဉာဏသံဝေဂ၊ ဓမ္မသံဝေဂကိုသာ အလိုရှိအပ်၏။ သံဝေဂဝတ္ထု၏အရကို။ ကေန္တသဘောကျသိစိမ့်သောငှာ။ ဝစနတ္ထဝိဂြိုဟ်ဆို၍။ ဓာတ်အရ ပစ္စည်းအရနှင့်တကွပြဦးအံ့။

သံဝိဇ္ဇတီတိသံဝေဂေါ။ ။ ယောသဘာဝေါ။ အကြင်သဘောတရားသည်။ သံဝိဇ္ဇတိ၊ ထိတ်လန့်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ထိတ်လန့်တတ်သော သတ္တိကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ သံဝေဂေါ၊ သံဝေဂမည်၏။ ။ သံဝိဇ္ဇတီတိကား၊ ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ သံဝေဂေါကား၊ ကတ္တုသာဓနကိတ်ပုဒ်။ သံပုဗ္ဗဝိဇဓာတ်ဏပစ္စည်း။ သံပုဗ္ဗဝိဇဓာတ်၏အရကား။ ဇာတိစသော အကြောင်းတရားရှစ်ပါးတို့၌၊ ထိတ်လန့်တုန်လှုပ်တတ်သော အခြင်းအရာအားဖြင့်ဖြစ်သော၊ ဩတ္တပ္ပနှင့်တကွသော၊ ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်၏။ ဘယစလနသဘောသည် မုချအားဖြင့်ရ၏။ ယောနိသောမနသိကာရစသော အကြောင်းသည်။ ဖလူပစာရတ္ထအားဖြင့်ရ၏။ ဏပစ္စည်း၏အရကား။ ထို မုချဖလူ ပစာရတ္ထဖြင့်မှတ်အပ်သော ဩတ္တပ္ပနှင့်တကွသော ဉာဏ်။ ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်ရ၏။

mgyoe.com

mgyoe.com

တစ်နည်းကား။ သံဝိဇ္ဇန္တိသမ္ပယုတ္တ ဓမ္မာဓေတနာ တိဝါသံဝေဂေါ။ ။ ဝါ၊ တစ်နည်းကား။ ဓေတနစမ္မဓာ တေန၊ ဤတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ္တတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထိတ်လန့်တုန်လှုပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သမ္ပယုတ်တရားတို့ သည် ထိတ်လန့်တုန်လှုပ်ကြောင်း ဖြစ်သောသတ္တိကြောင့်။ သောဓမ္မဓာတော၊ ထိုတရားသဘောသည်။ သံဝေဂေါ၊ သံဝေဂမည်၏။ ။ သံဝိဇ္ဇန္တိသမ္ပယုတ္တဓမ္မာ ဓေတနာ တိကား။ ကရဏသာဓနကိတ်ဝိဂြိုဟ်။ သံဝေဂေါကား။ ကရဏသာဓနကိတ်ပုဒ်။ သံပုဗ္ဗဝိဇဓာတ်ဏပစ္စည်း။ သံပုဗ္ဗဝိဇဓာတ်အရ၊ ကတ္တုတ္တကြိယာကား။ ဓာတ်စသော အကြောင်းတရားရှစ်ပါးတို့၌။ ထိတ်လန့်တုန်လှုပ်တတ်သော အခြင်းအရာအားဖြင့် ဖြစ်သော။ ဩတ္တပ္ပနှင့်တကွသော၊ ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်၏ ဘယစလဓသနဘဝသည် မုချအားဖြင့် ရ၏။ ယောနိသော မနသိကာရစသောအကြောင်းသည် ဖလူပစာရတ္တအားဖြင့် ရ၏။ ကရဏတ္တကြိယာကား၊ သဒ္ဓါသတိစသော သမ္ပယုတ်တရားတို့၏သဟဇာတ်စသော သတ္တိသည်။ ကာရဏူပစာရတ္တအားဖြင့် ရ၏။ ဏပစ္စည်း၏ အရကား။ ထိုမုချဖလူကာရဏူ ပစာရတ္တတို့ဖြင့် မှတ်အပ်သော၊ ဩတ္တပ္ပနှင့်တကွသောဉာဏ်။ ဩတ္တပ္ပါကာရအားဖြင့် တည်သောဉာဏ်ရ၏။ ။ တစ်နည်းကား။ သံဝိဇနံဝါသံဝေဂေါ။ ။ ဝါ၊ တစ်နည်းကား။ သံဝိဇ္ဇနံ၊ ထိတ်လန့်တုန်လှုပ်ခြင်း။ သံဝေဂေါ။ ထိတ်လန့်တုန်လှုပ်ခြင်း။ သံဝိဇ္ဇနံကား၊ ဘာဝသာဓနကိတ်ဝိဂြိုဟ်။ သံဝေဂေါကား၊ ဘာဝသာဓနကိတ်ပုဒ်၊ သံပုဗ္ဗဝိဇဓာတ်၊ ဏပစ္စည်း။ သံပုဗ္ဗဝိဇဓာတ်၏အရ ကား။ ဓာတ်စသော အကြောင်းတရားရှစ်ပါးတို့၌။ ထိတ်လန့်တုန်လှုပ်သော အခြင်းအရာအားဖြင့် ဖြစ်သော၊ ဩတ္တပ္ပနှင့်တကွသော ဩတ္တပ္ပါကာရအားဖြင့် တည်သော ဉာဏ်၏ ဥပ္ပါဒရ၏။ ဏပစ္စည်း၏အရကား။ ဥပ္ပါဒဝန္တဖြစ်သော ဉာဏ်ရ၏။ ။ ဝသတိ ဧတ္ထာတိဝတ္ထုနိ။ ဧတ္ထ၊ ဤဓာတ်စသော အကြောင်း တရားရှစ်ပါးတို့၌။ သံဝေဂေါ၊ သံဝေဂဉာဏ်သည်။ ဝသတိ၊ နေတတ်၏။ ဣတိတသ္မာ၊ ထိုသို့နေရာဖြစ်သော သတ္တိကြောင့်။ တာနိ၊ ထိုဓာတ်စသော အကြောင်း တရားရှစ်ပါးတို့သည်။ ဝတ္ထုနိ၊ ဝတ္ထုမည်ကုန်၏။ ။ ဝသတိဧတ္ထာတိကား။ အဓိကရဏ သာဓနကိတ်ဝိဂြိုဟ်။ ဝတ္ထုနိကား အဓိကရဏသာဓနကိတ်ပုဒ်။ ဝသ ဓာတ်၊ ရတ္ထုပစ္စည်း။ ဝသဓာတ်၏အရ။ ကတ္တုတ္ထကြိယာကား၊ ဉာဏသံဝေဂ ဓမ္မသံဝဂသည် မုချအားဖြင့်ရ၏။ အဓိကရဏတ္ထကြိယာကား။ ဓာတ်စသော အကြောင်းတရားရှစ်ပါးတို့၏ ပကတူပနိဿယသတ္တိသည်။ ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ရတ္ထုပစ္စည်း၏အရကား။ ထိုကာရဏူပစာရတ္ထဖြင့် မှတ်အပ်သော၊ ဓာတ်စသော အကြောင်းတရားရှစ်ပါးရ၏။ ။ သံဝေဂဿဝတ္ထုနီတိသံဝေဂဝတ္ထုနိ။ ။ သံဝေဂဿ၊ ဉာဏသံဝေဂ၊ ဓမ္မသံဝေဂ၏။ ဝတ္ထုနိ၊ နေရာတည်ရာအကြောင်းတို့တည်း။ ဣတိဘသ္မာ၊ ထို့ကြောင့်။ သံဝေဂဝတ္ထုနိ၊ သံဝေဂဝတ္ထုမည်ကုန်၏။ သံဝေဂဿဝတ္ထုနီတိကား။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ် သံဝေဂဝတ္ထုနိကား။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ သံဝေဂပုဒ်ဝတ္ထုပုဒ်၊ ထိုသံဝေဂဟူသော ရှေ့ပုဒ်၏အရကား။ ဉာဏသံဝေဂ ဓမ္မသံဝေဂရ၏။ ထိုသံဝေဂ၏ ဓာတ်စသောအကြောင်း တရားရှစ်ပါးတို့နှင့်။ ဌာနီဌာနအာရမ္မဏိက အာရုံ၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၊ ဌာနျူပစာရတ္ထအားဖြင့် ရ၏။ သံဝေဂဝတ္ထုနိဟူသော သမာသ်ပုဒ်လုံး၏ အရကား။ ဓာတ်စသော သံဝေဂဝတ္ထုတရား ရှစ်ပါးရ၏။ ။ ဤသို့ သဒ္ဒါတတ်သော သူသည်သာ။ ကေန္တသဘောကျ မှတ်နိုင်မည်။ သဒ္ဒါမတတ်က သင်္ကေတမျှသာ။ ။ ထိုလေးပါးသော သံဝေဂတို့တွင်။ စိတ္တုတြာသသံဝေဂကား။ ကြောက်မက်ဖွယ်သော ရုပါရုံကို မြင်ရသည်ရှိသော်။ ကြောက်မက်ဖွယ်သော သဒ္ဒါရုံကို ကြားရသည်ရှိသော်။ ကြောက်မက်ဖွယ်သော ဂန္ဓာရုံကို နမ်းရသည်ရှိသော်။ ကြောက်မက်ဖွယ်သော ရသာရုံကို လျက်ရသည်ရှိသော်။ ကြောက်မက်ဖွယ်သော ဖောဋ္ဌဗ္ဗာရုံတွေ့ရသည်ရှိသော်။ ကြောက်မက်ဖွယ်သော ဓမ္မာရုံကို သိရသည်ရှိသော်။ သတ္တဝါခပ်သိမ်းတို့အား။ များသောအားဖြင့် မကြောက်မထိတ်လန့်သော မည်သည်မရှိ။ ကြောက်ထိတ်လန့်သည်သာတည်း။ အနည်းငယ်သော သတ္တဝါတို့အား မကြောက်မထိတ်လန့်။ ထို့ကြောင့် စတုက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌။ ။ တေယေဘူယျေနဘယံ သံဝေဂသန္တာသံအာပဇ္ဇန္တိ။ ။ဟုယေဘုယျ

mgyoe.com

ယျူသဒ္ဒါနှင့်မစ္ဆ ဟောတော်မူသည်။ တော၊ ထိုသတ္တဝါတို့ သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဘယံ၊ ကြောက်ခြင်းသို့။ သံဝေဂံ၊ တုန်လှုပ်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ။ အနည်းငယ်အဘယ် သတ္တဝါတို့အား မကြောက်သနည်း ဟူမူကား။ ခြင်္သေ့၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ဥသဘအာဇာနည်၊ ယောကျ်ားအာဇာနည်၊ ရဟန္တာ။ ဤခြောက်ယောက်သော သတ္တဝါတို့အား မကြောက်။ သီဟောဟတ္ထာ ဇာနိယောအဿဇာနိယော ဥသဘာဇာ နီယာ ပုရိသာ ဇာနိယောခီဏာသဝေါတိ။ ။စတုက္က နိပါတ် အဂုံတ္တိုရ်အဋ္ဌကထာ။ ။ သီဟော၊ ခြင်္သေ့၊ ဟတ္ထာ ဇာနိယော၊ ဆင်အာဇာနည်။ အဿဇာနိယော။ မြင်း အာဇာနည်။ ဥသဘဇာနိယော။ နွားလားဥသဘာ အာဇာနည်။ ပုရိသာဇနိယော၊ ယောကျ်ားအာဇာနည်၊ ခီဏာသဝေါ၊ ရဟန္တာ။ ဣတိဣမေဆ၊ ဤခြောက်ယောက်သော သတ္တဝါတို့သည်။ ဘယံ။ ကြောက်ခြင်းသို့။ သံဝေဂ။ တုန်လှုပ်ခြင်းသို့။ သန္တာသံ။ ထိတ်လန့်ခြင်းသို့။ နအဝ ပဇ္ဇန္တိ မရောက်ကုန်။ ဤခြောက်ယောက်သော သူတို့တွင် ဆင်အာဇာနည် အစရှိသော ငါးယောက်သော သူတို့သည်။ သက္ကာယဒိဋ္ဌိအားကြီးသည် အဖြစ်ကြောင့်မကြောက်ကြကုန်သည်။ ရဟန္တာသည်။ သက္ကာ ဒိဋ္ဌိကိုပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် မကြောက်သည်။

ဟတ္ထာဇာနိယာဒယောအတ္တနောသက္ကာယ ဒိဋ္ဌိဗ လဝတာယနဘာယန္တိ၊ ခီဏာသဝေါသက္ကာယဒိ ဋ္ဌိယာပ တိနတ္တာနဘာယတိ။ ။ ၎င်းအအဋ္ဌကထာ။ ဟတ္ထဠဇာ နိယာဒယော၊ ဆင်အာဇာနည်အစရှိသည်တို့သည်။ အတ္တနော၊ မိမိ၏။ သက္ကာယဒိဋ္ဌိဗလဝယာယ။ သက္ကာ ယဒိဋ္ဌိအားကြီးသည်၏အဖြစ်ကြောင့်။ နဘာယန္တိ၊ မကြောက်ကုန်။ ခီဏာသဝေါ ရဟန္တာသည်၊ သက္ကာယ ဒိဋ္ဌိယာ။ သက္ကာယဒံဒိကို။ ပဟိနတ္တာ။ ပါယ်အပ်ပြီး သည်၏အဖြစ်ကြောင့်။ နဘာယတိ။ မကြောက်။ ။ ခြင်္သေ့၏ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသဉ်ကို သုတ္တနိပါတ်အဋ္ဌ ကထာ၌လာသည်ကား။ ။ဗာရာဏသီ မင်း၏ ဥယျာဉ်သည်။ မြို့မှဝေးသော အရပ်၌တည်၏။ ထိုမင်းသည် နံနက်စောစောက ထ၍။ အပျော်အပါး ဥယျာဉ်ကစားခြင်းငှာ သွားလသော်။ ခရီးလမ်းကြား တွင်။ ရထားမှဆင်းသက်၍။ မျက်နှာသစ်အံ့သောငှာ။ ရေရှိရာအရပ်သို့ ကပ်လေ၏။ ထိုအရပ်တွင်။ ခြင်္သေ့မ တစ်ကောင်သည်။ သားငယ်ကို မွေးထားခဲ့၍။ အစား အစာရှာအံ့ သောငှာ။ အရပ်တစ်ပါးသို့သွားခဲ့၏။ မင်းချင်းတစ်ယောက်သည်။ ခြင်္သေ့ငယ်ကိုမြင်လျှင်။ အရှင်ခြင်္သေ့ပါတကားဟု လျှောက်ကြား၏။ မင်း လည်းအချင်းခြင်္သေ့ဟူက တစ်စုံတစ်ခုကိုမျှ မကြောက် ဟူသည် မှန်မည်လောဟုမေး၏။ မှန်ကြောင်းကို လျှောက်လေလျှင် စုံစမ်းအံ့ဟုစည်ကြီး၊ ခရုသင်း၊ လင်းကွင်း၊ မရိုးအိုးစည်၊ ပုံမောင်းတို့ကို သောင်းသောင်း ညံညံတီးမှုတ်၍။ သေနတ်စိန်ပြောင်း အမြောက်တို့ကို ပစ်ဖောက်ပြီးလျှင်။ တစ်ပြိုင်နက်တစ်ချက်တည်း၊ အုတ် အုတ်ကျက်ကျက် ဟစ်အော်ကြေညာကြသည်။ ခြင်္သေ့ ငယ်သည်။ ထိုအသံကိုကြားသော်လည်း ကြောက် ထိတ်လန့်ခြင်း မရှိအိပ်မြဲအိပ်၍ သာနေ၏။ ဤနည်း အတူနှစ်ကြိမ်တိုင်အောင် ပြုစေသော်လည်း။ ထိတ်လန့် ခြင်းမရှိ။ သုံးကြိမ်မြောက်မှ ဦးခေါင်းကိုမ၍ကြည့်ပြီး လျှင်။ အိပ်မြဲတိုင်း အိပ်၍သာ နေ၏။ ထိုအခါ ဗာရာ ဏသီမင်းသည်။ ခြင်္သေ့ငယ်၏ မိခင်မလာခင်။ အလျှင် တဆောသွားမှ သင့်မည်ဟုကြံ အောက်မေ့၍သွားလျက် ပင် စိတ်၌ ဤသို့အကြံဖြစ်သတည်း။ ယနေ့ဖွားသော ခြင်္သေ့ငယ်သည်။ မကြောက်မလန့်သကဲ့သို့။ အဘယ် နံရောအခါ ငါလည်း။ ကြောက်လန့်စေတတ်သော တဏှာဒိဋ္ဌိကို ပယ်ဖျောက်၍။ မကြောက်မလန့်နေရပါ အံ့နည်းဟု အကြံဖြစ်သည်။ ယင်းသို့ကြံသည့်အတိုင်း။ မင်းအဖြစ်ကို စွန့်ပစ်ပယ်ရှား၍။ ရဟန်းတရားကို အားထုတ်လေလျှင်။ မကြာခင် ပစ္စေကဗောဓိဉာဏ်ကို။ မျက်မှောက်ပြုရကား။ ကြောက်ခြင်းကင်းလေသတည်း။

အမှတ်မရှိသော ဗာရာဏသီမင်းတစ်ယောက်သည် လည်း။ ပစ္စန္တရစ်ပုန်ကန်သောင်းကျန်းသည်ကို ငြိမ်ဝပ်စေ ခြင်းငှာ။ ရွာစဉ်မြို့လျှောက်ခရီးကောက်ကို။ စွန့်ပစ်၍ ရောက်လွယ်အောင်ခရီးဖြောင့်တန်းလျက်။ တောလမ်း ခရီးကို ယူ၍လူသူရဲမက် ဆင်မြင်းဗိုလ်ပါ အများနှင့် သွားလေသော်။ တစ်ခုသော တောင်ခြေ၌ နေရောင်လှုံ လျက် ခြင်္သေ့တစ်ကောင်သည် အိပ်၍နေ၏။ ယင်းသို့

mgyoe.com

mgyoe.com

နေသည်ကို ရှေးနည်းဖြင့် မင်းချင်းယောကျ်ားတို့
လျှောက်ကြား၍ ရှေးနည်းဖြင့်စုံစမ်းသော်။ တစ်ကြိမ်
နှစ်ကြိမ်တိုင်အောင် မထဘဲအိပ်မြဲတိုင်းသာ အိပ်၍နေ
၏။ သုံးကြိမ်မြောက်သည်ကာလ ထပြီးလျှင်၊ ဤအရပ်
တွင် ငါ၏ရန်သူတို့သည်။ ရှိယောင်တကားဟု ကြုံးဝါး
၍ဟောက်သံပေးလေသော်။ ဆင်စီးမြင်းစီးသူရဲအပေါင်း
တို့သည်။ ဆင်ခေါင်းမြင်းကျောမှ လျှောကျ၍။ ဆင်မြင်း
အလုံးစုံတို့သည်။ တောချုံသို့ဝင်ကြလေကုန်၏။ မင်းစီး
သောဆင်လည်း။ မင်းကိုယူပြီးလျှင်။ တောချုံသို့ဝင်လေ
၏။ မင်းလည်း မိမိစီးသော ဆင်ကိုချွန်းပြင်၍ အုပ်ပါငြား
သော်လည်း။ မတတ်နိုင်ရကား။ ချုံကြား သစ်ပင်အောက်
သို့ဝင်၍ အထွက်တွင် သစ်ခက်ကိုဆွဲပြီးလျှင်။ သစ်ပင်မှ
ဆင်းသက်၍ ခြေလမ်းခရီးဖြင့် သွားလေသော်။ ပစ္စေက
ဗုဒ္ဓါတို့ နေရာသခ်မ်းသို့ရောက်လေ၏။ မင်းလည်း
အရှင်ဘုရား။ ထိုအသံကိုကြား တော်မူကြကုန်၏လော
ဟု လျှောက်လေသော်။ ပစ္စေကဗုဒ္ဓါတို့လည်းကြား၏
မင်းကြီးဟု မိန့်တော်မူကုန်၏။ အဘယ်အသံနည်းဟု
လျှောက်ပြန်၏။ ရှေးဦးစွာ စည်ကြီး၊ ခရုသင်းစသည်
တို့၏ အသံကိုကြားသည်။ ထိုနောက် ခြသေ့်သံကိုကြား
သည်ဟု မိန့်တော်မူကြကုန်၏။ အရှင်ဘုရားတို့ မကြောက်
ကုန်လောဟု မေး၏။ မင်းကြီး ငါတို့ကား တစ်စုံတစ်ခု
သောအသံမှ မကြောက်ကြကုန်ဟု မိန့်တော်မူ၏။ ။
နမယံမဟာရာဇ ကဿစိသဒ္ဒဿဘာယာမာတိ။ ။
သုတ္တနိပါတ်အဋ္ဌကထာ။ ။ မဟာရာဇ၊ မင်းမြတ်။ မယံ၊
ငါတို့သည်။ ကဿစိ၊ တစ်စုံတစ်ခုသော။ သဒ္ဒဿ၊
အသံမှ။ နဘာ ယာမ၊ မကြောက်ကြကုန်။ ဣတိ၊ သို့။
အဝေါစုံ၊ ဆိုကုန်၏။ အဘယ်ကြောင့် မကြောက်ကြ
ကုန်သနည်း။ ယခင်ပြဆိုအပ်ပြီးသော ပုဂ္ဂိုလ်ခြောက်
ယောက်တို့တွင်။ ရဟန္တာဖြစ်၍ မကြောက်ကြကုန်။ ။
အကျွန်ုပ်အားလည်း အရှင်ဘုရားတို့ကဲ့သို့၊ မကြောက်
သည်ကိုပြုခြင်းငှာ တတ်ကောင်းပါသလောဟု လျှောက်
လေသော်၊ ဒကာတော် မင်းကြီးလည်း၊ ငါတို့ကဲ့သို့
ရဟန်းပြုမူ၊ တတ်နိုင်၏ဟုဆိုသောကြောင့် မကြောက်
ခြင်းငှာ။ ရဟန်းပြုရာတွင်။ ပစ္စေကဗုဒ္ဓါအဖြစ်သို့
ရောက်၍။ ကြောက်ခြင်းကင်းလေ၏။ ။ ဤသို့လာ
သော အဋ္ဌကထာ စကားကို ထောက်ထားဆင်ခြင်၍။
ခြသေ့်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂ
မရှိသည်ကိုသိအပ်၏။

ဆင်အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်းစိတ္တု
တြာသသံဝေဂမရှိသည်ကို ဇာတ် အဋ္ဌကထာတို့၌
လာသည်ကား။ သဗ္ဗညုဘုရားသခင်သည်၊ ရာဇဂြိုဟ်
ပြည် ဝေဠုဝန်ကျောင်း၌။ ကိန်းအောင်း မွေ့လျော်နေ
တော်မူသောအခါ။ ဒေဝဒတ်ကို အကြောင်းပြု၍။ တရား
သဘင်၌။ ဤသို့စကားဖြစ်သတည်း။ ငါ့ရှင်တို့
ဒေဝဒတ်သည်။ သဗ္ဗညုဘုရား၏လပြည့်ဝန်းနှင့်တူ
သောမျက်နှာတော်ကိုလည်းကောင်း၊ သုံးဆယ့်နှစ်ပါး
သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး။
ရှစ်ဆယ်သော လက္ခဏာတော်ငယ်။ ရောင်ခြောက်သွယ်
တို့ဖြင့်။ တင့်တယ်စွာ တန်ဆာဆင်အပ်သော တလံမျှ
လောက်သော ရောင်ခြည်တော်အဝန်းဖြင့် ထက်ဝန်းကျင်
မှ ခြံရံအပ်သော အသွယ်သွယ်အစုံစုံ သောတစ်ခဲနက်
သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူတတ်
သော အလွန်တင့်တယ်ခြင်းသို့ရောက်သော ကိုယ်တော်
ကိုလည်းကောင်း။ မြင်၍ကြည်ညိုစေခြင်းငှာမတတ်နိုင်။
စင်စစ်မှာမူ။ ပြူးစူခြင်းကိုသာပြု ၏။ ဘုရားတို့မည်သည်
ဤသို့သော သီလဂုဏ်နှင့် ပြည့်စုံ၏။ ဤသို့သော
သမာဓိဂုဏ်။ ဤသို့သော ပညာဂုဏ်။ ဤသို့သော
ဝိမုတ္တိဂုဏ်။ ဤသို့သောဝိမုတ္တိဉာဏ ဒဿနဂုဏ်နှင့်
ပြည့်စုံ၏ဟု ချီးမွမ်းအံ့သြကြသော စကားကို။ သည်းခံ
ခြင်းငှာ မတတ်နိုင်။ စင်စစ်မှာမူ၊ ပြူးစူစောင်းမြောင်း
လျက်။ အမျက်ထွက်ခြင်းကိုသာပြု၏။ ဤသို့ဒေဝဒတ်
၏ ကျေးဇူးမဲ့စကားကိုပြောကြားလျက်။ တရားသဘင်၌
နေကြကုန်၏။ ထိုအခါ ဘုရားမြတ်စွာသည် ကြွလာ
တော်မူ၍။ ချစ်သားတို့။ ယခုအခါ ငါဘုရားကြွလာ
တော်မူစဉ်။ သင်ချစ်သားတို့သည်။ အဘယ်စကားကို
အပြီးမသတ် တန့်ရပ်၍ နေကြကုန်သနည်းဟု မိန့်တော်
မူသောကြောင့်။ အကြောင်းစကား လျှောက်ကြားလေ
သော်။ ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရားလည်း။
ချစ်သားတို့၊ ဒေဝဒတ်သည် ယခုမှသာ ငါ၏ကျေးဇူး
ဂုဏ်အပေါင်း၌။ စောင်းမြောင်းပြူးစူသည် မဟုတ်။
ရှေးကာလ၌လည်း စောင်းမြောင်းပြူးစူသည်သာလျှင်
တည်းဟုမိန့်တော်မူ၍။ အတိတ်ကိုဆောင်တော်မူ၏။

mgyoe.com

ချစ်သားတို့ လွန်လေပြီးသောကာလ။ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌။ မဂဓရာဇ်မင်းသည် မင်းပြုလေသော်။ ငါဘုရားအလောင်းတော်သည်။ ကိုယ်လုံးဖြူသောဆင်၏ အမျိုး၌ဖြစ်တော်မူ၏။ ငွေဘော်နှင့် တူသောကိုယ်လုံးရှိ၏။ ပတ္တမြားလုံးနှင့်တူသော မျက်စိရှိ၏။ နီလှစွာသော ကမ္ဗလာနှင့်တူသော ခံတွင်းရှိ၏။ ရွှေဗိန္ဒုဖြင့် တန်ဆာဆင်အပ်သော ငွေပန်းဆိုင်းနှင့်တူသော နှာမောင်းရှိ၏။ ချိတ်ရည်ဖြင့် ဆိုးအပ်သကဲ့သို့သော လက်ခြေရှိ၏။ ဤသို့ ပါရမီဆယ်ပါးတို့သည်၊ တန်ဆာဆင်အပ်သော အဆင်းဖြင့် တင့်တယ်ခြင်းသို့ရောက်သော ဘုရားလောင်း၏ ကိုယ်တော်ဖြစ်သတည်း။ ထိုအခါ ရာဇဂြိုဟ်မင်းသည်။ ဤဆင်ကား ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောဆင်တည်းဟု မင်္ဂလာဆင်အရာ၌ ထားလေ၏။ တစ်နေ့သ၌ ပွဲသဘင်ကြံလေသော်။ မြို့တော်ကို နတ်ပြည်ကဲ့သို့တန်ဆာဆင်၍၊ မင်္ဂလာဆင်မြတ်ကိုလည်း၊ လျောက်ပတ်တင့်တယ်သော တန်ဆာဖြင့်။ များစွာခြယ်လှယ်ပြီးမှ တက်စီး၍ကြီးစွာသော မင်း၏အာနုဘော်ဖြင့်။ မြို့တော်ကို လက်ယာရစ်လှည့်၏။ ထိုအခါ များစွာသော လူအပေါင်းသည်၊ သောင်းသောင်းကြော်ကြ၍။ မင်္ဂလာဆင်တော်၏ တင့်တယ်ခြင်းကို ချီးမွမ်းအံ့သြကြကုန်၏။ ထိုအခါ ရာဇဂြိုဟ်မင်းသည်။ ဆင်တော်၏ကျေးဇူးကို။ သည်းခံခြင်းငှာမတတ်နိုင်မူ၍။ ငြူစူစောင်းမြောင်းလျက် အမျက်ထွက်ရကား။ ယနေ့ပင်လျှင် ဤဆင်ပြောင်ကို တောင်ခြေကမ်းပါးချောက်၌။ ဦးစောက်ချလျက် အသက်ကုန်စေအံ့ဟု ဆင်ထိန်းကို ခေါ်ပြီးသော်။ ဆင်တော်ကို ကောင်းစွာသင်၏လောဟု မေး၏။ ကောင်းစွာသင်ကြောင်းကို လျှောက်လေသော်၊ အကယ်၍ကောင်းစွာသင်အံ့။ ဝေပုလ္လတောင်ထိပ်ကို တက်စေ၏။ မိမိလည်း မျူးမတ်အပေါင်းခြံရံလျက်။ တောင်ထက်သို့တက်၏။ တက်ပြီးလျှင် ဆင်တော်ကို ကမ်းပါးစောက်သို့ တူရူရှေးရှုထား၏။ ထိုအခါအသူတရာနက်လှစွာသော ကမ်းပါးချောက်ကိုမြင်လျှင်။ လူရှင်ပေါင်းတို့သည်။ ကြက်သီးမွေးညင်းထလျက်။ အလွန် ကြောက်ထိတ်လန့်ကုန်၏။ အာဇာနည်ဆင်မြတ်ကား။ မထိတ်မလန့် မကြောက်မရွံ့၊ ဝံ့ဝံ့ရဲရဲကမ်းပါးချောက်သို့ ရှေးရှုနေတော်မူ၏။ မင်းလည်းကမ်းပါးချောက်သို့ ဦးစောက်ကျ၍ သေလေစေဟု နလုံးပြု၍ ဆင်ထိန်းကိုခေါ်ပြီးလျှင်။ ဆင်တော်ကို ရှေ့ခြေနှစ်ချောင်းဖြင့်သာ ရပ်စေလော့ဟုဆို၏။ ဆင်ထိန်းလည်း ဆင်တော်ကို အမှတ်ပေး၍ရပ်စေ၏။ ယင်းသို့ရှေ့ခြေနှစ်ချောင်းဖြင့် ရပ်စေ၍ မကျလျှင်၊ နောက်ခြေနှစ်ချောင်းဖြင့် ရပ်စေလောဟု ဆိုပြန်၏။ ဆင်ထိန်းလည်း အမှတ်ပေး၍ ရပ်စေပြန်၏။ နောက်ခြေနှစ်ချောင်းနှင့် ရပ်၍ မကျပြန်လျှင်။ တစ်ချောင်းတည်းနှင့်ရပ်စေလောဟုဆိုပြန်၏။ ဆင်ထိန်းလည်း အမှတ်ပေး၍ ရပ်စေပြန်၏။ ယင်းသို့ တစ်ချောင်းတည်းနှင့်ရပ်၍ မကျပြန်လျှင်။ ခြေမြေမှ မလွတ်သောကြောင့်သာ မကျသည်။ ခြေမြေမှ လွတ်လျှင်။ မချွတ်ကမ်းပါးချောက်သို့ ဦးစောက်ကျလိမ့်မည် အမှတ်အထင်နှင့် ကောင်းကင်ဝယ်တည်စေလော့ဟုဆို၏။ ဆင်ထိန်းလည်း ဤမင်းသည် ဇမ္ဗူဒီပါကျွန်းထက်၌ တုဘက်မရှိသော အာဇာနည်ဆင်အထွဋ်ကို။ မချွတ်ကမ်းပါးချောက်သို့ ဦးစောက်ကျ၍ သေစေလိုသည်ဟု သိ၍။ ဆင်၏နားရင်း၌ အပ်ပြီးလျှင်။ ချစ်သားဤမင်းသည် သင့်ကိုသေစေလို၍ဆိုသည်။ ထိုမင်းနှင့်သင်သည် မလျောက်ပတ်မတင့်တယ်။ အကယ်၍ ကောင်းကင်ခရီးဖြင့် သွားခြင်းငှာစွမ်းနိုင်သော သတ္တိရှိသည်ဖြစ်အံ့။ ငါ့ကိုကျောက်ကုန်း၌တင်၍ ကောင်းကင်ခရီးဖြင့်။ ဗာရာဏသီပြည်သို့ သွားလော့ဟုဆို၏။ ဆင်လည်းထိုခဏ၌ပင်။ ကောင်းကင်၌တည်လေ၏။ ဆင်ထိန်းလည်း မင်းကြီး၏ဆင်သည်။ အတိုင်းမသိသော ဘုန်းတန်ခိုးနှင့် ပြည့်စုံ၏။ ထိုသို့ ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဆင်တော်သည်။ သင်မင်းကြီးကဲ့သို့ ဘုန်းပညာနည်း သူအားမထိုက်၊ ဘုန်းပညာနှင့် ပြည့်စုံသော မင်းအား သာထိုက်၏။ သင်မင်းကြီးကဲ့သို့ ဘုန်းပညာနည်းသော မင်းတို့သည်။ ဤသို့သဘောရှိသော ရတနာ ဆင်မြတ်ကိုရ၍။ ထိုဆင်မြတ်၏ ဂုဏ်ကျေးဇူးကိုမသိကုန်ရကား။ ရတနာဆင်ယဉ်တော်ကိုလည်းကောင်း။ ကြွင်းသောစည်းစိမ်ချမ်းသာအလုံးစုံကိုလည်းကောင်း။ အကုန်ဖျက်ဆီးသည်သာတည်းဟုဆို၍။ ဆင်ကျောက်ကုန်း၌ နေလျက် ဤဂါထာကိုဆို၏။ ။ ယသံလဒ္ဓါနဒု မ္မေဓော၊ အနတ္တံ စရတိအတ္တနော။ အတ္တနောစပရေသဉ္စ၊ ဟိံသာယ

mgyone.com

ပဋိပဇ္ဇတိ။ ။ ရာဇ၊ မင်းယုတ်။ ဒုမ္မေဓော၊ သင်ကဲ့သို့ ပညာမဲ့သောမင်းသည်။ ယသံ၊ စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစောကို။ လဒ္ဓန၊ ရသည်ရှိသော်။ အတ္တနော၊ မိမိ၏ အနတ္ထံ၊ အကျိုးမဲ့ကို။ စရတိ၊ ကျင့်၏။ အတ္တနောစ၊ မိမိ၏လည်းကောင်း။ ပရေသဥ္စ၊ သူတစ်ပါးတို့၏လည်းကောင်း။ ဟိံသာယ၊ ဆင်းရဲပင် ပန်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ ။ ဤဂါထာဖြင့် မင်းအားတရားဟော၍ သင်မင်းကြီးသည်နေရစ်လော့၊ ငါတို့ကားဗာရာဏသီပြည်သို့သွားတော့အံ့ဟုဆို၍ သွားပြီးလျှင်။ မင်းရင်ပြင်ကောင်းကင်၌ တည်လေ၏။ ဗာရာဏသီပြည်အလုံးသည် ချောက်ချားလျက်၊ ငါတို့သခင် အရှင်မင်းအား ကောင်းကင်ဖြင့် ဆင်ပျံ ရတနာရောက်လာ၍။ မင်းရင်ပြင်၌ တည်လာသည်ဟု အုတ်အုတ်ကျက်ကျက်ပြုလျက် မင်းအား လျှောက်ကြားကုန်၏။ မင်းလည်းထွက်ပြီးလျှင်။ အကယ်၍ ငါ၏သုံးဆောင်ခြင်း အကျိုးငှာလာရောက်သည်ဖြစ်အံ့။ မြေ၌တည်ပါဟု မိန့်ဆိုလေ၏။ ဆင်တော်ရတနာလည်း မြေ၌သက်ဆင်း၍ တည်၏။ ဆင်ထိန်းလည်း ဆင်မှသက်ဆင်း၍ မင်းအားရှိခိုးလေသော်။ မောင် အဘယ်အရပ်မှ လာသနည်းဟု မေး၍ ရာဇဂြိုဟ်ပြည်မှ လာကြောင်းအလုံးစုံကို မင်းလျှောက်ကြား၏။ မင်းလည်းသင်သည် ငါ့အထံသို့လာသဖြင့်။ နှစ်သက်ဖွယ်အမှုကိုပြုအပ်၏ဟု ဝမ်းမြောက်ဝမ်းသာ ဗာရာဏသီပြည်အလုံးကို တန်ဆာဆင်ပြီးလျှင်။ ဆင်တော်ကို မင်္ဂလာဆင်အရာ၌ထား၍။ ပြည်ကိုသုံးခွဲစုပြီးလျှင်။ တစ်ပုံကိုဆင်အား၊ တစ်ပုံကို ဆင်ထိန်းအား ပေး၏။ တစ်ပုံကို မိမိမင်းပြု၏။ ဆင်အာဇာနည်၏ရောက်သောကာလမှစ၍။ ဇမ္ဗူဒိပ်ကျွန်းအပြင်၌။ မင်း၏အဖြစ်သည်။ ထိုမင်းလက်သို့သာ ရောက်သတည်း။ ဘုရားမြတ်စွာသည်။ ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍။ ဇာတ်ကိုပေါင်းတော်မူ၏။ ထိုအခါ မဂဓရာဇ်မင်းကား။ ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ဗာရာဏသီမင်းကား သာရိပုတ္တရာဖြစ်လာ၏။ ဆင်ထိန်းကား အာနန္ဒာဖြစ်လာ၏။ အာဇာနည်ဆင် ရတနာကား ငါဘုရားဖြစ်လာ၏။ ဟုပေါင်းတော်မူ၏။ ဤ၌ ဆင်အာဇာနည်၏ကြောက်ထိတ်လန့်ခြင်း စိတ္တု တြာသ သံဝေဂမရှိသည်ကိုပြလိုရင်းတည်း။ ယင်းသို့သော်လည်း။ ။ သောတာဝဓာနေ ပညာသုတမယေဉာဏံ။ ။ ဟုရှင်သာရိပုတ္တရာ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ အပ်သည့်နှင့်အညီ။ သုတမယဉာဏ်ဖြစ်လို၍။ ဇာတ် အဋ္ဌကထာလာတိုင်းရေးလိုက်သည်။

ဗာရာဏသီပြည်အနီးအပါးလက်သမားရွာ၌။ ငါးရာသောလက်သမားတို့သည်။ ရှားငုတ်စူးဝင်သော ဆင်ကြီးတစ်ခုကို ဆေးကုရာတွင် ဆင်ကြီးက ဆေးကုခပေးခဲ့သော အာဇာနည်ဆင်ငယ်ကို။ ကျွေးမွေးဖွယ်ရာ ထမင်းရိက္ခာပေးလျက်။ ကျွေးမွေး၍ထားရာ။ ဗာရာဏသီမင်းသည် သိမ်းယူ၍။ ကိုယ်တူပြုပြီးလျှင်။ မင်္ဂလာဆင်အရာ၌ ထားလေ၏။ ။ ရှည်လျားလှသော်။ဘုရားအလောင်းတော်သည်။ ထိုမင်း၏မိဖုရားကြီးဝမ်းတွင်ဝင်၍ ပဋိသန္ဓေနေလေ၏။ ပဋိသန္ဓေရင့်မာသည့်ကာလ။ အဘဖြစ်သော ဗာရာဏသီမင်းသည် လွန်ခဲ့၏။ လွန်ကြောင်းကို မင်္ဂလာဆင်အားမကြားဝံ့။ အဘယ်ကြောင့်နည်းဟူမူကား။ တိရစ္ဆာန်တို့မည်သည်။ အကြင်သူနှင့် ချစ်ကျွမ်းဝင်၏။ ထိုသူ၌ ကောက်ကျစ်ခြင်းမရှိ။ ဖြောင့်မတ်သော သဘောရှိရကား။ နှလုံးကွဲ၍ သေပေရာသောကြောင့် မကြားဝံ့တည်း။ ။ တိရစ္ဆာနာကိရနာမေတေဥ ဇုဇာတိကာဟောန္တိအကုဋိလာ၊ မနုဿပန အညံဟဒယေနစိန္တေန္တိ။ အညံမုခေနက ထေန္တိ။ ဓမ္မပဒ အဋ္ဌကထာ။ ။ ဧတေတိရစ္ဆာနာနာမ၊ ဤတိရစ္ဆာန်တို့မည်သည်ကား။ ဥဇုဇာတိလား၊ ဖြောင့်မတ်သော သဘောရှိကုန်သည်။ အကုဋိလာ၊ ကောက်ကျစ်ခြင်း မရှိကုန်သည်။ ဟောန္တိကိရ ဖြစ်ကုန်သတတ်။ မနုဿမန၊ လူတို့သည်ကား။ အညံ၊ တစ်ပါးကို။ ဟဒယေန။ စိတ်ဖြင့်။ စိန္တေန္တိ၊ ကြံကုန်၏။ အညံ၊ တစ်ပါးကို။ မုခေန၊ ခံတွင်းဖြင့်။ ကထေန္တိ၊ ဆိုကုန်၏။ ။ ဗာရာဏသီမင်း၏သေလွန်သောအဖြစ်ကို။ အဆင့်စကားကြား၍။ သာမန္တကောသလသမင်းသည်။ များစွာသော စစ်သည်ရဲမက်နှင့်တကွလာ၍။ ဗာရာဏသီပြည်ကို ဝန်းရံလေ၏။ မှူးမတ်အပေါင်းတို့သည်။ မြို့တံခါးကိုပိတ်ဆို့ပြီးလျှင် ကောသလမင်းအား သတင်းစကားစေ၍ ကြားကုန်၏။ ငါတို့မင်း၏ မိဖုရားကြီးသည်။ ရင့်မာသော ကိုယ်ဝန်ရှိ၏။ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ သားဖွားလတ္တံ့ဟု။ အင်္ဂဝိဇ္ဇာတတ်သော သူတို့ ဆိုကြကုန်

mgyoe.com

mgyoe.com

သည်။ မိဖုရားသည် အကယ်၍သားဖွားအံ့။ ။ခုနစ်ရက်မြောက်သောနေ့၌ ကောသလမင်းနှင့် ငါတို့စစ်ပြိုင်ဆိုင်အံ့။ ခုနစ်ရက်သာ ငံ့လင့်ပါတော့ဟု မှာလိုက်၏။ ကောသလမင်းလည်း ကောင်းပြီဟု ဝန်ခံလေ၏။ မိဖုရားလည်း အင်္ဂဝိဇ္ဇာ ဆရာတို့ဆိုသည်အတိုင်း ခုနစ်ရက်မြောက်သည် ကာလသားဖွားလေ၏။ ထိုမင်းအားတိုင်းသားပြည်သူတို့သည်။ ငါတို့သူ့ကျွန်ဖြစ်ချေတော့မည်ဟု တွန့်လိပ်သော စိတ်ကိုချိုးမြောက်လျက် ဖွားရကား။ အလိနစိတ္တမင်းသားဟု အမည်မှည့်ကုန်၏။ မင်းသားဖွားသောနေ့မှစ၍။ ကောသလမင်းနှင့် မှူးမတ်တို့စစ်ပြိုင်ဆိုင်သည်။ အကွပ်အကဲအကြီးအမှူး မရှိသောကြောင့်။ ဗာရာဏသီမင်း စစ်သည်တော်တို့ ရှုံ့ချေ၏။ ရှုံ့ကြောင်းကို မိဖုရားအားလျှောက်ကြား၍ ငါတို့မင်း၏။ သေလွန်သောအဖြစ်ကိုငင်း။ သားတော်ဖွားသောအဖြစ်ကိုငင်း။ ကောသလမင်းလာ၍ ဗာရာဏသီပြည်ကို ဝန်းရံသောအဖြစ်ကိုငင်း။ မင်း၏အဆွေတော်ဖြစ်သော မင်္ဂလာဆင်သည်။ မသိလေသေး။ မင်္ဂလာဆင်တော်အားကြားကုန်အံ့ဟု တိုင်ပင်ကြကုန်၏။ မိဖုရားလည်း ကောင်းပြီဝန်ခံ၍ သားတော်ကိုတန်ဆာဆင်ပြီးလျှင်။ ဘွဲ့ဖြူပုဆိုးခွေ၌နေစေ၍။ ပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင်။ မှူးမတ်အပေါင်းခြံရံလျက်။ ဆင်တင်းကုတ်သို့သွား၍။ ဘုရားအလောင်းကို ဆင်ခြေရင်း၌ သိပ်ပြီးမှ။ သခင်၏အဆွေတော်ဖြစ်သော ဗာရာဏသီမင်းသည်လွန်ခဲ့ပြီ။ လွန်ကြောင်းကို သခင်အား မကြားသည်ကား။ ဝမ်းပန်းကွဲ၍ သေပေစရာရှိသောကြောင့်သာ မကြားပါသည်။ ယခုမှာကား။ ဤသူငယ်သည် သင်၏အဆွေတော်ဖြစ်သော ဗာရာဏသီမင်း၏ သားတည်း။ သင်အဆွေတော်သားသည်။ သင့်သားပင် ဖြစ်သည်။ သင်အဆွေတော် မရှိကြောင်းကို ကြားလျှင်။ ကောသလမင်းသည်လာ၍ သင့်သားတော်နှင့် စစ်ပြိုင်ကြသည်။ သင့်သား စစ်သည်တော်တို့သည်။ နောက်သို့ဆုတ်ကုန်၏။ သင့်သားကို သူတစ်ပါး မသတ်စေမူ၍။ သင်ပင်သတ်လော့။ မသတ်လိုမူပြည် ကိုယူ၍ပေးပါဟု ဆိုကုန်၏။ ထိုအခါ မင်္ဂလာဆင်တော်သည်။ ဘုရားလောင်းကို နှာမောင်းဖြင့် သုံးကြိမ်သပ်လျက် ဦးကင်းထက်သို့ မြှောက်တင်၍ ငိုကြွေးပြီးမှ။ ဘုရားလောင်းကို ဦးကင်းထက်မှချ၍။ မိဖုရား လက်သို့အပ်ပြီးလျှင်။ ကောသလမင်းကို ဖမ်းအံ့ဟု ဆင်တင်းကုတ်မှထွက်၏။ ထိုအခါ ဗိုလ်ပါမှူးမတ်တို့လည်း။ ဆင်တော်ကို သားရေစွပ်ပြီးလျှင်။ စစ်ဝတ်တန်ဆာဆင်၍ မြို့တံခါးမှ ထွက်ကြကုန်၏။ ဆင်တော်သည်မြို့မှ ထွက်ပြီးလျှင်။ ကြိုးကြာသံနှင့်တူသော အသံကို ဟစ်အော်ကြေညာလျက်။ များစွာသော ရဲမက်ဗိုလ်ပါတို့ကို ထိတ်လန့်စေပြီးလျှင်။ ဗိုလ်အထုကိုခွဲပြီးမှ။ ကောသလမင်းကြီးကိုဥဿျောင်၌ ဆွဲကိုင်ငင်ယူခဲ့ပြီးသော်။ ဘုရားလောင်းခြေတော်ရင်း၌ဝပ် စင်းခရမ်းစေ၍။ အသေသတ်မည်ဟု ထသောသန်လျက်စွဲထားကိုင်တို့ကို အနိုင်တားမြစ်ပြီးမှ။ ကောသလမင်းအား အဆုံးအမဩဝါဒပေး၏။ သင်သည်။ ဤ မင်းသားဖွားသည်မှစ၍။ မမေ့မလျော့ပြုလော့။ မင်းသားကို ငယ်၏ဟုမမှတ်သင့်ဟု အဆုံးအမ ဩဝါဒပေး၍လွှတ်လိုက်၏။ ထိုအခါမှစ၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းထက်၌။ မင်း၏အဖြစ်သည် ဘုရားလောင်းလက်တော်သို့ လာရောက်လေသတည်း။ တစ်စုံတစ်ယောက်မျှထွက်ပြိုင်ဝံ့သသူမရှိ။ ဘုရားလောင်းလည်း။ ခုနစ်နှစ်ရှိသည်ကာလ။ အဘိသိက်ခံ၍ တရားနှင့်လျော်စွာမင်းပြုတော်မူ၏။ ။ဤဆင်အာဇာနည်မှတစ်ပါးသော သူတို့သည်။ မင်းက မဆိုထားဘိ၊ ရဲမက်သားတစ်ယောက်ကိုမျှလည်း ဖမ်းယူခြင်းငှာ အလွန်တရာ ကြောက်ထိတ်လန့်ကုန်၏။ ဆင်အာဇာနည်မှာမူကား။ ရဲမက်သားမျှဝယ် အဘယ်လောက်အံ့။ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိ။ မင်းကိုယ်ကိုဆင်ဝင်၍ ဖမ်းယူခြင်းသည် အာဇာနည်ဖြစ်၍သာ စွမ်းနိုင်လေသတည်း။ ဤသို့လာသော အဌကထာစကားကို ထောက်ထားဆင်ခြင်၍ ဆင်အာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသည်ကို သိအပ်၏။

မြင်းအာဇာနည်၏ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂ မရှိသည်ကို ဇာတ်အဌကထာတို့၌ လာသည်ကား။ သဗ္ဗညုဘုရားသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပျော်နေတော်မူသောအခါ။ ရဟန်းတစ်ယောက်၏ လုံ့လဝီရိယကို စွန့်ပစ်ပြီး၍ အချည်းနှီးနေသည်ကိုပြောကြသော စကားစပ်

mgyoe.com

mgyoe.com

တွင်။ ရှင်တော်ဘုရားသည်။ ထိုရဟန်းကိုခေါ်တော်မူ၍ ရဟန်းရှေးပညာရှိတို့သည်။ အကြောင်းမဟုတ်ရာ၌ လည်းလွန်စွာလုံ့လကိုပြုကြကုန်၏။ သေကျေပျက်စီးလောက်သော။ ပုတ်ခတ်ထိုးပစ်ခြင်းကိုရလျက်လည်း။ လုံ့လကိုမစွန့်ပစ်ကြကုန်ဟုမိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသော်။ ငါဘုရားအလောင်းတော်သည်။ ဂေါဇာနိယသိန္ဓော မြင်းမျိုး၌ဖြစ်၍။ အလုံးစုံသောအခြင်းအရာ အင်္ဂါလက္ခဏာနှင့်ပြည့်စုံသော ဗာရာဏသီမင်း၏ မင်္ဂလာမြင်းဖြစ်တော်မူ၏။ တစ်သိန်းထိုက်သော ရွှေခွက်၌ အထူးထူး အပြားပြားများမြတ်သော အရသာရှိသော သုံးနှစ်ဟောင်းလေပြီးသော အနံ့နှင့်ပြည့်စုံသော သလေးထမင်းကိုစားရ၏။ နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံသော မြေ၌သာအိပ်ရ၏။ သိန္ဓောမြင်း၏နေရာကို နီစွာသော ကမ္ဗလာတင်းတိမ်ဖြင့် ခြံရံအပ်၏။ ရွှေကြယ်တို့ဖြင့် စီအပ်သော ငွေပြားပုဆိုးဖြင့်။ ဗိတာန်ကြက်အပ်၏။ အထက်၌ ပန်းဆိုင်းပန်းကုံးတို့ဖြင့် ဆွဲအပ်၏။ ညဉ့်သုံးယံပတ်လုံး ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းအပ်၏။ ဗာရာဏသီမင်း၏အဖြစ်ကို မတောင့်တသော မင်းတို့မည်သည် မရှိကုန်။ ။ ဗာရာဏသီရဇ္ဇံ အပတ္ထေန္တာရာဇာနော နာမနတ္ထိ။ ။ ဓာတ်အဋ္ဌကထာ။ ဗာရာဏသီရဇ္ဇ၊ ဗာရာဏသီမင်း၏အဖြစ်ကို။ အပတ္ထေန္တာ၊ မတောင့်တကုန်သော။ ရာဇာနောနာမ။ မင်းတို့မည်ကုန်သည်။ နတ္ထိ–နသန္တိ၊မရှိကုန်။

တစ်ရံရောအခါ၊ ခုနစ်ပြည်ထောင်သောမင်းတို့သည်လာ၍။ ဗာရာဏသီပြည်ကိုဝန်းရံပြီးလျှင်။ ငါတို့အလုပ်အကြွေကိုသည်းခံမည်လော။ ယင်းသို့မဟုတ်တိုင်းပြည်ကိုတည်းပေးအပ်မည်လောဟု။ ဗာရာဏသီမင်းအားစေလာကုန်၏။ ဗာရာဏသီမင်းလည်း။ မှူးတော်မတ်တော်တို့ကိုခေါ်ပြီးသော်။ ထိုအကြောင်းကိုကြား၍။ ယခုအခါ၊ လုပ်ရေးကြွေရေးကိုအစ်ကိုတို့စိတ်တွင်ဘယ်သို့ထင်သနည်းဟု မေးမြန်းတော်မူ၏။ မှူးတော်မတ်တော်တို့လည်း။ အရှင်မင်းကြီး၊ ရှေးဦးစွာကိုယ်တိုင်စစ်ပြိုင်ဆိုင်တော်မမူသင့်သေး။ ဤမည်သောမြင်းစီးသူရဲကျော်ကို ခေါ်တော်မူ၍။ ရှေးဦးစွာစေခိုင်းသင့်သေးသည်။ ထိုသူမတတ်နိုင်သည်ကာလမှ။ ကြံထိုက်ရာကြံတော်မူပါဟု လျှောက်ကြကုန်၏။ မင်းလည်း ထိုအရေးကို ကြံတော်မူ၍။ မြင်းစီးသူရဲကိုခေါ်ပြီးသော်။ အမောင်သင်သည်၊ ခုနစ်ပြည်ထောင်သောမင်းတို့နှင့်စစ်ရေးပြိုင်ဆိုင်ခြင်းငှာ တတ်နိုင်ပါမည်လောဟု မေးတော်မူ၏။ မြင်းစီးသူရဲလည်း၊ အရှင်မင်းကြီး။ အကယ်၍ ဂေါဇာ နိယ သိန္ဓောမြင်းကိုကခြင်းငှာရသည်ဖြစ်ပါအံ့။ ခုနစ်ပြည်ထောင်သော မင်းတို့ထားဘိဦး။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းထက်၌ ပေါ်ထွက်သော တစ်ရာ့တစ်ယောက်သော မင်းတို့ကိုသော်လည်း။ ကျွန်တော်မျိုးမကြောက်ဟု လျှောက်၏။ မင်းလည်း အားရတော်မူ၍။ အမောင်ဂေါဇာနိယသိန္ဓောမြင်းဖြစ်စေ။ တစ်ပါးမြင်းဖြစ်စေ။ အကြင်မြင်းကိုအမောင်ကြိုက်၏။ ထိုမြင်းကို ကပါလေဟုမိန့်တော်မူ၏။ မြင်းစီးသူရဲလည်း။ ကောင်းပြီဟု မင်းအားရှိခိုးပြီးသော်၊ မင်းနန်းတော်မှ ဆင်းသက်၍။ ဖောင်းတွင်း၌နေသော ဂေါဇာနိယသိန္ဓောမြင်းကို ချပ်ကြိုးတန်ဆာမြဲမြဲစွာဖွဲ့၍။ မိမိလည်း စစ်ဝတ်တန်ဆာမြဲမြဲစွာဆင်ဝတ်ပြီးလျှင်၊ မြင်းစီး၍ဓါးလွယ်စွဲလျက်မြို့တွင်းမှထွက်ပြီးသော်၊ လျှပ်စစ်အရေးကဲ့သို့ ပြေးသွားလျက်။ ရှေးဖျားဗိုလ်ထုကို ခွဲဖောက်၍ မင်းတစ်ယောက်ကို အရှင်ဖမ်းပြီးလျှင်။ မြို့တွင်းသို့ဝင်လာ၍။ ဗာရာဏသီ မင်းအားဆက်၏။ ဤအတူ နှစ်ကြိမ်မြောက်ဗိုလ်ထုကို တိုက်ဖောက်၍ နှစ်ယောက်မြောက်သော မင်းကို။ သုံးကြိမ်မြောက်ဗိုလ်ထုကို တိုက်ဖောက်၍။ သုံးယောက်မြောက်သော မင်းကို။ လေးကြိမ်မြောက်ဗိုလ်ထုကို တိုက်ဖောက်၍။ လေးယောက်မြောက်သော မင်းကို။ ငါးကြိမ်မြောက်ဗိုလ်ထုတိုက်ဖောက်၍။ ငါးယောက်မြောက်သော မင်းကိုယူ၏။ ခြောက်ကြိမ်မြောက်ဗိုလ်ထုကို တိုက်ဖောက်၍။ ခြောက်ယောက်မြောက်သော မင်းကိုဖမ်းယူရာ။ အာဇာနည်သိန္ဓောမြင်းအား မြားလက် နက်ထိချေ၏။ ထိုရာအရပ်မှ သွေးယိုကျလျက် ဗလဝ ဝေဒနာသည်။ သည်းထန်စွာဖြစ်၏။ မြင်းစီးသူရဲလည်း။ မြင်းတော်အား မြားလက်နက်ထိသောအဖြစ်ကိုသိ၍ မြို့တွင်းသို့ဝင်ပြီးသော်။ မြင်းတော်ကို မင်းအိမ်တံခါး၌ အိပ်စေ၍။ ချပ်ကြိုးကိုလျှော့ပြီးမှ တစ်ပါး မြင်းကိုစီးခြင်းငှာ

mgyoe.com

mgyoe.com

အားထုတ်၏။ သိန္ဓောမြင်းလည်း နံပါးဖြင့်လျောင်းလျက်။ မျက်စိကိုဖွင့်၍ ကြည့်လေသော်။ မြင်းစီးသူရဲ၏ အခြင်းအရာကိုမြင်၍။ ဤသူသည် ငါမှ တစ်ပါးအခြားမြင်းကို ဖွဲ့ဘိ၏။ ဤမြင်းသည်ခုနစ်ခု မြောက်သော ဗိုလ်ထုကို တိုက်ဖောက်၍။ ခုနစ်ယောက်မြောက်သော မင်းကို မယူနိုင်ရာ၊ ငါပြုအပ်သောအမှုလည်း အချည်းအနှီး ပျက်စီးလတ္တံ့. အတုမရှိသောမြင်း စီးသူရဲလည်း ပျက်စီးလတ္တံ့.။ မင်းလည်း သူ့လက်မှမထွက်နိုင်လတ္တံ့။ ငါ့ကိုထား၍ တစ်ပါးသောမြင်းသည်။ ဤခုနစ်ခုမြောက်သော ဗိုလ်ထုကိုခွဲဖောက်၍။ ခုနစ်ယောက်မြောက်သော မင်းကို ဖမ်းယူခြင်းငှာစွမ်းနိုင်သော မည်သည်မရှိဟု နှလုံးထား၍။ သူရဲကိုခေါ်ပြီးသော်၊ အချင်းသူရဲ၊ ခုနစ်ခုမြောက်သောဗိုလ်ထုကို တိုက်ဖောက်၍။ ခုနစ်ယောက်မြောက်သော မင်းကိုဖမ်းယူခြင်းငှာ။ ငါမှတစ်ပါးအခြားသောမြင်းသည်မရှိ။ ငါပြုအပ်သော အမှုသည်။ အချည်းနှီးမပျက်စီးစေလင့်။ ငါ့ကိုအိပ်ရာမှထူ၍ ကလော့ဟု ဆိုသောကြောင့်။ မြားထိသောအနာကို မြဲမြံစွာဖွဲ့စည်း၍ ကပြီးသော်။ ခုနစ်ခုမြောက်ဗိုလ်ထုကို တိုက်ဖောက်၍။ ခုနစ်ယောက်မြောက်သောမင်းကို ဖမ်းယူပြီးလျှင်။ ဗာရာဏသီဘုရင်အား ဆက်လေ၏။ ဘုရားလောင်းကိုလည်း မင်းအိမ်တံခါးသို့ဆောင်ခဲ့၏။ မင်းလည်း။ မြင်းတော်အား မြားထိသောအနာကို ကြည့်ရှုခြင်းငှာ ထွက်လာ၏။ မြင်းလည်း မင်းကိုခေါ်ပြီးသော်။ မင်းကြီး ဤခုနစ်ယောက်သော မင်းတို့ကိုမသတ်ပါလင့်။ သစ္စာတိုက်၍သာ လွှတ်လိုက်ပါဆို၍။ ငါ့အားလည်းကောင်း၊ သူရဲအားလည်းကောင်း၊ ပေးဖွယ်ဟူသမျှကို သူရဲအား ပေးရစ်ပါတော့ဟုမှာထား၍။ ဘုရားလောင်းမြင်းကောင်း အာဇာနည်သည်။ ချပ်ကြိုးကို ဖြေချွတ်သော အခါခန္ဓာချုပ်စဲလေ၏။ ။ အပေါာအနိစ္စာဝတသင်္ခါရာ။ ။ ခုနစ်ပြည်ထောင်သောမင်းတို့၏။ ခုနစ်ခုသောဗိုလ်ထုကိုမြင်လျှင်။ မည်သူတစ်ယောက်မျှ မကြောက်မထိတ်လန့်သော မည်သည်မရှိ။ သို့စင်ကလောက်ကြောက်မက်ဖွယ်သောဗိုလ်ထုကို၊ မရှုံ့မကြောက်တိုက်သေခံ၍ ခုနစ်ယောက်သော မင်းတို့ကို။ အရှင်ရအောင်ဖမ်းယူခြင်းငှာ စွမ်းနိုင်လေသည်ကား။ အာဇာနည်ဖြစ်၍သာ စွမ်းနိုင်လေသတည်း။

လွန်လေပြီးသောအခါ သိန်းယိုင်ဋ္ဌကျွန်းသည်၊ ဘီလူးတို့နေရာဖြစ်၍။ သိရိယဝတ္ထုမည်သော ဘီလူးမြို့ရှိသတည်း။ ထိုသိရိယဝတ္ထုမည်သော ဘီလူးမြို့၌ နေသောဘီလူးတို့သည်။ သိန်းယိုင်ဋ္ဌကျွန်း၌ လူတိရစ္ဆာန်မကျန်ရရှိသမျှကို အကုန်စား၏။ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည်။ ဝေလာဟက မြင်းမျိုး၌ဖြစ်တော်မူ၍ ကိုယ်လုံးဖြူ၏။ မည်းနက်သောဦးခေါင်းစွပ်သောဦးစွန်းလည်ဆံရှိ၏။ တန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍။ ကောင်းကင်ဖြင့်သွားနိုင်၏။ ထိုဝေလာဟကမြင်းမင်းသည် ဇမ္ဗူဒီပါဟိမဝန္တာမှ ကောင်းကင်ဖြင့်ပျံ၍။ ဘီလူးတို့နေရာ သိန်းယိုင်ဋ္ဌကျွန်းချိုင်းဝှန်းရာအရပ်၌။ သယံဇာတသလေးစပါးတို့ကို စား၏။ အာဇာနည်ဖြစ်၍ ဘီလူးဘေးမှ ထိတ်လန့်ခြင်းစိတ္တုတြာသ သံဝေဂမရှိ။ ပြန်လာသောအခါ။ ဇမ္ဗူဒီပါသို့လိုက်လိုသော သူရှိသလောဟု သုံးကြိမ်တိုင်အောင် ကရုဏာဖြင့်ထုံအပ်သော လူစကားကိုမြွက်ကြား၏။ ထိုအခါနှစ်ရာ့ငါးဆယ်သော သင်္ဘောသားတို့သည်။ သိရိယဝတ္ထုမည်သော ဘီလူးမြို့မှ။ ဘီလူးတို့ကို ကြောက်သောကြောင့်။ ထွက်ပြေးလာသည်နှင့် တွေ့ကြုံ၍။ သခင် ငါတို့ ဇမ္ဗူဒီပါသို့ လိုက်ပါလို၏ဟု ဆိုကုန်၏။ မြင်းမင်းလည်း၊ ယင်းသို့တပြီးကား။ ငါ၏ကြောထက်သို့တက်စီးကြကုန်ဟု ဆို၏။ နှစ်ရာ့ငါးဆယ်သော သင်္ဘောသားတို့တွင်၊ အချို့ကား ကျောက်ကုန်းသို့ တက်၍ စီးကုန်၏။ အချို့က မစီးသာသောကြောင့် မြီးထူးကို ဆွဲကိုင်ကုန်၏။ အချို့ကား မဆွဲမကိုင်သာသောကြောင့်။ လက်အုပ်ချီလျက် ရပ်ကုန်၏။ ထိုအလုံးစုံသော သင်္ဘောသား နှစ်ရာ့ငါးကျိပ်တို့ကို တစ်ယောက်မျှမကျန်ရ၊ ဘုရားအလောင်းတော်သည်။ မိမိတန်ခိုးအားဖြင့်ဆောင်၍။ ဇမ္ဗူဒီပါကျွန်း၌ အသီးသီး မိမိတို့နေရာအရပ်သို့ပို့ပြီးမှ။ ဟိမဝန္တာသို့ သွားတော်မူ၏။ ဤ၌ လူတိရစ္ဆာန် မကျန်ရ။ တွေ့သမျှ အလုံးစုံကို။ အကုန်စားသော ဘီလူးတို့နေရာ သိန်းယိုင်ဋ္ဌကျွန်း၌။ မကြောက်မရွံ့ ကျက်စားဝံ့လေသည်ကား။ အာဇာနည်ဖြစ်၍သာတည်း။ ။ ဤသို့လာသော အဋ္ဌကထာ စကားရင်းကို နှလုံးသွင်း၍။ မြင်းအာဇာနည်၏ ကြောက်လန့်ခြင်း စိတ္တုတြာသသံဝေဂ မရှိသည်ကို သိအပ်၏။ ။ နွားလားဥသဘ အာဇာနည်၏ စိတ္တုတြာသ

mgyoe.com

mgyoe.com

သံဝေဂမရှိသည်ကို။ ဇာတ်အဌကထာ၌ လာသည်ကား။

ဘုရားသဗ္ဗညုသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ။ အလဇ္ဇီ ဒုဿီလဖြစ်သော ဆဗ္ဗဂ္ဂီရဟန်းတို့သည်။ လဇ္ဇီ ပေသလ သိက္ခာကာမရဟန်းကောင်းတို့နှင့် ငြင်းခုံရန် စစ်ဖြစ်ကြ၍။ လဇ္ဇီပေသလသိက္ခာကာမ ရဟန်းကောင်းတို့အား၊ ဆယ်ပါးသော ဆဲရေးခြင်း ဝတ္ထုတို့ဖြင့်ဆဲရေးသောကြောင့်။ သဗ္ဗညုဘုရားအား လျှောက်ထားလေလျှင်။ ဘုရားသဗ္ဗညုလည်း။ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍။ အကြောင်းကို မေးမြန်းတော်မူသော်။ မှန်ကြောင်းကို လျှောက်သောကြောင့်။ ရဟန်းတို့ရှန့် ရင်းကြမ်းတမ်းသော စကားမည်သည်ကား။ လူကိုမဆိုတန်။ တိရစ္ဆာန်တို့သော်လည်း။ နှစ်သက်ခြင်းမရှိတုံသေး၏။ ရှေးအခါ တစ်ခုသော တိရစ္ဆာန်သည်။ မိမိနားမချမ်းသာသော စကားဖြင့် ပြောဆိုသောသူကို၊ အသပြာတစ်ထောင်ကုန်အောင် ရှုံးစေဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။ ရဟန်းတို့ လွန်လေပြီးသောအခါ။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌။ ဂန္ဓာရမင်းသည်မင်းပြုသတည်း။ ထိုအခါ ငါဘုရားအလောင်းတော်သည်။ နွားအမျိုး၌ဖြစ်၍ ငယ်စဉ်ကာလ မကြီးမြောက်ခင်။ တစ်ယောက်သော ပုဏ္ဏားသည်။ နွားလှူသော ဒါယကာတို့ထံမှရ၍။ ကိုယ်အားပြန့်ပြောကြီးမားလှလျက်။ နှစ်သက်ဖွယ်ရှိသောကြောင့်။ နန္ဒိဝိသာလဟု ဘွဲ့အမည်ပေး၍ မွေးကျွေးသုတ်သင်၏။ ထိုနန္ဒိဝိသာလနွားသည်။ ကြီးပြောင်စင်မြောက်။ အရွယ်ရောက်သောအခါကြသည်မှာကား။ ဤပုဏ္ဏားသည်။ ငါ့အား ဆင်းရဲငြိုငြင် ပင်ပန်းစွာ ယာဂုထမင်းပေး၍ မွေးကျွေးရှာ၏။ ငါနှင့်တကွ တူမျှသော ဝန်ကိုရွက်ဆောင်နိုင်သော နွားသည်။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းတွင်ငါ့ပြင်မရှိ။ ယခုအခါ ငါ၏ခွန်အားဗလကိုပြလျက်၊ ပုဏ္ဏားအား မွေးကျွေးဖူးဆပ်အံ့ဟုကြံပြီးသော်။ တစ်နေ့သ၌ ပုဏ္ဏားကိုခေါ်၍။ သခင်ပုဏ္ဏားသွားချေ။ နွားတည်းဟူသော ဥစ္စာရှိသော ဂေါဝိန္ဒက သူဌေးကိုကပ်၍။ ငါ၏ နွားလားသည်။ တစပ်တည်းဖွဲ့အပ်သော ဝန်တင်လှည်းတစ်ရာကို။ တစ်ခါတည်း လိမ့်စေနိုင်၏ဟုဆို၍။ အသပြာတစ်ထောင်ဖြင့် လောင်းတမ်းပြုချေလောဟုစေ၏။

ပုဏ္ဏားလည်း ဘုရားလောင်းဆိုတိုင်း ဂေါဝိန္ဒက သူဌေးထံသို့သွား၍ စကားဖြစ်စေလျက်။ ဤတက္ကသိုလ်ပြည်ဝယ်။ အဘယ်သူ၏နွားသည် စွမ်းအားသတ္တိရှိလေသနည်းဟုဆို၏။ ထိုအခါ ဂေါဝိန္ဒက သူဌေးက။ ဤသူ ဤသူ၏နွားသည် စွမ်းအားသတ္တိရှိ၏ဟုဆိုလသော်။ ပုဏ္ဏားက ငါ့နွားနှင့် စွမ်းအားသတ္တိတူသော တစ်ပါးသော နွားသည်။ ဤပြည်ဝယ် အဘယ်ရှိအံ့နည်း။ ငါ၏နွားသည်။ အဘက်မဆောင် တစ်ကောင်တည်းဖြင့်။ တစ်စပ်တည်းဖွဲ့သော ဝန်တင် လှည်းတစ်ရာကို။ တစ်ခါတည်းလိမ့်စေနိုင်၏ဟု ဆို၏။ ထိုအခါ ဂေါဝိန္ဒကသူဌေးက၊ ဤမျှလောက်စွမ်း အားသတ္တိရှိသော နွားဟူသည် ဇမ္ဗူကျွန်းဝယ် အဘယ်မှာရှိချိမ့်နည်း။ မရှိရာဟု ဆို၏။ ပုဏ္ဏားကလည်း ငါ့အိမ်တွင် ငါမွေးဖွားသည့် နွားလားရှိ၏ဟုဆိုသော်။ တကယ်ပင်လော။ မှန်က တစ်ထောင် လောင်းတမ်းဟု ဆို၍။ လောင်းတမ်းပြုကြ၏။ ။

သဟဿေနအမ္ဗုတမကံသု။ ။ ဇာတ်အဌကထာ။ ။

သဟဿေန၊ အသပြာတစ်ထောင်ဖြင့်။ အမ္ဗုတံ၊ လောင်းတမ်းကို။ အကံသုပြုကုန်၏။ ။ ပုဏ္ဏား လည်း ကျောက်ခဲသလဲကျောက်စရစ်တို့ဖြင့် ပြည့်စွာ တင်အပ်သော လှည်းတစ်ရာကို။ အစဉ်အတိုင်းဝင်ရိုး၌ ကြိုးလွန်ဖြင့် တစ်စပ်တည်းဖွဲ့ပြီးမှ။ နန္ဒိဝိသာလနွားလားကို။ စင်ကြယ်စွာ ရေမိုးချိုးပက်၍။ လက်ငါးချောင်းဖြင့် နံ့သာရည်ကို။ ကိုယ်တွင် တဲရုံရိုက်၍။ လည်၌ ပန်းဆိုင်းခြုံကုံးတို့ဖြင့် ဆွဲဆင်၍ရှေ့ဆုံးလှည်းတွင်က ပြီးမှ၊ လှည်းဦးကမိမိစီးထိုင်၍။ ကိုင်အပ်သော နှင်တံကို ချီပြီးသော်။ ဟစ်အော်ကြော်ငြာလျက်။ ကောက်ကျစ်ရွှန်းထောင့်မဖြောင့်သော နွားသွားလော့။ စဉ်းလဲကောက်ကျစ်လိမ်လစ်သော နွားရှန်းလော့ဟု၊ ရှန့်ရင်းကြမ်းတမ်း နားမချမ်းသာအောင်ဆို၍ မောင်း၏။ ဘုရားလောင်းလည်း။ ဤပုဏ္ဏားသည်။ မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏ဟူသော မစဉ်းလဲသောငါ့ကို စဉ်းလဲ၏ဟူသောစကားဖြင့်ရှန့်ရင်း ကြမ်းတမ်း နားမချမ်းသာအောင်ဆို၏။ ထိုပုဏ္ဏားသည် မိုက်စွာတကားဟု နှလုံးပိုက်၍။ မြေ၌ခြေလေးချောင်းဖြင့် တင်းတင်းကျပ်ကျပ်ရပ်လျက် စွတ်ခံ၍နေလေ၏။ ထိုခဏ၌ပင် ပုဏ္ဏား သပြာတစ်ထောင်တောင်း၍ ယူလေ၏။ (ဤ၌

mgyoe.com

ဘုရားလောင်းသည်။ ပုဏ္ဏားအလို အလျောက်လောင်းတမ်းပြုသည်မဟုတ်။ မိမိစေခိုင်း၍ပင် လောင်းတမ်းပြုသည်။ ယင်းသို့ပြုစေပြီးလျှင်။ ပုဏ္ဏားစကားကို နှလုံးထား၍။ မသွားမရုန်းဘဲ စွတ်ဆွဲ၍နေခြင်းသည်။ ဟင်းလျာနွားသည် အဝါအကြွားကောင်းသောကြောင့်။ လောင်းပွဲတွင် သွင်းမိရကား။ ရှုံးပါးခြင်းမလှ အရှက်ရချေသည်ဟု နှလုံးပြု၍။ ပေးမြဲ ကျွေးမြဲ ဝတ်ကိုလွှတ်၍။ မပေးမကျွေးဘဲနေမည်ကိုလည်းမကြောက်။ ဟင်းလျာနွားတကားဟု နွားသတ်တို့အားရောင်းစားမည်ကိုလည်း မကြောက်ဘဲ။ ရဲဝံ့ခြင်းသည် အာဇာနည်ဖြစ်၍။ စိတ္တုတြာသသံဝေဂ မရှိသောကြောင့်တည်း)။ ။ပုဏ္ဏားလည်း အသပြာတစ်ထောင်ကိုဆောင်၍ ဂေါဝိန္ဒက သူဌေးအား ပေးပြီးလျှင်။ နွားကိုလည်းမှချွတ်လွှတ်လိုက်ပြီးသော်။ စိုးရိမ်ခြင်းကြီးစွာနှင့် အိမ်သို့လာ၍ အိပ်လေ၏။ နန္ဒိဝိသာလနွားလည်းကျက်စားရာမှပြန်၍။ ကြံမှိုင်သော ပုဏ္ဏားကိုမြင်လျှင်။ သနားပြန်၍ ကပ်ပြီးသော်။ ပုဏ္ဏားအဘယ်ကို ကြံမှိုင်သနည်းဟု မေး၏။ ပုဏ္ဏားလည်း ဘုရားလောင်းမေတ္တာကြောင့် အမျက်မထွက်ဘဲ။ ငါ့အား အဘယ်ကို ကြံမှိုင်အံ့နည်း။ တစ်ထောင်မျှလောက်သော အသပြာကို သင်သည် ရှုံးစေသည် မဟုတ်လောဟု ဆို၏။ ပုဏ္ဏားငယ်စဉ်ကာလက။ ဤမျှအရွယ်တိုင်အောင် သင့်အိမ်၌နေသော ငါသည်။ တစ်စုံတစ်ခုသော အိုးခွက်ကို ခွဲဖျက်ဖူးသလော။ တစ်စုံတစ်ယောက်သော သူကို ကြောက်ကန်ဖူးသလော။ အရာမဟုတ်ရာဝယ် ကျင်ငယ်ကျင်ကြီး စွန့်ဖူးသလောဟု မေး၏။ မစွန့်ဖူးပေဟု ဆို၏။ ယင်းသို့သော မကောက်ကျစ်သော ငါ့ကို၊ ကောက်ကျစ်၏ဟူသော ဝါဒဖြင့်။ အဘယ်ကြောင့် ဆဲရေးဆိုမည်ဘိသနည်း။ ငါ့အား တစ်စုံတစ်ခုမျှ အပြစ်မမြင်။ သင်၏အပြစ်သာဆို၍သွားချေ။ ထိုဂေါဝိန္ဒက သူဌေးနှင့်သာ အသပြာနှစ်ထောင်လောင်းတမ်းပြုချေလော။ စင်စစ်မှုကား။ ငါ့အား ကောက်ကျစ်၏ဟူသော ဝေါဒဖြင့် မဆဲရေးမဆိုမည်လင့်ဟု မှာလိုက်၏။ ။ ကေဝလံမံ ကူဋဝါဒေနမာသမုဒါစရသီတိ။ ။ဝိနည်းအဋ္ဌကထာ။ ။ ကေဝလံ၊စင်စစ်။ မံ၊ ငါ့ကို။ ကူဋဝါဒေန၊ ကောက်ကျစ် စဉ်းလဲ၏ဟူသောဝါဒဖြင့်။ မာသမုဒါစရသိ၊ မပြောမဆိုလင့်။ ဣတိ၊ သို့။ အဝေါစ၊ မှာဆိုလိုက်၏။ ။ ပုဏ္ဏားလည်း ဘုရားလောင်းဆိုတိုင်းသွား၍။ နှစ်ထောင်လောင်းတမ်းပြုပြီးသော်။ ရှေးနည်းဖြင့် လှည်းတစ်ရာကို ဖွဲ့စေပြီးမှ။ နန္ဒိဝိသာလနွားလားကို လှည်းဦး၌ကက၏။ (နွားနှစ်ခုကသော လှည်းဝယ်။ အဘယ်သို့တစ်ရာတည်းက၍ ဖြစ်နိုင်အံ့နည်းဟူငြားအံ့။ လှည်းဦး၌ မတုန် မလှုပ်မြဲမြံစွာဖွဲ့၍။ ထမ်းပိုးတစ်ဘက်၌ နန္ဒိဝိသာလ နွားလားကိုကပြီးမှ ထမ်းပိုးစွန်းတစ်ဘက်ကို ကြိုးလွန်ဖြင့် ရစ်ပတ်၍။ ထမ်းပိုးစွန်းကိုငင်၊ ဝင်ရိုးစွန်းကိုငင်၊ မှီ၍ တုတ်ထောက်ပြီးလျှင်။ ကြိုးလွန်ဖြင့် မြဲမြံစွာ ချည်၏။ ဤသို့ဖွဲ့ချည်သည်ရှိသော် ထမ်းပိုးသည်၊ ဤမှထိုမှ မရွေ့မရှား၊ ယင်းသို့ မရွေ့မရှားသည်ရှိသော်၊ နွားတစ်ခုဖြင့် ရုန်းခြင်းငှာထက် ကောင်း၏) ဤသို့ကပြီးမှ ပုဏ္ဏားလှည်းဦးမှထိုင်၍။ နွားလား၏ကျောကို သုံးသပ်ပြီးသော်၊ လုံ့လရဲခြင်းအဆင်းခွန်အား ပြိုင်ပေါ်ရှားသည်။ နွားလှနွားကောင်း၊ နွားအလောင်း။ ရုန်းပါ၊ သွားပါဆို၍ အချိုအသာနှင့်လေလျှင်။ ဘုရားလောင်းလည်း။ လှည်းတစ်ရာကို တစ်ဟုန်တည်းပါအောင် တစ်ခါတည်းငင်၍ ရှေ့လှည်းအရာ၌။ နောက်လှည်းကို ရပ်စေ၏။ ဂေါဝိန္ဒကသူဌေးလည်း ရှုံးရကား။ ပုဏ္ဏားအား အသပြာ နှစ်ထောင်ပေးရလေ၏။ သည်မှတစ်ပါး။ တိုင်းသားပြည်သူအပေါင်းတို့သည်။ ဘုရားလောင်းအား ကောင်းချီးပေးကြကုန်၏။ ပုဆိုးဦးရစ်ပစ်၍ ပူဇော်ကြကုန်၏။ ထိုအလုံးစုံသော ဥစ္စာကိုလည်း။ နွားရှင်ပုဏ္ဏားသာ ယူလေသတည်း။ ဤသို့ရုန့်ရင်းကြမ်းတမ်းသော စကားကို တစ်စုံတစ်ယောက်သောသူသည် မနှစ်သက်ရာဟု ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍။ သိက္ခာပုဒ်ပညတ်တော်မူ၏။ ဤ၌ နွားလားဥသဘအာဇာနည်၏၊ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိသည်ကို ပြလိုရင်း မှတ်လေ။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌၊ အမတ်ကြီးတစ်ယောက် ကောက်၍မွေးဖွားသော နွားနက်ကြီးတစ်ခုသည်၊ အကျင့်သီလအာဟာရနှင့် ပြည့်စုံ၏။ ရွာသားငယ်တို့သည်၊ ချို၊ လည်ပင်း၊ အမြီးတို့၌ဆွဲ၍ တွဲလျားကစားကုန်၏။ ကျောထက်သို့ခုန်တက်၍စီးကုန်၏။ ရွာနွားအပေါင်းတို့နှင့်အတူတကွ ကျက်စားလျက်။ တစ်နေ့သ၌ ဤသို့ကြံ၏။ ငါ၏အမိသည်

mgyoe.com

mgyoe.com

ဆင်းရဲငြိုငြင်စွာ ယာဂုထမင်းပေး၍ မွေးရှာပေ၏။ အခစားပြု၍ မွေးကျေးဇူးဆပ်ရသော်တော်၏ဟု ကြံ၏။ နွားနက်ကြီးသည် ထိုအခါမှစ၍။ အခစားလုပ်ခြင်းငှာ စူးစမ်းလျက် လှည့်လည်၏။ ထိုအခါ လှည်းကုန်သည်တစ်ဦးသည်။ လှည်းငါးရာနှင့်တကွ မညီမညွတ်သော ဆိပ်သို့ရောက်လာ၏။ လှည်းကုန်သည်၏ နွားတို့သည်။ လှည်းများကို ကူးမြောက်စေခြင်းငှာ မတတ်နိုင်ကုန်။ နွားတို့ကိုထမ်းပိုးအဆက်ဆက်၊ ဇက်ခက်၍ကသော်လည်း။ လှည်းတစ်စီးကိုမျှ မထုတ်နိုင်ကုန်။ နွားနက်ကြီးလည်း ရွာနွားအပေါင်းတို့နှင့် အတူတကွ လှည်းကုန်သည်၏ အနီးအပါး၌ ကျက်စား၏။ ကုန်သည်သားလည်းနွားကျမ်း၌ လိမ္မာသောသူဖြစ်၍။ နွားအပေါင်းတွင် နွားကောင်းကို ကြည့်ရှုသော်။ အလောင်းတော်ဖြစ်သော နွားနက်ကြီးကိုမြင်၍။ ဤနွားကားအာဇာနည်တည်း။ ငါ၏လှည်းတို့ကို ထုတ်နိုင်လတ္တံ့။ ဤနွား၏အရှင်ကား။ အဘယ်သူပေနည်းဟု နွားကျောင်းသားတို့ကိုမေးပြီးလျှင်။ အခပေး၍လှည်းတို့ကိုထုတ်စေအံ့ဟုဆို၏။ နွားကျောင်းသားတို့က နွားရှင်ကား။ သည်တွင်မရှိ။ ကလိုမူ ယူ၍ကဟု ဆိုကြကုန်၏။ ကုန်သည်သားလည်း နွားကြီးကိုကမည်ဟု နဖားကြိုး၌ဆွဲငင်ရာ။ မလိုက်မလာ အခကိုသာဆစ်၍နေ၏။ ကုန်သည်သားသည် နွားကြီး၏အလိုကိုသိ၍။ လှည်းတစ်စီးလျှင် နှစ်အသပြာနှစ်သပြာပြု၍ လှည်းငါးရာလျှင်။ အသပြာတစ်ထောင်ပေးပါမည်ဆိုမှ အလိုလိုလိုက်၏။ ထိုအခါနွားနက်ကြီးကိုက၍။ လှည်းတစ်ရာကိုတစ်ခါတည်းထုတ်စေ၏။ လှည်းငါးရာကို ငါးခါတင်သော်၊ ကုန်းပေါ်သို့ရောက်လေ၏။ ကုန်သည်သားလည်း လှည်းတစ်စီးကို တစ်သပြာပြု၍ လှည်းငါးရာအဖိုးအသပြာငါးရာထုတ်ပြီးလျှင်။ နွားလည်တွင်ဆွဲထား၍ သွားခြင်းငှာအားထုတ်၏။ ဘုရားလောင်းလည်း ဤသူသည်။ ဆိုရင်းတိုင်းမမှန်တကား။ ပိုင်းခြားတိုင်းသော အဖိုးအခကို၊ ငါ့အားမပေးရကား၊ သွားခြင်းငှာမပေးဟုလှည်းရှေ့တွင် ဖီလာကန့်လန့်ရပ်ပြီးလျှင်။ ခရီးကိုတားမြစ်၏။ လှည်းသားတို့လည်းသွားလို၍၊ နွားကိုရိုက်နှက်ပုတ်ခတ်ပြီးလျှင်ခရီးလမ်းမှ ဖယ်ကုန်သော်လည်း။ ဖယ်ခြင်းငှာမတတ်နိုင်ကုန်။ ထိုအခါ ကုန်သည်သားက။ ဤနွားသည် မိမိအား အဖိုးအခလျော့သောအဖြစ်ကိုသိယောင်တကားဟု။ လှည်းတစ်စီး အဖိုးအခလျော့သောအဖြစ်ကိုသိယောင်တကားဟု။ လှည်းတစ်စီးအဖိုး နှစ်အသပြာပြု၍။ လှည်းငါးရာ အဖိုးအသပြာတစ်ထောင်ထုပ်ပြီးလျှင် နွားလည်တွင်ဆွဲ၏။ ထိုအခါမှ ခရီးလမ်းကို ရှောင်လွဲ၍ဖယ်လေ၏။ ဤ၌ ဘုရားလောင်းသည်။ လှည်းငါးရာညွှန်မှာ နှစ်သည်ကို။ ငါသည် ထုတ်သော်ခြင်းငှာခဲ၏တကားဟု ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂလည်း မရှိ။ ခရီးလမ်းတွင် ဖီလာကန့်လန့်ရပ်သည်ကို လှည်းသားတို့ရိုက်နှက်ပုတ်ခတ်သတ်မည်ကိုလည်း မကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိလေသည်ကား။ အာဇာနည်ဖြစ်သောကြောင့်သာတည်း။ ။ ဘုရားလောင်းသည်။ ထိုတစ်ထောင်သော အသပြာထုပ်ကို ယူ၍ အမိအထံသို့သွားလေ၏။ နွားကျောင်းသားတို့သည်။ လမ်းကြား၌ တားမြစ်သော်လည်းမနေ၊ အထွေထွေကျောက်ကန်ဖော့နင်းသော အခြင်းအရာကိုပြလျက် ထိတ်လန့်ပြေးသွားစေ၏။ လှည်းငါးရာကိုညွှန်မှာ ထုတ်ဆယ်ကယ်တင်ရသောကြောင့်။ ပင်ပန်းသော အခြင်းအရာကား ထင်ရှားသတည်း။ နွားရှင် အမယ်ကြီးလည်း။ နွားလည်တွင် အသပြာတစ်ထောင်ထုပ်ကို မြင်လျှင်။ ချစ်သားသင်သည်။ ဤဥစ္စာကိုအဘယ်မှာ ရချေသနည်းဟုဆို၍။ နွားကျောင်းသားတို့ကိုမေးသော်။ ထို အကြောင်းကိုသိ၍၊ ချစ်သားသင်၏ကိုယ်ခဖြင့်ရသော ဥစ္စာနှင့်။ ငါအသက်မွေးရမည်လော။ အဘယ့်ကြောင့် သို့စင်ဆင်းရဲ ငြိုငြင်ပင်ပန်းသော အမှုကိုပြုဘိသနည်းဟု မေတ္တာကရုဏာပျံ့နှံ့သောစကားဖြင့်။ ဘုရားလောင်းကို မည်တွန်တောက်တီးပြီးမှ။ ရေနွေးနှင့် ပွတ်သပ်ချိုးပြီးသော အဆုံး၌။ ကိုယ်အလုံးကို နယ်ဆီလိမ်း၍ ရေသောက်စေပြီးသော်။ လျောက်ပတ်သော အစားအစာဖြင့် ကျွေးမွေးသတည်း။ ။ ဤသို့လာသော အဋ္ဌထာစကားဖြင့်။ နွားလားဥသဘအာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိသည်ကို သိအပ်၏။

လူအာဇာနည်၏ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိသည်ကို။ ဇာတ်အဋ္ဌကထာတို့၌လာသည်ကား။ လွန်လေပြီးသောအခါ။ ကုရုတိုင်းဣန္ဒပဋ္ဌ

mgyoe.com

mgyoe.com

နဂိုရ်မြို့၌ ကောရဇ္ဇမင်းသည် မင်းပြု၏။ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည်။ ထိုမင်း၏ ဝိဓူရအမည်ရှိသောအမတ်ဖြစ်၍။ ကောရဇ္ဇမင်းနှင့်။ ပုဏ္ဏက ဘီလူးအား ဘုရားကောရဇ္ဇမင်း ရှုံးစေသောကြောင့်။ ပုဏ္ဏကဘီလူးအား ဘုရားအလောင်း ဝိဓူရအမတ်ကို ခန့်တန်းပေးအပ်လေလျှင်။ ပုဏ္ဏက ဘီလူးကခေါ်သွားမည်ရှိသည်ကာလ။ ဝိဓူရအမတ်အား ဤသို့ကြောက်မက်ဖွယ်သော စကားကိုဆို၏။ အမတ်ကြီးမရွံ့ မကြောက်ပါလင့်။ အာဇာနည်မြင်း၏ မြီးထူးကိုမြဲမြဲဆွဲကိုင်ပါ။ ဤအခါ သင်၏အသက်ရှင်သော လူလောကကိုမြင်ရခြင်းသည်ကား။ ပစ္ဆိမ အဆုံးစွန်ပင်တည်းဟု ဆို၏။ (ပုဏ္ဏကဘီလူးက၊ ဝိဓူရအမတ်ကို။ ကြောက်ထိတ်လန့်အောင်။ သင်၏ အသက်ရှင်ခြင်းကား။ ယခုအဆုံးစွန်ပင်။ သည့်ပြင်မရှင်ပြီ။ မုချသေရတော့မည်ဟုဆိုလိုသည်။) ထိုအခါ အာဇာနည်ယောကျ်ားကောင်း။ ဘုရားလောင်းဝိဓူရအမတ်က ဤသို့ဆို၏။ ပုဏ္ဏက။ ငါသည် ဤလောကငယ် ကြောက်ဖွယ်ရှိအောင် အဘယ်မကောင်းမှုကို ပြုဖူးသနည်း။ ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် ကြောက်လောက်အောင် အကြင်မကောင်းမှုကိုပြု၏။ ထိုမကောင်းမှုသည် ငါ့ဝယ်မရှိပါတကား။ ယင်းသို့ ကြောက်ဖွယ်အကြောင်း မကောင်းမရှိသောငါသည်။ ဘယ်မှာ သင်ခြောက်၍ ကြောက်ဘိမည်နည်း။ သင်ပြုလိုရာပြုပါ။ ငါ့မှာမူကား လားလားမျှမကြောက်ဟု ဆိုတော်မူ၏။ ဤသို့ခြသေ့်မင်းနှင့် ရဲခြင်းတူစွာ အာဇာနည်ယောကျ်ားကောင်း ဘုရားလောင်းသည်။ မကြောက်မရွံ့သောစကားကို ဆိုပြီးသော်၊ ဤငါ၏ပုဆိုးအဝတ်ထည်၊ ငါအလိုမရှိက၊ ငါ့ကိုယ်မှ မကျွတ်မလွတ်စေသတည်းဟု အဓိဋ္ဌာန်ပါရမီကို ရှေ့ဆောင်၍ မြဲမြဲအောင်ဝတ်ပြီးမှ။ မြင်းအာဇာနည်၏ မြီးထူးကိုနှိုက်ပြီးသော်။ လက်တစ်ဖက်တို့ဖြင့် ကြပ်ကြပ်မြဲမြဲဆွဲကိုင်ပြီးလျှင်။ ခြေနှစ်ချောင်းတို့ဖြင့်။ မြင်း၏ပေါင်တို့၌ ရစ်ပတ်ပြီးသော်လျှင် ငါသည် မြင်း၏မြီးထူးမြီးဆံကို မြဲမြဲစွာ ကိုင်အပ်ပြီ၊ သင်သည် အလိုရှိရာသွားလော့ဟု ဆို၏။ ထိုအခါ ပုဏ္ဏသည် မနောမယသိန္ဓောမြင်းအား အမှတ်ပေးသော်။ မနောမယသိန္ဓောမြင်းမြတ်သည်။ အမတ်ကြီးကို ယူငင်၍ ကောင်းကင်ဖြင့် ပျံလေ၏။ ယင်းသို့ပျံသည်ကာလ။ ပုဏ္ဏကကြံသည်ကား။ ဓေးသောအရပ်သို့မဆောင်မူ၍။ ဝိဓူရအမတ်ကြီးကို ဟိမဝန္တာတောအရပ်တွင်။ သစ်ပင်တောင်ကမ်းတို့၌ တိုက်ခိုက်၍သေစေပြီးမှ။ နှလုံးသားကိုယူ၍။ လူကောင်ကို တောင်ကြားတွင် ပစ်ထားခဲ့ပြီးလျှင်။ နဂါးပြည်သို့သွားအံ့ဟု ကြံ၏။ ယင်းသို့ကြံပြီးမှ ပုဏ္ဏကသည်။ သစ်ပင်တောတောင်တို့ကို၊ မရှောင်လွှဲဘဲ တောထဲတောင်ထဲသို့ သိန္ဓော မြင်းကို နှင်၏။ သစ်ပင်တောတောင်တို့သည်လည်း။ ဘုရားလောင်း၏ အာနုဘော်ကြောင့်။ ကိုယ်တော်မှန်ပါး တစ်ဘက်တစ်ချက်တို့၌ တစ်တောင်တစ်တောင်စီဝေး ကွာအောင် ရှောင်လွှဲကုန်၏။ ပုဏ္ဏကလည်း သေသလော၊ရှင်သလောဟု နောက်သို့လှည့်၍ ကြည့်လေသော်။ အထပ်တစ်ရာ ပြာဖြင့်ပွတ်အပ်သော ရွှေကြေးမုံပြင်ကဲ့သို့၊ အလွန်ကြည်လင်သော ဘုရားလောင်း၏မျက်နှာတော်ကို မြင်လေလျှင်၊ အံ့ဘွယ်၊ လူမသေမူ၍ရှိသေးသည်တကားဟု၊ တစ်ဖန်စိတ်ပေါက်၍ သုံးခေါက်သုံးခါ ဟိမဝန္တာတောအရပ်တွင်။ သစ်ပင် တောင်ကမ်းတို့၌ တိုက်ခိုက်စေလျက်နှင်၏။ ယင်းသို့ နှင်သော်လည်း။ သစ်ပင်တောတောင်တို့က ရှောင်လွှဲတိမ်းစောင်းသောကြောင့်။ အလောင်းတော်၌ မတိုက်မိ။ စင်စစ်မှာမူ။ လူကားအလွန်ပင်ပန်း၏။ ပုဏ္ဏကလည်း၊ ယခုထက်တိုင်အောင်ပင် ဤသူသည်မသေတကား။ ယခုမူလေအစုန်၌ မှုန့်မှုန့်ညက်ညက်ပြုအံ့ဟု အမျက်ဒေါသထောင်းထောင်းထလျက်။ ခုနစ်ခုမြောက်သောလေအစုသို့ပျံလေ၏။ ဘုရားလောင်း၏ အာနုဘော်ကြောင့်။ ခုနစ်ခုမြောက်သောလေအစုလည်း နှစ်ဖြာခွဲ၍ဘုရားလောင်းအားအခွင့်ကိုပေး၏။ ထိုနောင်မှ ဝေရမ္ဘလေတို့ ဖြင့်တိုက်ခတ်စေ၏။ ဝေရမ္ဘလေတို့လည်း။ အသောင်းအသိန်းသော မိုးကြိုးသံကဲ့သို့မည်၍ ဘုရားလောင်းအား အခွင့်ပေးကုန်၏။ ပုဏ္ဏကလည်း။ ထိုဟိမဝန္တာလေအစု၊ ဝေရမ္ဘာလေတို့ကြောင့်။ ဘုရားလောင်း၏ အန္တရာယ်ကိုမမြင်ရကား။ ဘုရားလောင်းကို ယူ၍။ ကာဠာဂိရိတောင်ထိပ်၌။ ဘုရားလောင်းကို ထားပြီးမှ။ ပုဏ္ဏကသည် ဤသို့ကြံ၏။ ဤဝိဓူရအမတ်သည်။ မသေဘဲ အသက်ရှင်ငြားက။ ငါ့အား ပွားစီးခြင်းမည်သည် မရှိရာ။ ဤအမတ်ကို သတ်ပြီး

mgyoe.com

mgyoe.com

လျှင်။ လတ်တလော နှလုံးသားကိုနဂါးပြည်သို့ ယူဆောင်၍ဝိမလဒေဝီအားပေးပြီးမှ၊ သမီးတော်ဣရန္ဒတီကိုခေါ်၍။ တို့ပျော်စရာစတုမဟာရာဇ်နတ်ပြည်သို့သွားအံ့ဟု ကြံ၏။ ထိုနောင် တစ်ဖန်ကြံပြန်၏။ ဤသူကိုငါ၏လက်ဖြင့်။ အသက်သေအောင် မသတ်ကောင်း။ စင်စစ်မှာမူ။ လူတို့ကြောက်မက်ဖွယ်သော အာရုံကိုပြလျက် အသက်ကုန်ခြင်းသို့ ရောက်စေရမူကား။ ကောင်းလေစွဟုကြံ၏။ ယင်းသို့ ကြံပြီးမှ၊ ပုဏ္ဏက လျှင်သည်။ မမြင်ဝံ့အောင် ကြောက်မက်ဖွယ်ရှိသော ဘီလူးသဏ္ဌာန်ကို ဖန်ဆင်းပြီးလျှင်။ ဘုရားလောင်းကို ခြိမ်းမောင်းလှန့်ခြောက်လျက်အောက် ထက်ဝဲယာ ဘယ်ညာကိုင်တွယ်၍။ အစွယ်ကားဒ္ဒထားပြီးလျှင် စားမည်အဟန်ပြု၏။ ယင်းသို့ပြုသော်လည်း။ အာဇာနည်ယောကျ်ားကောင်းဘုရားလောင်းအား။ ကြက်သီး မွေးညင်းမျှ ထခြင်းမရှိ။ ထိုနောက်မှသစ် ကျား ခြင်္သေ့ အဟန်ဖြင့်ငှင်း။ အမုန်ယစ်သောဆင်အဟန်ဖြင့်ငှင်း။ ဖန်ဆင်း၍ ကိုက်စားထိုးသတ်မည် အဟန်ပြု၏။ ယင်းသို့ပြုသော်လည်း မကြောက်။ ထိုနောက် လုံးထွင်းပိန်းကောလေ့ ပမာဏရှိသော မြွေကြီး အဟန်ဖန်ဆင်းလျက်။ ထွက်သက်ဝင်သက်ရှူ၍။ သူသူဟူသော အသံပြုပြီးလျှင်လာ၍။ အာဇာနည်ယောကျ်ားကောင်း၏ ကိုယ်ကို၊ နွယ်ခွေလို အထပ်ထပ်ရစ် ပတ်လျက်ထိပ်ထက် ပါးပျဉ်းမိုး၍တည်၏။ ယင်းသို့တည်သော်လည်း။ အာဇာနည်ယောကျ်ားမြတ်အား။ ကြောက်တတ်သော သဘောမရှိ။ ယင်းသို့ မရှိလျှင် တောင်ထိပ်သို့တင်၍ လေပွေဖြင့် မှုန့်မှုန့်ညက်ညက်ပြုအံ့ဟု လေပွေကို ထစေ၏။ ထိုလေသည် ဘုရားလောင်းအား တစ်ဆံဖျားမျှ ရွေ့ရှားအောင် မလှုပ်နိုင်။ ထို့နောက် တောင်ထိပ်၌ပင်လျှင် ဆင်ကြီးသည် နှာမောင်းဖြင့်သင် ပေါင်းပင်ကိုကိုင်၍ လှုပ်သကဲ့သို့။ တောင်ကို ဤမှ ထိုမှလှုပ်ရှား၏။ ထိုသို့ လှုပ်ရှားသော်လည်း။ ဘုရားလောင်းကို တစ်ဆံဖျားမျှ ရွေ့ရှားအောင် မလှုပ်နိုင်။ ထိုနောက်ကြောက်မက်ဖွယ်သော အသံဖြင့် ဘုရား လောင်းအားနှလုံးကွဲစေသည်ကို ပြု၍ သတ်အံ့ဟု ကြံ၍ တောင်တွင်းသို့ ဝင်ပြီးလျှင်။ မြေကြီးကိုငှင်း။ တောင်ကိုငှင်း။ ပုံ့တင်ထပ်သည်ကိုပြု၍ ပြင်းစွာသော အသံဖြင့် ဟစ်အော်ကြွေးကြော်၏။ ယင်းသို့ ဟစ်အော်ကြွေးကြော်သော်လည်း၊ အလောင်းတော်ကို ကြောက်ထိတ်လန့်စေခြင်းငှာ မတတ်နိုင်။ ယင်းသို့ပြုသမျှအလုံးစုံကို ဘုရားလောင်း သိတော်မူ၏။ ဘီလူးအသွင်၊ ခြင်္သေ့အသွင်၊ ဆင်အသွင်၊ မြွေနဂါးအသွင်တို့ဖြင့်လာသော သူသည်ငှင်း။ လေကို ထစေသောသူ။ တောင်ကိုလှုပ်ရှားသောသူ။ တောင်တွင်းသို့ဝင်၍ ဟစ်အော်သောသူသည်ငှင်း။ ပုဏ္ဏကလျှင်သာတည်း။ သူတစ်ပါးမဟုတ်ဟုသိ၏။ ထိုနောင်မှ ပုဏ္ဏကကြံသည်ကား။ ဤဝိဓုရကိုအပလုံ့လဖြင့် ငါမသတ်နိုင်။ ငါ့လက်ဖြင့် အနိုင်အထက်သတ်အံ့ဟုကြံ၏။ ယင်းသို့ ကြံပြီးမှ ပုဏ္ဏကသည်။ ဘုရားလောင်းကို တောင်ထိပ်၌ထား၍ တောင်ခြေသို့ သွားပြီးလျှင်။ ပတ္တမြားလုံး၏ အတွင်း၌ ဖျော့တော့သောအဆင်းရှိသော ချည်ကြိုးကိုသွင်းသကဲ့သို့၊ တောင်တွင်းသို့ဝင်ပြီးသော်။ ကြွေးကြော်ခြိမ်းခြောက်လျက်တောင်တွင်းဖြင့်သွား၍။ ဘုရားလောင်းခြေ၌ မြဲမြဲစွာ ကိုင်ပြီးလျှင်။ အထက်အောက် ပြန်လှန်၍။ ဦးခေါင်းစောက်ထိုး။ ခြေကားမိုးမျှော်။ ဆွဲတည်ရာ မရှိသော ကောင်းကင်၌ ပစ်၏။ ယင်းသို့ပစ်၍ တစ်ဆယ့်ငါးယူဇနာလောက်ရောက်သောအခါ တောင်ထိပ်၌ရပ်လျက်။ လက်ကိုဆန့်တန်း၍ ဦးခေါင်းစောက်ထိုးခြေကားမိုးမျှော်လျှောကျသော ဘုရားလောင်း၏ခြေကို ကိုင်၍ကြည့်သော်။ မသေသေးတကားဟု နှစ်ကြိမ်မြောက်အောက်သို့ ပစ်ပြန်၏။ ယူဇနာသုံးဆယ်လောက်ရောက်သောအခါ။ နည်းတူ ယူ၍ကြည့်ပြန်သော်။ မသေဘဲ အသက်ရှင်သည်ကို မြင်ပြန်၍ ဤသို့ ကြံ၏။ ယခုအခါ ယူဇနာခြောက်ဆယ်လောက်အောက် သို့ပစ်၍ မသေပြန်မူ။ ထိုသူကို ခြေထောက်၌ ကိုင်ဆောင်၍ တောင်ထိပ်၌ ပုတ်ခတ်ပြီးလျှင် သတ်အံ့ဟု ကြံ၏။ ယင်းသို့ကြံပြီးနောက်။ သုံးကြိမ်မြောက် ချောက်ထဲသို့ ပစ်၍ ယူဇနာခြောက်ဆယ်လောက် အောက်သို့လျှောကျသည်ကာလ၊ ချီမ၍ အထက်သို့တင်၏။ ထိုအခါ ဘုရားလောင်းက။ ဤပုဏ္ဏကသည် ငါ့ကို ဆယ့်ငါးယူဇနာ။ ယူဇနာသုံးဆယ်။ ယူဇနာခြောက်ဆယ်အောက်သို့ပစ်ပြီးမှ ချီမပြီးလျှင် တောင်ထိပ်၌ ရိုက်ခတ်သတ်လတ္တံ့။ အကြင်မျှလောက် မသတ်သေး။ ထိုမျှလောက် ဦးစောက်တွဲလျား ဆွဲလျက်ပင်၊ သတ် ခြင်းအကြောင်းကို

mgyoe.com

mgyoe.com

မေးအံ့ဟုကြံ၏။ ဤသို့ကြံပြီးမှ ပုဏ္ဏကအား ဘုရား
လောင်းသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ၊ မိမိအကြံ
အတိုင်းမေး၏။ လုလင်။ သင်သည် ငါ၏သေခြင်းကို
အလွန်အလိုရှိ၏။ ငါ၏သေခြင်းဖြင့်ကား။ သင်အား
ပြဖွယ် အဘယ်အကျိုးရှိပေသနည်းဟု မေးတော်၏။
ပုဏ္ဏကလည်း။ ဝိဓူရအမတ်၊ သင်၏ နှလုံးသားနှင့်
နဂါးမင်းသမီးဣရန္ဒတီကိုလဲယူမည်ဟု နှလုံးပြု၍၊
သင်အမတ်ကို ငါသတ်သည်ဟု ဆို၏။ ယင်းသို့ဆို
သောအခါ၊ အာဇာနည်ယောကျ်ားကောင်း ဘုရား
လောင်းက။ ပုဏ္ဏက။ ငါသည် မြတ်လှစွာသော သာဓု
နရဓမ္မဟူသည်ကို သိ၏။ အကြင်မျှလောက် ငါသည်
မသေသေး။ ထိုမျှလောက်မသေမီ၊ ဤသာဓုနရတရား
ငါးပါးကို သင်အား ဟောခဲ့ပါဦးမည်၊ နားလည်အောင်
သင်သည် နာဦးလော့။ ယင်းသို့နာပြီးမှ အကြင်မှုကို
သင်အလိုရှိ၏။ ထိုအမှုကို ပြုပါဟု ဆို၍သာဓုနရဓမ္မ၏
ဂုဏ်ကျေးဇူးကို ချီးမွမ်း၏။ ထိုသို့ချီးမွမ်းသော သာဓု
နရဓမ္မ၏ ကျေးဇူးစကားကို ပုဏ္ဏကကြားလျှင်၊ နာချင်
စိတ်ရှိသည်ဖြစ်၍၊ ဤသာဓုနရဓမ္မဟူသည် လူနတ်တို့
အား မဟောကြားဖူးသေးသော တရားဖြစ်မည်။ နာရ
သော်ကောင်း၏ဟု ဘုရားလောင်းကို ချီမပြီးလျှင်
တောင်ထိပ်တွင် နေစေ၏။ ယင်းသို့နေစေပြီးမှ။ ဘုရား
လောင်းကိုရေမိုးချိုး၍။ နတ်ပုဆိုး၊ နတ်ပန်း၊ နတ်နံ့သာ
တို့ဖြင့်တန်ဆာဆင် ယင်၍၊ နတ်၏ ဘောဇဉ်ခဲဘွယ်
တို့ကို စားစေပြီးမှ။ ကာဠာဂိရိတောင်အလုံးကိုတန်ဆာ
ဆင်၍၊ တရားဟောပလ္လင်၌ နေစေ၏။ ဘုရားလောင်း
လည်း။ သဗ္ဗညုဘုရား၏ တင့်တယ်စမွယ်ခြင်းဖြင့်၊
သာဓုနရဓမ္မကို ဟောလိုသောကြောင့် ဤဂါထာကိုဆို
တော်မူ၏။ ။ ယတာန ယာယီစ ဘဝါ ဟိမာ ဏာဝံ
အလ္လဥပါဏိံ ပရိဝဇ္ဇသု၊ မာစသုမိတ္တေသုကဒါစိဒုဗ္ဘိ၊
မာစဝသံအာသတီနံဂစ္ဆာတိ။ ။မာဏဝ၊ ပုဏ္ဏကလု
လင်။ တွံ။ သင်သည်။ ယာထာနယာယီစ၊ ရှေးဦးစွာ
သွားသောသူသို့ အစဉ်တစိုက် နောက်၌လိုက်သည်
လည်း၊ ဘဝါဟိ၊ ဖြစ်လေလော။ အလ္လံ။ စိုစွတ်သော။
ပါဏိံစ၊ လက်ကိုလည်း။ ပရိဝဇ္ဇယသု။ ပူလောင်
ခြောက်သွေ့သော ဘေးမှ ဝေးစွာကြဉ်ဘဲရှိလေလော။
မိတ္တေသုစ၊ အဆွေခင်ပွန်းတို့၌လည်း။ ကဒါစိ၊ တစ်ရံ
တစ်ဆစ်။ မာစဒုဗ္ဘိ၊ မပြစ်မှားလေလင့်။ ။ မာစသု၌၊
အသုကား အနက်မရှိ။ နိပါတ်မျှသာ။ ။ အသတီနံ၊
သူတော်မဟုတ် အယုတ်ကုန်သော မိန်းမတို့၏။ ဝသံ၊
အလိုသို့။ မာစဂစ္ဆ၊ မလိုက်လေလင့်၊ ဣတိ၊ သို့။ အာ
ဟ၊ ဟောတော်မူ၏။ ။ဤဂါထာ၌ လေးပါဒကို။ လေး
ခုပြု၍ သာဓုနရဓမ္မလေးပါး မှတ်လေ။ ။ယာထာနယာ
ယီသာဓုနရဓမ္မ၊ အလ္လပါဏိအဇ္ဈာပန သာဓုနရဓမ္မ၊ မိ
တ္တအဒုဗ္ဘနသာဓုနရဓမ္မ၊ ဣတ္ထိဝသအဂတိ သဝဓုနရဓ
မ္မ။ ဤသို့အမည်ပေး၍။ လေးခုသရုပ်မှတ်။ ဤဂါထာ
ဖြင့်သာဓုနရဓမ္မလေးပါး၏ သရုပ်ကို အကျဉ်းမျှသာပြ
တော်မူသည်။ အဓိပ္ပာယ်နှင့်တကွ အကျယ်သဘောကျ
သိလိုမူ။ ဝိဓူရဇာတ်ပါဠိအဋ္ဌကထာကို သေချာစွာ
ကြည့်ရှုမှ သဘောကျ သိနိုင်မည်။ ပုဏ္ဏကလည်း။ ထို
လေးပါးသော သာဓုနရ တရားတို့၌ ကြားနာလျက်ပင်
ပညာရှိဖြစ်ရကား။ မှတ်သားနိုင်လေသတည်း။ လေး
ပါးသော သာဓုနရ ဓမ္မတို့၌ပင် ပညာရှိအမတ်သည်။
မိမိ၏အသက်ရှင်ခြင်းကိုသာ တောင်းပန်ရှာသည်။ ငါ
လည်းသုံးရက်ပတ်လုံး ဤအမတ်၏ အိမ်၌နေလျက်၊
မရေမတွက်နိုင်များစွာသော စည်းစိမ်ချမ်းသာကို ခံစား
ဖူးပေသည်။ ဤအမတ်သည်ရှေး၌ ကျွမ်းကျင်ခြင်းမရှိ
သောငါ့အား။ များစွာပူဇော်သက္ကာရပြုပေသည်။ ယခု
ငါပြုသောအမှုလည်း၊ မာတုဂါမကိုမှီ၍ သာယုတ်မာ
သောသဘောသို့လိုက်၍ ငါပြုမိချေသည်။ အချင်းခပ်
သိမ်းမှာ၊ ငါသာမိတ္တဒုဗ္ဘိဖြစ်ပေသည်။ ငါသည်အကယ်
၍ဝိဓူရအမတ်အား ပြစ်မှားသည်ဖြစ်အံ့။ လေးပါးသော
သာဓုနရဓမ္မ၌ မကျင့်သည် ဖြစ်လတ္တံ့။ ယင်းသို့ဖြစ်
သောကြောင့်။ ငါ့အား ဣရန္ဒတီအမည်ရှိသော မြွေမဖြင့်
အဘယ်အကျိုးရှိအံ့နည်း။ ဣန္ဒပတ္တနဝိုရ် တိုင်းသူပြည်
သားတို့အား၊ ရှင်အားသည်းစေလျက် နေ့ရက်မကြာခင်
လျင်မြန်စွာ ပညာရှိအမတ်ကိုပို့မှ သင့်မည်ဟုကြံ၍
ပို့လေ၏။ ဤ၌ရှေးဦးစွာ မြင်းမြီးမှာ ဆွဲ၍လိုက်ရက
တည်းကပင် နှလုံးကွဲ၍ သေလုအောင် ကြောက်စရာ
ကောင်းလျက်။ ကြောက်ရွံ့ထိတ်လန့်ခြင်း စိတ္တုတြာသ
သံဝေဂမရှိသည်မှာ အာဇာနည်ယောကျ်ားကောင်းဖြစ်
၍သာတည်း။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ်
mgyoe.com

 mgyoe.com 

မင်းသည် မင်းပြုလေသော်၊ ဘုရားလောင်းတော်သည်။ ထိုမင်း၏ မိဖုရားကြီးဝမ်းတွင် ပဋိသန္ဓေနေ၍ ဆယ်လစေ့ကဖွား၏။ ထိုမင်းသားအား၊ အမည်မှည့်အံ့သောနေ့၌။ ရှစ်ရာသောပုဏ္ဏားတို့တွင်။ ရှစ်ယောက်သောပုဏ္ဏားတို့ကို ရွေးကောက်၍။ အလုံးစုံသောကာမတို့ဖြင့်၊ နှစ်သိမ့်ရောင့်ရဲစေ၍။ လက္ခဏာတို့ကိုမေးမြန်းကုန်၏။ လက္ခဏာကျမ်း၌ လိမ္မာကုန်သော ပုဏ္ဏားတို့သည်။ ဘုရားလောင်း၏ လက္ခဏာကိုမြင်၍။ အရှင်မင်းကြီး ဤမင်းသားကား။ များမြတ်သော ဘုန်းပညာ လက္ခဏာနှင့်ပြည့်စုံ၏။ အရှင်မင်းကြီးလွန်တော်မူသည့်နောက်။ မင်းအဖြစ်သို့ရောက်လတ္တံ့။ ဤမင်းသားကား။ ငါးပါးသော လက်နက်ဖြင့်၊ ပြိုင်ဘက်မပြု။ ဇမ္ဗူဒီပါကျွန်းတွင် အထင်အရှား၊ ယောကျ်ား အာဇာနည်ဖြစ်လတ္တံ့ဟု။ဗျာဒိတ်စကား ကြားကုန်၏။ လက်နက်ငါးပါးဟူသည်ကား။ အဋ္ဌကထာ၌။ ခနေ၊ လေး၊ အသိ၊ သန်လျက်။ ကလာယ၊ သံချောင်း။ ပုဂ္ဂရ၊ ဆောက်ပုတ်။ ကန္တ၊ လှံ။ ဤသို့လာသောအစဉ်ကို ပယ်၍။ ဋီကာ၌။ ။ ပဥ္စာဝုဓံနာမ၊ ငါးပါးသော လက်နက်မည်သည်ကား။ ခနေ၊ လေး။ မုဂ္ဂရော၊ ဆောက်ပုတ်။ အသိ၊ သန်လျက်။ အလဂုဋ္ဌော၊ သံတွေ သံချောင်း။ ကောန္တ၊ လှံ။ ဣတိ အယံ၊ ဤငါးပါးတည်း။ ။ အဋ္ဌကထာနှင့် ဋီကာကား၊ အတူတူပင် အစဉ်သာကွဲသည်။ အဋ္ဌကထာ၌ ကလာယဟူသည်ကို။ ဋီကာ၌ လဂုဋ္ဌဟူ၏။ ။မင်းလည်း ပုဏ္ဏားတို့စကားကို ကြားလေလျှင်။ ပဥ္စာဝုဓမင်းသားဟူသောအမည်ကို မှည့်တော်မူ၏။ ထို့နောက် မင်းသားသည်။ သိကြားလိမ္မာသောအဖြစ်သို့ရောက်၍။ တစ်ဆယ့်ခြောက်နှစ်ရှိလေသော်။ ခမည်းတော်ကခေါ်၍၊ ချစ်သားမင်းသားတို့။ ဖွယ်ရာသော အတတ်ပညာသင်ချေလော့ဟုဆို၏။ ဘယ်တိုင်းဘယ်ပြည်ဝယ်။ ဘယ်သူ၏အထံ၌ သင်ရမည်နည်းဟုမေးသော်။ ခမည်းတော်က၊ ချစ်သားသွားချေ။ ကန္ဒာရတိုင်း တက္ကသိုလ်ပြည်ဝယ်။ ဒိသာပါမောက္ခဆရာ၏အထံ၌ သင်ချေလော့။ ဤတစ်ထောင်မျှလောက်သော ဥစ္စာကိုလည်း။ ဆရာစားပေးလေလော့ဟုဆို၍ လွှတ်လိုက်၏။ မင်းသားလည်း။ ခမည်းတော်ဆိုတိုင်းသွား၍ အတတ်ပညာသင်ပြီးသောအခါ။ ဆရာက ပေးအပ်သော လက်နက်ငါးပါးယူ၍။ ဆရာကို ရှိခိုးပြီးမှ။ တက္ကသိုလ်ပြည်ကထွက်ခဲ့၍။ လက်နက်ငါးပါးကိုစွဲကိုင်လျက်၊ ဗာရာဏသီပြည် လမ်းခရီးကို ပြန်လာ၏။ ထိုအခါ၊ ခရီးကြားလမ်းစပ်တွင်။ စေးကပ်သော အမွေးရှိသော။ သိလေသလောမ ဘီလူးစိုးအုပ်သော တောအုပ်သို့ ရောက်လေ၏။ ထိုအ ခါ၊ တောအုပ်ခရီးဝကနေကြသော လူများတို့သည်။ မင်းသားကိုမြင်လျှင်၊ ချစ်ခင်မေတ္တာဖြင့်။ အမောင်လုလင်၊ ဤတောအုပ်သို့မဝင်ပါလင့်။ ဤတောအုပ်တွင် မြင်တိုင်းမြင်တိုင်းသော လူအလုံးစုံကို၊ အကုန်စားတတ်သော၊ သိလေသလောမဘီလူးသည် နေသတတ်ဟုဆို၍ တားမြစ်ကုန်၏။ မင်းသားလည်း၊ မိမိအစွမ်းသတ္တိဂုဏ်ကို ယုံကြည်၍။ မည်သည်ကိုမျှမကြောက်၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းလျက်၊ တောအုပ်သို့ဝင်လေ၏။ တောအုပ်အလယ်သို့ရောက်လေလျှင်။ သိလေသလောမဘီလူးသည်။ ထန်းပင်မျှလောက်သောကိုယ်၊ အိမ်အထွဋ်မျှလောက်သော ဦးခေါင်း၊ သပိတ်မျှလောက်သော မျက်စိ၊ ငှက်ပျောဖူးမျှလောက်သောအစွယ်တို့ကို ဖန်ဆင်းလျက်။ ခံတွင်းကားအဖြူ ဝမ်းမူအပြောက်အကြား။ လက်ခြေကား မည်းညိုလျက်။ ကိုယ်ကိုဘုရားလောင်းအားပြ၍။ အဘယ်သို့ သွားမည်နည်း၊ ရပ်လော့၊ ငါ့အစာဖြစ်ပြီဟုဆို၏။ ထိုအခါ ဘုရားလောင်းက ဟယ်။ ဘီလူး၊ ငါ၏အစွမ်းသတ္တိကို ယုံကြည်၍။ မည်သည်ကိုမျှမကြောက်၊ တစ်ယောက်တည်း ဤတောအုပ်သို့ ငါဝင်လာသည်။ သင်ကားမေ့လျော့ခြင်းမရှိ။ သတိပြု၍ ငါ့သို့ကပ်ပါ။ ငါ့ကားမြားဖြင့် သင့်ကိုသေအောင် ပစ်သတ်မည်ဟု ခြိမ်းခြောက်၍။ လတ်တလောသေစေတတ်သော အဆိပ်လူးသော မြားကိုလွှတ်၏။ မြားကားဘီလူးအမွေးတို့၌ ကပ်ငြိလေ၏။ ထို့နောက်၊ တစ်စင်းလွှတ်ပြန်သော်လည်း၊ နည်းတူပင် ကပ်ငြိလေ၏။ ဤသို့ မြားငါးဆယ် အလုံးသည်။ ဘီလူးအမွေးတို့၌သာ ကပ်ငြိကုန်၏။ ဘီလူးလည်း၊ မြားတို့ကိုခါ၍။ ဘုရားလောင်းသို့ ချဉ်းကပ်လာ၏။ ဘုရားလောင်းလည်း၊ ခြိမ်းမောင်း၍တစ်ဖန်။ သန်လျက်နှင့် ခုတ်ပြန်၏။ သုံးဆယ့်သုံးလက်သစ်အလျားရှိသော သန်လျက်ဓားလည်း၊ ဘီလူးအမွေးဖျား တွင်ကပ်ငြိလေ၏။ ဘုရားလောင်းလည်း။ ခြိမ်းမောင်း၍တစ်ဖန် သံချောင်း

mgyoe.com

mgyone.com

နှင့်ရိုက်နှက်လေ၏။ သံချောင်းလည်း ကပ်ငြိလေ၏။ တစ်ဖန်လှံနှင့် ထိုးပြန်၏။ လှံလည်း ကပ်ငြိမြဲကပ်ငြိပြန်၏။ ထိုနောက် လက်နက်ငါးပါးကပ်ငြိသောအဖြစ်ကို သိရကား၊ ဘုရားလောင်းသည်၊ ဟယ်။ ဘီလူး။ သင်သည်၊ ပဉ္စာဝုဓမင်းသားဟု ငါ့ကိုမကြားဖူးပါလော။ ငါသည်၊ သင်သိမ်းဆည်းသော တောအုပ်သို့။ မရွံ့မကြောက် တစ်ယောက်တည်းလာသည်ကား၊ လေးမြားစသော လက်နက်ကို ယုံကြည်၍လာသည်မဟုတ်၊ စင်စစ်မှာမူ။ ငါ၏စွမ်းရည်သတ္တိဂုဏ်ကို ယုံကြည်၍ပင်လာသည်။ များမကြာယ ခုပင်သင့်ကို ပုတ်ခတ်လျက်။ ညက်ညက်မှုန့်မှုန့်ပြုအံ့ဟု ကြုံးဝါးလျက် လက်ယာလက်ဖြင့် ပုတ်ခတ်၏။ လက်ယာလက်လည်း အမွေးတွင်ထိ၍ ငြိလေ၏။ လက်ဝဲလက်နှင့် ပုတ်ခတ်သော်၎င်း။ လက်ယာခြေနှင့် ကျောက်ကန်သော်၎င်း။ လက်ဝဲခြေနှင့် ကျောက်ကန်သော်၎င်း။ ဦးခေါင်းနှင့်ဝှေ့သော်၎င်း။ အမွေး၌သာ ငြိရှာလေသတည်း။ ဘုရားလောင်းသည်၊ ငါးခုသောကျော့ကွင်းတို့ဖြင့် ထောင်အပ်သည်ဖြစ်၍။ ငါးပါးသောအ ရပ်တို့၌ ဖွဲ့စပ်လျက် တွဲလျားဆွဲငြားသော်လည်း ကြောက်ထိတ်လန့်ခြင်း မရှိ။ ထိုအခါ ဘီလူးသည် ဤသူကား ယောကျ်ား အာဇာနည်တည်း။ ငါသို့သဘောရှိသော ဘီလူးသည်။ ထမ်းယူအပ်လျက် ကြောက်ထိတ် လန့်ခြင်းမရှိ။ ဤလမ်းခရီး၌နေသော ငါသည်။ ဤသူကဲ့သို့ မရွံ့မကြောက်တစ်ယောက်သော သူကိုမျှလည်း မမြင်ရဖူး။ အဘယ်ကြောင့် ဤသူသည် မရွံ့မကြောက်သနည်းဟု ကြံ၍။ စားခြင်းငှာမဝံ့ရကား။ ဘုရားလောင်းကို လုလင်သင်ကား အဘယ်ကြောင့် သေဘေးမှ မကြောက်မရွံ့သနည်းဟု မေး၏။ ဘီလူး အဘယ်ကြောင့် ငါကြောက်ရွံ့အံ့နည်း။ သေခြင်းကား တစ်ဘဝ၌ တစ်ခါသေမြဲသည်သာတည်း။ စင်စစ်မှာမူ ငါ၏ဝမ်းတွင် ဝဇီရစိန်လက်နက်သည် ရှိ၏။ သင်သည်အကယ်၍ ငါ့ကိုစားငြားအံ့။ ငါ၏ဝဇီရစိန်လက်နက်ကို သင်မကျေစေနိုင်ရာ။ ငါ၏ ဝဇီရစိန်လက်နက်သည်။ သင်၏အူတို့ကို အထုံးထုံးအပိုင်းအပိုင်းဖြတ်လျက်၊ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ သင်နှင့်ငါကား၊ သေခြင်းအားဖြင့်တူတန်ကြလျက်။ အဘယ်ကြောင့် ငါကြောက်ရွံ့အံ့နည်းဟု ဆိုတော်မူ၏။ (ဤစကားကို ဘုရားလောင်းသည်။ သေဘေးမှ မိမိကြောက်သောကြောင့်။ ဘီလူးအား ခြောက်လန့်သောအားဖြင့်။ ဝါကြွား၍ မုသားဆိုသည်မဟုတ်။ ကိုယ်တော်တွင်းမှာ။ ပညာတည်းဟူသော ဝဇီရစိန်လက်နက်ကိုရည်၍ ဆိုရကား၊ မုသားမဖြစ်၊ စင်စစ်ကေန်မှန်သည်သာတည်း)။ ဘီလူးလည်း ဘုရားလောင်းစကားကိုကြားလေသော်။ လုလင်သည် မှန်သောစကားကိုသာ ဆို၍။ ဤ အာဇာနည် ယောကျ်ားမြတ်၏ကိုယ်မှ။ ပဲနောက်စေ့မျှလောက်သော အသားသည်။ ငါ၏ဝမ်းသို့ဝင်သော်။ ကြေစေခြင်းငှာ မစွမ်းနိုင်ရာ။ လွှတ်မှသာ သင့်မည်ဟု ကြံပြီးသော်။ ဘုရားလောင်းကို သေဘေးဖြင့် ခြိမ်းခြောက်၍။ လုလင် သင်ကား ယောကျ်ားအာဇာနည်တည်း။ သင်၏အသားကို ငါမစားပြီ။ သင်သည်ယနေ့ရာဟု ခံတွင်းမှ လွတ်ကင်းသော လမင်းကဲ့သို့။ ငါ၏လက်မှ လွတ်ထွက်၍ အဆွေအမျိုး ချစ်ကျွမ်းဝင်သူတို့ကို နှစ်သက်စေလျက်၊ သွားလေတော့ဟု ဆို၏။ ဘုရားလောင်းလည်း ဘီလူး။ ငါမူကား သွားတော့အံ့။ သင်မှာမူကား၊ ရှေးဘဝ၌လည်း မကောင်းမှုကိုပြုသောကြောင့်။ ယခုလက်၌ သွေးအလိမ်းလိမ်းကပ်လျက်။ သူတစ်ပါးတို့ အသွေးအသားကိုစားသော ဘီလူးဖြစ်၏။ အမိုက်မှလာ၍ အမိုက်သို့သွားသော တမောတမပရယန ပုဂ္ဂိုလ်ဖြစ်လတ္တံ့။ သင်သည် ငါနှင့်တွေ့မြင်သောကာလမှစ၍ မကောင်းမှုကိုပြုခြင်းငှာ မတတ်ကောင်း။ သင်ပြုအပ်သော ပါဏာတိပါတအမှုသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ် လေးဘုံ၌ ဖြစ်စေတတ်၏။ အကယ်၍ တစ်စုံတစ်ခုသော ကောင်းမှုကြောင့် လူ့ဘုံ ၌ဖြစ်စေကာမူ။ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ အသက်၏တိုခြင်း၊ အနာ၏များခြင်းကို ဖြစ်စေတတ်၏။ ဤသို့ အစရှိသည်ဖြင့်၊ ငါးပါးသော ဒုသီလအမှု၌ အပြစ်။ ငါးပါးသော သီလအမှု၌ အကျိုးအာနိသင်ကို ထင်မြင်အောင် ဘီလူးအား ဟောကြားပြီးမှ။ သုသီလအဖြစ်၌ ဘီလူးကိုတည်စေ၍ သွားသဖြင့်။ ဗာရာဏသီပြည်သို့ ရောက်လေ၏။ ။ ဤသို့စဉ်ကလောက် ကြောက်မက်ဖွယ်သော ဘီလူးကိုစဉ်လျက်၊ မကြောက်မရွံ့ရဲဝံ့လေခြင်းသည်ကား။ အာဇာနည် ယောကျ်ားကောင်းဖြစ်၍။ စိတ္တုတြာသသံ ဝေဂမရှိသောကြောင့်သာ

mgyone.com

တည်း။ ။ ဤအတူ သုတန္တလုလင်၏။ မေဃဒေဝဘီလူး မှ မကြောက်ခြင်း။ အလိနသတ္တုမြင်းသား၏ စူဠပေါ ရိသာဒမှ မကြောက်ခြင်း။ မဟာသုတသောမမင်း၏ မဟာပေါရိသာဒမှ မကြောက်ခြင်းသည်လည်း။ အာဇာနည်ဖြစ်၍ စိတ္တုတြာသသံဝေဂမရှိသောကြောင့် ပင်မှတ်ရမည်။ ဤသို့လာသော အဋ္ဌကထာစကားဖြင့်၊ ယောကျ်ားအာဇာနည်၏ ထိတ်လန့်ခြင်း စိတ္တုတြာသ သံဝေဂမရှိသည်ကို သိအပ်၏။ ။ သည်မှတစ်ပါး။ ဘုရားလောင်း၏ မကြောက်ခြင်းကို ဇာတ်နိပါတ်တို့၌ လာသည်ကားများစွာ၏။ ဘုရားလောင်းမကြောက်တိုင်း အာဇာနည်ဟူမူ။ အဋ္ဌကထာ၌ လာသောဆင်၊ မြင်း၊ နွား၊ လူသာမက၊ အာဇာနည်ကား၊ အများအပြားပင် ရကောင်းသတည်း။ ယင်းသို့ရကောင်းလျက်ကို။ အဋ္ဌ ကထာ၌ အာဇာနည်မျိုးလေးပါးသာလာသည်ကား။ ဆင်၊ မြင်း၊ နွား၊ လူမှတစ်ပါး အခြားသောအမျိုးတို့၌ အာဇာနည် မဖြစ်ကောင်းကြောင်းသာ လာသည်။ ဘုရားလောင်းမှတစ်ပါး။ ပါရမီတော်ထုံအပ်သည်၏ အဖြစ်ကြောင့်။ အလွန်ကြောက်တတ်သော မြောက်ယုန် ပင် ဖြစ်သော်လည်း။ ကြောက်ရွံ့ခြင်းမရှိဘဲ ရဲသည်သာ တည်း။ ။ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ခြသေ့်တို့၏။ မိုးကြိုးသံထစ်သော်လည်း။ ကြောက်ထိတ်လန့်ခြင်း စိတ္တုတြာသသံဝေဂမရှိသည်ကို၊ ဒုက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိ၌လည်း။ ဤသို့ ဟောတော်မူ၏။ ။ ဒွေမေဘိက္ခဝေ အသနိယဖလန္တာယာ နသန္တသန္တိ။ ကတမေဒွေ။ သိက္ခုု စခီဏာသဝေါ။ ဟတ္ထာဇာနိယောစ။ ။ ဘိက္ခုစခီဏာ သဝေါ၊ အသာ ဇာနိယောစ။ ။ ဘိက္ခုစခီဏာသဝေါ။ သီဟောစမိဂရာဇာ။ ဣမေခေါဘိက္ခဝေဒွေအသနိယာ၊ ဖလန္တိယာန သန္တသန္တိ။ ။ဘိက္ခဝေ၊ တို့။ ဣမေဒွေ၊ ဤနှစ်ဦးသော သတ္တဝါတို့သည်။ အသနိယာ။ မိုးကြိုး သည်။ ဖလန္တိ ယာ၊ ထစ်ကြိုးသည်ရှိသော်။ နသန္တသန္တ၊ မထိတ်မလန့်ကုန်။ ဒွေ၊ နှစ်ဦးသော သတ္တဝါတို့ဟူ သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ ဘိက္ခုစ၊ ရဟန်းငင်း၊ ဟတ္ထာဇာနိယောစ၊ ဆင်အာဇာနည်ငင်း၊ (ဤကား တသုတ်)။ ။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိ သော။ ဘိက္ခုစ၊ ရဟန်းငင်း။ မိဂရာဇာ၊ သားတို့၏ မင်းဖြစ် သော။ သီဟောစ၊ ကေသရာဇာ ခြသေ့်ငင်း။ ဘိက္ခဝေ။ တို့၊ ဣမေဒွေ၊ ဤနှစ်ဦးသော သတ္တဝါတို့ သည်။ အသနိယာ၊ မိုးကြိုးသည်။ ဖလန္တိယာ၊ ထစ်ကြိုး သည် ရှိသော်။ နသန္တသန္တိ၊ မထိတ်လန့်ကုန်။ (ဤလည်း တစ်သုတ်။) ပေါင်းသုံးသုတ်ကို။ ပဌမသုတ်၌။ အဿ ဝေယျာလ။ တတိယသုတ်၌။ အာဒိဝေယျာလ။ ဒုတိယ သုတ်၌။ အာဒိအန္တေဝေယျာလအားဖြင့်ရေးသည်။ ။ ထိုသတ္တဝါတို့၏ ကြောက်ထိတ်လန့်ခြင်းစိတ္တုတြာသ သံဝေဂမရှိခြင်း၏အကြောင်းကို။ ငင်းအဋ္ဌကထာ၌။ တတ္ထခီဏာသဝေါ။ အတ္တနေ့ာသက္ကာယဒိဋ္ဌိယာပဟီ နတ္တာ နဘာယတိ။ ဣတရာသက္ကာယဒိဋ္ဌိယာဗလ ဝတ္တာ။ ။ ဟု လာ၏။ ။တတ္ထ၊ ထိုဆင်အာဇာနည်။ မြင်းအာဇာနည်၊ ခြသေ့်ရဟန္တာတို့တွင်။ ခီဏာသဝေါ၊ ရဟန္တာသည်။ အတ္တနော၊ မိမိ၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဋ္ဌိကို။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ် ကြောင့်။ နဘာယတိ၊ မကြောက်။ ဣတရာ၊ ဆင် အာဇာနည်၊ မြင်းအာဇာနည်၊ ခြသေ့်တို့သည်။ အတ္တ နော၊ မိမိ၏။ သက္ကာယဒိဋ္ဌိယာ။ သက္ကာယဒိဋ္ဌိ၏။ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ နဘာယန္တိ၊ မကြောက်ကုန်။ ။ ဤပါဠိအဋ္ဌကထာတို့၌၊ ဥသဘ အာဇာနည်၊ ယောကျ်ားအာဇာနည်တို့ကား မလာကုန် ၏။ ။ ဤသို့ ဝတ္ထုသက်သေနှင့်တကွ ပြဆိုအပ်ပြီး သော။ ပါဠိအဋ္ဌကထာဋီကာစကားဖြင့်၊ စိတ္တုတြာသ သံဝေဂအဖြစ်ကို သိအပ်၏။

စိတ္တုတြာသသံဝေဂပြီး၏။

* * *

ဩတ္တပ္ပ သံဝေဂလည်း။ သတ္တဝါ ခပ်သိမ်း တို့အားမဖြစ်၊ ယင်းသို့မဖြစ်ခြင်းကိုဆိုလတ္တံ့သော ပါဠိ ၏ နေယျတ္ထဖြင့် သိအပ်၏။ ။ ဒွေမေဘိက္ခဝေ ဓမ္မာ သုက္ကာ။ က တမေဒွေ၊ ဟိရီစဩတ္တပ္ပဉ္စ။ ဣမေခေါ ဘိက္ခ ဝေဒွေဓမ္မာ သုက္ကာ။ ။ ဒွေမေဘိက္ခဝေသုက္ကာဓမ္မာ လောကံပါလေန္တိ။ ကတမေဒွေ၊ ဟိရီစဩတ္တပ္ပဉ္စ။ ဣမေ ခေါ ဘိက္ခဝေဒွေ သုက္ကာဓမ္မာလောကံန ပါလေယျုံ။ နယိဓပညာယေထ။ မာတာတိဝါမာတုစ္ဆာတိဝါ မာတု လာနီတိဝါ။ အာစရိယ ဘရိယာတိဝါ၊ ဂရုနံဒါရာ တိဝါ၊

mgyoe.com

mgyoe.com

သမ္ဘေဒံလောကောအဂ မိဿ။ ယထာ အဇေ္ဇကာကုက္ကုဋသူကရာသောဏသိင်္ဂါလာ။ ယထွာစခေါဘိက္ခဝေဣ မေဒွေသုက္ကာဓမ္မာ လောကံပါလေန္တိ။ တသ္မာတိပညာယတိ၊ မာတာတိဝါ၊ မာတုစ္ဆာတိဝါ၊ မာတုလာနီတိဝါ။ အာစရိယဘရိယာ တိဝါ၊ ဂရူနံဒါရာတိဝါတိ။ ။ ဒုက္ကနိပါတ်အင်္ဂုတ္တိုပါ ဠိတော်၌။ ။ဘိက္ခဝေ၊ တို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ ဟိရိစ၊ ဟိရိရင်း။ ဩတ္တပ္ပဥ္စ၊ ဩတ္တပ္ပရင်း။ ဘိက္ခဝေ၊ တို့။ သု က္ကာ၊ ဖြူစင်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေခေါဒွေ၊ ဤနှစ်ပါးတို့တည်း။ ။ ဘိက္ခဝေ၊ တို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ လောကံ၊ လူကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ ဒွေ၊ နှစ်ပါးသောတရားတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဟိရိစ၊ ဟိရိရင်း။ ဩတ္တပ္ပဥ္စ၊ ဩတ္တပ္ပရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ခေါ၊ စင်စစ်။ လောကံ၊ လူကို။ နပါလေယျုံ၊ မစောင့်ရှောက်ငြားအံ့။ ဧဝံသန္တေသု၊ ဤသို့မစောင့်ရှောက်ကုန်သည်ရှိသော်။ ဣဓ၊ ဤလောက၌။ မာတာတိဝါ၊ အမိဟူ၍ရင်း။ မာတုစ္ဆာတိဝါ၊ မိကြီးမိထွေးဟူ၍ရင်း။ မာတုလာနီတိဝါ၊ ဦးရီးမယား အရီးဟူ၍ရင်း။ အာစရိယဘရိယာတိဝါ၊ ဆရာမယားဟူ၍ရင်း။ ဂရူနံ၊ အလေးပြုအပ်သော ဘကြီး ဘထွေးစသည်တို့၏။ ဒါရာတိဝါ၊ မယားဟူ၍ရင်း။ နပညာယေထ၊ မထင်ရာ။ လောကော၊ လူအပေါင်းသည်။ သမ္ဘေဒံ၊ ရောနှောစပ်ယှက်ခြင်းသို့။ ဝါ၊ အပိုင်းအခြားပျက်ခြင်းသို့။ အဂမိဿ။ ရောက်ရာပြီ။ ယထာကိံ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ အဇေဠကာ၊ ဆိတ်မြန်မာဆိတ်ကုလားတို့သည်၊ ကုက္ကုဋသူကရာ၊ ကြက်ဝက်တို့သည်။ သောဏသိင်္ဂါလာ၊ အိမ်ခွေးတောခွေးတို့သည်။ သမ္ဘေဒံ၊ ရောနှောစပ်ယှက်ခြင်းသို့။ ဝါ။ အပိုင်းအခြားပျက် ခြင်းသို့၊ ဂစ္ဆာန္တိယထာ၊ ရောကုန်သကဲ့သို့တည်း။ ဘိက္ခဝေ၊ တို့၊ ခေါစင်စစ်။ ယသ္မာစ၊ အကြင့်ကြောင့်ကား။ ဒွေ၊ နှစ်ပါးကုန်သော။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေဓမ္မာ။ ဤတရားတို့သည်။ လောကံ၊ လူကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤလောက၌။ မာတာတိဝါ၊ အမိဟူ၍ရင်း။ မာတုစ္ဆာတိဝါ၊ မိကြီးမိထွေးဟူ၍ရင်း။ မာတုလာနီတိဝါ၊ ဦးရီးမယားဟူ၍ရင်း။ အာစရိ ယဘရိယာတိဝါ၊ ဆရာသမားဟူ၍ရင်း။ ဂရူနံ၊ အလေးပြုအပ်သော ဘကြီးဘထွေးစသည်တို့၏။ ဒါရာတိဝါ၊ မယားဟူ၍ရင်း။ ပညာယတိ၊ ထင်ရှား၏။ ။ ဤပါဠိတော်၌။ လူတို့မှာသာဟိရိဩတ္တပ္ပဟုဆိုအပ်သော၊ လောကပါလတရားနှစ်ပါးစောင့်ထိန်းသောကြောင့်။ ရောနှောစပ်ယှက်ခြင်း အပိုင်းအခြားပျက်ခြင်းသို့မရောက်။ အမိ၊ မိကြီး၊ မိထွေးစသည်ဖြင့်ထင်ရှားသည်။ ဆိတ်မြန်မာ၊ ဆိတ်ကုလား၊ ကြက်၊ ဝက်၊ အိမ်ခွေး၊ တောခွေးစသော တိရစ္ဆာန်တို့မှာ။ ဟိရိဩတ္တပ္ပမရှိသောကြောင့်။ ရောနှောစပ်ယှက်ခြင်း အပိုင်းအခြားပျက်ခြင်းသို့ရောကုန်သည်။ ထိုတိရစ္ဆာန်တို့သည်ငါ၏ အမိဟူ၍ရင်း။ ဘကြီးမိထွေးဟူ၍ရင်း။ အလေးပြုသည်၏ အစွမ်းဖြင့် မသိကုန်။ အကြင်ဝတ္ထုကိုအမှီပြု၍မိမိတို့သည် ဖြစ်ကုန်၏။ ထိုဝတ္ထု၌ပင် ဖောက်ပြန်၍မိစ္ဆာစာရကိုကျင့်ကြကုန်၏။ ဤသို့ဟောတော်မူအပ်သောစကားကို ထောက်ထားသော သူတို့အားသာများသောအားဖြင့် ဩတ္တပ္ပသံဝေဂရှိ သည်။ တိရစ္ဆာန်တို့အားများသောအားဖြင့်။ ဩတ္တပ္ပ သံဝေဂမရှိ။ အပ္ပကအားဖြင့်သီလနှင့်ပြည့်စုံသော တိရစ္ဆာန်တို့အား။ ဩတ္တပ္ပသံဝေဂမရှိဟု မဆိုသာ၊ ရှိကောင်းရာပေ၏။ ။ လူတို့တွင်လည်း သီလနှင့် ပြည့်စုံသော သူအားသာဩတ္တပ္ပသံဝေဂရှိကောင်း၏။ အကြောင်းဖြစ်သော ဩတ္တပ္ပသံဝေဂနှင့်ပြည့်စုံမှ အကျိုးဖြစ်သောသီလနှင့် ပြည့်စုံသည်။ ။ ဟိရောတ္တပ္ပေဟိသတိသီလံဥပ္ပဇ္ဇတိစေဝတိဋ္ဌတိစ။ အသတိနေဝဥပ္ပဇ္ဇတိနတိဋ္ဌတိ။ ။ဝိသုဒ္ဓိမဂ်။ ။ ဟိသစ္စံ၊ မှန်၏။ ဟိရောတ္တပ္ပေ၊ ဟိရိဩတ္တပ္ပသည်။ သတိ၊ ရှိသော်လျှင်။ သီလံ၊ သီလသည်။ ဥပ္ပဇ္ဇတိစေဝ၊ ဖြစ်လည်းဖြစ်၏။ တိဋ္ဌတိစ။ တည်လည်းတည်၏။ အသတိ၊ မရှိသော်။ နေဝဥပ္ပဇ္ဇတိ၊ ဖြစ်လည်းမဖြစ်။ နတိဋ္ဌတိ၊ တည်လည်းမတည်။ ။ ထိုဩတ္တပ္ပသံဝေဂ၏ဖြစ်ဟန်ကို အဋ္ဌကထာတို့၌ ဤသို့ပြ၏။ အချင်း၊ သင်သည် အကယ်၍ မကောင်းမှုကို ပြုငြားအံ့။ ယင်းသို့ပြုသည်ရှိသော်။

mgyoe.com

mgyoe.com

ပရိသတ်လေးပါးဝယ်ကဲ့ရဲ့ဖွယ်ဖြစ်လတ္တံ့သတည်း။ ။ သစေတွံပါပကမ္မံ ကရိဿသိ၊ စတုသုပရိသာ သုဂရဟပတ္တောဘဝိဿတိ။ ။ ဓာတ်အဋ္ဌကထာ။ ။ သစေ၊ အကယ်၍။ တွံ၊ သင်သည်။ ပါပကမ္မံ၊ မကောင်းမှုကို။ ကရိဿသိ၊ ပြုလတ္တံ့။ စတူသု လေးပါးကုန်သော။ ပရိသာသု၊ ပရိသတ်တို့၌။ ဂရဟပတ္တော၊ ကဲ့ရဲ့ဖွယ်သို့ ရောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့သတည်း။ ။တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့သည်။ စက်ဆုပ်ဖွယ်ရှိသောမစင်ကို ကဲ့ရဲ့ကုန်သကဲ့သို့။ ခပ်သိမ်းသော ပညာရှိသူလူအပေါင်းတို့သည်။ မကောင်းမှုကို ပြုသောသင်ကိုကဲ့ရဲ့ကုန်လတ္တံ့။ ခပ်သိမ်းသော ပညာရှိတို့သည် ကြဉ်အပ်လျက်။ သင်မှာမူကား၊ အဘယ့်ကြောင့်ထိုမကောင်းမှုကို ပြုလိုဘိသနည်း။ ဤသို့ဆင်ခြင်ပြီးမှ။ အဝဋ္ဌဖြစ်စေအပ်သော ဩတ္တပ္ပသံဝေဂဖြင့် မကောင်းမှုကိုပြုခြင်းမှကြဉ်၏။ ။ ဤလောက၌အချို့သော အမျိုးသားသည်။ လောကကို အကြီးအမှူးပြု၍၊ မကောင်းမှုကိုမပြု။ ။ဣဓေကစ္စော ကုလ ပုတ္တော လောကံ အဓိပတိ ဇေဋ္ဌကံ ကရိတွာ ပါပကမ္မံနကရောတိ။ ။ မဟာနိဒ္ဒေသအဋ္ဌကထာ။ ။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ကုလပုတ္တော၊ အမျိုးသားသည်။ လောကံ၊ လောကကို။ အဓိပတိ ဇေဋ္ဌကံ၊ အကြီးအမှူးကို၊ ကရိတွာ၊ ပြု၍ ပါပကမ္မံ၊ မကောင်းမှုကို။ နကရောတိ၊ မပြု။ ။ဤလောက၌ သန္တိဝါသသည်။ ကျယ်လှ၏။ ထိုသို့ကျယ်လှသော လောကသန္တိဝါ၌ ကြီးသောတန်ခိုးရှိကုန်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ မြင်တတ်ကုန်သော သူတစ်ပါးစိတ်ကို ပိုင်းခြား၍ သိတတ်ကုန်သော အကြင်ရဟန်း ပုဏ္ဏားတို့သည် ရှိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည်။ ဝေးသောအရပ်မှလည်း၊ မကောင်းမှုကို ပြုသောသူကိုမြင်ကုန်၏။ အနီး၌လည်း ထင်ကုန်၏။ မိမိစိတ်ဖြင့်လည်း သူတစ်ပါးစိတ်ကို ပိုင်းခြား၍ သိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည်လည်း။ အချင်းတို့၊ ဤအမျိုးသားကို ရှုကြပါကုန်။ ဘုန်းကံနှင့် ပြည့်စုံသော ယောကျ်ားကောင်းဖြစ်လျက်၊ ယုတ်မာသော မကောင်းမှုတို့ဖြင့်၊ ပြွမ်းသည်ဖြစ်၍ နေဘိ၏။ ဤသို့ ငါ့ကိုသိကြကုန်လတ္တံ့။ ။ တန်ခိုးကြီးကုန်သော နတ်မျက်စိနှင့်ပြည့်စုံကုန်သော သူတစ်ပါးစိတ်ကို သိနိုင်ကုန်သော အကြင်နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် အဝေးမှလည်း၊ မကောင်းမှုကို ပြုသောသူကို မြင်ကုန်၏။ အနီး၌လည်း ထင်ကုန်၏။ မိမိတို့စိတ်ဖြင့်လည်း သူတစ်ပါးစိတ်ကို သိကုန်၏။ ထိုနတ်တို့သည်လည်း အချင်းတို့၊ ဤကုလပုတ္တကိုရှုကြပါကုန်။ ဘုန်းပညာနှင့်ပြည့်စုံသော ယောကျ်ားကောင်းဖြစ်လျက်။ စက်ဆုပ်ဖွယ်သော အကုသိုလ်တို့နှင့် ပြွမ်းသည်ဖြစ်၍နေဘိ၏ တကားဟု။ ငါ့ကိုသိကြကုန်လတ္တံ့။ ။ ဤသို့လော ကကိုအကြီးအမှူးပြုသော ဩတ္တပ္ပသံဝေဂဖြင့်။ အကုသိုလ်တရားကို ပယ်ရှားလျက် ကုသိုလ်တရားကိုပွားစေ၏။ ။ဩတ္တပ္ပသံဝေဂသည် အပါယ်ဘေးမှ ကြောက်သောသဘောအားဖြင့် တည်တတ်၏။ ။ ဘယန္တိအပယဘယံ။ တေနသဘာဝေနသဏ္ဌာတံဩတ္တပ္ပံ။ ။ အဋ္ဌသာလိနီ။ ။ ဘယန္တိ၊ ကြောက်ခြင်းဟူသည်ကား။ အပါယဘယံ၊ အပါယ်မှ ကြောက်ခြင်းတည်း။ ဩတ္တပ္ပံ၊ ဩတ္တပ္ပသံဝေဂသည်။ တေနသဘာဝေန၊ ထိုအပါယ်မှ ကြောက်သောသဘောဖြင့်။ သဏ္ဌိတံ၊ တည်၏။ ။ ဤလောက၌ အချို့သောသူသည်။ အတ္တာနုဝါဒဘေးအစရှိသော လေးပါးသော အကြောင်းတို့ဖြင့်၊ မကောင်းမှုမှကြောက်တတ်သော သူ၏ဘေးကို ဆင်ခြင်ခြင်းလက္ခဏာရှိသော ဩတ္တပ္ပသံဝေဂကိုဖြစ်စေ၍။ မကောင်းမှုမှ ကြဉ်ရှောင်သည်။ ။ ဧကစ္စောအတ္တာနုဝါဒဘယံ။ ပရောနုဝါဒဘယံဒဏ္ဍဘယံ ဒုဂ္ဂတိဘယန္တိ။ စတူဟိ၊ ကာရဏေဟိ ဝဇ္ဇဘိရုကဘယ ဒဿနလက္ခဏံ။ ဩတ္တပ္ပံသမုဋ္ဌာပေတွာ ပါပံနက ရောတိ။ ။ ဓာတ်အဋ္ဌကထာ။ ။ ဧကစ္စော၊ အချို့သော သူသည်။ အတ္တာနုဝါဒဘယံ၊ အတ္တနုဝါဒဘေး၎င်း။ ပရာ နုဝါဒ ဘယံ။ ပရာနုဝါဒဘေး၎င်း။ ဒဏ္ဍဘယံ၊ ဒဏ္ဍဘေး၎င်း။ ဒုဂ္ဂတိဘယံ၊ ဒုဂ္ဂတိဘေး၎င်း။ ဣတိ၊ ဤသို့၊ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဝဇ္ဇာဘိရုကဘယ ဒဿဝိ လက္ခဏံ၊ အပြစ်မှ ကြောက်တတ်သောသူ၏။ ကြောက်ခြင်းကို ဆင်ခြင်ခြင်း လက္ခဏာရှိသော။ ဩတ္တပ္ပံ၊ ဩတ္တပ္ပသံဝေဂကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍၊ ပါပံ၊ မကောင်းမှုကို၊ နကရောတိ၊ မပြု။ ဤသို့အရပ်ရပ်လာသော အဋ္ဌကထာတို့စကားကို ထောက်ထားဆင်ခြင်သော်။ ဤလောကသန္တိဝါသအပေါင်း၌ မကောင်းမှုကို ပြုကြကုန်သော

mgyoe.com

mgyoe.com

ခပ်သိမ်းသော သတ္တဝါတို့သည်။ လေးပါးသော ဆားကို ဆင်ခြင်၍ ကြောက်ထိတ်လန့်ခြင်း လက္ခဏာရှိသော သြတ္တပ္ပသံဝေဂမရှိသောကြောင့်သာ ပြုဝံ့ကြကုန်သည်။ ကြောက်ထိတ်လန့်ခြင်းလက္ခဏာရှိသော သြတ္တပ္ပ သံဝေဂနှင့် ပြည့်စုံသော သူတို့သည်။ မကောင်းမှုကို မပြုကြကုန်။ စင်စစ်မူကား၊ မကောင်းမှုမှ ကြဉ်ရှောင်ကုန်သည်သာတည်း။ ။ သြတ္တပ္ပသံဝေဂ မရှိသောကြောင့်။ မကောင်းမှုကို ပြုကြကုန်သောသူတို့၏။ ဝတ္ထုသက်သေကို ပါဠိ အဋ္ဌကထာလာတိုင်း စိုးစဉ်းထုတ်ပြအံ့။ ။ ဘုရားသဗ္ဗညုသည်။ ရာဇဂြိုလ်ပြည်ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော်နေတော်မူသောအခါ။ ရာဇဂြိုဟ်ပြည်သား စုန္ဒသုကရိကအမည်ရှိသော ဝက်သားထိုးသည်။ အနှစ်ငါးဆယ်ပတ်လုံး ဝက်တို့ကိုသတ်ပြီးလျှင်။ ထိုဝက်သားတို့ကို မိမိလည်းစား သူတစ်ပါးတို့အားလည်း ရောင်းချလျက် အသက်မွေးသတတ်။ ထိုသူ ဝက်ကုန်သွယ်ဟန်ကား။ ရှားပါးတော်မွတ်သောအခါ များစွာသော ဆန်စပါးတို့ကို လှည်းများနှင့် ဆောင်ကြဉ်း၍ တောတွင်းဇနပုဒ်သို့ သွားပြီးလျှင်။ ဝက်ရှင်ရှာသူတို့အား စပါးတစ်ပြည်တန်သည်၊ နှစ်ပြည်တန်သည် အဖိုးပေး၍ ဝက်ကလေးဝက်ကြီးအလုံးစုံကို အကုန်ဝယ်ပြီးသော်။ မိမိလှည်းဖြင့် ဆောင်၍မြို့သို့ရောက်လျှင်။ အိမ်နောက်ဆေး၌ နွားခြံကဲ့သို့ကာရံ ပြီးမှ။ ထိုခြံတွင်းသို့ သွင်း၍။ ဆန်ကျိုး၊ ဆန်ကွဲ၊ ဖွဲနု၊ မစင်၊ ဘင်ခြောက်စသော အစာပေးလျက် မွေးကျွေး၏။ ယင်းသို့မွေးကျွေး၍ အသွေးအသား တိုးပွားလာသော်။ ထိုဝက်တို့တွင် အကြင်အကြင် ဝက်ကိုသတ်လို၏။ ထိုထိုဝက်ကို စိုက်နှက်အပ်သော တိုင်၄တ်တံသင်းဝယ် မလှုပ်မရှားနိုင်အောင်။ မြဲမြဲစွာဖွဲ့ချည်၍ ကိုယ်အသား၏ တိုးပွားစေခြင်းငှာလည်း။ အရေအခေါက်၏ထူထဲစေခြင်းငှာလည်း။ လေးထောင့်ဆောင့်ပုတ်ဖြင့်။ အကြိမ်ကြိမ်အဖန်ဖန် အတန်ငယ်မသေရုံမျှ ပုတ်ခတ်၍ ကိုယ်ရေကိုယ်သားပွားများမှန်းသိလျှင် ခံတွင်းကို ဖွင့်ထားပြီးမှ။ သွားကြား၌ ဘုတ်ထောက်ကန်၍။ သံအိုး ကြိုက်ကြိုက်ဆူသော ရေပူပွက်ပွက်ကို ဝက်၏ ခံတွင်း၌လောင်း၏။ ထိုရေပူပွက်ပွက်သည် ဝက်၏ခံတွင်းသို့ ဝင်ပြီးလျှင်။ ကျင်ကြီးကိုယူပြီးမှ အောက်ဒွါရသို့ ထွက်လာ၏။ အကြင်မျှလောက် ကျင်ကြီးသည်ရှိသေး၏။ ထိုမျှလောက်ရေသည် နောက်ကျိလျက် ထွက်၏။ ဝမ်းခေါင်းဝမ်းတွင်းသည် ရှင်းလင်းစင်ကြယ်လေသော်။ ရေသည် ကြည်လင်စွာ ထွက်လာ၏။ ထိုအခါမှ ကြွင်းသမျှ ရေပူကြိုက်ကြိုက်ကို ကျော၌လောင်း၍ မကောင်းသောအရေနက်အရေညစ်ကို ခွာပစ်၏။ ထိုနောက်မှ အမွေးအမှင်တို့ကို စင်ကြယ်အောင် ပြောင်ပြောင်တောက်သော မြက်မီးရှူး၌ မြိုက်၏။ ယင်းသို့မြိုက်၍ စင်ကြယ်သော ဝက်ကိုထက်လှသောသန်လျက်ဖြင့် ဦးဆက်၌ ဖြတ်တောက်၍ပေါက်ပေါက်ကျသောသွေး ရည်သွေးစက်ကို အိုးခွက်နှင့်ခံယူပြီးသော်။ အသားပေါ်ဝယ်လောင်း၍ အသားနှင့်အသွေး ရောထွေးအောင် နယ်ပြီးမှ မီးကျီး၌ ချက်ကင်၍။ ရှင်လန်းစွာ သားမယားအလယ်တွင် တင့်တယ်အောင်နေထိုင်လျက် စား၏။ ကြွင်းသမျှကိုလည်း ရောင်း၏။ ထိုစုန္ဒသုကရိကသည် အနှစ်ငါးဆယ်ကျော် ကာလပတ်လုံး။ ဤသို့သောအမှတ်ဖြင့်။ ဝက်ကိုသတ်လျက် အသက်မွေးလေသတည်း။ လာခြင်းကောင်းတော်မူသော သဗ္ဗညုဘုရားသည်။ မြို့ဦးမြို့ထိပ်ဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ကို ဆီမီးတစ်တိုင်ပန်းတစ်ပွင့်မျှ မပူဇော်ဖူး။ တစ်ယောက်ဆိုတစ်ယောက်မျှ သောယာဂုထမင်းဟင်းကို မလှူဖူး။ သည်မှတစ်ပါး အခြားကုသိုလ်ကိုလည်း စိုးစဉ်းမျှမပြုလေ။ ထိုသူ၏ပမာဒတရားကို သူတော်ကောင်းတို့ကြားရလျှင်။ နှလုံးသား တုန်လှုပ်လောက်အောင် ကြောက်ဖွယ်ကောင်းသတည်း။ ။ယင်းသို့ဝက်ကိုသတ်လျက်၊ အသက်မွေးသော ထိုသူ၏ ကိုယ်ဝယ်၊ မပါယ်မလွဲနိုင်သောအနာသည် ပြင်းစွာရောက်လာသတည်း။ အသက်ထင်ရှားရှိစဉ်ပင်၊ အဝီစိငရဲမီးပူသည် လူကိုထ၍လောင်၏။ ။ ဇီဝန္တသောဝပနအဝီစိမဟာနိရိယသန္တာပေါ ဥဋ္ဌတိ။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ ဇီဝန္တသောဝပန၊ အသက်ရှင်စဉ်သာလျှင် အဝီစိမဟာနိရိယသန္တာပေါ။ အဝီစိငရဲကြီး၏ မီးပူသည်။ ဥဋ္ဌတိ၊ ထ၏။ အဝီစိငရဲ၏မီးပူသည်ကား၊ ယူဇနာတစ်ရာဝေးကွာသော အရပ်ကရပ်ကြည့်သောသူ၏မျက်စိကို ပေါက်ကွဲလောက်အောင် ပူလောင်ခြင်းငှာစွမ်းနိုင်လေသတည်း။ မိလိန္ဒမင်းဆရာနာဂသေနမထေရ်မူကား။ ထိုအဝီစိငရဲမီး၏ ပကတိမီး

mgyoe.com

mgyoe.com

ထက်။ အလွန်ပူသော အရာဝယ်။ ဤဥပမာကို ဆောင်တော်မူ၏ ။ မင်းကြီးမင်းအထွဋ်မျှလောက်သော ကျောက်ခဲကို အဝီစိငရဲမီးထဲသို့ ပစ်ချသည်ရှိသော်။ တစ်ခဏချင်း ကြေပျောက်ခြင်းသို့ရောက်၏ဟု မိန့်တော်မူ၏။ ယင်းသို့ကျောက်ခဲပင် မခံနိုင်ဘဲ ကွဲကြေပျောက်သော အဝီစိငရဲတွင်း၌ ဆင်း၍ခံရသော သတ္တဝါတို့၏။ မကြေပျောက်ခြင်းမှာ ကံအကြောင်းရင်းမူလဖြစ်သတည်း။ ထိုအဝီစိငရဲမီးသည်ထ၍ ယူလေသော်။ ကံနှင့်တူသော အခြင်းအရာသည်။ ထိုစုန္ဒသုကရိကအား ထင်ရှားဖြစ်လာ၏။ အိမ်၏အလယ်ချက်ဝယ် ဝက်၏အသံလို အော်ဟစ်လျက်၊ ပုဆစ်ထူးနှစ်ဘက်တို့ဖြင့်၊ အိမ်ထက်အိမ်အောက် နောက်ဘေးရှေ့နားသွားလာ၏။ ထိုအခါ ထိုသူ၏အိမ်နီးချင်း သူလူအပေါင်းတို့သည်။ ထိုသူကို မြဲမြံစွာ လိုက်ဘက်၍အကြပ်အတင်း ခံတွင်းပါးစပ်တို့ကို ပိတ်ဆို့ကုန်၏။ ယင်းသို့ပိတ်ဆို့သော်လည်း။ ကံ၏အကျိုးကို တစ်စုံတစ်ယောက်သောသူသည်။ တားမြစ်ခြင်းငှာ မတတ်နိုင်ရကား။ လေးဘက်တွားလျက် ဝက်လိုမည်၍ လှည့်လည်သွားလာကုန်၏။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဝန်းကျင်၊ ခုနှစ်အိမ်သားတို့သည်။ မျက်စိတမှိတ်မျှ မအိပ်ကြရကုန်။ သေချိန်နီးသည်ကာလ။ အိမ်ဝသို့မထွက်ရအောင်။ အိမ်တွင်းသို့သွင်းပြီးလျှင်။ အကြင်အခြင်းဖြင့် ဖွင့်၍မထွက်နိုင်။ ထိုအခြင်းဖြင့်။ အိမ်တံခါးကို ပိတ်ထား၍ အိမ်သားလူသူတို့သည် အိမ်ကို ဝန်းရံစောင့်ရှောက်လျက် နေကြရကုန်၏။ ဝက်သားထိုးကား။ အိမ်တွင်း၌ ငရဲမီးပူလောင်သောကြောင့်၊ တောင်တောင်ကြည်ကြည် မြည်တမ်းလျက် မထွက်နိုင်ရကား။ တောင်သွားမြောက်ပြန်လှည့်လည်၏။ ဤသို့ ခုနှစ်ရက်ပတ်လုံး။ လှည့်လည်မည်အော်လျက်။ ခုနှစ်ရက်မြောက်တွင်သေ၍။ အဝီစိငရဲတွင်းသို့ ဆင်းရလေသည်။ ဝက်တို့ကို သတ်သည်ကာလ။ ရေပူလောင်းလျက် အသက်ကုန်စေသတည်း။ ထိုနှင့်တူစွာ မိမိလည်း ငရဲမီးပူလောင်လျက် အသက်ကုန်လေသည်။ ပြုအပ်သော အကြောင်းကံနှင့်တူစွာ အကျိုးမှာလည်း ရောက်တတ်၏။ ထိုကြောင့် သဗ္ဗညုဘုရားလည်း။ ။ ယာဒိသံဝပ္ပတေဗီဇံ၊ တာဒိသံဟရတေဖလံ၊ ကလျာဏ ကာရီကလျာဏံ၊ ပါပကာရီစပါပကံ၊ ဟုဟောတော်မူ၏။ ။ ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ၊ ဆောင်၏။ ကလျာဏကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ၊ ကောင်းကျိုးခံရ၏။ ပါပကာရီစ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်ကား။ ပါပကံ၊ မကောင်းကျိုးကို ခံရ၏။ ။ ထိုသူ၏အိမ်တံခါးဖြင့်၊ သွားလာကုန်သော ရဟန်းတို့သည်။ ထိုအသံကို ကြားလေသော်၊ ဝက်အသံဟု အမှတ်ရှိကုန်လျက်။ ကျောင်းသို့ပြန်သွား၍။ ဘုရားသဗ္ဗညုအား၊ ဤသို့ လျှောက်ကြားကုန်၏။ ဘုန်းတော်ကြီးလှသော ဘုရား။ စုန္ဒဝက်သားထိုး၏ အိမ်တံခါးကိုပိတ်လျက်။ ဝက်တို့ကို နေ့တိုင်းမပြတ်သတ်သည်ကား။ ယနေ့ ခုနှစ်ရက်ရှိပြီ။ သင့်အိမ်တွင် မင်္ဂလာမှု။ တစ်စုံတစ်ခုရှိယောင်တကား။ ဤမျှအတိုင်း အရှည်ရှိသော ဝက်တို့ကိုသတ်သော ထိုသူအား၊ သနားကြင်နာသော မေတ္တာကရုဏာစိတ်သည်။ တစ်ဆိတ်မျှ မရှိလေတကား။ အကျွန်ုပ်တို့အား ဤကဲ့သို့ ရုန့်ရင်းကြမ်းတမ်းသော သတ္တဝါကိုမြင်ဖူးမည်ထား၍။ ကြားဖူးမည်ခဲ၏ဟု လျှောက်ကုန်၏။ ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရားလည်း၊ ချစ်သားတို့။ ဤခုနှစ်ရက်အတွင်း၌၊ ဝက်တို့ကိုသတ်သော ဝက်သားထိုး၏ကံနှင့် တူစွာ အကျိုးသက်ရောက်လေသတည်း။ အသက်ရှိစဉ် အဝီစိငရဲမီးသည် ပူလောင်လျက်၊ ခုနှစ်ရက်ပတ်လုံးဝက်လို ဟစ်အော်၍။ ယနေ့ သေပြီးလျှင် အဝီစိငရဲ၌ ဖြစ်လေသတည်းဟု မိန့်တော်မူ၏။ ။ (ဤ၌ထိုစုန္ဒသုကရိကသည်။ အကယ်၍ အပါယ်ဒုဂ္ဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂရှိသည်ဖြစ်အံ့။ ဤသို့ မကောင်းမှုကို မပြုဝံ့ရာ။ အပါယ်ဒုဂ္ဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂမရှိသောကြောင့်။ ဤကဲ့သို့ မကောင်းမှုကိုပြုဝံ့လေသတည်း။ ယခုအခါ နောင်လာသူ လူအပေါင်းတို့သည်ကား။ ထိုသူသည် ဩတ္တပ္ပသံဝေဂမရှိသောကြောင့်။ မကောင်းမှုကိုပြုဝံ့လေသည်အလျောက်၊ မဖောက်မပြန်ဧကန် ထိုမကောင်းမှု၏။ အကျိုးပေးရာ မဟာအဝီစိငရဲမီးတွင်းသို့ ဆင်းဝင်ရလေသော သူတို့၏ဝတ္ထုသက်သေစကားကိုကြားလျက်၊ မကောင်းမှု၌ ရဲဝံ့ခြင်းကိုမပြုရာ၊ စင်စစ်မှာမူ အပါယ်

mgyoe.com

mgyne.com

ဒုဂတိဘေးမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂတရားကို နှလုံးထား၍။ လေးပါးသော အပါယ်သို့လားဖွယ်၏အကြောင်းဖြစ်သော မကောင်းမှုကို ကြဉ်ရှောင်ကုန်ရာသတည်း)။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ။ သာဝတ္ထိပြည်သား နွားသတ်သော ယောကျ်ားတစ်ယောက်သည်။ နွားတို့ကို သတ်ပြီးလျှင်။ စားချင်ရာအသားတို့ကို လှီးဖျက်၍ကြော်ချက် ဖုတ်မြိုက်ပြီးမှ သမီးသား အိမ်သူတို့နှင့် အတူအတကွနေထိုင်လျက်စားသောက်၏။ စားသောက်၍မကုန် အလုံးစုံကြွင်းကျန်သော အမဲသားတို့ကိုလည်း။ သူတစ်ပါးတို့အား ရောင်းစား၏။ ဤသို့ သောနည်းဖြင့်။ အနှစ်ငါးဆယ်ပတ်လုံးနွားသတ်မှုကို ပြုသည့်ဖြစ်၍ အသက်မွေးလျက်။ ။ မြို့နှင့်မဝေးသော ကုလလေးတာ ငါးရာကွာသော ရွာဦးရွာထိပ်တွင်။ သံဃာတော်တပည့်သားအပေါင်းနှင့်။ ရွှေကျောင်းဇိမာန်တွင်းဝယ် သီတင်းသုံးတော်မူသော သဗ္ဗညုဘုရားအားငှင်း၊ တပည့်သားသံဃာတော်တို့အား ငှင်း ယာဂုတစ် ဇွန်းဆွမ်းတစ်ယောက်မျှလှူဒါန်းဖူးသည်မရှိ။ သစ်သီးတစ်လုံးပန်းတစ်ပွင့် ဖြင့်သော်လည်း ပူဇော်ဖူးသည်မရှိ။ သည့်ပြင်တစ်ပါး၊ အခြားကုသိုလ်ကိုလည်း။ အနည်းငယ်စိုးစဉ်းမှ မပြုဖူးလေ။ ထိုနွားသတ်ယောကျ်ား၏။ ပမာဒတရားလည်း။ ယခင်ဝက်သတ်ယောကျ်ား၏။ ပမာဒတရားနှင့် အလားတူပင်။ ကြောက်ချင်ဖွယ်ရှိလောက်သတည်း။ ထိုနွားသတ်ယောကျ်ားသည်။ နွားသားအမဲဟင်းနှင့်ကင်း၍ ထမင်းကို တစ်ရန်တစ်ဆစ်မျှ မစားဖူး။ တစ်နေ့သ၌၊ နေ့အဖို့ဝယ်၍ အမဲရောင်းပြီးမှ။ မိမိတို့ချက်ခြင်းငှာ၊ တစ်တုံးသော အမဲသားကို၊ မယားအားပေးအပ်၍။ ရပ်သားရွာသူတို့နှင့်။ အတူတကွ ရေချိုးခြင်းငှာသွားလေ၏။ ထိုအခါ နွားသတ်ယောကျ်ား၏ အဆွေခင်ပွန်းတစ်ယောက်သည် အိမ်သို့လာပြီးသော်။ နွားသတ်ကတော်ဖြစ်သော။ မယားကို၊ ရှင်မငါ့အား အမဲသားရောင်းပါ။ အိမ်မှာဧည့်သည်လာရောက်၍ ရှိချေသည်ဟုဆို၏။ ရောင်းစရာအ မဲမရှိချေ။ သင်၏အဆွေသည်၊ အမဲရှိသမျှ အလုံးစုံကို အကုန်ရောင်းချခဲ့၍။ ယခုပင် ရေချိုးခြင်းငှာ၊ သွားသည်ဟုဆို၏။ သို့မပြုပါလင့်၊ ငါ့မှာဧည့်သည်ရောက် ၍ရှိချေသည်။ အကယ်၍ ကျန်ကြွင်းသော ဟင်းလျာအမဲရှိငြားအံ့။ ငါ့အားအဖိုးဖြင့် ပေးပါဟု ထပ်ခါဆို၏။ ထိုနွားသတ်ကတော်လည်း။ သင့်အဆွေဖို့ထားသော အမဲမှတစ်ပါး။ အခြားအမဲမရှိပြီဟု ဆို၏။ ဧည့်သည်လာရောက်သော။ အိမ်ရှင်ယောကျ်ားသည်။ အဆွေဖို့ထားသော အမဲမှတစ်ပါး။ အခြားအမဲမရှိပြီ။ ငါ့အဆွေလည်း၊ အမဲသားနှင့်ကင်း၍ ထမင်းမစားရကား။ မယားဖြစ်သူသည်၊ ငါ့အား အမဲမရောင်းရာဟု သိ၍။ အဖိုးပေးပြီးလျှင်၊ အကျွမ်းတဝင်ကိုယ်တိုင်ပင်။ အမဲပိုင်းကိုယူ၍ သွားလေ၏။ နွားသတ်ယောကျ်ားလည်း။ ရေမိုးချိုး၍ ပြန်လာသော်။ နွားသတ်ကတော်မယားသည် အမဲကားမပါ။ ဟင်းရွက်ကိုသာ ချက်ပြုတ်၍။ အုပ်ဒေါင်းလန်းဖြင့်။ ထမင်းခူး၍တည်၏။ နွားသတ်ယောကျ်ားလည်း။ ငါစားရန် အမဲဟင်းလျာသည်။ ဘယ်မှာနည်းဟု မေး၏။ စားရန်အမဲမရှိချေဟု မယားက ဆို၏။ ငါဖို့ချက်ရန် အမဲပိုင်းကိုနှင့်အားပေးအပ်၍။ အရပ်တစ်ပါးသို့ ငါသွားသည် မဟုတ်လော။ ထိုအမဲကား အဘယ်မှာနည်းဟု မေး၏။ မယားကလည်း၊ သင့်၏အဆွေတစ်ယောက်သည်လာပြီးလျှင်။ အိမ်မှာဧည့်သည်ရောက်လာသည်။ အမဲရောင်းပါဟုဆိုသောကြောင့်။ ငါက သင့်ဖို့ထားသော အမဲမှတစ်ပါး။ အခြားရောင်းစရာ အမဲမရှိပါဆိုသော်လည်း မနေ။ အနိုင်အထက် သင့်ဖို့ထားသော အမဲကို။ ကိုယ်တိုင်ယူ၍ သွားခဲ့သည်ဟု ဆို၏။ ထိုနွားသတ်ယောကျ်ားလည်း။ ငါအမဲနှင့်ကင်း၍ ထမင်းမစား၊ နှင့်ထမင်းကိုပယ်ရှားဘိဟု ဆို၏။ မရှိသည်ကို ဤလောကဝယ်။ ဘယ်သူတတ်နိုင်ခြိမ့်မည်။ သခင်စားချင်လျှင်စား။ မစားချင်လျှင်နေဟုဆို၏။ ထိုနွားသတ်ယောကျ်ားသည်။ အမဲနှင့်ကင်း၍ ထမင်းငါမစားဟုဆိုလျက်။ ထမင်းခွက်ကိုပယ်ရှား၍။ ဓားကိုယူကောက်ပြီးလျှင်။ အိမ်နောက်ဖေးနွားခြံတွင်းသို့ဝင်သွား၍။ နွား၏ခံတွင်း၌ လျှာကိုနိုက်ပြီးလျှင်။ အရင်းတွင်လျှာကို ဓားဖြင့်ဖြတ်ယူ၍ မယားအားပေး၏။ မယားလည်းမီးကျီးတွင် ချက်ကင်၍။ ယခင်ထမင်းပွဲ၏ ထိပ်ထက်ထားလျက်စားဟု တည်လာ၏။ နွားသတ်ယောကျ်ားလည်းစားမည်ဟု ထမင်းလုတ်ကို

 mgyoe.com



ခံတွင်းသို့ သွင်းပြီးလျှင် အမဲပိုင်းတစ်ခုကို လျှာပေါ်တွင် တင်၏။ ထိုခဏ၌ပင် ထိုသူ၏ လျှာသည်။ အရင်းက ပြတ်လျက် ထမင်းခွက်တွင်ကျလေ၏။ ထိုခဏ၌ပင် မိမိပြုသောကံနှင့်တူသော အကျိုးကို ခံရလေ၏။ ။တံခဏေ ဉေ၀ ကမ္မ သရိက္ခကံ ဝိပါကံလဘိ။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ တံခဏေဉေ၀၊ ထိုခဏ၌ပင်လျှင်၊ ကမ္မသရိက္ခကံ၊ ကံနှင့်တူသော။ ဝိပါကံ၊ အကျိုးကို။ လဘိ၊ ရ၏။ နွားသတ်ယောကျာ်းလည်း လျှာပြတ်သောကြောင့်။ သွေးအရည်ဖြင့် ခံတွင်းမှ ယိုစီးလျက်။ အိမ်တွင်းသို့ဝင်ပြီးသော်။ ဒူးပုဆစ်တို့ဖြင့် လှည့်လည်၍ မြည်တမ်း၏။ ထိုအခါ နွားသတ်ယောကျာ်း၏ သားသည်။ နွားနှင့် အဘတို့၏ အဖြစ်ကြပုံကို ကြည့်ရှုပြီးလျှင်၊ အနီး၌ ရပ်၍နေ၏။ ထိုအခါ အမိက ချစ်သား– ဤနွား၏ ဖြစ်ဟန်ကို ကြည့်လော့။ ဤဒုက္ခသည်၊ သင့်အဘ၏ ထိပ်ထက်၌သာမဟုတ်။ ယုတ်မာသောအဘ၏သား ဖြစ်ရကား။ သင်၏ထိပ်ထက်၌လည်း ကျလတ္တံ့၊ ငါ့ကို သော်လည်းမငဲ့ဘဲ။ အရပ်တစ်ပါးသို့ ရှောင်ရှားထွက်ပြေးလေဟုဆိုသောကြောင့်။ ထိုသားသည် သေဘေးမှ ကြောက်ရကား။ အရပ်တစ်ပါးသို့ ထွက်သွားရှောင်ခွာလေ၏။ နွားသတ်ယောကျာ်းလည်း၊ နွားလိုမြည်လျက်။ အိမ်လယ်ချက်ငယ် တုန်ဖယ်လူးလာလှည့်လည်ရှာလျက်ပင် သေ၍။ အဝီစိငရဲမီး၌ ကြီးစွာသော ဆင်းရဲကိုခံရလေသတည်း။ ။ (ဤနိုက်လည်း နွားသတ်ယောကျာ်းသည် လျှာပြတ်ခြင်းတည်းဟူသော ဒဏ္ဍဘေး။ အဝီစိငရဲ၌ ခံရခြင်းတည်းဟူသော ဒုဂတိဘေးကို ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ မရှိ၍။ မကောင်းမှုကို ပြုဝံ့သောကြောင့်။ ဒဏ္ဍဘေး ဒုဂတိဘေးရောက်၍ ကြောက်မက်ဖွယ်သော ဆင်းရဲကိုခံရလေပြီ။ ထိုသူခံရလေသည်ကို အဆင့်စကားကြားသိရသော နောက်သားနောင်လာ ပညာရှိအပေါင်း သူတော်ကောင်းတို့မှာ။ ထိုသူကဲ့သို့ မကောင်းမှုကို ပြုခြင်း၌။ မဝံ့မရဲဘဲ သြတ္တပ္ပသံဝေဂတရားကို။ နှလုံးထားလျက် ရှောင်ရှားဖဲ ကြဉ်ကုန်ရာ၏။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော်စမွယ်တော်မူသောအခါ။ သာဝတ္ထိပြည်ဝယ် မွေးဖွားသော အမျိုးသားတစ်ယောက်သည်။ ဘုရားသဗ္ဗညုဟောတော်မူအပ်သော တရားတော်မြတ်ကို ကြားနာရသော်။ သာသနာတော်၌ ဝင်၍ ရှင်ရဟန်းပြုသဖြင့်။ ရအပ်သောပဉ္စင်းအဖြစ်ရှိသည်ဖြစ်၍။ တိဿဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စော၏။ ရဟန်းပြု၍ ကာလရှည်လျားလေသော်။ ထိုတိဿမထေရ်၏ ကိုယ်၌။ အနာရောဂါသည်။ ထင်ရှားဖြစ်လာ၏။ ရှေးဦးအစမုန်ညင်းစေ့ ပမာဏရှိသောအိုင်းအမာတို့သည် ပေါက်လာကုန်၏။ ထိုအိုင်းအမာတို့သည်။ အစဉ်သဖြင့် ပဲနောက်။ ကုလားပဲ၊ ပဲကြီး၊ ဆီးစေ့၊ ကလောစေ့၊ ဆီးဖြူသီး။ ရှစ်ရှားသီး၊ သီးသီး။ ဥသျှစ်သီးမျှ ပမာဏရှိကုန်သည်ဖြစ်၍။ ကိုယ်အလုံးကို ပေါက်ကွဲကုန်၏။ အလုံးစုံသော ကိုယ်ဝယ်။ အပေါက်ငယ်အပေါက်ကြီးတို့ဖြင့်။ ပေါက်ကွဲသည်ဖြစ်၍။ ပုပ်သောကိုယ်ရှိရကား။ တိဿဟူသော အမည်ရင်းဝယ်။ ပုတိဂတ္တဟူသော အမည်ကို သွတ်သွင်း၍။ ပုတိဂတ္တတိဿဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။ ထိုတိဿမထေရ်အား။ နောက်အခါ အနာတို့သည် ပွားတိုးသောကြောင့် အရိုးတို့သည် ကျိုးကုန်၏။ အဝတ်အရုံတို့သည် ပြည်သွေးတို့ဖြင့်။ အထွေးထွေးအလိမ်းလိမ်းကပ်ရကား။ သူတစ်ပါးတို့သည်ငှင်း၊ မိမိသည်ငှင်း၊ ကိုယ်ကိုမသုတ်သင်နိုင်။ အန္တေ၊ ဝါသိကသဒ္ဒိဝိဟာရိကတို့သည် မသုတ်သင်နိုင်ရကား။ ရှောင်ရှားစွန့်ပစ်ကုန်၏။ ထိုပုတိဂတ္တတိဿမထေရ်သည်။ ကိုးကွယ်ရာအပံ့အထောက်မရှိသည်ဖြစ်၍။ တစ်ယောက်အထီးထီးအိပ်၏။ တစ်ရံသောအခါ။ ဘုရားသဗ္ဗညုသည်။ လောကကိုဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူ၏။ ဘုရားတို့မည်သည် မိုးသောက်ထသောအခါ ညချမ်းသောအခါ ဤအခါနှစ်ပါးတို့၌။ လောကကို ကြည့်ရှုခြင်းကို မစွန့်ကုန်။ မိုးသောက်ထ၌ လောကကိုကြည့်ရှုသည်ရှိသော်။ စကြဝဠာမျက်နှာရေးမှ စ၍။ ဂန္ဓကုဋိတိုက်တော်ဦးတိုင်အောင်၊ ညချမ်းအခါ ကြည့်ရှုသည်ရှိသော်။ ဂန္ဓကုဋိတိုက်တော်ဦးမှစ၍၊ စကြဝဠာမျက်နှာရေးတိုင်အောင်။ အပသို့ ဉာဏ်တော်ကို ရှေးရှုပြု၍ ကြည့်ရှုတော်မူကုန်၏။ ထိုအခါ ဉာဏ်တော်ကွန်ရက်၏အတွင်း၌ ပုတိဂတ္တတိဿမထေရ်သည် ထင်လာ၏။ ဘုရားမြတ်စွာလည်း။ တိဿမထေရ်၏ အရဟတ္တဖိုလ်၏ ဥပ

mgyoe.com

နိသယကိုမြင်တော်မူ၏။ ဤရဟန်းကို သဒ္ဓိဝိဟာရိက စသည်တို့သည်။ စွန့်ပစ်ကြလေကုန်ပြီ။ ယခုအခါ ငါမှ တစ်ပါး အခြားကိုးကွယ်ရာမရှိပြီဟု ဂန္ဓကုဋီတိုက်မှ ထွက်တော်မူ၍။ ကျောင်းစဉ်ဒေသစာရီ လှည့်လည် တော်မူသကဲ့သို့။ မီးတင်းကုပ်သို့ ကြွတော်မူ၍။ ရေနွေး အိုးတည်ပြီးလျှင်။ ရေ၏နွေးသောအဖြစ်ကို ငံ့လင့် လျက်။ မီးတင်းကုပ်၌ နေတော်မူ၏။ ရေနွေးသည် ကာလ။ ကြွ၍ ထိုရဟန်း၏ ညောင်စွန်း၌ ရပ်တော်မူ ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် ညီညာဖျဖျ၊ လာကြပြီးလျှင်။ ဘုန်းကြီးသော အရှင်မှာ။ အသာငြိမ်ငြိမ် နေတော်မူပါ။ အကျွန်ုပ်တို့ ကိုင်ပါမည်ဟု ဆို၍။ ထို ရဟန်းကို ညောင်စောင်းနှင့်တကွ ချီမပြီးလျှင်။ မီးတင်း ကုပ်သို့ ဆောင်လေကုန်၏။ သဗ္ဗညုဘုရားလည်း။ ရေ စကျင်းကိုဆောင်စေပြီးလျှင်။ ရေနွေးလောင်း၍။ ထို ရဟန်း၏ကိုယ်ရုံတို့ကို ရေနွေးဖြင့် ဖွပ်လျှော်စေပြီးမှ နေပူ၌ လှန်းစေ၏။ ထိုနောင်မှ ထိုရဟန်း၏အထံ၌ ရပ်တော်မူလျက်။ ကိုယ်ကိုရေနွေးဖြင့် သွန်းလောင်း၍ ရေချိုးစေသော အဆုံး၌။ ကိုယ်ရုံသည် ခြောက်၏။ ယင်းသို့ ခြောက်သည်ကာလ ကိုယ်ရုံကိုဝတ်စေ၍ သင်း ပိုင်ကိုရေနွေးဖြင့် ဖွပ်လျှော်ပြီးလျှင်။ နေပူလှန်းစေ၏။ ထိုရဟန်း၏ကိုယ်တွင် ရေပေါက်ကင်းသည် ကာလ သင်းပိုင်လည်း ခြောက်လေ၏။ ထိုနောင်မှ သင်းပိုင်ကို ဝတ်၍ ကိုယ်ဝတ်ကိုရုံလျက်။ ပေါ့သော ကိုယ်ရှိရကား။ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍၊ ညောင်စောင်း၌ အိပ်၏။ ထိုအခါ ဘုရားမြတ်စွာလည်း။ ထိုရဟန်း၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍။ ရဟန်း။ သင်၏ ကိုယ် သည်။ ဝိညာဉ်ကင်းသည်ရှိသော်၊ ကျေးဇူးမရှိသည်ဖြစ် ၍။ ထင်းတုံးဆွေးထင်းတုံးပွေးကဲ့သို့ မြေ၌အိပ်ရလတ္တံ့ဟု ဟောတော်မူသော်၊ ပုတိဂတ္တတိဿမထေရ်သည်၊ ပဋိ သမ္ဘိဒါလေးပါးနှင့်တကွ၊ အရဟတ္တဖိုလ်သို့ရောက်၍ ပရိ နိဗ္ဗာန်ပြုလေ၏။ သဗ္ဗညုဘုရားလည်း။ တိဿမထေရ် ၏အလောင်းကိုကောင်းစွာ သင်္ဂြိုဟ်စေ၍၊ အရိုးဓာတ် တို့ကိုယူပြီးလျှင်၊ စေတီတည်တော်မူ၏။ ထိုအခါရဟန်း တို့သည်၊ ဘုန်းတော်ကြီးလှသောဘုရား။ တိဿမထေရ် ကား၊ ငါးပါးသောဂတိတို့ဝယ်။ အဘယ်ဂတိသို့ လားရာရလေသနည်းဟု သဗ္ဗညုဘုရားအား လျှောက် ကြားကုန်၏။ ဘုရားသဗ္ဗညုလည်း ချစ်သားတို့ တိဿ မထေရ်ကား၊ ဂတိငါးပါးမှ အလွတ်မချွတ် နိဗ္ဗာန်ဝင် လေပြီဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း၊ ဘုန်းတော် ကြီးလှသောဘုရား။ ဤကဲ့သို့ အရဟတ္တဖိုလ်၏ အကြောင်းနှင့်ပြည့်စုံသော ရဟန်းကောင်းအား။ အဘယ့် ကြောင့် ကိုယ်အလုံးတို့သည် ပုပ်ရလေသနည်း။ အဘယ့် ကြောင့်ကား၊ အရိုးတို့သည် ကျိုးကွဲရလေသနည်း။ အရဟတ္တဖိုလ်၏အကြောင်းကား၊ အဘယ်နည်းဟု လျှောက်ကြကုန်၏။ ချစ်သားတို့ ထိုအလုံးစုံသော အမှု သည်။ ထိုသူပြုသော ကံကြောင့်သာဖြစ်သတည်းဟု မိန့်တော်မူ၏။ ထိုသူပြုသောအမှုကား၊ အဘယ်နည်း အရှင်ဘုရားဟု လျှောက်ထားကြကုန်၏။ သဗ္ဗညုဘုရား လည်း ချစ်သားတို့ ယင်းသို့တပြီးကား ကြားနာကြကုန် ၏။ ဤတိဿမထေရ်သည်၊ ကဿပဘုရားရှင် လက်ထက်တော်၌။ ငှက်မုဆိုးဖြစ်၍ များစွာသော ကြက် ငှက်တို့ကို သတ်ပြီးလျှင်။ အရှင်မင်းအား။ အစားလုပ် ကျွေး၏။ ထိုအရှင်မင်းအားပေး၍ ကြွင်းကျန်သော ကြက်ငှက်တို့ကို အရှင်ရောင်းစား၏။ ရောင်းစား၍ ကြွင်းကျန်သော ကြက်ငှက်တို့ကို သတ်သော်၊ ပုပ်မည်စိုး သောကြောင့်။ အကြင်အချင်းဖြင့် ပျံထွက်ခြင်းငှာ မတတ်နိုင်။ ထိုအချင်းဖြင့် ခြေထောက်အတောင်တို့ကို ချိုးဖွဲ့၍ထား၏။ တစ်နေ့မိုးသောက်မှ၊ အရှင်မင်းအားပေး ပြန်၍။ အကျန်ကို ရောင်းမြဲရောင်း စား၏။ များစွာသော ကြက်ငှက်တို့ကို ရသည်ကာလ။ မိမိလည်း ချက်ပြုတ် စား၏။ တစ်နေ့သ၌၊ မိမိတို့ချက်ပြုတ်၍ခဲဘွယ်ဆာဖဉ် ကျက်သောအခါ။ ရဟန္တာတစ်ပါးသည်။ ဆွမ်းအလို့ငှာ လှည့်လည်လျက်။ ထိုသူ၏အိမ်တံခါး၌ ရပ်လေ၏။ ထိုယောကျ်ားလည်း၊ ရဟန္တာမထေရ်မြတ်ကို မြင်လျှင်။ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍၊ ငါကားများစွာ ပါဏာတိပါတ အမှုကိုပြုချေပြီ။ ကောင်းမှုကုသိုလ်ကို ကား တစ်ခုမျှမပြုရချေသေး။ အရှင်ဘုရားလည်း၊ ငါ့အိမ်တံခါးဝယ်ရပ်၏။ ငါ့အိမ်တွင်း၌လည်း ဆွမ်း ဟင်း ဆွမ်းအပြည့်အစုံရှိ၏။ ဤကဲ့သို့ အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ပြည့်စုံသည့် အခိုက်ကို။ လှူလိုက်ရသော်၊ ကောင်း၏ဟု နှလုံးပြု၍ မထေရ်သပိတ်ကို ယူပြီးလျှင်။ ဆွမ်းဟင်းဆွမ်းဖြင့် ပြည့်စေ၍ လှူပြီးသော်။ မထေရ်

mgyi.com

 mgyoe.com 

အား ငါးပါးသော ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုး၍ အရှင်ဘုရား။ အကျွန်ုပ်ကား အရှင်ဘုရားတို့သိအပ်သော တရားကို မျက်မှောက်ပြုလိုပါ၏ဟု ဆုတောင်း၏။ ရဟန္တာအရှင်လည်း၊ သင် ဒါယကာတောင်းတိုင်းပြည့်စုံစေဟု အနုမောဒနာပြုတော်မူ၏။ ချစ်သားတို့၊ ထိုအခါပြုအပ်သောကံ၏အစွမ်းဖြင့်။ ငှက်ကြက်တို့ကို မပုပ်မသိုးရအောင် အစုပြု၍ထားသော အကျိုးအဆက်ကြောင့်၊ တိဿမထေရ်၏ကိုယ်အလုံးသည် ပုပ်ရလေသည်။ အတောင်အရိုးတို့ကို ချိုးသော အကျိုးစက်ကြောင့်။ တိဿမထေရ်၏ အရိုးတို့သည် ကျိုးကြွဲရလေကုန်သည်။ ရဟန္တာအား၊ အရသာရှိသောဆွမ်းကို လှူရသော အကျိုးစက်ကြောင့် မျက်မှောက်ပြုအပ်သော အရဟတ္တဖိုလ်သို့ ရောက်လေသည်ဟု မိန့်တော်မူ၏။ ။ ခိဏာသဝဿ၊ ရဟန္တာအား။ ရသပိဏ္ဍပါတဒါနနိဿန္ဒေန၊ အရသာရှိသော ဆွမ်းကိုလှူရသော အကျိုးစက်ကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်လေ၏။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ (ဤ၌လည်း၊ တိဿမထေရ်သည်၊ ကိုယ်ရေကိုယ်သားပုပ်ခြင်း၊ အရိုးတို့သည် ကျိုးကြွဲခြင်းတည်းဟူသော ဆားဒဏ်ကို။ အဖန်ဖန်ခံရလိမ့်မည်ဟု ကြောက်ထိတ်လန့်ခြင်း၊ ဩတ္တပ္ပသံဝေဂမရှိသောကြောင့်။ ကြက်ငှက်တို့ကို မေတ္တာကရုဏာမရှိပြုမိရကား၊ များစွာသော ဘဝတို့၌ ထိုက်သည်အလျောက် မထောက်မပြန် ကံ၏ အကျိုးကို ခံရလေသတည်း။ ဩတ္တပ္ပသံဝေဂရှိပြန်သောကြောင့်၊ မိမိအိမ်တံခါးဝယ်ရပ်လာသော ရဟန္တာအရှင်အား၊ များစွာသော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်း၍၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသောအဖြစ်ကို ထောက်လျှင်၊ ဩတ္တပ္ပသံဝေဂမရှိခြင်း၌ အပြစ်ကား အလွန်များ၏။ ရှိခြင်း၌အကျိုးကား၊ အတိုင်းမသိမရေတွက်နိုင်တည်း။ ယခုအခါ တိဿမထေရ်၏ ဩတ္တပ္ပသံဝေဂမရှိခြင်း၌ အပြစ်ရှိခြင်း၌ အကျိုးအာနိသင်ကို သိမြင်ကြားရကုန်သော။ နောက်သား နောင်လာပညာရှိအပေါင်းသူတော်ကောင်းတို့မှာ၊ မိမိသန္တာန်ဝယ်။ ဩတ္တပ္ပသံဝေဂတရားကို များစွာဖြစ်စေအပ်၏။ ။ ဤကား ဩတ္တပ္ပသံဝေဂမရှိသောကြောင့်၊ ပါဏာတိပါတအမှုကို၊ ပြုကြကုန်သော သူတို့၏ဝတ္ထုသက်သေတည်း။

ဘုရားမြတ်စွာသည်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံပျော်၊ နေတော်မူသောအခါ။ ရာဇဂြိုလ်ပြည်တွင်၊ အညတြဖြစ်သော သူဌေးတစ်ယောက်သည်၊ ဥစ္စာစပါးအလွန်များရကား၊ မဟာဓနသေဋ္ဌိဟု အမည်တွင်၏။ ထိုမဟာဓနသူဌေးအား၊ လွန်စွာချစ်ခင်နှစ်သက်အပ်သော တစ်ယောက်တည်းသောသားသည် ထင်ရှားရှိသတတ်။ ထိုသားသည်၊ သိကြားလိမ္မာသောအဖြစ်သို့ရောက်လတ်သော်၊ မယ်တော်ခမည်းတော်တို့သည် ဤသို့ကြံကုန်၏။ ငါတို့သားအား တစ်နေ့တစ်ထောင် တစ်ထောင်ကုန်အောင် စားသဖြင့်။ အနှစ်တစ်ရာပင် လွန်သော်လည်း၊ ဤဥစ္စာအစုသည် ကုန်ခြင်းသို့မရောက်ရာ။ ဤငါတို့သားအား အတတ်ပညာသင်၍ ပင်ပန်းသဖြင့်။ အဘယ်အကျိုးရှိအံ့နည်း။ စည်းစိမ်ချမ်းသာတို့ကို လိုရှိတိုင်း ခံစားပါစေဟု နှလုံးပြု၍ အတတ်ပညာ မသင်စေကုန်။ အရွယ်ရောက်သည်ကာလ၊ အမျိုးအဆင်း ဥစ္စာအင်ခွင်တူမျှသော တစ်ယောက်သော သူဌေးသမီးနှင့် ထိမ်းမြားကုန်၏။ ထိုသူဌေးသားသည် သူဌေးသမီးနှင့် ပျော်ပါးကုန်လျက်၊ နောင်လာလတ္တံ့သောဘေးတို့၌ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂစိတ်ကို မဖြစ်စေဘဲ။ ရဟန်းပုဏ္ဏားအလေးပြုအပ်သောသူတို့၌ အလေးပြုခြင်းမရှိဘဲ အကဏှစုတ္တ၊ အန်ကြူးသူ၊ သူရာစုတ္တ၊ သေကြူးသူ။ ဤဿိစုတ္တ၊ မိန်းမကြူးသူ လူသွမ်းတို့ဖြင့် ရောပြွမ်းခြံရံလျက်၊ ကာမဂုဏ်ငါးပါးတို့၌ အလွန်မက်မောသည်ဖြစ်၍၊ မိုက်မဲသော မောဟဖြင့် အလွန်ကန်းသည်ဖြစ်၍၊ ကာလကိုလွန်စေ၏။ မိဘတို့သည် သေလွန်ကုန်သည်ရှိသော်၊ ကချေသည် ကျွမ်းသမားပြည့်တန်ဆာအစရှိသည်တို့အား၊ အလိုရှိတိုင်းသော ဥစ္စာကိုပေးသဖြင့် မကြာမြင့်မီ ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်ရကား၊ မြီကြွေးချေးယူလျက် အသက်မွေး၏။ တစ်ဖန် ကြွေးမြီချေး၍လည်း မရ။ ရသော ကြွေးမြီရှင်တို့ကလည်း တောင်းရကား၊ လယ်ယာအိမ်မှစ၍ ရှိသမျှ အလုံးစုံကို။ အကုန်ပေးအပ်ပြီးလျှင်၊ လင်နှင့်မယား တစ်ခြားစီ ခွက်လက်စွဲ၍၊ ထမင်းတောင်းစားလျက်၊ ဇရပ်ပျက်တစ်ခုတွင် နေ၏။ ထိုအခါခိုးသူတို့ လာပြီးလျှင် အချင်းယောကျ်ား သင်အား ဤကဲ့သို့ ဆင်းရဲငြိုငြင်ပင်ပန်းသော၊ အသက်ရှည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်သည်၊ အားခွန်ဗလနှင့် ပြည့်စုံလျက်၊

လက်ခြေချို့သကဲ့သို့ အဘယ်ကြောင့်နေသနည်း။ လာငါ တို့နှင့်အတူတကွ ခိုးမှုကို ပြု၍ အသက်မွေးလော့ဟု ဆို၏။ ထိုသူဌေးသားလည်း၊ အချင်းယောကျ်ားတို့ ငါကား ခိုးမှုကိုမတတ်ပါဟု ဆို၏။ စည်းစိမ်ချမ်းသာကို ခံစားရုံမျှမျှတတ်သော သူဌေးသားအား အဘယ်မှာ ခိုးမှုကိုတတ်ချေအံ့နည်း၊ သူခိုးတို့လည်း၊ သင်အားခိုးမှု အတတ်ကို သင်မည်။ ငါတို့စကားကို နားထောင်ဟု ဆို၏။ သူဌေးသားလည်းကောင်းပြီဟု ဝန်ခံ၍။ ခိုးသူ တို့နှင့်အတူတကွ လိုက်လေ၏။ ထိုအခါ ခိုးသူတို့သည်။ ထိုသူအား ဆောက်ပုတ်တစ်ခုကို ပေးအပ်ပြီးလျှင် ခြံစပ် ကို ဖြတ်၍။ အိမ်တွင်းသို့ ဝင်ကုန်သည်ရှိသော်။ ထိုသူကို ခြံစပ်ဝ၌ထားခဲ့၍။ အကယ်၍ ဤအရပ်သို့ တစ်စုံ တစ်ယောက်သော သူသည် လာရောက်သည်ဖြစ်အံ့။ ဤဆောက်ပုတ်ဖြင့် ကုပ်ဆက်ကို တစ်ချက်ချင်းရိုက်၍၊ သေစေလော့ဟု ဆိုကုန်၏။ ထိုငမိုက်ယောကျ်ားသည်၊ စီးပွားရှိမရှိကိုမသိဘဲ၊ သူတစ်ပါးတို့လာလတ္တံ့သော ခရီး လမ်းကို မျှော်တမ်းလျက် ရပ်၏။ သူခိုးတို့လည်း၊ အိမ်တွင်းသို့ ဝင်၍၊ လိုချင်သည် ဥစ္စာတို့ကိုရှာယူသော်၊ အိမ်လူအပေါင်းတို့ သိကာမျှဖြင့်၊ ဤမှ ထိုထွက်ပြေး ကုန်၏။ အိမ်ရှင်လူတို့လည်း ဖြိုးဖြိုးဖြဖြထ၍၊ ဤမှ ထိုလိုက်လံဖမ်းဆီးကြသော်၊ ခြံစပ်ဝ၌ ရပ်သော ထို ယောကျ်ားကိုမြင်၍။ နင်သူခိုးတကားဟု ဖမ်းယူပြီးလျှင်။ တွေ့မြင်တိုင်းသော။ လုံ့တန် ဆောက်ပုတ်တုတ်တို့နှင့် ရိုက်နှက်ပုတ်ခတ်၍။ အရှင်မင်းကြီး၊ ဤသူကား အိမ်ခြံ စပ်ဝတွင်၊ အရှင်ဖမ်းအပ်သော သူခိုးတည်းဟုဆိုလျက်။ မင်းအားဆက်ကုန်၏။ မင်းလည်း ဤသူ၏ခေါင်းကို ဖြတ်လေဟု မြို့ကွပ်ကို စေ၏။ မြို့ကွပ်လည်း၊ အရှင် မင်းကြီး ကောင်းပြီဟု ဝန်ခံ၍။ ထိုသူကို လက်ပြန်ကြိုး ဖြင့် မြဲမြံစွာ ဖွဲ့ချည်၍၊ နီသော ကုလားဇလပ်ပန်းတို့ကို လည်၌ပန်၍ ခရီးလမ်းဆုံတိုင်း၊ ကြိမ်းသိုင်းဖြင့် ဝန်းရံ ရိုက်ခတ်၍။ သတ်ရာ သင်္ချိုင်းသို့ ထုတ်ဆောင်လေ၏။ ဤပြည်၌လှည့်လည်၍ လုရက်သော ခိုးသူကိုအရှင် ဖမ်းမိသည်ဟု၊ တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက်ဖြစ် ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်တွင် သုလသာအမည်ရှိ သော ပြည့်တန်ဆာမသည်။ ပြာသာဒ်ထက်၌ ရပ်လျက်၊ လေးသောက်တံခါးဖြင့် ကြည့်လေသော်၊ ထိုသို့သော အခြင်းအရာဖြင့် ဆောင်အပ်သော ထိုသူကို မြင်လျှင်၊ ရှေး၌ပြုအပ်သော လေ့ကျက်ခြင်းဖြင့်။ ဤယောကျ်ား ကား၊ များစွာသော စည်းစိမ်ချမ်းသာတို့ကို။ ဤပြည်၌ စံစား၍။ ယခုကား၊ ဤသို့သဘောရှိသော အကျိုးမဲ့ ပျက်စီးခြင်းသို့ရောက်ရသည်ဟု၊ ထိုသူအား သနားခြင်း ကိုဖြစ်စေ၍။ လေးခုသော ကတွတ်မုန့်ခြောက်ကို။ သောက်ရေနှင့်တကွ ပေးလာ၏။ ဤမုန့် ဤရေတို့ကို စားသောက်၍ပြီးရုံမျှ။ ဆိုင်းတွင့်လင့်ပါဟု မြို့ဝန်မင်း အားလည်း ကြားလာ၏။ ယင်းသို့ကြားလာသော ကြောင့်။ ဆိုင်းတွင့်လင့်သည်အတွင်းတွင်။ အရှင် မောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလေသော်။ ထို သူဌေးသား၏ အကြောင်းကိုမြင်တော်မူရကား။ သနား ခြင်းကရုဏာဖြင့် တိုက်တွန်းအပ်သော နှလုံးရှိတော်မူ သည်ဖြစ်၍။ ဤယောကျ်ားကားများ သောမကောင်းမှု ရှိ၏။ ပြုအပ်သော ကောင်းမှုကုသိုလ် ကားတစ်စုံတစ်ခု မျှမရှိသည်ဖြစ်၍ ငရဲ၌ဖြစ်လတ္တံ့။ ငါသွားချေမူ ထိုသူ သည် ငါ့အားအတွက်၊ ကတွတ်မုန့် သောက်ရေတို့ကိုလှူ ၍ ဘုမ္မစိုးနတ်တို့၌ဖြစ်လတ္တံ့၊ ငါသည်ထို သူ၏မှီရာ ဖြစ်ပါမူကား ကောင်းလေစွဟုကြံလျက်၊ ကတွတ်မုန့် သောက်ရေတို့ကို၊ ပေးကပ်သော ထိုယောကျ်ားလည်း ရှင်မောဂ္ဂလာန်မထေရ်ကိုမြင်လျှင်။ ကြည်လန်းသော စိတ်ရှိသည်ဖြစ်၍ ယခုပင်လျှင် သေလတ္တံ့သော ငါ့အား၊ ဤမုန့်သောက်ရေတို့ကို စားသောက်သဖြင့်။ အဘယ် အကျိုးရှိအံ့နည်း။ ဤမုန့်သောက်ရေ တမလွန်ဘဝသို့ သွားသော။ ငါ့အား စားထုပ်ရိက္ခာဖြစ်ပါလတ္တံ့ဟု ကြံ၍ မောဂ္ဂလာန်မထေရ်အား မုန့်ရေတို့ကို လှူလေ၏။

ဣဒံ ပနပရလောကံဂစ္ဆန္တဿပါထေယံဘဝိဿတီတိ စိန္တေတွာမော ဒကေစပါနိယဥ္စထေရဿဒါပေသိ။ ။ပေတဝတ္ထု အဋ္ဌအထာ။ ။ဣဒံပန၊ ဤမုန့် သောက်ရေသည်က ၁း။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တဿ၊ သွားသောငါ့အား။ ပါထေယံ၊ခရီးလမ်းစာ မျိုးရိက္ခာသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ ဣတိ၊ ဤ သို့။ စိန္တေတွာ၊ ကြံ၍။ မောဒကေစ၊ ကတွတ်မုန့်တို့ကို လည်းကောင်း။ ပါနိယဥ္စ၊ သောက်ရေကိုလည်းကောင်း ထေရဿ၊ မောဂ္ဂလာန်မထေရ်အား။ ဒါပေသိ၊ လှူစေ ၏။ ။ ရှင်မောဂ္ဂလာန်မထေရ်လည်း။ ထိုသူ၏ သဒ္ဓါ

mgyoe.com

mgyee.com

တရားပွားစေခြင်းငှာ။ ထိုသူမြင်စဉ်တွင် လျောက်ပတ်ရာအရပ်တွင်။ ထိုင်တော်မူ၍။ မုန့်တို့ကို ဘုဉ်းပေးပြီးမှ။ သောက်ရေတို့ကို သောက်ပြီးလျှင်။ နေရာမှထ၍ကြွတော်မူ၏။ သူသတ်တို့သည် ဦးခေါင်းဖြတ်အပ်သောထိုယောကျ်ားသည်။ အနုတ္တရ ပုညခေတ် အစစ်ဖြစ်တော်မူသော ရှင်မောဂ္ဂလာန်မထေရ်၌ ပြုအပ်သောကောင်းမှုကြောင့်။ မွန်မြတ်သော နတ်ပြည်၌ ဖြစ်ထိုက်သော်လည်း၊ အကျင့်ကြောင့်သုလသာကိုစွဲ၍။ ငါသည်။ ဤလှပ္ပယ်ဝတ္တုတို့ကိုရအပ်၏ဟု၊ သုလသာ၌ ဖြစ်သောချစ်ခြင်းဖြင့်။ သေခါနီးကာလ၌ စိတ်သည် ညစ်နွမ်း၏။ ထို့ကြောင့် ယုတ်သော ဘုမ္မစိုးနတ်အမျိုး၌ ပဋိသန္ဓေနေသည်ရှိသော်။ တောတောင်ကိုမှီ၍ဖြစ်သော ချမ်းအေးသော အရိပ်ရှိသော။ ကြီးစွာသော ပင်ညောင်ပင်၌။ ရက္ခစိုးနတ်ဖြစ်လေ၏။ ထိုသူဌေးသားသည် ပထမအရွယ်၌။ အကယ်၍ ဖောက်ကားရောင်းဝယ်၊ ကုန်သွယ်မှုကိုပြုငြားအံ့။ ပထမအရွယ်၌ပင်၊ ထိုပြည်တွင်သူဌေးတို့၏။ အထွဋ်မြတ်သောသူဌေးကြီးသည်ဖြစ်ရာ၏။ မဇ္ဈိမအရွယ်၌ပြုငြားအံ့။ မဇ္ဈိမသူဌေးသည်ဖြစ်ရာ၏။ ပစ္ဆိမအရွယ်၌ ပြုငြားအံ့။ ပစ္ဆိမသူဌေးသည်ဖြစ်ရာ၏။ အရွယ်သုံးပါး၌ပင်။ ပမာဒတရားအား ကြီးသောကြောင့် မပြုမိလေ။ ပထမအရွယ်၌ အကယ်၍ လူ၏ဘောင်ကိုစွာရောင်စွန့်ပစ်လျက်၊ တောထွက်၍ရဟန်းပြုငြားအံ့။ ရဟန္တာဖြစ်ရာ၏။ မဇ္ဈိမအရွယ်၌ပြုငြားအံ့။ အနာဂါမ်ဖြစ်ရာ၏။ ပစ္ဆိမအရွယ်၌ပြုငြားအံ့။ သောတာပန်ဖြစ်ရာ၏။ အရွယ်သုံးပါး၌ပင် ပမာဒ တရားအားကြီးသောကြောင့် မပြုမိလေ။ လောကီလောကုတ္တရာချမ်းသာနှစ်ပါး၏။ ဆုတ်ယုတ်ခြင်းကိုပြုတတ်သော။ ပမာဒတရား ဆုတ်ယုတ်ရကား။ စက်ဆုပ်ဖွယ်ရှိလောက်အောင် ကြောက်စရာကောင်းသတည်း။ တစ်ရံသောအခါ၊ ထိုဘုမ္မစိုးနတ်သည်။ ဥယျာဉ်သို့အပျော်အပါးသွားသော သုလသာပြည့်တန်ဆာကိုမြင်၍။ ပူပင်သောကာမရာဂရှိရကား။ အမိုက်တိုက်ဖန်ဆင်းပြီးလျှင် သုလသာကို မိမိဗိမာန်သို့ဆောင်၍၊ သုလသာနှင့် ခုနစ်ရက်ပေါင်းဖက်၏။ မိမိအကြောင်းကိုလည်း သုလသာအား ကြား၏။ ထိုအခါ သုလသာ၏အမိသည်။ သမီးကို မမြင်ရကား။ ဤမှ ထိုမှ ငိုကြွေးမြည်တမ်းလျက် ရှုးစမ်းရှာဖွေ၏။ ယင်းသို့ရှာဖွေသည်ကို။ လူအပေါင်းတို့မြင်လေသော်၊ ရှင်မဟာမောဂ္ဂလာန်မထေရ်သည်။ ကြီးသော တန်ခိုးအာနုဘော်ရှိ၏။ ရှင်မောဂ္ဂလာန်မထေရ်သည်သာ။ သုလသာ၏၊ အကြောင်းကို သိရာ၏။ ရှင်မောဂ္ဂလာန်မထေရ်ကိုသာ မေးလျှောက်ပါဟုဆိုကြ၏။ ထိုသုလသာ၏ အမိလည်းလူများဆိုသည့်အတိုင်း။ ရှင်မောဂ္ဂလာန်မထေရ်ကို ချဉ်းကပ်၍ မေးလျှောက်၏။ မောဂ္ဂလာန်လည်း ဤနေ့မှ ခုနစ်ရက်လွန်လေသော်။ ဝေဠုဝန်ကျောင်းတော်၌။ သဗ္ဗညုဘုရားပရိသတ်တို့အား။ တရားဟောတော်မူလတ်သော်၊ ပရိသတ်အစွန်တွင်မြင်ရလတ္တံ့ဟု မိန့်တော်မူ၏။ ထိုအခါသုလသာလည်း၊ အရှင်နတ်မင်း၊ လူဖြစ်သော ငါသည်၊ နတ်ဖြစ်သော သင်နတ်မင်း၏။ ဗိမာန်၌နေခြင်းငှာမတတ်ကောင်း။ သင်နတ်မင်း၏ဗိမာန်တွင် ငါနေသည်ကား။ ယနေ့ခုနစ်ရက်ရှိပြီ၊ ခုနစ်ရက်ပတ်လုံး။ ငါ့ကိုမမြင်သော ငါ၏မိခင်သည်။ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလတ္တံ့။ ငါ့ကိုလူ့ပြည်သို့ပို့ပါဟု ဆို၏။ ဘုမ္မစိုးနတ်လည်း။ ရှင်မောဂ္ဂလာန်ဆိုသည့်အတိုင်း၊ သုလသာကိုပရိသတ်အစွန်တွင်ထား၍။ မထင်ရှားအသွင်ဖြင့် ရပ်၏။ ထိုအခါ လူပေါင်းတို့သည်။ သုလသာကို မြင်၍ မေးကြကုန်၏။ သုလသာလည်း၊ ထိုအကြောင်းကို လူအပေါင်းတို့အား ကြားပေ၏။ လူအပေါင်းတို့လည်း၊ ဤယောကျ်ားသည်။ ခိုးခြင်းတည်းဟူသော မကောင်းမှုကိုပြုသောကြောင့်။ ဥပစ္ဆေဒကကံဖြင့် ဦးခေါင်းပြတ်၍သေလျက်ကို အဘယ်သို့နတ်ဖြစ်နိုင်အံ့နည်းဟု ဆိုကြသော်၊ သုလသာက ငါပေးအပ်သော ကတွတ်မုန့်သောက်ရေတို့ကို။ အရှင်မောဂ္ဂလာန်အား လှူသောကောင်းမှုကြောင့် နတ်ဖြစ်သတည်းဟု ဆို၏။ ထိုစကားကိုကြား၍ လူအများအပေါင်းသည်။ အံ့အဲသောစိတ်ရှိလျက်။ ကုသိုလ်ကောင်းမှု၌အားထုတ်ကြသတည်း။

ဤ၌သူဌေးသားသည်။ ထောင်းထုရိုက်နှက်ပုတ်ခတ်သတ်ဖြတ်ခြင်းတည်းဟူသော ဒဏ္ဍာဆား။ ငရဲ၌ဖြစ်လတ္တံ့သော ဒုဂတိဆားတို့၌ကြောက်ထိတ် လန့်ခြင်း။ ဩတ္တပ္ပသံဝေဂ မရှိသောကြောင့်။ သူခိုးပြုလုပ်၍၊ ဥစ္စာကိုခိုးချေသည်။ ယင်းသို့ခိုးသောကြောင့်လည်း။ ဦးခေါင်းပြတ်ခြင်းစသော ဒဏ္ဍာဆားတို့ကို တွေ့ရချေသည်။

mgyee.com

ငရဲဖြစ်လတ္တံ့သောဘေးကိုတွေ့၍။ ကြောက်ထိတ်လန့်သော ဩတ္တပ္ပသံဝေဂကိုဖြစ်စေပြန်၍။ ရှင်မောဂ္ဂလာန်အား ကတွတ်မုန့်နှင့် သောက်ရေကို လှူသောကြောင့်။ ဒုဂတိဘေးနှင့် ကင်းဝေးလျက်၊ သုဂတိဘဝကို ရချေသည်။ ဤသူဌေးသား၏ဩတ္တပ္ပသံဝေဂ စဉ်းစားလျှင်၊ ဘေးမှလွတ်ခြင်း မရှိလျှင်။ ဘေးတွေ့ခြင်းကို ဆင်ခြင်၍၊ ယခုအခါ ပညာရှိအပေါင်းသူတော်ကောင်းတို့မှာ။ ဒုက္ခဘေး။ ဒုဂတိဘေးတို့မှကင်းဝေးအောင် ဩတ္တပ္ပသံဝေဂတရားကို နှလုံးထား၍ကောင်းမှုမှ ကြဉ်ရှောင် ကုန်ရာ၏။ ဘုရားမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော်နေတော်မူသောအခါ၊ ခလ္လာတိယမည်သော၊ ပေမာနိကနတ်သမီးကိုအကြောင်းပြု၍။ ဟောတော်မူအပ်၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌၊ မထင်ရှားသော အဆင်းကိုမှီ၍။ အသက်မွေးသော မိန်းမတစ်ယောက်သည် လှပတင့်တယ်။ ရှုချင်ဖွယ်ကြည်ညိုဖွယ်သော ကိုယ်အရေအဆင်း၊ ကောင်းခြင်းနှင့်ပြည့်စုံ၏။ အထူးအားဖြင့် ဆံပင်သည် အလွန်ကောင်း၏။ ထိုမိန်းမ၏ ဆံပင်တို့သည်။ အလွန်မည်းနက်ကုန်၏။ အလွန်ရှည် သွယ်ကုန်၏။ အလွန်သိမ်မွေ့ နူးညံ့ပြေပြစ်ကုန်၏။ ကော့သောအဖျားရှိကုန်၏။ ထုံးပြီးသော ဆံတို့သည်။ ခါးတင်ပါးတိုင်းအောင် တွဲလျားဆွဲကုန်၏။ ဖြေ၍ချသည်ရှိသော်။ ခြေဖနောင့်နားသို့ရောက်မှ အဖျားကော့၍တက်ကုန်၏။ ထိုမိန်းမဆံပင်၏ တင့်တယ်ခြင်းကို မြင်ရာကား။ များသောအားဖြင့် ယောကျ်ားလူပျိုတို့သည်။ ထိုမိန်းမ၌သာ ကြိုက်နှစ်သက်ကုန်သတည်း။ ထိုအခါ ထိုမိန်းမ၏ ယောကျ်ားတို့ကြိုက်နှစ်သက်ခြင်း။ ဆံပင်၏ ကောင်းခြင်းကို သည်းမခံဘဲ။ ငြူစူကုန်သော ရန်သူမိန်းမတို့သည်။ တကွနက်တိုင်ပင် ကုန်၍။ ထိုမိန်းမ၏ အလုပ်အကျွေးကျွန်မိန်းမကို အာမိသဖြင့် ဖြားယောင်းပြီးလျှင် သခင်မအား။ ဆံကျွတ်ဆေးကို ပေးစေကုန်၏။ ထိုကျွန်မသည်။ ဆံကျွတ်ဆေးကို။ ရေချိုးကသည်မှုန့်နှင့်နယ်၍။ ဂင်္ဂါမြစ်ဝယ် ရေချိုးသောကာလ။ သခင်မအားပေး၏။ သခင်မလည်း ထိုကသည်မှုန့်ဖြင့် ဆံရင်း၌ ပွတ်နယ်ပြီးလျှင်။ ရေဝယ်ငုပ်၏။ ငုပ်ခါမျှလျှင်၊ ဆံပင်တို့သည်အရင်းမှ ကျွတ်၍ ကျကုန်၏။ ထိုမိန်းမ၏

ဦးခေါင်းသည်။ ဆံပင်မရှိရကား။ ဘူးခါးသီးနှင့် သဏ္ဌာန်တူ၏။ ထို့နောင် ပေါက်ရောက်သော ဆံပင်တို့သည် အတောင်အမွေးကိုနုတ်ကာမျှဖြစ်သော ကျီးမငယ်ကဲ့သို့အဆင်းမလှသည်ဖြစ်၍ ရှက်ရကား။ မြို့တွင်းသို့မဝင်ဝံ့သည်ဖြစ်၍ အဝတ်ဖြင့် ဦးခေါင်းကိုရစ်ပြီးမှ။ မြို့ပြင်တွင် အမှတ်မထင်သော အရပ်၌နေလျက်။ ၂ ရက် ၃ ရက်လွန်မှ။ ရှက်ခြင်းပြယ်ကင်းလေ၏။ ယင်းသို့အရှက်ပြယ်ကင်းမှ မြို့တွင်းသို့ဝင်လာ၍။ အဆင်းကိုမှီလျက် အသက်မွေးစရာမရှိရကား။ ဆီကြိတ်၍ ဆီကုန်သွယ်ခြင်း။ သေချက်၍ အရက်ရောင်းခြင်းကို ပြုလျက် အသက်မွေး၏။ တစ်နေ့သ၌ နှစ်ယောက်သုံးယောက်သော သေသောက်ကြူးတို့သည်။ သေအရက်မူးသောကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ကုန်သည်ရှိသော်၊ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂမရှိရကား။ ထိုသေသောက်ကြူးတို့၏ အဝတ်ပုဆိုးကို ခိုးယူလေ၏။ တစ်နေ့သ၌၊ ထိုမိန်းမသည်ပင်။ ရဟန္တာတစ်ပါး ဆွမ်းရပ်လာသည်ကို။ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ မိမိအိမ်တွင်းသို့သွင်းပြီးလျှင် ခင်းအပ်သောနေရာ၌ နေစေ၍။ ဆီနှင့်ရောသော ဆီထွေး နှမ်းပတ်ကို လှူ၏။ ရဟန္တာအရှင်လည်း။ ထိုမိန်းမအားအစဉ်သနားသဖြင့်။ ထိုဆီထွေးနှင့် နှမ်းပတ်ကိုခံယူ၍။ ဘုဉ်းပေးတော်မူ၏။ ထိုမိန်းမလည်း ကြည်ညိုသောစိတ်ရှိရကား။ အထက်၌ ထီးဆောင်းလျက် တည်၏။ ရဟန္တာအရှင်လည်း။ ထိုမိန်းမ၏ သဒ္ဓါပန်းသည် ရှင်လန်းစေဟု နှလုံးပြု၍ အနုမောဒနာပြုတော်မူ၏။ ယင်းသို့အနုမောဒနာပြုသည်ကာလ။ ထိုမိန်းမသည်။ ငါ၏ဆံပင်တို့သည်ကား။ နက်မည်းရှည်သွယ်နူးညံ့သိမ်မွေ့လျက်၊ အဖျားတတ်၍ ကော့စေကုန်သတည်းဟု ဆုတောင်းဆုယူပြု၏။ အနုတ္တရပုညခေတ္တအမည်။ ဖြစ်တော်မူသော ရဟန္တာအရှင်အား များမြတ်သော သဒ္ဓါပန်းကို ရှင်လန်းစေလျက်။ နှစ်သက်ဝမ်းမြောက်စွာ လှူဒါန်း ရသောဒါန၏ အကျိုးအာနိသင်ကို။ လိုချင်တိုင်းတောင်း၍။ ကောင်းမြတ်သော လောကီလောကုတ္တရာအကျိုးထူးကိုရသင့်ပါလျက်၊ အလိမ္မာနည်းလှသောကြောင့်၊ ဆံကောင်းရုံမျှဆုကိုယူလေသတည်း၊ ထိုမိန်းမသည် အခါတစ်ပါး၌သေလွန်၍။ မိဿကကံ၏အကျိုး

 mgyoe.com


ကြောင့်။ သမုဒ္ဒရာအလယ်ရွှေဗိမာန်၌။ တစ်ယောက်အထီးတည်းဖြစ်ရလေ၏။ ထိုမိန်းမ၏ ဆံပင်တို့သည် ဆုတောင်းသည့်အတိုင်း ပြည့်စုံကုန်၏။ လူတို့ပုဆိုးခိုးမိချေသောကြောင့်။ ကိုယ်၌ကား အဝတ်မရှိအချည်းဆည်းသာ ဖြစ်ရှာလေသတည်း။ ။ မနုဿာ နံသာဋကာဝဟ ရဏာ နနဂ္ဂ အဟောသိ။ ။ ပေတ ဝတ္ထုအဋ္ဌကထာ။ ။ မနုဿာနံ၊ လူတို့၏။ သာဋကာဝဟ ရဏာနပုဆိုးတို့ကို ခိုးယူခြင်းကြောင့်။ နဂ္ဂါ၊ ကိုယ်၌ အဝတ်မတည်အချည်းဆည်းသည်။ အဟောသိ၊ ဖြစ်ပြီ။ ထိုမိန်းမသည်။ ထိုရွှေဗိမာန်၌ အတန်တန် အထပ်ထပ်ဖြစ်၍။ အဝတ်မကပ်အချည်းဆည်း။ ကဿပဘုရားနှင့် ငါတို့ဘုရားအကြားကာလကို လွန်စေ၏။ ထိုအခါ ငါတို့ဘုရားသည်၊ လောကၡ္ဖြစ်တော်မူ၍၊ ဓမ္မစကြာတရားကို ဟောကြားပြီးမှ အစဉ်သဖြင့် သာဝတ္ထိပြည်၌ နေတော်မူသည် ရှိသော်။ သာဝတ္ထိပြည်သား ခုနစ်ရာသော ကုန်သည်တို့သည်။ သုဝဏ္ဏဘုမ္မိကိုရည်ဆောင်၍။ လှေဖောင် သင်္ဘောဖြင့် သမုဒ္ဒရာကို ကူးကုန်၏။ ထိုသူတို့စီးအပ်သော လှေသည်။ မညီညွတ်သောလေ၏ အဟုန်ဖြင့်၊ ပစ်အပ်သည်ဖြစ်၍။ ဤမှထိုမှလည်လျက်၊ ထိုနတ်သမီးနေရာ အရပ်သို့ရောက်လေ၏။ ထိုအခါ၊ နတ်သမီးလည်း၊ ဗိမာန်နှင့်တကွ၊ မိမိကိုယ်ကို ထိုကုန်သည်တို့အား ပြလေ၏။ နတ်သမီးကို မြင်၍။ ကုန်သည်ကြီးတို့သည်။ ဗိမာန်တွင်းဝယ်။ အဘယ်သူနည်း။ လူလောနတ်လော၊ ထွက်ပါ။ ငါတို့သင့်ကို ကြည့်လိုပါသည်ဟု ကုန်သည်ကဆို၏။ နတ်သမီးလည်း အဝတ်မရှိ၍။ အပသို့ထွက်ခြင်းငှာ ရှက်လှပါသည်။ ငါမထွက်ဝံ့ဟု ဆို၏။ ယင်းသို့သော်၊ ဤအဝတ်ကိုဝတ်၍။ အပသို့ထွက်ဟု၊ အထက်ဝတ်ပုဆိုးကို နတ်သမီးအားပေး၏။ နတ်သမီးလည်း လက်ဖြင့်လက်၌ ပေး၍ ငါမရပါ။ စင်စစ်မှာမူ။ ဤလူအပေါင်းတွင် ရှင်တော်ဘုရား၏တပည့်သားအစစ်ဖြစ်သော။ ကံ–ကံ၏အကျိုး၊ ရတနာသုံးပါးဂုဏ်ကို ယုံကြည်သော လူဥပါသကာသည်ပါလာ၏။ ထိုဥပါသကာအား ပေးလှူ၍။ ငါ့အား အလှူ၏အဖို့ကိုသာ ပေးဝေပါ။ သာဓုခေါ်သော ငါ့အား အလကားရပါလိမ့်မည်ဟု ဆို၏။ ထိုစကားကို ကြား၍။ သင်္ဘောသားတို့လည်း။ ထိုဥပါသကာကို ရေမိုးချိုးပြီးလျှင်။ ကောင်းမြတ်သော ဘောဇဉ်ခဲဖွယ်တို့ကို စားစေ၍။ ပုဆိုးအစုံတို့ဖြင့် လှူကုန်၍။ နတ်သမီးအား။ ထိုဒါနကို အမျှပေးဝေကုန်၏။ နတ်သမီးလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၏။ ယင်းသို့မျှဝေ၍ သာဓုခေါ်သော ခဏ၌။ နတ်သမီးအား။ များစွာသောခဲဖွယ်ဘောဇဉ် အဝတ်ပုဆိုးတို့သည်။ ပြည့်စုံကုန်သည်ဖြစ်၍။ နတ်ပုဆိုးဝတ်ပြီးလျှင်၊ ပြုံးရွှင်သည်ဖြစ်၍ ဗိမာန်မှထွက်၏။ ကုသိုလ်၏ အကျိုးဆက်ကို။ မျက်မှောက်ထင်ထင် မြင်ရကုန်သော သင်္ဘောသားတို့သည်။ အံ့ဩသောစိတ်ရှိကုန်သည်ဖြစ်၍။ ထိုဥပါသကာအား။ များစွာ ရိုသေမြတ်နိုးကုန်သည်ဖြစ်၍။ လက်အုပ်ချီလျက် ရှိခိုးဆည်းကပ်ကုန်၏။ ဥပါသကာလည်း သင်္ဘောသားတို့အား တရားဖြင့်ထုံစေလျက် သရဏဂုံသီလတို့၌ တည်စေ၏။ ထိုသင်္ဘောသားတို့လည်း။ နတ်သမီး၏ ကောင်းမှု မကောင်းမှုကို မေးမြန်းကုန်၏။ နတ်သမီးလည်း။ ငါကားရဟန်းအား ဆီထွေးနှင့် နှမ်းပတ်လှူခြင်းတည်းဟူသော။ အနည်းငယ်သော ကောင်းမှုကိုသာပြုမိသည်။ ထိုကောင်းမှု၏အကျိုးအားဖြင့်။ နတ်ဗိမာန်၌ စံနေရသည်။ သူ့ပုဆိုးကိုခိုးခြင်းစသော မကောင်းမှုကိုကား၊ များစွာပြုမိသည်။ ထိုမကောင်းမှု၏ အကျိုးအားဖြင့် ဤမှလေးလထက်၌စုတေပြီးလျှင်။ အဝီစိငရဲ၌ဖြစ်ရလိမ့်မည်ဟု ဆို၏။ ဥပါသကာလည်း။ ထိုနတ်သမီး၏ စကားကို ကြားလျှင်။ သနားသည်ဖြစ်၍။ နတ်သမီး၊ ငါတစ်ယောက်အား ပေးလှူကာမျှဖြင့်။ ယခုကဲ့သို့ အလိုခပ်သိမ်းနှင့်ပြည့်စုံသေး၏။ သရဏဂုံသီလ၌တည်ကုန်သော်။ ဤအလုံးစုံသော သင်္ဘောသားတို့အား ပေးလှူ၍။ သဗ္ဗညုဘုရား၏ဂုဏ်တော်တို့ကို အောက်မေ့သည်ရှိသော်။ ငရဲမှလွတ်လတ္တံ့ဟု ဆို၏။ နတ်သမီးလည်း ဝမ်းမြောက်ဝမ်းသာ ကောင်းပါပြီဟု ဝန်ခံ၍ ထိုသင်္ဘောသားတို့အား နတ်၌ဖြစ်သော ထမင်းအဖျော် အဝတ်ပုဆိုးတို့ဖြင့် ရောင့်ရဲစေပြီးလျှင်။ သဗ္ဗညုဘုရားကို ရည်၍ ပုဆိုးတစ်စုံကို သင်္ဘောသားတို့ လက်တွင်အပ်ပြီးမှ။ အရှင်ဘုရား။ အဝတ်မရှိသော ဝိမာနပေတိနတ်သမီးတစ်ယောက်သည်။ အရှင်ဘုရား၏ခြေတော်အစုံကို ဦးဖြင့် ရှိခိုးပါ၏ဟု သာဝတ္ထိပြည်သို့သွား၍ စကားဖြင့် ဘုရားသဗ္ဗညုကိုလျှောက်ပါလေဟု မှာလိုက်၏။ ထို

mgyoe.com

mgyoe.com

သဘော်ကိုလည်း မိမိအာနုဘော်ဖြင့် လိုရာအရပ်သို့ ရောက်အောင် ဆောင်ပို့လိုက်၏။ သဘော်သားတို့လည်း သာဝတ္ထိပြည်သို့ရောက်လျှင် ဇေတဝန်ကျောင်းတော်သို့သွား၍ ဘုရားသဗ္ဗညုအား ပုဆိုးအစုံကို လှူပြီးလျှင်။ နတ်သမီးမှာလိုက်သည်အတိုင်း ရှိခိုးခြင်းကြား၍ ထိုအကြောင်းကို လျှောက်ကုန်၏။ သဗ္ဗညုဘုရားလည်း၊ ထိုစကားကိုအကြောင်းပြု၍ ရောက်လာသောပရိသတ်တို့အား အကျယ်အားဖြင့် တရားဟောတော်မူ၏။ များစွာသော လူနတ်တို့သည် အကျွတ်တရားရကြကုန်၏။ သဘော်သားဥပါသကာတို့လည်း နှစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူကိုပေး၍ ကောင်းမှုအဖို့တို့ကို နတ်သမီးအား အမျှဝေကုန်၏။ နတ်သမီးလည်း ပြိတ္တာဘဝမှ စုတေ၍ တာဝတိံသာနတ်ပြည် ရွှေဗိမာန်၌ ဖြစ်လေ၏။

ဤ၌ထိုမိန်းမသည်၊ မကောင်းမှုမှကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းသောကြောင့် သူ၏အဝတ်ပုဆိုးကို ခိုးယူခြင်းတည်ဟူသောမကောင်းမှုကိုပြုချေသည်။ ထိုမကောင်းမှု၏ အကျိုးအားဖြင့် ဘုရားတစ်ဆူနှင့် တစ်ဆူ၏အကြား မဟာပထဝီမြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ်အထက်သို့ မြင့်သည်တိုင်အောင် ကာလပတ်လုံး၊ အချည်းဆည်းအဝတ်မဝတ်ဘဲ ဆင်းရဲဒုက္ခကို ခံရချေသည်။ ထိုမကောင်းမှု၏အကျိုးအားဖြင့် ငရဲသို့ရောက်လောက်လျက်နောင် တစ်ဖန် သူတော်ကောင်းတို့နှင့် ပေါင်းမိ၍သြတ္တပ္ပသံဝေဂတရားကိုပွားပြန်စေသောကြောင့် ပူပန်သော ငရဲဘေးမှ ကင်းဝေးလျက် ချမ်းအေးသော နတ်ပြည်၌ဖြစ်ရလေသည်ဟု လာသော ကျမ်းဂန်စကားကို ထောက်ထားဆင်ခြင်၍ ယခုအခါ ပညာရှိသူအပေါင်း သူတော်ကောင်းတို့မှာ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်းလက္ခဏာရှိသော။ သြတ္တပ္ပသံဝေဂတရားကို များစွာပွားစေအပ်၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်။ နတ္ထိကမိစ္ဆာ အယူရှိသော အပ္ပသက္ကာရမည်သော လိစ္ဆဝီမင်းသည်။ ဝေသာလီပြည်၌ မင်းပြု၍နေသတတ်။ ထိုအခါ ဝေသာလီပြည်တွင် ကုန်သည်တစ်ယောက်၏ အိမ်ခြေအနီးအပါး၌။ ရွံ့ညွန်အိုင်သည်ရှိ၏။ ထိုညွန်အိုင်၌ ခုန်လွှား၍သွားရကုန်သော သူတို့သည်၊ ပင်ပန်းကုန်၏။ မခုန်လွှားဘဲ ဆင်း၍သွားရသော သူတို့သည်ရွံ့ညွန်လူးကုန်၏။ ထိုအကြောင်းကို ကုန်သည်မြင်လေသော် မပင်ပန်းစေခြင်းငှာ။ ရွံ့ညွန်မလူးစေခြင်းငှာ။ ညီစော်နံလှောင်း မကောင်းသောအနံ့မှ ကင်း၍။ ခရသင်းနှင့် တူသော နွားခေါင်းရိုးကို တံတားပြု၍ ခင်း၏။ ထိုကုန်သည်အား သဘောအားဖြင့် သီလနှင့်ပြည့်စုံ၏။ အမျက်စောင်းမာန်နည်း၏။ သိမ်မွေ့နူးညံ့သော စကားရှိ၏။ ဟုတ်မှန်တိုင်း သူတစ်ပါးတို့၏ကျေးဇူးစကားကို ကြားတတ်၏။ ထိုကုန်သည်သည်၊ တစ်နေ့သ၌ ရေချိုးသော မိမိအဆွေခင်ပွန်း၏ မေ့လျော့သောအားဖြင့် မမြင်စဉ်၊ ကျီစယ်လိုသော အမှတ်ဖြင့်။ အဝတ်ပုဆိုးကို ခိုးဝှက်ပယ်ထား၍ များစွာဆင်းရဲစေပြီးမှပေး၏။ ထိုကုန်သည်၏တူကား။ သူတစ်ပါးတို့အိမ်မှာခိုးမှုအတတ်ယုတ်ဖြင့်။ သူ့ဥစ္စာကိုခိုးပြီးလျှင် ဦးရီးအိမ်ဈေး၌ ချထား၏။ ဥစ္စာရှင်တို့သည် စူးစမ်းရှာဖွေကုန်သည်ရှိသော်။ ဥစ္စာထုပ်နှင့်တကွ ကုန်သည်တူကို ဖမ်းမိ၍။ တူ–ဦးရီး နှစ်ယောက်လုံးကိုပင် အရှင်ဖမ်း၍ မင်းအား ပြကုန်၏။ မင်းလည်း ဦးရီးကိုမူကား ဦးခေါင်းကိုဖြတ်၍ အသေသတ်။ တူကိုမူကား အသက်ရှင်စဉ် တံကျင်၌တင်ဟုစေလေ၏။ ။ ရာဇာဣမဿသီသံဆိန္ဒထ။ ဘာဂိနေယျံ ပနဿ သူလေအာရောပေထတိအာဏာပေသိ။ ။ပေတဝတ္ထုအဋ္ဌကထာ။ ။ရာဇာ၊ မင်းသည်။ ဣမဿ၊ ဤဦးရီး၏ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒထ၊ ဖြတ်လေကုန်။ အဿ၊ ထိုဦးရီး၏။ ဘာဂိနေယျံ ပန၊ တူကိုကား။ သူလေ၊ တံကျင်၌။ အာရောပထ၊ တင်ကြလေကုန်။ ဣတိ၊ ဤသို့။ အာဏာပေသိ၊ စေ၏။ ။ မင်းချင်းယောကျ်ား အာဏာသားတို့လည်း။ မင်းစေတိုင်းပြုကုန်၏။ ဤ၌ တူဖြစ်သောသူသည် မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂမရှိသောကြောင့်။ သူ့ဥစ္စာကို ခိုးမိရကား။ ဦးရီးသည် အသက်ဆုံးရှုံးခြင်းတည်းဟူသော ဒဏ္ဍဘေးသို့ ရောက်ရချေသည်။ မိမိလည်း သေကျေပျက်စီးလောက်အောင် အသက်ရှင်စဉ် တံကျင်၌ တင်ခြင်းတည်းဟူသော ဒဏ္ဍဘေး။ နောင်အခါငရဲ၌ ဖြစ်လတ္တံ့သော ဒုဂတိဘေးသို့ရောက်ရချေသည်။ သြော်

mgyoe.com

mgyoe.com

ညြွတ္တပ္ပသံဝေဂမရှိခြင်းကား၊ အလွန်အပြစ်များစွ။ ။တူ ဦးရီးနှစ်ယောက်တို့တွင်။ ဦးရီးသည်သေ၍ ဘုမ္မစိုးနတ်ဖြစ်လေသော်။ နွားခေါင်းရိုး ဖြင့်တံတားခင်းခဲ့ဖူးသောကောင်းမှုကြောင့်။ ကိုယ်လုံးဖြူသော မနေဇဝအာဇာနည်နတ်မြင်းကိုရ၏။ နူးညံ့သိမ်မွေ့သော စကားရှိလျက်။ အမျက်စောင်မာန်နည်းသောကြောင့်။ ကိုယ်အရေအဆင်းလည်း အလွန်လှပတင့်တယ်၏။ ဂုဏ်ရှိသောသူတို့၏ ကျေးဇူးစကားကို ဟုတ်မှန်တိုင်းဆိုသောကြောင့်။ ကိုယ်မှနတ်၏ အနံ့သည် သင်းပျံ့မွှေးလှိုင်၏။ အဆွေခင်ပွန်း၏ ပုဆိုးကို။ ဝှက်ထား၍ ကျိုစားမိသောကြောင့်။ ကိုယ်၌ကား အဝတ်မရှိလေ။ ထိုနတ်သည် တံကျင်၌တင်သော မိမိတူကိုမြင်၍ သနားရကား။ မနောဇဝ သိန္ဓောမြင်းကိုစီးပြီးလျှင်။ ညဥ့်သန်းခေါင်အခါ တံကျင်တင်ရာအရပ်သို့လာပြီးမှ မနီးမဝေးသော အရပ်၌ ရပ်လျက်၊ အချင်းယောကျ်ား။ သင်ကား အသက်ရှင်ပါ၊ သေသောထက် အသက်ရှင်ခြင်းကား၊ သင်အား မြတ်လှစွာ၏ဟု နေ့တိုင်း နေ့တိုင်း ဆိုလာ၏။ ထိုအခါ အပ္ပသက္ကရလိစ္ဆဝီမင်းသည်။ မြတ်သော ဆင်ကျောက်ကုန်းထက်စီးလျက်။ လက်ယာရစ်မြို့တော်ကို လှည့်ပတ်တော်အမှတ်မရှိသော အိမ်၌၊ လေသာတံခါးကိုဖွင့်၍။ မင်း၏တင့်တယ်ခြင်းကိုကြည့်ရှုသော။ တစ်ယောက်သောမိန်းမ၌။ ထပ်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ နောက်၌နေသော မင်းချင်းယောကျ်ားကိုခေါ်၍။ အချင်းဤမိန်းမ၏ လင်မဲ့လင်ရှိကို။ သိအောင်ပြုပါချေဟုဆိုသောကြောင့်။ ထိုအချင်းယောကျ်ားသွား၍ စုံစမ်းလျှင်။ လင်ရှိသည်၏အဖြစ်ကိုသိ၍ မင်းအား ကြား၏။ မင်းလည်း လင်ရှိမယားကို မင်းသိမ်းယူလိုသောကြောင့်။ လင်ကိုခေါ်ပြီးလျှင်။ ငါ့အား ခစားလော့ဟု ဆို၏။ ထိုယောကျ်ားလည်း။ ခစားခြင်းငှာ အလိုမရှိဘဲ မင်း၏အာဏာကို မဆန်ဝံ့၍။ မမေ့မလျော့ကြောက်လန့်လျက်ခစား၏။ မင်းကား ထိုယောကျ်ားအား။ တစ်စုံတစ်ခုသော အမှုယွင်းချွတ်မှု။ ရာဇဝတ်ပေး၍ သတ်ပြီးလျှင်။ မယားကို ယူမည်အကြံနှင့် ခစားစေ၏။ ယောကျ်ားကား၊ မင်း၏အကြံကိုသိ၍။ မမေ့မလျော့ခစားသည်။ ယင်းသို့ခစားသောကြောင့်။ အပြစ်မရသော်၊ ထိုယောကျ်ားကိုခေါ်၍။ အချင်း၊ ဤမည်သောအရပ်၌၊ ရေကန်သည်ရှိ၏။ ထိုကန်သို့သွားပြီးလျှင်။ အာရုံအဆင်းရှိသောမြေညက်၊ ကြာနီ၊ ကြာဖြူ အစရှိသည်တို့ကို ဆောင်ယူချေ။ အကယ်၍ ယနေ့မလာမရောက်ငြားအံ့၊ သင့်အားအသက်မရှိပြီဟု ဆို၏။ ယင်းသို့ဆို၍။ ထိုယောကျ်ားသွားလေသော်။ တံခါးစောင့်တို့ကို ခေါ်၍၊ ယနေ့နေမဝင်မီ တံ ခါးအလုံးစုံတို့ကို၊ အကုန်ပိတ်ဟု ဆင့်ဆို၏။ ရေကန်ကား။ ဝေသာလီပြည်မှ သုံးယူဇနာကွာ၏။ ထိုယောကျ်ားလည်း သေဘေးမှ ကြောက်သောကြောင့်။ လျင်စွာသွားလေသော်၊ မွန်းမတည့်မီ ရေကန်သို့ရောက်၍။ နတ်တို့အား ပသပြီးလျှင် ထမင်းစား၍။ ကြွင်းသောထမင်းကို၊ ရေကန်တွင် ငါးလိပ်တို့အားပေး၍။ အလှူဒါနကို အမျှဝေ၏။ ထိုရေကန်အား ဒကရက္ခိုက်စောင့်သော ရေကန်တည်း။ ရေကန်စောင့်သော၊ ဒကရက္ခိုက်လည်း။ ထိုယောကျ်ားအား။ သနားကြင်နာသည်ဖြစ်၍။ လူ၏အသွင်ဖြင့်ကပ်ပြီးလျှင်။ အိုယောကျ်ားအဘယ်အကျိုးငှာလာသနည်းမေး၍။ ထိုအကြောင်းကို ကြားလသော်။ အလိုရှိတိုင်း ယူ၍သွားဟုဆိုပြီးလျှင်။ နတ်၏အသွင်ကိုပြ၍ ကွယ်လေ၏။ ထိုယောကျ်ားလည်း မြေညက်ကြာအစရှိသည်တို့ကို ယူ၍။ နေမဝင်မီမြို့တံခါးသို့ရောက်လာ၏။ တံခါးစောင့်လည်း။ ထိုယောကျ်ားကိုမြင်လျှင်။ ရုတ်တရက်ချင်းထ၍ တံခါးကိုပိတ်၏။ ထိုယောကျ်ားလည်း။ တံခါးကိုပိတ်သောကြောင့်၊ ဝင်ခွင့်မရရကား။ တံခါး၏အနီး၌ တံကျင်လျှိုသောသူ၏အထံသို့သာသွား၍၊ ငါ့အားအပြစ်မရှိ၊ နေမဝင်မီရောက်လာသောအဖြစ်ကို သင်အသိပင် သက်သေခံပါဟု ဆို၏။ တံကျင်လျှိုသော ယောကျ်ားလည်း၊ ထိုစကားကိုကြား၍။ ငါကား တံကျင်လျှိုသည်ဖြစ်၍၊ သေခြင်းသို့ ရှေးရှုသောသူဖြစ်လျက်။ သင့်အတွက်ကို၊ အဘယ်မှာ သက်သေခံနိုင်အံ့နည်း။ ဤအရပ်သို့ နတ်ကြီးတစ်ယောက်လာလတ္တံ့၊ ထိုနတ်ကြီးကို သက်သေတည်ပါဆိုသောကြောင့်၊ ထိုနတ်ကြီးအလာကို ငံ့လင့်၍။ သက်သေတည်၏။ မိုးသောက်လေသော်၊ မင်းက ဤသူကား၊ ငါ့အာဏာကိုဆန်လွန်သောသူ ဖြစ်သည်။ ရာဇဒဏ်ခတ်အံ့ဟုဆိုလျှင်၊ ထိုယောကျ်ားက။ အရှင်မင်းကြီးက ကျွန်ုပ်ကား၊ အာဏာတော်ကိုမဆန်လွန်၊ နေမဝင်မီရောက်ပါ၏ဆိုသောကြောင့်၊ ထိုအရာဝယ် ယုံကြည်ဖွယ်

mgyoe.com

mgyoe.com

သက်သေပြပါဟုဆိုလျှင်။ ထိုယောကျ်ားလည်း၊ တံကျင်လျှိုသော သူ၏အထံသို့လာသော နတ်ကြီးပင်တည်းဟုဆို၏။ ထိုအရာဝယ် အဘယ်သို့ ငါတို့ယုံကြည်ရမည်နည်းဟု၊ မင်းကဆိုလေသော်။ ယုံကြည်လောက်သော မင်းချင်းတစ်ယောက်ကို ကျွန်ုပ်တို့နှင့်အတူတကွ ညဉ့်သန်းခေါင်အခါ စေတော်မူပါ။ ပြပါမည်ဟုဆိုလျှင်၊ ငါပင်လိုက်မည်ဟု မင်းလည်း ကိုယ်တိုင်ပင်လိုက်၍ ထိုသူနှင့်တကွကြည့်ကြ၏။ နတ်ကြီးလည်းလာပြီးလျှင် အိုယောကျ်ား အသက်ရှင်ပါ၊ သေသောထက် အသက်ရှင်ခြင်းကား သင့်အား မြတ်လှစွာ၏ဟု ဆို၏။ အပွသက္ကရလိစ္ဆဝီမင်းလည်း အဘယ်ကြောင့် ဤသို့ဆိုလာသနည်းဟု နတ်ကြီးအားမေး၏။ နတ်ကြီးလည်း ဤသူကား ရှေးရှေးဘဝ၌ ငါ့တူတည်း။ ဤသူသည်ခိုးယူခြင်းတည်းဟူသော မကောင်းမှုကို ပြုချေသောကြောင့်။ ဤဘဝမှ စုတေလျှင် ငရဲ၌ ဖြစ်ရလိမ့်မည်။ ငရဲ၌ဖြစ်ရသောထက် ဤတံကျင်လျှိုလျက် အသက်ရှင်ရခြင်းသည် အလွန်မြတ်သောကြောင့် ငါဆိုသည်ဟု ဆို၏။ လိစ္ဆဝီမင်းလည်း သည်မှတစ်ပါး နတ်မင်းအား မေးပါရစေဦး၊ စိတ်မဆိုးပါနှင့်ဟု ခွင့်တောင်း၏။ ဘုမ္မစိုးနတ်လည်းမေးတော့ဟု ခွင့်ပြု၏။ အဘယ့်ကြောင့် မနောဇဝသိန္ဓောမြင်းကိုရသနည်းဟု မေး၏။ ဝေသာလီပြည်တွင်းဝယ် တံတားခင်းဖူးသောကြောင့်ရသည်ဟု ဆို၏။ အဘယ့်ကြောင့် ကိုယ်အဆင်းလှသနည်းဟု မေး၏။ ငါကား နူးညံ့သိမ်မွေ့သော စကားရှိလျက် အမျက်အစောင်းမာန်နည်းသောကြောင့် အဆင်းလှသည်ဟု ဆို၏။ အဘယ့်ကြောင့်ကား၊ ကိုယ်မှနတ်၏ အနံ့လှိုင်ပျံ့သနည်းဟု မေး၏။ ကျေးဇူးဂုဏ်ရှိသော သူတို့၏။ ကျေးဇူးဂုဏ်ကို ဟုတ်မှန်တိုင်းဆိုသောကြောင့်။ ကိုယ်မှနတ်၏အနံ့ လှိုင်ပျံ့မွှေးသည်ဟု ဆို၏။ အဘယ့်ကြောင့်ကား။ ကိုယ်၌ အဝတ်မတည် အချည်းဆည်းနေရသနည်းဟု မေး၏။ ရေဆိပ်၌ရေချိုးသော အဆွေခင်ပွန်းတို့၏။ ပုဆိုးများကို ကျီစားလိုသော စိတ်ဖြင့်။ ခိုးဝှက်၍ထားသောကြောင့်။ ကိုယ်၌ကား အဝတ်မဝတ်ရသတည်း။ (ကျီစားလိုသောစိတ်ဖြင့် ပြုကာမျှဖြစ်သော မကောင်းမှု၏အကျိုးကိုသော်လည်း၊ ဤမျှလောက်ခံရသေး၏။ အကယ်၍ ခိုးလိုသော စိတ်စေတနာနှင့်၊ ခိုးဝှက်သော မကောင်းမှု၏ အကျိုးမှာ။ ဆိုရာ အဘယ်သို့ရှိကောင်းအံ့နည်း)။ အရှင်မင်းကြီးသည်။ အကျွန်ုပ်ပြုကျင့်သော အမှုကို။ ရှုကြည့်တော်မူပါဆို၏။ မင်းကြီးအကြင်သူတို့သည်။ ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် မကောင်းမှုကိုပြုကုန်၏။ ထိုသူတို့သည်၊ နတ်ပြည်၌ ဖြစ်ကုန်၏ဟု ဆို၏။ မင်းလည်း မိစ္ဆာအယူရှိသည်ဖြစ်၍မယုံကြည်ရကား။ အဘယ်ပညာ ရှိသည်။ ငါ့အားကံကံ၏အကျိုးသည်ရှိ၏ဟု ယုံစေနိုင်အံ့နည်းဟု ဆို၏။ မင်းကြီး။ သတ္တဝါတို့၏ သုဂတိဒုဂ္ဂတိ၌ ဖြစ်ခြင်းကိုမမြင်လည်းကောင်း၊ ကြား၍လည်းကောင်း၊ ယုံတော်မူ၊ အကြင်သူတို့သည် ကံ-ကံ၏အကျိုးကို မယုံကြည်။ ထိုသူတို့သည်အပါယ်ငရဲ၌ ဆင်းရဲခံရကုန်၏ဟုဆိုသော်။ သင်နတ်မင်းသည် ကံ-ကံ၏အကျိုးကို ယုံကြည်လျက်။ အဘယ့်ကြောင့် အဝတ်မဝတ်ရဘဲ။ ဆင်းရဲခံရသနည်းဟု မေး၏။ မင်းကြီး ငါပြုအပ်သော ကောင်းမှုလည်း မရှိချေ။ အကြင်သူသည် ရဟန်းပုဏ္ဏားတို့အားပေးလှူ၍ငါ့အားအမျှဝေ၏။ ထိုသူလည်းမရှိချေ။ ထို့ကြောင့် အဝတ်မဝတ်ရဘဲ ဆင်းရဲခံရသည်ဟုဆို၏။ မင်းလည်း ထိုစကားကိုကြား၍ နတ်မင်းအား ပုဆိုးရခြင်းကို တောင့်တလျက်။ အကြင်အကြောင်းဖြင့်၊ နတ်မင်းအား ပုဆိုးရ၏။ ထိုအကြောင်းကို အကျွန်ုပ်အား ကြားပါဟုဆို၏။ မင်းကြီးဝေသာလီပြည်တွင်။ ရှင်ဥပါလိ၏ဥပဇ္ဈာယ်ဖြစ်သော ရသေ့တစ်ထောင်တို့၏ အတွင်း၌ဝင်သော အရှင်ကပ္ပိတ မထေရ်သည်နေ၏။ ထိုမထေရ်အား ပုဆိုးတစ်စုံကို လှူ၍အမျှဝေပါ။ ငါရပါလိမ့်မည်ဟု ဆို၏။ မင်းလည်း ကောင်းပြီ၊ မထေရ်အားလည်း ပုဆိုးလှူပါမည်။ ရှင်နတ်မင်းကိုလည်း မြင်ရပါစေဆို၍ ပုဆိုးရှစ်စုံကို ယူပြီးလျှင်။ မထေရ်သို့ကပ်၍။ ဤပုဆိုးကို ခံတော်မူပါဟု လျှောက်၏။ မထေရ်လည်း စကားဖြစ်စေခြင်းငှာ မင်းကြီး သင်သည် ရှေး၌ရဟန်းပုဏ္ဏားတို့အား မလှူလိုဘဲလျက်။ ယခုမှအဘယ်ကြောင့် လှူလိုသနည်းဟု မေးတော်မူ၏။ မင်းလည်း ဘုမ္မစိုးနတ်နှင့် မိမိတို့ပြောဆိုကြသောအကြောင်းကို မထေရ်အား ကြား၍။ အရှင်ဘုရား ဤပုဆိုးတို့ကို ခံတော်မူပါဟု လှူပြီးလျှင်။ ကောင်းမှုအဖို့ကို ဘုမ္မစိုးနတ်အား အမျှဝေ၏။ ထိုခဏ၌ပင်ဘုမ္မစိုးနတ်လည်း။ နတ်ပုဆိုးကိုဝတ်လျက်၊ မင်းနှင့် မထေရ်

mgyoe.com

mgyoe.com


အား ထင်ရှားပြလာ၏။ မင်းလည်း ဝမ်းမြောက်ဝမ်းသာ။ ငါသည် ကံ–ကံ၏အကျိုး စက်ကိုမျက်မှောက်ထင်ထင် မြင်လျက် အဘယ်ကြောင့်မကောင်းမှုကို မပြုဘဲ ရှိအံ့နည်း။ ယခုအခါ ကောင်းမှုကိုသာ ငါပြုပါအံ့ဟု နတ်အား သက်သေပြု၏။ နတ်မင်းလည်း မင်းကြီးသည် ဤအခါမှစ၍ အဓမ္မကိုပယ်လျက်။ ဓမ္မကိုကျင့်သည်ဖြစ်အံ့။ ငါသက်သေခံအံ့။ သင်မင်းကြီးထံသို့လည်း မပြတ်ငါလာအံ့။ တံကျင်လျှိုသော ယောကျ်ားကိုလည်း တံကျင်မှလွှတ်ပါ။ အသက်ရသည်ရှိသော်။ ဝဋ်ဆင်းရဲမှ လွတ်ပါလတ္တံ့။ ကပ္ပိတမထေရ်မြတ်ကို အခါမပြတ် ဆည်းကပ်လျက်။ တရားနာ၍ ကောင်းမှုကုသိုလ်တို့ကို ပြုလော့ဟုဆို၍ သွားလေ၏။ လိစ္ဆဝီမင်းလည်း မထေရ်ကိုရှိခိုး၍ မြို့တွင်းသို့ဝင်ပြီးလျှင်။ လျင်မြန်စွာ လိစ္ဆဝီ ပရိသတ်ကို စည်းဝေးပြီးပြီးမှ။ ထိုယောကျ်ားတံကျင်မှ လွှတ်၍ အနာမရှိအောင် ဆေးကုဟု ဆေးသမားတို့ကို စေ၏။ မထေရ်လည်း မင်းကိုသရဏဂုံသီလ၌ တည်စေ၏။ မင်းလည်းမထေရ်၏အဆုံးအမ၌ တည်လျက်၊ သောတာပန်ဖြစ်လေ၏။ တံကျင်လျှိုသော ယောကျ်ားလည်း အနာပျောက်က။ သံဝေဂဉာဏ်ကိုဖြစ်စေလျက်။ ရဟန်းတို့၌ ဝင်၍ရဟန်းပြုလေသော် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ရောက်လေ၏။

သံဝေဂဇာတော ဘိက္ခုသုပဗ္ဗဇ္ဇိတွာနစိရဿေဝ အရဟတ္တံပါပုဏိ။ ။ပေတဝတ္ထုအဋ္ဌကထာ။ ။သံဝေဂဇာတော၊ ဖြစ်သောသံဝေဂဉာဏ်ရှိသည်ဖြစ်၍။ ဘိက္ခုသု၊ ရဟန်းပြု၍။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ ။ ပစ္ဆိမဘဝိကသားဖြစ်၍သာ၊ တံကျင်တင်လျက်။ အသက်မသေချမ်းသာလေသည်။ ပစ္ဆိမဘဝိကသားဖြစ်လျက်၊ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း၊ ဩတ္တပ္ပသံဝေဂကင်းသောကြောင့်။ သူ့ဥစ္စာကို ခိုးချေရကား။ မိမိလည်း ဒဏ္ဍာဘေးတွေ့လျက်။ အလွန်ဆင်းရဲရလေသည်။ မိမိပြုသော မကောင်းမှုကြောင့်။ ဦးရီးလည်း အသက်ဆုံးရှုံးခြင်းသို့ ရောက်ရလေသည်။ ဤသို့ ဩတ္တပ္ပသံဝေဂ မရှိလျှင်။ ပစ္ဆိမဘဝိကသားပင်သော်လည်း၊ ဆင်းရဲခံရလေသည်ကို ထောက်၍။ ယခုအခါ နောက်သားနောင်လာ၊ ပညာရှိ အပေါင်း သူတော်ကောင်းတို့ကား။ ဩတ္တပ္ပသံဝေဂ တရားကို နှလုံးထား၍။ မကောင်းမှုမှ ကြဉ်ရှောင်ကုန်ရာ၏။ ။ဤကားဩတ္တပ္ပသံဝေဂမရှိ၍ အဒိန္နဒါနအမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။

လွန်လေပြီးသောအခါ၊ ကဿပဘုရားသခင် သာသနာတော်၌။ တစ်ယောက်သော ရဟန်းသည် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါသော်လည်း၊ ပါရမီကံမသန်မရင့်သေးသည်၏အတွက်ကြောင့်။ မဂ်ဖိုလ်သို့ မတက်မယှဉ်၊ ပုထုဇဉ်၏အဖြစ်ဖြင့် သေလွန်၍ ဗာရာဏသီပြည်ဝယ်။ ကြွယ်ဝများမြတ်သော စည်းစိမ်ဥစ္စာရှိသော သူဌေးမျိုး၌ဖြစ်၍။ အနှစ်နှစ်သောင်းပတ်လုံး။ သီလနှင့်ပြည့်စုံလျက် အသက်ရှင်ခဲ့ဖူးသောကြောင့်၊ ထူးမြတ်သော အဆင်းသဏ္ဌာန် ကြန်အင်္ဂါလက္ခဏာဖြင့် လွန်စွာတင့်တယ်၍။ ထိုသူဌေးသားသည် စည်းစိမ်ဥစ္စာ အဆင်းသဏ္ဌာန် ကြန်အင်္ဂါလက္ခဏာကို အမှီပြု၍ ပမာဒတရားအားကြီးချေသောကြောင့်၊ ဩတ္တပ္ပသံဝေဂ မရှိရကား။ သူတစ်ပါးတို့၏မယားတို့ကို သွားလာလျက် အသက်ရှည်သမျှ ကာလပတ်လုံး။ ပရဒါရိကအမှုကို ပြု၍သေလွန်သော်။ ထိုပရဒါရိကကံသည်၊ အနန္တရဘဝ၌ အကျိုးပေးသောကြောင့် ငရဲ၌ ဖြစ်လေ၏။ ထိုငရဲ၌ ကာလမြင့်ရှည်စွာ ကြာခဲ့ပြီးမှ။ ငရဲကစုတေ ပြန်လျှင်။ လူ့ပြည်၌ သူဌေးမျိုးဝယ် ပဋိသန္ဓေနေ၍ မိန်းမဖြစ်လေ၏။ ငရဲမှလာကုန်သော သတ္တဝါတို့၏ ကိုယ်တို့သည် အလွန် ပူကုန်၏။

နရကာအာဂတာနံဂတ္တာနိဥဏှာနိဟောန္တိ။ ။ သုတ္တနိ ပါတ်အဋ္ဌကထာ။ ။နရကာ၊ ငရဲမှ၊ အာဂတာနံ၊ လာကုန်သော သတ္တဝါတို့၏။ ဂတ္တာနိ၊ ကိုယ်တို့သည်။ ဥဏှာနိ၊ ပူကုန်သည်။ ဟောန္တိ။ ၏။ ။ထိုကြောင့်သူဌေးမယားသည်။ ပူလောင်သော ဝမ်းခေါင်းဖြင့် အောင်းလာသော သတ္တဝါကို ဆင်းရဲငြိုငြင်ပင်ပန်းစွာ ဆယ်လပတ်လုံးဆောင်၍ လစေ့သဖြင့်။ သမီးမိန်းမဖွားလေ၏။ ထိုသူဌေးသမီးသည် ဖွားသည်မှစ၍ မိဘဆွေမျိုး အချင်းအရင်းဟူသမျှသည်၊ ပရဒါရိက မကောင်းမှုကြောင့် အလွန်မုန်းကုန်၏။ တစ်ဆယ့်ခြောက်နှစ်မြောက်၍ အရွယ်ရောက်သည်ကာလ။ အကြင်အမျိုး၌ ပေးအပ်၏။ ထိုအမျိုး၌ လင်ယောက္ခမတို့မှစ၍ ကြွင်းသမျှဇူတို့သည် ချစ်နှစ်သက်ခြင်းမရှိဘဲ အလွန်မုန်းကုန်၏။

mgyoe.com

mgyoe.com

တစ်နေ့သ၌ နက္ခတ်ပွဲသဘင် ကြွေးကြော်လသော်။ သူဌေးသားသည် ထိုသူဌေးသမီးနှင့် မကစားလိုဘဲ ပြည့်တန်ဆာမကိုဆောင်၍ ကစားလတ္တံ့ဟု ကျွန်တို့ တီးတိုးပြောကြသောစကားကို သူဌေးသမီး ကြားလေသော်။ သူဌေးသားကိုကပ်၍ အရှင်သားမိန်းမ မည်သည်ကား။ မင်းဆယ်ယောက်တို့၏နှမပင်ဖြစ်စေ။ စကြဝတေးမင်းသမီးပင်ဖြစ်စေ၊ လင်ချိုသာမှ ချမ်းသာသည်။ လင်သည်စကားမဆိုဘဲ မှုန်ဆန်လျှင် တံကျင်တင်သကဲ့သို့သော ဆင်းရဲကိုခံရသည်။ အကယ်၍ ငါသည် ချီးမြှောက်ထိုက်အံ့၊ ချီးမြှောက်ပါ။ အကယ်၍မချီးမြှောက်ထိုက်အံ့၊ ကွာရှင်းလင်းပါ။ ဆွေမျိုးအိမ်သို့ပြန်ပါမည်ဟု ဆို၏။ သူဌေးသားလည်း အဘယ်ကောင်းပြီး ခဲဖွယ်ဘောဇဉ်ကိုသာ စီရင်ပါ။ သင်နှင့်တကွ နက္ခတ်သဘင်ပျော်ရွှင်ကစားအံ့ဟု ဆို၏။ သူဌေးသမီးလည်း ထိုမျှတည်းပြောဆိုသော သူဌေးသား၏စကားဖြင့် အားထုတ်ခြင်းရှိသည်ဖြစ်၍။ နက်ဖြန်ကာ နက္ခတ်သဘင်ပျော်ရွှင်ကစားအံ့ဟု စားဖွယ်သောက်ဖွယ်တို့ကို များစွာစီရင်၏။ သူဌေးသားကား။ အကောက်ကြံလျက်၊ နှစ်ရက်မြောက်သောနေ့၌။ သူဌေးသမီးအား မကြားဘဲ ရှောင်လွှဲ၍ ကစားရာသို့ သွားလေ၏။ သူဌေးသမီးလည်း။ ယခုပင်ခေါ်လာလတ္တံ့ဟု ငံ့လင့်ပြီးလျှင်။ ခရီးကိုကြည့်လျက်နေသော်။ နေမြင့်သည့်တိုင်အောင်မှ မလာသောကြောင့်။ လူတို့ကိုစုံစမ်းစေလျှင်၊ သူဌေးသားကား သွားလေပြီဟု ဆိုကုန်၏။ ထိုအခါ သူဌေးသမီးလည်း။ ခဲဖွယ်ဘောဇဉ်အလုံးစုံကိုအကုန်ယူပြီးလျှင်။ ယာဉ်စီး၍ဥယျာဉ်သို့ သွားခြင်းငှာအားထုတ်၏။ ထိုအခါ နန္ဒမူလက လိုဏ်ဂူ၌။ တစ်ဆူသော ပစ္စေကဗုဒ္ဓါဘုရားသည်။ ဝင်စားအပ်သော နိရောဓသမာပတ်မှထ၍။ အနောတတ်အိုင်၌ မျက်နှာသစ်လျက်။ ကွမ်းရိုးတံပူခဲပြီးသော်။ ယနေ့ဘယ်အရပ်၌ ငါသည် ဆွမ်းရှာရအံ့နည်းဟုဆင်ခြင်လေသော်။ သူဌေးသမီးကိုမြင်၍။ ဤသူဌေးသမီးသည် ငါ၌ပူဇော်သက္ကာရပြု၍။ ထိုပရဒါရိက အကုသိုလ်ကံသည်။ ကုန်ခြင်းသို့ရောက်လတ္တံ့သတည်းဟုသိ၍။ လိုဏ်ကျင်း၏အနီးယူဇနာခြောက်ဆယ်ရှိသော ဆေးဒါန်းမြင်းသီလာမြေအပြင်၌ရပ်လျက် သင်းပိုင်ဝတ်ပြီးမှ၊ သပိတ်သင်္ကန်းတို့ကိုယူ၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကိုဝင်စားလျက်။ ကောင်းကင်ဖြင့်လာ၍ သူဌေးသမီး၏ ခရီးရင်ဆိုင်၌ သက်ဆင်းပြီးသောအခါ။ ဗာရာဏသီပြည်သို့ ရှေးရှုလာ၏။ ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ ကျွန်တို့သည် သူဌေးသမီးအား ကြားကုန်၏။ သူဌေးသမီးလည်း။ ရထားမှ ဆင်းသက်၍ ရိုသေစွာရှိခိုးပြီးလျှင်။ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို အလုံးစုံသော အရသာနှင့်ပြည့်စုံသော ခဲဖွယ်ဘောဇဉ်ဖြင့် ပြည့်စေ၍။ အထက်၌ ပဒုမ္မာကြာပန်းဖြင့် ဖုံးလွှမ်းလျက်။ အောက်၌လည်း ပဒုမ္မာကြာပန်းကိုခံ၍။ ပန်းစည်းကို လက်ဖြင့်ကိုင်မလျက်။ ပစ္စေကဗုဒ္ဓါသို့ကပ်၍ လက်၌ သပိတ်ကိုပေးအပ်ပြီးလျှင်။ ရိုသေစွာရှိခိုး၍ ပန်းစည်းကိုင်လျက်ဆုတောင်း၏။ အရှင်ဘုရား ဤပန်းကို လူအပေါင်းတို့ချစ်ခင်နှစ်သက်သကဲ့သို့။ ထိုအတူ အကြင် အကြင်ဘဝ၌ဖြစ်ရ၏။ ထိုထိုဘဝ၌ပင် လူရှင်အပေါင်းတို့သည် အကျွန်ုပ်ကို ချစ်နှစ်သက်ပါစေသတည်းဟု ဆုတောင်း၏။ ထိုနောင်နှစ်ကြိမ်မြောက် အရှင်ဘုရား။ အမိဝမ်းခေါင်း၌ အောင်း၍။ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသောကြောင့်။ အမိဝမ်းခေါင်းကို မကပ်မူ၍။ အကျွန်ုပ်အား ကြာတိုက်၌သာ ပဋိသန္ဓေနေရလိုပါ၏ဟု ဆုတောင်း၏။ ထိုနောင်သုံးကြိမ်မြောက်။ အရှင်ဘုရား။ မတုကာမရုပ်ကား။ စက်ဆုပ်ရွံရှာဖွယ်ရှိ၏။ စကြဝတေးမင်း၏ သမီးပင်ဖြစ်ငြားသော်လည်း။ သူတစ်ပါး၏အလိုသို့သာလိုက်ရ၏။ ထိုကြောင့်။ အကျွန်ုပ်သည် မိန်းမအဖြစ်သို့ မရောက်မူ၍။ ယောကျာ်းစင်စစ် ဖြစ်ပါစေသတည်းဟု ဆုတောင်း၏။ ထိုနောင်လေးကြိမ်မြောက်။ အရှင်ဘုရား၊ ဤသံသရာဝဋ္ဋဒုက္ခကို လွန်ပြီးသော အဆုံးဘဝ နောက်ကာလဝယ်။ အရှင်ဘုရားတို့ရောက်အပ်သော အရဟတ္တဖိုလ်နိဗ္ဗာန်ကို အကျွန်ုပ်လည်း ရောက်ရပါစေသတည်းဟု ဆုတောင်း၏ ။ ဤသို့ဆုလေးပါးတို့ကို တောင်းပြီးမှ။ ပစ္စေကဗုဒ္ဓါကို ပန်းစည်းဖြင့် ပူဇော်၍။ ငါးပါးသော ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုးပြီးသော်။ အရှင်ဘုရား။ အကျွန်ုပ်၏ အနံ့အဆင်းသည်။ ဤပဒုမ္မာကြာနှင့် တူသည်သာ ဖြစ်ပါစေသတည်းဟု ငါးကြိမ်မြောက်ဆုတောင်း၏။ ထိုအခါ ပစ္စေကဗုဒ္ဓါသည်။ သပိတ်ပန်းစည်းတို့ကို ယူပြီးလျှင် ကောင်းကင်၌ရပ်လျက်။ ။ဣစ္ဆိတံပတ္ထိတံတုယှံ၊ ခိပ္ပမေ

mgyoe.com

mgyoe.com

ဝသမိဈွတု။ သဗ္ဗေပူရေန္တုသင်္ကပ္ပါ၊ စန္ဒောပန္နရသော
ယယာ။ ။ ဣစ္ဆိတံပတ္ထိတံတုယှံ၊ ခိပ္ပမေဝသမိဇ္ဈတု၊ သ
ဗ္ဗေပူရန္တုသင်္ကပ္ပါ။ မဏိဇောတရသော ယထာ။ ။ ဟူ
သောနှစ်ဂါထာဖြင့် အနုမောဒနာပြုတော်မူ၍။ သူဌေးသမီး
သည်။ ကောင်းကင်ဖြင့် သွားသော ငါ့ကိုမြင်စေသတည်း
ဟုဓိဋ္ဌာန်၍။ နန္ဒမူလလိုဏ်ဂူသို့ ကြွတော်မူ၏။ ထိုကို
မြင်ရကား။ သူဌေးသမီးအား များစွာသော ဗလဝပီတိ
သည်ဖြစ်၏။ ဘဝတစ်ပါး၌ ပြုအပ်သော ကာမေသုမိစ္ဆာ
စာရ–ပရဒါရိက အကုသိုလ်ကံသည်၊ ထိုခဏ၌ ကုန်ခြင်း
သို့ရောက်လေ၏။ မန်ကျည်း မှည့်သီးမှည့်ဖြင့် ပွတ်သပ်
အပ်သော ကြေးနီခွက်ကဲ့သို့ ထက်ဝန်းကျင်မှ စင်ကြယ်
လေ၏။ သူဌေးသမီးအား ထိုခဏ၌ပင် လင်၏အမျိုး၌
လည်းကောင်း။ မိမိအမျိုး၌လည်းကောင်း။ အလုံးစုံသော
လူအပေါင်းသည်နှစ်သက်အပ်သည်ဖြစ်၍။ ချစ်ဖွယ်သော
စကားတို့ကိုလည်းကောင်း။ လက်ဆောင်ပဏ္ဏာတို့ကို
လည်းကောင်း၊ စေလာ၏။ သူဌေးသားလည်း။ ငါကား
မေ့လျော့၍ သွားသည်။ လျင်မြန်စွာ သူဌေးသမီးကို
ဆောင်ချေဟု လူတို့ကိုစေ၏။ ထိုအခါမှစ၍။ သူဌေးသမီး
ကို လူအပေါင်းတို့သည်။ လည်ဝယ်ဆွဲအပ်သော ပုလဲ
ကုံးကဲ့သို့။ ရင်ဝယ်လိမ်းအပ်သော စန္ဒကူးကဲ့သို့အထူး
အားဖြင့် ချစ်နှစ်သက်ကုန်၏။ သူဌေးသမီးသည်။ ထိုဘဝ၌
အသက်ထက်ဆုံး စည်းစိမ်ချမ်းသာကို ခံစား၍။ သေလွန်
လေသော် နတ်ပြည်၌ ယောကျ်ား၏အဖြစ်ဖြင့်။ ပဒုမ္မာ
ကြာတိုက်ဝယ်ဖြစ်လေ၏။ ထိုနတ်သားသည်။ သွားသော်
လည်း ပဒုမ္မာကြာတိုက်၌ သာသွား၏။ ရပ်သော်လည်း
ကောင်း၊ ထိုင်သော်လည်းကောင်း၊ အိပ်သော်လည်းကောင်း၊
ပဒုမ္မာကြာတိုက်၌သာ ရပ်၏။ ထိုင်၏။ အိပ်၏။ ထို့ကြောင့်
မဟာပဒုမ နတ်သားဟု အမည်အားဖြင့် ခေါ်ဝေါ်ကြ
ကုန်၏။ ဤသို့သော တန်ခိုးအာနုဘော်အားဖြင့်၊ ထို
နတ်သားသည်။ အနုလုံပဋိလုံ အစုန်အဆန်။ ခြောက်တန်
သော နတ်ပြည်ဝယ် ကျင်လည်ရ၏။ ထိုအခါ ဗာရာဏသီ
မင်း၏နှစ်သောင်းသော မိဖုရားတို့ဝယ်။ သားတစ်ယောက်
မျှမရသောကြောင့်။ မှူးမတ်တို့က သားဆုတောင်းပါဟု
ဆိုသော်၊ ထိုမင်းသည်၊ မိဖုရားကြီးတစ်ယောက်ကိုထား
၍၊ ကြွင်းသော မောင်းမတို့အား၊ သားဆုတောင်းစေသော်
လည်း မရရာကား၊ မိဖုရားကြီးကိုပင် သင်လည်း သား
ဆုတောင်းဟု ဆို၏။ ထိုမိဖုရားကြီးလည်း။ သစ္စာသီလ
ကင်းလျက်၊ အရှက်အကြောက်မရှိသော မိန်းမတို့အား။
သားကောင်းရတနာ ဘယ်မှာရနိုင်အံ့ဟု နှလုံးပြု၍။
ပြာသာဒ်ထက်သို့တက်ပြီးလျှင်။ ပဉ္စသီလကို စောင့်ထိန်း
ပြီးမှ။ သီလကို အထပ်ထပ်သုံးသပ်လျက် သားဆုတောင်း
၏။ ထိုအကြောင်းကို သိကြားမင်းသိလျှင်။ ကောင်းကင်
ဖြင့်လာ၍။ မိဖုရားရှေ့ရှု၌။ တူရူရပ်ပြီးမှ၊ မိဖုရား
အဘယ်ကို တောင့်တသနည်းဟုမေး၍။ သားဆုတောင်း
ကြောင်း ကိုဆိုလျှင်။ မစိုးရိမ်လင့်။ သင့်အား ငါသား
ပေးမည် ဆိုခဲ့ပြီးသော်။ နတ်ပြည်သို့ပြန်လာ၍။ မဟာ
ပဒုမနတ်သားကို။ ချစ်သား။ သင်ကား လူ့ပြည်၌ဖြစ်ပါ
လေဟုဆို၏။ နတ်သားလည်း သိကြားမင်း၊ လူ့ပြည်ကား
စက်ဆုပ်ဖွယ်ရှိ၏ဟုဆိုသော်။ ချစ်သား သင်ကား လူ့ပြည်
၌၊ ကောင်းမှုကုသိုလ်ကိုပြု၍။ ဤနတ်ပြည်သို့ရောက်
သည်မဟုတ်လော၊ သွား၍ပါရမီဖြည့်ချေဟုဆိုလျှင်၊
အရှင်သိကြားမင်း ဝမ်းတွင်း၌ အကျွန်ုပ် ပဋိသန္ဓေ မနေနိုင်
ဟုဆိုသောကြောင့်။ ချစ်သားသွားချေ။ ကြာတိုက်ဝယ်နေ
ပါဟုဆိုမှဝန်ခံ၏။ ယင်းသို့ဝန်ခံပြီးလျှင်။ နတ်ပြည်မှ
စုတေ၍ ဗာရာဏသီမင်းဥယျာဉ်တွင်း ရေကန်ဝယ်၊
ပဒုမ္မာကြာတိုက်၌၊ ပဋိသန္ဓေနေလေ၏။ သိကြားမင်း
လည်း။ မိဖုရားအား မိုးသောက်ထအခါ၌၊ နှစ်သောင်း
သော မိန်းမခြံရံလျက်၊ ဥယျာဉ်သို့သွား၍ ရေကန်တွင်။
ပဒုမ္မာကြာတိုက်ဝယ် သားရသည်ဟု အိပ်မက်ပေး၏။
မိဖုရားလည်း အိပ်မက်သည်အတိုင်း။ မိုးသောက်၍
ဥယျာဉ်သို့ သွားလေသော်၊ မနက်လွန်း မတိမ်လွန်းသော
အရပ်၌၊ ပဒုမ္မာကြာကိုမြင်လျှင်။ မြင်သည်နှင့်တကွ
သား၏ချစ်ခြင်းဖြစ်၍ ဆင်းပြီးလျှင် ကိုယ်တိုင်ပင်ပန်း
ကိုဆွတ်၏။ ဆွတ်ခါမျှပင် ကြာချပ်တို့လည်း ကားကား
ပွင့်လျက်ငွေခွက်၌ သွန်းအပ်သော ရွှေဆင်းတုကဲ့သို့။
သတို့သားကို မြင်လေ၏။ ယင်းသို့မြင်လျှင် ရွှင်လန်း
သောစိတ်ဖြင့်။ ငါ့အား သားရသည်ဟု နှစ်သက်ဝမ်း
မြောက်သော အသံကို မြွက်ဆို၏။ လူအပေါင်းလည်း
ကောင်းချီးတစ်ထောင်တို့ကို ပေးလျက်မင်းအား ကြား
စေ၏။ မင်းလည်း အဘယ်အရပ်၌ရသနည်းဟု မေး
သော်၊ ဥယျာဉ်ရေကန်ဝယ် ကြာပင်တွင် ရကြောင်းကို
လျှောက်လေလျှင်။ ဥယျာဉ်သည်လည်းကောင်း၊ ရေ

mgyoe.com

mgyoe.com

ကန်သည်လည်းကောင်း၊ ကြာပင်သည်လည်းကောင်း၊ ငါတို့ဥစ္စာချည်းပင် ဖြစ်သည်။ ထို့ကြောင့် ငါတို့ခေတ်တွင်ဖြစ်ရကား၊ ခေတ္တဇသားဖြစ်စေဟု ဆိုပြီးလျှင်၊ မြို့တွင်းသို့သွင်းပြီးသော်၊ နှစ်သောင်းသော အထိန်းအရပေး၍ မွေးကျွေးစေ၏။ အကြင်အကြင် အထိန်းသည် မင်းသားကို နားလည်အောင် ပြည့်ဖြူး၍၊ ခဲဖွယ်စားဖွယ်တို့ကို ခဲစေစားစေ၏။ ထိုထိုအထိန်းသည်။ တစ်ထောင်တစ်ထောင်သော ဆုလာဘ်ကိုရ၏။ မင်းသားလည်း အလွန်ဘုန်းကြီးရကား။ ဗာရာဏသီပြည် အလုံးတုန်လှုပ်၏။ အလုံးစုံသော တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့သည်၊ မင်းသားအား လက်ဆောင်ပဏ္ဏာဆက်လာကုန်၏။ မင်းသားလည်း ဤခဲဖွယ်ကိုခဲပါ။ ဤစားဖွယ်ကိုစားပါဟုဆိုလာသော သူတို့စကားဖြင့်ငြီးငွေ့ရကား၊ တံခါးမုတ်သို့သွားပြီးမှ ဂုံညင်းကစား၍နေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါတစ်ဦးသည်။ ဗာရာဏသီပြည်ဂ္ဂလသိပတနမိဂဒါဝုန်တော၌ နေလျက်၊ ယနေ့ဘယ်အရပ်မှာ ဆွမ်းရှာရအံ့နည်းဟု ဆင်ခြင်သော်၊ မင်းသား၏ စည်းစိမ်ချမ်းသာကို မြင်၍ ဤမင်းသားကားရှေး၌ ငါသို့သဘောရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ၍ ဆုငါးပါးတောင်းသည်။ ဆုလေးပါးကား ပြည့်စုံလေပြီ၊ တစ်ပါးသာကျန်တော့သည်။ အာရုံကိုပြအံ့ဟု နှလုံးပြု၍ ဆွမ်းရှာသောအစွမ်းဖြင့်။ မင်းသားအထံသို့လာ၏။ မင်းသားလည်း မြင်လျှင်ရှင်ရဟန်း ဤအရပ်သို့မလာပါလင့်၊ ဤအရပ်သို့လာလျှင် ရှင်ရဟန်းကိုလည်း။ ဤခဲဖွယ်ကို ခဲပါ၊ ဤစားဖွယ်ကို စားပါဟုဆိုကုန်ရာ၏ဟုဆိုသော်၊ ပစ္စေကဗုဒ္ဓါလည်း တစ်ခွန်းတည်းသောစကားဖြင့် နောက်သို့ပြန်သွား၍။ မိမိကျောင်းတွင်းသို့ဝင်တော်မူ၏။ မင်းသားလည်း၊ အချင်းတို့၊ ဤရဟန်းသည် ငါစကားတစ်ခွန်းဆိုကာမျှဖြင့်ပြန်၍သွားသည်။ ငါ့အား အမျက်ထွက်ရောင်တကားဟုဆို၏။ အရှင်မင်းသား ရဟန်းတို့ကား၊ ခန္တီဗလအားကြီးလှသည်။ ဤမျှတည်းဖြင့် အမျက်မထွက်ဟုဆိုသော်လည်း။ ထိုမင်းသားသည်။ မိမိအား အမျက်ထွက်၏ဟု ထင်မှတ်၍။ ငါသည်ရဟန်းကို ကန်တော့အံ့ဟု မယ်တော်ခမည်းတော်အားကြား၍။ ဆင်စီးပြီးလျှင်။ ကြီးစွာသော မင်း၏အာနုဘော်ဖြင့်။ ဣသိပတနမိဂဒါဝုန်တောသို့ သွားလေသော်။ သမင်တို့ကိုမြင်၍ အချင်းတို့ ဤသတ္တဝါတို့ကား။ အဘယ်သတ္တဝါတို့နည်းဟုမေး၏။ အရှင်မင်းသားဤ သတ္တဝါတို့ကား။ သမင်တည်းဟု ဆိုသော်။ ထိုသမင်တို့ကို ဤခဲဖွယ်ကိုခဲပါ။ ဤစားဖွယ်ကို စားပါ။ ဤလျက်ဖွယ်ကိုလျက်ပါ။ ဤသောက်ဖွယ်ကို သောက်ပါဟူ၍။ သုတ်သင်စောင့်ရှောက်သောသူတို့ ရှိကုန်သေးသလောဟု မေး၏။ အသင်မင်းသား မရှိချေ။ ထိုသမင်တို့သည် အကြင်အရပ်၌ မြက်ရေရလွယ်၏။ ထိုအရပ်၌ အလိုအလျောက်။ နေကြကုန်၏ဟုဆိုသော်။ မင်းသားသည်။ ငါလည်း အဘယ်နံ့ခါ။ ဤသမင်တို့ကဲ့သို့ အလိုအလျောက် နေရပါအံ့နည်းဟု။ ထိုအာရုံကို ယူ၍။ ပစ္စေကဗုဒ္ဓါလည်း။ မင်းသားလာသည်ကို သိလျှင်။ ကျောင်းတလင်းလမ်းခရီးတို့ကို တံမြက်လှည်း၍။ နှစ်ကြိမ် သုံးကြိမ်စင်္ကြံသွားပြီးလျှင်။ ထွက်ခြေရာကားမထင်။ ဝင်ခြေရာကိုသာပြ၍။ အရပ်တစ်ပါးသို့ သွားတော်မူ၏။ မင်းသားလည်း သွား၍တံမြက်လှည်းသော အရပ်ကို မြင်လျှင် အချင်းတို့ နံနက်အခါ၌လည်း။ ငါ့အား ရဟန်းသည် အမျက်ထွက်လေပြီ။ ယခုအခါ ကျောင်းတလင်းကို။ ဆင်မြင်းတို့နှင့် ဝင်ပြန်လေသော်၊ လွန်စွာအမျက်ထွက်ရာ၏။ သင်တို့သည်တွင်ရပ်ကြကုန်။ ငါသွား၍ ကန်တော့အံ့ဟု ဆင်ကျောကုန်းမှ ဆင်း၍ ကျောင်းတွင်းသို့ ဝင်လေ၏။ ကျောင်းတွင်းသို့ ဝင်၍ ပစ္စေကဗုဒ္ဓါ၏ နေရာကိုမြင်လျှင် ကြည်လင်သော သမာဓိတရားဖြင့် တည်ကြည်သော စိတ်သည်ဖြစ်၍ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေ၏။

(ဤ၌နှစ်သချေ်နှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီကို ဖြည့်၍ရင့်မာပြီးသော ပါရမီရှိသော ပစ္စေကဗုဒ္ဓါ အလောင်းဖြစ်လျက် မကောင်းမှုမှကြောက်ထိတ်လန့်ခြင်း။ ဩတ္တပ္ပ သံဝေဂ မရှိသောကြောင့်။ သူတစ်ပါးတို့ မယား၌ ပြစ်မှားခြင်း ကာမေသုမိစ္ဆာရ–ပရဒါရိက အမှုကို ပြုကျင့်သောကြောင့်။ ငရဲ၌ကြာမြင့်စွာခံရခြင်း၊ ငရဲမှလွတ်၍ လူ့ပြည်၌ဖြစ်သော်လည်း လိင်ပြန်ရခြင်း။ မြင်သူအလုံးမုန်းရခြင်းစသည်ဖြင့်၊ အတိုင်းမသိသော ဆင်းရဲဒုက္ခခံရသည်ကို ထောက်ထား၍၊ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့မှာမကောင်းမှု

mgyoe.com

mgyoe.com

မှ ကြောက်ထိတ်လန့်ခြင်း။ ဩတ္တပ္ပသံ ဝေဂတရားကို နှလုံးထား၍၊ သူတစ်ပါးမယားသို့ ပြစ်မှားခြင်း။ ကာမေသုမိစ္ဆာစာရ ပရဒါရိကအမှုကို ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏)။ ။ ဘုန်းတော်ကြီးလှသော သဗ္ဗညုဘုရား ထင်ရှားရှိတော်မူစဉ်၊ ဣသိဒါသိအမည်ရှိသော ရဟန္တာမထေရ်မတစ်ဦးသည်။ ရှေးရှေးသော ဘုရားရှင်တို့၏အထံ၌ ပြုအပ်သော ဆုတောင်းခြင်းရှိသည်ဖြစ်၍၊ ထိုထိုဘဝဝယ် ယောကျ်ား၏အဖြစ်၌ တည်လျက်။ ဝဋ်ဆင်းရဲမှ ကင်းခြင်း၏အကြောင်း။ ကောင်းမှုကုသိုလ်ကို ဆည်းပူးလေသော် အဆုံးစွန်ရဟန္တာဖြစ်သော ဘဝမှ ခုနစ်ခုမြောက်သောဘဝ၌ သူတော်မဟုတ် ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းမိသဖြင့်၊ သူတစ်ပါးမယားတို့၌ သွားလာခြင်း။ ကာမေသုမိစ္ဆာစာရ–ပရဒါရိက အမှုကိုပြု၍၊ ထိုဘဝမှ စုတေလေသော်၊ သုံးဘဝ၌ တိရစ္ဆာန်ဖြစ်၍ ထိုတိရစ္ဆာန်ဘဝမှ စုတေပြန်လျှင်၊ ကျွန်၏ဝမ်း၌ နပုန်းပဏ္ဍုက်ဖြစ်၍ ထိုပဏ္ဍုက်ဘဝမှစုတေပြန်လျှင်၊ တစ်ဦးသော ဆင်းရဲသော လှည်းသမား၏ သမီးဖြစ်လေ၏။ ထိုသတို့သမီးကို။ တစ်ဦးသော လှည်းကုန်သည်သားသည် မယားကြီးရှိလျက် ယူ၍ မယားပြုလေလျှင်၊ ထိုမယားငယ်သည် လင်နှင့်မယားကြီးကို စပ်ကြားတွင် ကုန်းတိုက်ချောပစ်၍၊ အချစ်ကင်းအောင်ပြု၏။ ထိုမိန်းမသည် ထိုဘဝ၌ အသက်အတိုင်းနေ၍ စုတေလေသော်၊ ဤငါတို့ သဗ္ဗညုဘုရားထင်ရှားပွင့်တော်မူသော ကာလ။ အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်ဝယ် အမျိုးသီလအကျင့်သည်တို့ဖြင့် သူတော်ကောင်းဟု သမုတ်အပ်သော များမြတ်သော စည်းစိမ်ဥစ္စာရှိသော သူဌေး၏သမီးဖြစ်၍၊ ဣသိဒါသိဟူသော အမည်ကိုမှည့်၏။ အရွယ်သို့ရောက်လျှင်။ လင်သုံးယောက်မှ လင်တို့သည် မကြိုက်မနှစ်သက်သည်ဖြစ်၍ စွန့်ပစ်ရကား၊ တရားသံဝေဂရသောကြောင့် အဘကို ခွင့်တောင်းပြီးလျှင်။ ဇိနဒတ္တအမည်ရှိသော ရဟန္တာမ၏အထံ၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လေလျှင်၊ မကြာမြင့်မီ ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ရောက်၍၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာဖြင့် ကာလကို လွန်စေလျက်၊ တစ်နေ့သ၌ ပါဋလိပုတ်ပြည်တွင်။ ဆွမ်းခံ၍ ဆွမ်းခံရာမှဘဲလေသော်၊ ဂင်္ဂါသဲစု၌နေ၍ မိမိ၏အဆွေဖြစ်သော ဗောဓိထေရီကမေးသောကြောင့်။ ဣသိဒါသိထေရီက မိမိအကြောင်းကို ဤသို့ပြော၏။ ဗောဓိထေရီကမေးသည်ကား၊ ရှင်မဣသိဒါသိ။ သင်သည် အဆင်းလည်းလှ၏။ အရွယ်လည်းငယ်လျက် အဘယ်ကြောင့် ရဟန်းပြုသနည်းဟုမေး၏။ ထိုအခါ ဣသိဒါသိက ရှင်မဗောဓိ၊ နာလော့ဟုဆို၍ ဟောပေး၏။ ငါသည် အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ သူဌေးသမီးဖြစ်၍၊ သာကေတပြည် သူဌေးသားနှင့် ထိမ်းမြား၏။ ယင်းသို့ ထိမ်းမြားလျှင် လင်ယောက္ခမတို့အား ရိုသေစွာလုပ်ကျွေး၏။ လင်၏ ညီ၊ အစ်ကို၊ နှမတို့ကိုမြင်လျှင် ထမင်းအဖျော် အိပ်ရာ နေရာ အဝတ်အစားတို့ကို ပေး၏။ လင်အားလည်း နတ်ကဲ့သို့ထား၍ လုပ်ကျွေး၏။ ယင်းသို့လုပ်ကျွေးလျက်ပင် လင်သည် အမျက်ထွက်၍ ဣသိဒါသိနှင့်အတူတကွ ငါမနေနိုင်၊ ဣသိဒါသိနှင့် အတူတကွနေရမူ။ မိဘတို့ကိုစွန့်ပစ်၍ အရပ်တစ်ပါးသို့သွားတော့အံ့ဟု ဆို၏။ ထိုအခါ မိဘတို့က ချစ်သား၊ သို့မဆိုလင့်၊ ဣသိဒါသိကား သီလနှင့် ပြည့်စုံ၏။ ဣသိဒါသိသည် သင်အား နှစ်သက်ဖွယ်မရှိအောင် အဘယ်အမှုကိုပြုသနည်းဟု ဆိုသော်။ ပြုကားမပြု၊ ယင်းသို့မပြုသော်လည်း၊ ဣသိဒါသိကို ငါမုန်းသည်ဟုဆိုလျှင်၊ သားအလိုလိုက်၍ မိဘတို့က ငါ့ကိုအဘထံပြန်၍ အပ်လိုက်၏။ ထိုနောင် အဘက ကြွယ်ဝသော ဇာစ်ယောက်သော အမျိုးသားနှင့် ထိမ်းမြားပြန်၏။ ထိုယောကျ်ားလည်း ငါနှင့်ပေါင်းမိ၍ တစ်လရှိလျှင် ငါ့ကိုနှင်ထုတ်၏။ ထိုနောင်အဘက ထမင်းတောင်းစားသော ယောကျ်ားတစ်ယောက်ကို ထမင်းခွက်နှင့် ပုဆိုးကြမ်းကို ပယ်လျက်။ ငါ့သမက်ပြုလော့ဟုဆို၍ ထိုသူအားငါ့ကိုပေးစားပြန်၏။ ထိုသူလည်း ငါနှင့်ပေါင်းမိ၍ လခွဲရှိလျှင် ငါ့ကိုမြင်ပြင်း သောကြောင့် ကွာရှင်း၍ ထမင်းတောင်းစားမြဲတောင်းစားလေ၏။ ထိုအခါငါ၏ မကောင်းမှုကြောင့်။ လင်ဟူသမျှတို့သည် ငါ့ကိုစွန့်ပစ်ကြလေလျှင်၊ ငါ့ကား သံဝေဂရသောကြောင့်၊ ငါပြုသော မကောင်းမှုကို ကြေစေအံ့ဟု နှလုံးပြု၍၊ ဇိနဒတ္တအမည်ရှိသော ရဟန္တမ၏အထံ၌ ရဟန်းပြုလျှင်၊ ဝိဇ္ဇာသုံးပါးကို ငါရသတည်း။ ထိုဣသိဒါသိအမည်ရှိသော ရဟန္တာမသည် ဤပစ္ဆိမဘဝမှ ခုနစ်ခုမြောက်သောဘဝ၌ ဧရကကစ္ဆမည်သော ပြည်၌

mgyoe.com

mgyoe.com

ရွှေပန်းထိမ်သည်သားဖြစ်၍ ဥစ္စာအဆင်းအရွယ် မာန်ယစ်သောအားဖြင့် သူတစ်ပါးတို့မယားကို မှီဝဲ၏။ ထိုသူသည် ထိုဘဝမှစုတေလေသော် ကာမေ သုမိစ္ဆာစာရမကောင်းမှုကြောင့်။ ငရဲ၌ကာလမြင့်ရှည် စွာကျက်ရ၏။ ထိုငရဲမှလွတ်လသော်၊ တစ်ခုသော တောအုပ်တွင် မျောက်မ၏ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွား၍ ခုနစ်ရက်ရှိလသော်၊ ပရဒါရိက မကောင်းမှုကြောင့်၊ ယူဓပတိဖြစ်သော မျောက်ကြီးသည် ဝှေးစေ့ကိုကိုက်ဖြတ်၍ သတ်လေ၏။ ထိုမျောက်ဘဝမှ စုတေလသော်၊ သိဒ္ဓိဝါရတိုင်း၌ ကန်းလည်းကန်း–ခွင်လည်းခွင်သော တစ်ခုသော ဆိတ်မ၏ ဝမ်း၌ပဋိသန္ဓေနေလေ၏။ ဖွား၍ အရွယ်ရောက်လျှင်၊ ပရဒါရိက မကောင်းမှုကြောင့် ဝှေးစေ့ကို ထုတ်ပစ်လေ၏။ ထိုဆိတ်ဘဝမှ စုတေလေသော် ထိုသိန္ဓိဝါရတိုင်း၌ တစ်ဦးသော နွားကုန်သည်၏ နွားဖြစ်၍၊ အရွယ်သို့ရောက်လျှင်။ ကာမေသုမိစ္ဆာစာရ မကောင်းမှုကြောင့် ဝှေးစေ့ကိုထုတ်ပစ်လေ၏။ ထိုနွားဘဝမှ စုတေလသော်၊ ထိုတိုင်း၌ပင် တစ်ယောက်သော အိမ်ကျွန်မ၏ဝမ်း၌ ကာမေသုမိစ္ဆာစာရ–ပရိဒါကမကောင်းမှုအကုသိုလ်ကံကြောင့်။ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ နပုန်းပဏ္ဍုက်ဖြစ်လေ၏။ ထိုနပုန်းပဏ္ဍုက်ဘဝ၌ အနှစ်သုံးဆယ်ပတ်လုံး အသက်ရှည်၍ ထိုဘဝမှစုတေပြန်လေသော်။ ထိုသိန္ဓိဝါရတိုင်း၌ပင် တစ်ဦးသော အလွန်ဆင်းရဲသောကြောင့်။ မြီကြွေးများစွာ တင်သော လှည်းသမား၏သမီးဖြစ်လေ၏။ အဘဖြစ်သော လှည်းသမားလည်း မြီကြွေး အတိုးအပွားများသောကြောင့်။ မြီကြွေးကို မပေးမဆပ်နိုင်ရကား။ သမီးကိုပင်မြီရှင်ဖြစ်သော ဂိရိဒါသအမည်ရှိသော လှည်းကုန်သည်အား ပေးရလေ၏။ ထိုကုန်သည်သားလည်း မယားကြီးရှိလျက်ပင် ထိုမိန်းမငယ်အရွယ်ရောက်၍ တစ်ဆယ့်ခြောက်နှစ်ရှိလသော်။ အသိမ်းမယားပြုလေ၏။ ထိုအသိမ်းမယားငယ်လည်း၊ မိမိမယားအဖြစ်သို့ရောက်လျှင် လင်သည် မယားကြီးမုန်းအောင် ကုန်းတိုက်ချောပြစ်ပြု၏။ မယားကြီးက သီလနှင့်ပြည့်စုံသော မိန်းမတည်း။ ယင်းသို့ သီလနှင့်ပြည်စုံသော မိန်းမအား။ လင်မုန်းအောင် ကုန်းတိုက်ဖူးသော မကောင်းမှုကြောင့်လည်းကောင်း၊ သူတစ်ပါးမယားကို သွားလာခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရ–ပရ ဒါရိက အမှုကို ပြုဖူးသော မကောင်းမှုကြောင့်လည်းကောင်း။ လင်တို့အား ကျွန်မယားကဲ့သို့ ရှိသေစွာလုပ်ကျွေးပါလျက်။ ငဲ့ကွက်ခြင်းမရှိ ထိုထိုလင်တို့ စွန့်ပစ်ရောင်ရှား ဖယ်သွားကုန်သတည်း။

ယံဒါသိဝိယသက္ကစ္စံ။ ဥပဋ္ဌဟန္တ မံတတ္ထတတ္ထ ပတိနော အပကရိတွာ ဆဋ္ဌေတွာအနပေက္ခာအပဂစ္ဆိံ။ ဇတံတဿမယှံ တဒါကတဿပရဒါရိက ကမ္မဿသ ပတိ' ဝိဒ္ဒေသန ကမ္မဿစနိဿန္ဒဖလံ။ ။ ထေရီအဋ္ဌကထာ။ ။ ဒါသိဝိယ၊ ကျွန်မယားကဲ့သို့။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟန္တံ။ လုပ်ကျွေးသော။ မံ၊ ငါ့ကို။ တတ္ထတတ္ထ၊ ထိုထိုအိမ်တို့၌။ ပတိနော၊ လင်တို့သည်။ အပကရိတွာ ဆဋ္ဌေတွာ၊ စွန့်ကုန်၍။ အနပေက္ခာ၊ ငဲ့ကွက်ခြင်း မရှိကုန်ဘဲ။ ယံအပဂစ္ဆိံ၊ အကြင်ရှောင်လွှဲဘဲသွားကုန်၏။ ဇတံ၊ ဤသို့ရှောင်လွှဲဘဲ သွားခြင်းသည်။ တဒါ၊ ထိုရွှေပန်းထိမ်သည်သားဖြစ်သောအခါ၌။ ကတဿ၊ ပြုအပ်သော၊ မယှံ၊ ငါ၏။ တဿပရဒါရိကကမ္မဿစ၊ ထိုသူတစ်ပါးမယားကို သွားလာခြင်းဟူသော မကောင်းမှု၏လည်းကောင်း။ တဒါ၊ ထိုအသိမ်းမယားငယ်ဖြစ်သောအခါ၌။ သဝတိ၊ လင်တူမယားကြီးကို။ ဝိဒ္ဒေသနကမ္မဿစ။ လင်မုန်းအောင် ကုန်းတိုက်ချောပစ်ပြုသော မကောင်းမှု၏လည်းကောင်း။ နိဿန္ဒဖလံ၊ အကျိုးစက်တည်း။

(ဤ၌ဣသိဒါသိအမည်ရှိသော ရဟန္တာမသည်။ ယောကျ်ားအဖြစ်၌ တည်လျက်။ ဖြည့်အပ်သော ရင့်မာပြီးသော ပါရမီရှိလျက်။ အဆွေခင်ပွန်းယုတ်တို့နှင့်ပေါ င်းဖော်မိ၍။ ဩတ္တပ္ပသံဝေဂမရှိသောကြောင့်။ သူတစ်ပါးမယားကို သွားလာခြင်းတည်းဟူသောကာမေသုမိစ္ဆာစာရ–ပရဒါရိကအမှုကို ပြုမိရကား။ များစွာသောဘဝတို့၌ အတိုင်းမသိသော ဆင်းရဲကိုခံလျက်၊ အဆုံးဘဝ၌လည်း မိန်းမဖြစ်လျက်ပင်၊ အရဟတ္တဖိုလ်သို့ရောက်၍ ဝဋ်ဆင်းရဲမှလွတ်လေသတည်း။ ယင်းသို့ ရင့်မာသော ပါရမီရှိသော သူပင်ဖြစ်ငြားသော်လည်း။ သူ့မယားကို ခိုးခြင်းတည်းဟူသော ဩတ္တပ္ပသံဝေဂကင်းသောကြောင့်။ ဆင်းရဲရလေသည်ကို ထောက်၍ ယခုအခါ နောက်သားနောင်လာ ပညာရှိအပေါင်းသူတော်

mgyoe.com

 mgyoe.com 

ကောင်းဟူသမျှလည်း။ ဩဋ္ဌပ္ပသံဝေဂတရားကို နှလုံး ထား၍၊ သူ့မယားကိုဝေးစွာ ရှောင်ကြဉ်ရာပေတည်း။

သဗ္ဗညုဘုရား၏ ရှစ်ပါးသောဆုကို ယူ၍အ လုပ်အကျွေးဖြစ်တော်မူသော ညီတော်အာနန္ဒာသည်။ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပဒုမုတ္တရမြတ်စွာဘုရား ၏အထံ၌ ဆုပန်၍ပါရမီဖြည့်သော်။ ရင့်မာပြီးသော ပါရမီရှိလျက် တစ်ခုသောဘဝ၌၊ မဂဓတိုင်း ရာဇဂြိုလ် ပြည်တွင်။ ရွှေပန်းထိမ်သည်သားဖြစ်၍၊ အဆင်း ဥစ္စာ အမျိုးအရွယ်မာန်ယစ်သောအားဖြင့် တစ်ပါးသော အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းဖော်၍ ကြောက်ထိတ် လန့်ခြင်း ဩဋ္ဌပ္ပသံဝေဂ ကင်းချေရကား။ သူတစ်ပါး တို့စောင့်ရှောက် သိမ်းဆည်းအပ်သော မယားတို့၌ လွန်ကျူး၍၊ မိစ္ဆာစာရအမှုကို ပြုကျင့်ချေ၏။ ထိုဘဝ၌ ပြုအပ်သော ကာမေသုမိစ္ဆာစာရ–ပရဒါရိကအမှုသည်၊ အကျိုးပေးခွင့်ကိုမရဘဲ။ ထိုဘဝမှစုတေလေသော်။ ဝံ သတိုင်း။ ကောသမ္ဗီပြည်၌။ ကုဋေရှစ်ဆယ်ကြွယ်ဝ သောသူဌေး၏။ တစ်ယောက်တည်းသော သားဖြစ်၍ အလွန်ချစ်လှစွာ၏။ ပရဒါရိကမကောင်းမှုကား။ ပြာ ဖြင့်ဖုံးလွှမ်းသောမီးကဲ့သို့ နောင်အခါ အကျိုးပေးခွင့်ကို ပြုလျက်တည်၏။ ထိုသူဌေးသားဖြစ်သောဘဝ၌ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်လျက် များစွာသော ကောင်းမှုကုသိုလ်တို့ကို ပြု၏။ ထိုကုသိုလ်ကောင်းမှု တို့သည်။ အနန္တရဘဝ၌ အကျိုးပေးခွင့်ကိုမရဘဲ။ အန န္တရဘဝကပြုခဲ့သော။ ပရဒါရိက မကောင်းမှုတို့ကြောင့်။ ထိုသူဌေးဘဝမှ စုတေလေသော်။ မဟာရောရုဝငရဲကြီး ၌ ဖြစ်လေ၏။ သူဌေးဘဝ၌ပြုအပ်သော ကောင်းမှု ကုသိုလ်တို့သည် ပြာဖြင့် ဖုံးလွှမ်းအပ်သော မီးကဲ့သို့ နောင်အခါ အကျိုးပေးခွင့်ကိုပြုလျက်တည်ကုန်၏။ မဟာရောရုဝငရဲ၌ ကာလနှစ်ပေါင်း သိန်းသောင်းကုဋေ သင်္ချေမက၊ ဆင်းရဲကို ခံပြီးမှ၊ ငရဲကစုတေလေသော်။ ဘိန္နဂတတိုင်း၌၊ ဆိတ်မဝမ်းဝယ် ပဋိသန္ဓေနေလေ၏။ ဖွား၍အရွယ်ရောက်လျှင် ပရဒါရိက မကောင်းမှုကြောင့် ဝှေးစေ့ကိုထုတ်ပစ်၍ ကျောဥ္စိးခြင်း။ ယာဉ်ရထား၌ ကခြင်းဖြင့် ဆင်းရဲကို များစွာခံစားရ၏။ ထိုဆိတ်ဘဝမှ စုတေလေသော်၊ တောအုပ်တစ်ခု၌ မျောက်ကြီးကို စွဲ၍။ မျောက်မဝမ်း၌ ပဋိသန္ဓေနေလေ၏။ အချိန်ရောက်လျှင် ဖွား၍။ မျောက်ကြီးအားပြလေသော်။ ငါ့သားအားခေါ်ခဲ့ ဟုဆို၍။ ထိုပရဒါရိက–ကာ မေသုမိစ္ဆာစာရမကောင်းမှု ကြောင့်။ မျောက်ငယ် မြည်တမ်းစဉ်ဝှေးစေ့ကို သွားတို့ ဖြင့် ကိုက်ဖြတ်လျက် သတ်လေ၏။ ထိုမျောက်ဘဝမှ စုတေလေသော်။ ဒသနတိုင်း၌၊ နွားမဝမ်းတွင် ပဋိသန္ဓေ နေလေ၏။ ဖွား၍အရွယ်ရောက်လျှင် နွားရှင်တို့က၊ ပရ ဒါရိကမကောင်းမှုကြောင့်။ ဝှေးစေ့ကို ထုတ်လျက် ထွန်နွားတိုက်နွားပြု၍ စေစားကုန်၏။ ထိုနွားဘဝမှ စုတေလေသော်။ ဝဇ္ဇီတိုင်းတို့၌၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ နပုန်းပဏ္ဍုက်ဖြစ်လေ၏။ ယင်းသို့နပုန်း ပဏ္ဍုက်ဖြစ်ရခြင်းသည်လည်း။ ကာမေသုမိစ္ဆာစာရ– ပရဒါရိကမကောင်းမှုကြောင့်ပင်တည်း၊ ထိုနပုန်း ပဏ္ဍုက်ဘဝမှ စုတေလသော်။ တာဝတိံသာနတ်ပြည်၌ သိကြားမင်းမိဖုရား နတ်မိန်းမဖြစ်လေ၏။ ယင်းသို့ နတ်မိန်းမဖြစ်ရခြင်းသည်လည်း ပရဒါရိကမကောင်းမှု ကြောင့်ပင်တည်း။ ထိုနတ်မင်းမိဖုရားအဖြစ်၌ တည် လျက် အတိတ်၌ခုနစ်ဘဝ။ အနာဂါတ်၌ ခုနစ်ဘဝတို့ကို မြင်နိုင်၏။

အဟံပိ အတီတေသတ္တ ဇာတိယောအတ္တ နောသံသရိတံသရာမိ။ အနာဂတေပိဏ္ဍတောဂန္ဓဗ္ဗာသ တ္တေဝဇာနာမိ။ ။ ဇာတ်အဋ္ဌကထာ။ ။ အဟံပိ၊ ငါသည် လည်း။ အတီတေ၊ အတိတ်၌။ သတ္တဇာတိယော၊ ခုနစ် ဘဝတို့ပတ်လုံး။ အတ္တနော၊ မိမိ၏ သံသရိတံ၊ ကြည် လည်အပ်သော ဘဝကို။ ။ သရာမိ၊ အောက်မေ့နိုင်၏။ အနာဂတေပိ၊ အနာဂါတ်၌လည်း။ ဣတော၊ ဤသိ ကြားမင်းမိဖုရားဘဝမှ။ ဂန္ဓဗ္ဗာ၊ သွားလာအပ်ကုန် သော။ သတ္တေဝ၊ ခုနစ်ဘဝတို့ကိုလျှင်။ ဇာနာမိ၊ သိ၏။ ။ ထိုနတ်မိဖုရားသည်။ ငါကား အဘယ်ဘဝမှ လာ၍။ ဤ၌ဖြစ်သနည်းဟု ဆင်ခြင်လသော်။ ဝဇ္ဇီတိုင်း၊ နပုန်း ဏ္ဍုက်ဘဝမှလာ၍ ဖြစ်သည်ကို မြင်လေ၏။ အဘယ် ကောင်းမှုကြောင့်။ ဤကဲ့သို့ မြတ်သောနတ်၏စည်းစိမ် ကိုရသနည်းဟု ဆင်ခြင်လေသော်၊ ကောသမ္ဗီပြည်၌ သူဌေးဖြစ်၍၊ သူတော်ကောင်းနှင့်ပေါင်းလျက် ကောင်းမှု ကုသိုလ်ကို အားထုတ်ခဲ့သောကြောင့်။ ထိုကုသိုလ် ကောင်းမှု၏အကျိုးအားဖြင့်။ မြတ်သောနတ်၏ စည်းစိမ် ချမ်းသာကိုရသတည်းဟု သိ၏။ အဘယ်ဘဝမှလာ၍၊

mgyoe.com

mgyoe.com

ဝဋ္ဋိတိုင်း၌ နပုန်းပဏ္ဍုက်ဖြစ်သနည်းဟု ဆင်ခြင်လေသော်။ ဒဿနတိုင်း။ နွားဘဝမှလာ၍ ဖြစ်သည်ကိုမြင်လေ၏။ အဘယ်ဘဝမှ လာ၍ဒဿတိုင်း နွားဘဝ၌ ဖြစ်သနည်းဟု ဆင်ခြင်လေသော်။ မျောက်ဘဝမှလာ၍ ဖြစ်သည်ကိုမြင်လေ၏။ အဘယ်ဘဝမှလာ၍ မျောက်ဖြစ်သနည်းဟု ဆင်ခြင်လေသော်။ ဘိန္နာဂတတိုင်း။ ဆိတ်ဘဝမှလာ၍ဖြစ်သည်ကို မြင်လေ၏။ အဘယ်ဘဝမှလာ၍ ဘန္နာဂတတိုင်း၌ ဆိတ်ဖြစ်သနည်းဟု ဆင်ခြင် လေသော်။ မဟာရောရုဝငရဲမှာလာ၍ ဖြစ်သည်ကိုမြင်လေ၏။ အဘယ့်ကြောင့် မဟာရောရုဝငရဲ၌၊ ဆင်းရဲများစွာကိုခံရသနည်းဟု ဆင်ခြင်လေသော်။ နပုန်းပဏ္ဍုက်ဘဝမှ ခြောက်ခုမြောက်ဖြစ်သော ကောသမ္ဗီပြည် သူဌေးဘဝ၌။ ဆင်းရဲခံစားခြင်း၏အကြောင်း။ မကောင်းမှု မရှိသည်ကိုသိ၍။ ခုနစ်ခုမြောက်သောဘဝကို ဆင်ခြင်လေလျှင်။ မဂဓတိုင်းရာဇဂြိုလ်ပြည်၌၊ ရွှေပန်းထိမ်သည်သားဖြစ်၍။ ကာမေသုမိစ္ဆာစာရ ပရဒါရိက မကောင်းမှုကို မြင်လေ၏။ ထိုအခါ၊ အလွန်ကြောက်ထိတ်လန့်ခြင်း ဖြစ်သတည်း။ ငါသည်၊ ဤဘဝမှစုတေလေသော်၊ အဘယ်ဘဝ၌ ဖြစ်ရမည်နည်းဟု ဆင်ခြင်လေလျှင်။ နှစ်ကြိမ် သုံးကြိမ်မြောက်။ လေးကြိမ်မြောက်တိုင်အောင်၊ သိကြားမင်းမိဖုရားဖြစ်လတ္တံ့ သည်ကိုမြင်၍၊ ထိုနောက် ငါးကြိမ်မြောက် ကြည့်လေသော်။ ထိုတာဝတိံသာနတ်ပြည်၌ပင်။ ဇဝနနတ်သား၏ မိဖုရားဖြစ်လတ္တံ့သည်ကိုမြင်၏။ ထိုနောင် ခြောက်ကြိမ်မြောက်ကြည့်လသော်၊ မိဓိလာပြည်ဝယ်၊ အင်္ဂတိမင်း၏ သမီးဖြစ်၍။ ရုဇာဟု အမည်နာမရလတ္တံ့သည်ကိုမြင်၏။ ထိုနောင်ခုနစ်ကြိမ်မြောက်ကြည့်ရှုလသော်။ ထိုရုဇာမင်းသမီးအဖြစ်မှ စုတေ၍။ တာဝတိံသာနတ်ပြည်၌။ တန်ခိုးကြီးသော နတ်သားဖြစ်လတ္တံ့သည်ကိုမြင်၏။ ထိုအခါ မိန်းမအဖြစ်မှ လွတ်လတ္တံ့ဟုသိ၍။ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သတည်း။

ဣတ္ထိဘာဝတောမုစ္စိဿာမိတိအညာသိ။ ။ဇာတ်အဋ္ဌကထာ။ ။ ဣတ္ထိဘာဝတော၊ မိန်းမ၏အဖြစ်မှ။ မုစ္စိဿာမိ၊ လွတ်လတ္တံ့။ ဣတိ၊ ဤသို့။ အညာသိ၊သိလေ၏။ ဝါ၊ နှစ်သက်ဝမ်းမြောက်၏။ ။အညာသိ၌၊ ညာဓာတ်ကား သောမနဿ။ ။ပန်းထိမ်ခေါ်ရေး၊ သူဌေးသားနောက်၊ ရောရုရောက်၍၊ ဆိတ်မျောက်နွားစစ်၊ နပုန်းဖြစ်လတ်၊ နတ်မိဖုရား၊ ငါးကြိမ်ဖြစ်ခါ၊ ရုဇာနတ်သား၊ ဆယ့်လေးပါးသည်။ ။ ညီဖွားအာနန်ဖြစ်ရချက်။ ။ (ဤ၌ကမ္ဘာတစ်သိန်းကာလပတ်လုံး။ ထိုထိုဘဝ၌ များစွာသောအားဖြင့်။ ဘုရားလောင်းတော်နှင့်အတူတကွ။ ပါရမီဖြည့်ကြ၍။ ရင့်မာသော ပါရမီရှိသော။ မဟာသာဝက အလောင်းတော်ဖြစ်လျက်။ မဂဓတိုင်း ရာဇဂြိုလ်ပြည်ဝယ်။ ရွှေပန်းထိမ်သည် သားဖြစ်သည်ကာလ။ သြတ္တပ္ပသံဝေဂ ကင်းချေသောကြောင့်။ သူတစ်ပါးမယား၌ ပြစ်မှားခြင်းတည်းဟူသော၊ ကာမေသုမိစ္ဆာစာရ–ပရဒါရိကမကောင်းမှုကို ပြုချေရကား။ များစွာသော ဘဝတို့၌ အတိုင်းမသိသော ဆင်းရဲဒုက္ခကိုခံစားရလေသတည်း။ ယင်းသို့ရင့်မာသော ပါရမီရှိသောသူဖြစ်လျက်၊ မကောင်းမှုမှာ ကြောက်ထိတ်လန့်ခြင်းသြတ္တပ္ပသံဝေဂကင်းလျှင်။ မရေတွက်နိုင်သော ဆင်းရဲကို ခံရသည်ကိုထောက်၍။ ယခုအခါ နောက်သား နောင်လာ ပညာရှိအပေါင်း သူတော်ကောင်းတို့အားကား။ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂတရားကို နှလုံးထား၍။ သူ့မယား၌ လွန်ကျူးခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရ–ပရဒါရိကအမှုကို။ ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏)။ ဤကားမကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ ကင်းသောကြောင့်။ ကာမေသုမိစ္ဆာစာရအမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုပြကုန်သေတည်း။

စိတ္တုတြာသ သံဝေဂနှင့်တကွ၊ သြတ္တပ္ပသံဝေဂ စိတ်ဖြင့် မှတ်အပ်သော သံဝေဂဝတ္ထုဒီပနီကျမ်း၏ ပထမကဏ္ဍကား၊ ဤတွင်ပြီးပြီ။

**သံဝေဂဝတ္ထုဒီပနီကျမ်း ပထမတွဲပြီး၏။**

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သံဝေဂဝတ္ထုဒီပနီကျမ်း ဒုတိယတွဲ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ယခုအခါ သြတ္တပ္ပသံဝေဂ မရှိသည်ဖြစ်၍။ မုသာဝါဒ အမှုကိုပြုကြကုန်သော သူတို့၏ဝတ္ထုသည် သေကိုပြပေအံ့။ ။ လွန်လေပြီးသောအခါ ကဿပ ဘုရားလက်ထက်တော်ဝယ်။ ကိမိလမည်သော ပြည်၌ သောတာပန်ဖြစ်သော တစ်ယောက်သော ဥပါသကာ သည်။ ငါးရာသောဥပါသကာတို့နှင့်တကွ ဆန္ဒအလို တူကြ၍ အာရုံပြုကြခြင်း၊ သစ်ပင်စိုက်ခြင်း၊ တံတား ခင်းခြင်းအစရှိသော၊ ကုသိုလ်ကောင်းမှုတို့၌ အားထုတ် လျက်၊ သံဃာတော်တို့အား ကျောင်းဆောက်ပြီးလျှင်။ ထိုငါးရာသော ဥပါသကာတို့နှင့်တကွ ကျောင်းသို့ မပြတ်သွား၍ တရားနာ၏။ ထိုငါးရာသော ဥပါသကာ တို့၏မယား၊ ငါးရာသော ဥပါသကီမတို့သည်လည်း။ အချင်းချင်း ညီညွတ်ကုန်သည်ဖြစ်၍။ ပန်းနံ့သာစသည် ကို လက်စွဲကုန်လျက်၊ ရံခါရံခါ တရားနာကျောင်းသို့ သွားကုန်၏။ ယင်းသို့သွား၍ ပင်ပန်းသော်၊ လမ်းကြား ဇရပ်သဘင်စသည်တို့၌ နားနေကုန်၏။ ထိုအခါ တစ်နေ့သ၌ အပင်အပန်းဖြေ၍ သွားကုန်သည်ရှိသော်။ ထိုမိန်းမတို့၏အဆင်း၌ တပ်ခြင်း ရှိကုန်သည်ဖြစ်၍၊ ထိုမိန်းမတို့တွင် တစ်ယောက်သော မိန်းမ၏ သီလကို ဖျက်ခြင်းဝယ်။ အဘယ်သူစွမ်းနိုင်အံ့နည်းဟု စကားကို ဖြစ်စေကုန်၏။ ထိုသေသောက်ကြူးတို့တွင် တစ်ယောက် သောသူက ငါစွမ်းနိုင်၏ဟုဆိုသော်၊ မစွမ်းနိုင်ရာဟုဆို လျှင်။ တစ်ထောင်လောင်းတမ်းဟုဆို၍ လောင်းတမ်းပြု ကြကုန်၏။ ။သဟာသေ နအဇ္ဈတ်ကရောမာတိအဇ္ဈတ မကံသု။ ။ ပေတဝတ္ထုအဋ္ဌကထာ။ ။သဟာသေန၊ တစ်ထောင်ဖြင့်။ အဇ္ဈတံ၊ လောင်းတမ်းကို၊ ကရောမ၊ ပြုကုန်အံ့ဟူ၍၊ ဤသို့ဆို၍။ အဇ္ဈတံ၊ လောင်းတမ်းကို။ အကံသု၊ ပြုကြကုန်၏။ ။ ထိုသေသောက်ကြူးသည်။ များစွာသောအကြောင်းတို့ ဖြင့်ကောင်းစွာ လုံ့လပြုလျှင်။ ထိုဥပါသိကာတို့လာကြ၍ အနီးသို့ရောက်လတ်သော်၊ ညို့ခုနစ်ချောင်းရှိ သောစောင်းကို ကောင်းစွာတီးလျက် နှစ်သက်ဖွယ်သော စောင်းသံသီချင်းသံဖြင့် ထိုမိန်းမတို့ တွင် တစ်ယောက်သောမိန်းမအား သီလပျက်ခြင်းသို့ ရောက်စေလျက်။ အဖော်ဖြစ်သော သေသောက်ကြူးတို့ကို တစ်ထောင်ရှုံးစေ၏။ ရှုံးသော သေသောက်ကြူးတို့ သည်။ ထိုမိန်းမ၏လင်အား ကြားကုန်၏။ လင်လည်း သင်သည် သေသောက်ကြူးတို့ဆိုသည်အတိုင်း။ အတိ စာရအမှုကိုပြုသည်မှန်၏လောဟု မေးသော်။ ငါကား ဤအမှုကိုမသိဟု မုသားဆိုလျှင်။ လင်သည် မယုံရ ကား။ အပါးတွင်ရပ်သော ခွေးနက်တစ်ခုကိုပြ၏။ အကယ်၍ ငါသည် အတိစာရအမှုကို ပြုသည်ဖြစ်အံ့။ ဤပြတ်သော နားရွက်ရှိသော ခွေးနက်ကြီးသည်။ ထိုထို ဘဝ၌လိုက်၍ ငါ့အသားကို စားသည်ဖြစ်စေသောဟု မမှန်သော စကားမုသားပျက်ရယ် ကျိန်တွယ်သစ္စာဆို ၏။ ယင်းသို့ဆိုသော်လည်း ထိုမိန်းမ၏ စကားကိုမယုံရ ကား၊ သွားဖော်လာဖော်ဖြစ်သော မိန်းမတို့အားမေး မြန်း၏။ အဖော်ဖြစ်သော မိန်းမတို့သည်လည်းသိလျက် သားနှင့် မုသားဝှက်ကွယ်၍။ ငါတို့သိချေက ထိုမိန်းမ

mgyoe.com

mgyoe.com

၏ ကျွန်ပင်ဖြစ်ပါစေသောဟု ကျိန်ဆိုကုန်၏။ မိန်းမတို့တွင် အတိစာရအမှုကို ပြုကျင့်သောမိန်းမသည် အတိစာရမကောင်းမှုကြောင့်လည်းကောင်း၊ သီလရှင်ဖြစ်သောလင်အား လှည့်စားမိသော မုသာဝါဒကြောင့်လည်းကောင်း၊ မကြာမြင့်မှီသေလွန်၍ ဟိမဝန္တာတောဝယ်၊ အိုင်ကြီးခုနစ်အိုင်တို့တွင် အကျုံးဝင်သော ကဏ္ဏမုဏ္ဍအိုင်၏ အနီးအပါးကမ်းနား၌။ ဗိမာနပေတီ နတ်သမီးဖြစ်လေ၏။ ဗိမာန်၏အနီးအပါး၌ လည်းကံ၏အကျိုးကို ခံစားခြင်းငှာ အလျောက်ပတ်သောတစ်ခုသော ရေကန်သည်ဖြစ်လာ၏။ ကြွင်းသော မိန်းမတို့လည်း မမှန်စကားမုသားဆို၍၊ ထိုမိန်းမအတွက်ကို ကျိန်သောကြောင့်။ ထိုမိန်းမ၏ ကျွန်ဖြစ်လာကုန်၏။ ။သေသာ စပဉ္စသတာဣတ္ထိယောကာလံက တွာသကတကမ္မဝသေနတဿာယေဝ ဒါသိယောဟု တွာနိပ္ပတ္တိံသုံ။ ။ ပေတဝတ္ထုအဋ္ဌကထာ။ ။ သေသာ၊ ကြွင်းကုန်သော။ ပဉ္စသတာ၊ ငါးရာကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်လည်း။ ကာလံကတွာ၊ သေကုန်၍။ သပတကမ္မဝသေန၊ မမှန်စကား မုသားကျိန်ဆိုသောကံ၏ အစွမ်းကြောင့်။ တဿယေဝ၊ ထိုအတိစာရ ကိုပြုသောမိန်းမ၏သာလျှင်။ ဒါသိသော၊ ကျွန်မတို့သည်။ ဟုတွာ၊ ဖြစ်၍။ နိပ္ပတ္တိံသုံ၊ ဖြစ်ကုန်၏။ ။ထိုအတိစာရအမှုကိုပြု၍။ မုသားဆိုသော မိန်းမသည်။ မိဿကကံ၏အစွမ်းကြောင့်။ နေ့အဖို့၌ နတ်စည်းစိမ်ကိုခံစား၍။ ညဉ့်အားကြီး သန်းခေါင်တိုင်လသော်။ မကောင်းမှုသည် တိုက်တွန်းရကား၊ အိပ်ရာမှထ၍ ရေကန်နားသို့သွား၏။ ထိုရေကန်နား၌ ဆင်ပြောင်ပမာဏထက်လှသော အစွယ်ရှိသော ရှားမီးကဲ့သို့၊ ရဲရဲတောက်သော မျက်စိရှိသော ကြောက်မက်ဖွယ်သော ပြတ်သောနားရွက်ရှိသော ခွေးနက်ကြီးတစ်ခုသည်။ အလွန်မွတ်သိပ်စွာ လျက်လာပြီးလျှင်။ အသားဟူမျှ အလုံးစုံကို အကုန်စား၍။ အရိုးများကို သွားတို့ဖြင့်ကိုက်ပြီးလျှင်။ ရေကန်တွင်ပစ်ချ၍ ကွယ်လေ၏။ ထိုမိန်းမလည်း ရေကန်ဝယ်ကျသည် အခြားမဲ့၌ပင် အသွင်ပြင်ပကတိကိုဆောင်လျက် ဗိမာန်ထက်သို့တက်၍ နေရာ၌အိပ်၏။ ကြွင်းသောမိန်းမတို့ကား မုသား၏အတွက်ကြောင့်။ ထိုမိန်းမ၏ ကျွန်ဖြစ်ရုံမျှသော ဒုက္ခကိုသာ ခံရချေ၏။ ဤသို့ကဏ္ဏမုဏ္ဍအိုင်၌ နေကြသော ထိုမိန်းမတို့အား ကာလနှစ်ပေါင်းကား ငါးရာအလွန် ငါးဆယ်ပင် ကျွန်သတည်း။ ယောကျ်ားတို့နှင့် ကင်း၍ နတ်စည်းစိမ်ကို ခံစားရကုန်သော မိန်းမတို့အား ပျော်ပါးခြင်းမရှိ၍ ငြီးငွေ့ကုန်၏။ ထိုအရပ်၌ ကဏ္ဏမုဏ္ဍအိုင်မှ တောင်ခေါင်းဖြင့် ထွက်သွား၍ ဂင်္ဂါမြစ်မသို့ စီးဝင်သောတစ်ခုသော မြစ်ငယ်သည်ရှိ၏။ ထိုမိန်းမတို့နေရာ၏အနီးအပါး၌ များစွာသော အသီးအပွင့်ရှိသော သရက်ပိန္နဲစသော သစ်ပင်တို့ဖြင့် တင့်တယ်သော တစ်ခုသော အရန်တောသည် ရှိ၏။ ထိုအခါ ထိုမိန်းမတို့ကြံသည်ကား။ ယခုအခါ ငါတို့သည် သရက်သီးစသည်ကို မြစ်ဝယ်ပစ်ချကုန်အံ့။ ထိုသရက်သီးစသည်တို့ကို မြင်၍လိုချင်သော တစ်စုံတစ်ယောက်သော ယောကျ်ားသည်လာငြားအံ့လည်း မသိဟု ကြံကြကုန်၏။ ကြံသည့်အတိုင်း သရက်သီးစသည်တို့ကို မြစ်ဝယ်ပစ်ချကုန်၏။ ထိုမြစ်၌ ပစ်ချအပ်ကုန်သော သရက်သီးတို့တွင် အချို့ကား ရသေ့တို့ယူကုန်၏။ အချို့ကို မုဆိုးတောသားတို့ ယူကုန်၏။ အချို့ကား ကမ်းနား၌ငြိကုန်၏။ တစ်လုံးသော သရက်သီးကား။ ဂင်္ဂါမြစ်သို့ဆင်း၍ အယဉ်ဖြင့် သွားလေသော်။ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ရောက်လေ၏။ ထိုအခါ ဗာရာဏသီမင်းသည်။ သံကွန်ရက်ကာရံလျက် ဂင်္ဂါမြစ်၌ ရေချိုး၏။ သရက်သီးလည်း ဂင်္ဂါမြစ်ကြောင်းဖြင့် မျောသွား၍ အစဉ်အားဖြင့် သံကွန်ရက်၌ ငြိလေ၏။ အဆင်းအနံ့အရ သာနှင့်ပြည့်စုံသော ကြီးစွာသော နတ်သရက်သီးကို မြင်လေသော်။ မင်းချင်းယောကျ်ားတို့လည်း မင်းအား ဆက်သကုန်၏။ မင်းလည်း စုံစမ်းခြင်းငှာ။ ထိုသရက်သီးတစ်ပိုင်းကို ယူဆောင်၍ နှောင်အိမ်၌သွင်းထားသော ခိုးသူယောကျ်ားအား ပေးစေ၏။ ခိုးသူယောကျ်ားလည်း ထိုသရက်သီးတစ်ပိုင်းစား၍ မင်းအား ဤသို့လျှောက်၏။ အရှင်မင်းကြီး။ ဤကဲ့သို့ ချိုမြိန်ကောင်းမြတ်သော သရက်သီးကို စားမည်ထား၍ ကြားမျှမ ကြားဖူး။ ဤသရက်သီးကား နတ်၌ဖြစ်သည်ထင်၏ ဟုလျှောက်၏။ မင်းလည်း သရက်သီးတစ်ပိုင်းကို တစ်ဖန်ပေးစေပြန်၏။ ခိုးသူယောကျ်ားလည်း သရက်သီးကိုစား၍ အရေတွန့်လိပ်ခြင်း။ ဆံဖြူခြင်း ကင်းလျက် အဆင်းလှ၍ ပဌမအရွယ်၌ တည်သကဲ့သို့ဖြစ်၏။ မင်းလည်း ထိုယောကျ်ား၏

mgyoe.com

mgyoe.com

အံ့ဖွယ်သရဲကိုမြင်၍ ဤသို့သဘောရှိသော သရက်သီးသည်။ အဘယ်အရပ်ဝယ်ရှိလေသနည်းဟု မှူးမတ်တို့ကို မေး၍။ ဟိမဝန္တာတောမှာရှိပါ၏ဟုဆိုလျှင် ထိုသရက်သီးကို ဆောင်ခြင်းငှာတတ်နိုင်ပါအံ့လောဟု ဆိုသော်။ တောလည်မုဆိုးတို့ တတ်နိုင်ကုန်ရာ၏ဟု လျှောက်ကုန်၏။ မင်းလည်း မုဆိုးတို့ကိုခေါ်စေ၏။ ထိုမုဆိုးတွင် တစ်ယောက်သော မုဆိုးအား အသပြာတစ်ထောင်ပေးပြီးလျှင် သရက်သီး ကိုဆောင်ချေဟု စေ၏။ မုဆိုးလည်း အသပြာတစ်ထောင်ကို သားမယားတို့ထံ အပ်နှံပေးခဲ့ပြီးလျှင်။ ခရီးလမ်းစာ မျိုးရိက္ခာကို ယူပြီးမှ။ ကဏ္ဍမုဏ္ဍအိုင်သို့ ရှေးရှုသွားလေသော်၊ လူတို့ခရီးကို ကျော်၍ ကဏ္ဍမုဏ္ဍအိုင်မှ ဤမှာဘက်။ ယူဇနာခြောက်ဆယ်မျှလောက်အရပ်၌ ရသေ့တစ်ယောက်ကို တွေ့၍ ထိုရသေ့ကြားအပ်သော ခရီးလမ်းဖြင့်သွားလေသော်။ တစ်ဖန် တစ်ဆယ့်ငါးယူဇနာမျှလောက် ရောက်၍။ တစ်ယောက်သော ရသေ့ကို တစ်ဖန်တွေ့ပြန်လျှင်။ ထိုရသေ့အား မိမိ၏လာခြင်းအကြောင်းကိုကြား၍ ထိုရသေ့လည်း ဤမှစ၍ ဂင်္ဂါမြစ်ကြီးကိုပယ်လျက် မြစ်ငယ်ကို လျှောက်သွားလေသော်။ အကြင်အခါ တောင်ခေါင်းကို ဟောင်းလောင်းမြင်လတ္တံ့။ ထိုအခါမှ စ၍မီးရှူးမီးတိုင်ကို ကိုင်ပြီးလျှင်။ ညဉ့်ကိုသာ သွားပါလေ။ ဤမြစ်ကား ညဉ့်ကိုမစီးပါ၊ သွားခြင်းငှာလျောက်ပတ်၏။ နှစ်ယူဇနာ သုံးယူဇနာလောက်ရောက်လျှင် သင်သည် သရက်တောကိုမြင်လတ္တံ့ဟုဆို၏။ ထိုမုဆိုးကား။ ရသေ့ဆိုတိုင်းသွားလေသော်။ အထူးထူးအပြားပြားသော ရတနာရောင်ဖြင့် ပြောင်ပြောင်တောင်ပသော မြေအဘို့ရှိသော အသီးတည်းဟူသော ဝန်ဖြင့်ညွတ်သော သစ်ခက် ဗိမာန်ရှိသော သစ်ပင်အပေါင်းဖြင့် ကောင်းစွာတင့်တယ်သော အထူးထူးသော ကျေးငှက်တို့ဖြင့်။ ကွန့်မြူးကျူးရင့်လျက် နှစ်သက်ဖွယ် နှလုံးကိုဆောင်တတ်သော သရက်တောသို့ရောက်လေ၏။ ထိုငါးရာသော မိန်းမတို့သည် မုဆိုးသားအဝေးမှလာသည်ကိုမြင်လျှင်။ ဤယောကျ်ားကား ငါ့လင်တည်းဟုဆို၍ ကိုယ်စီကိုယ်ငြားပြေးလာကုန်၏။ မုဆိုးသည်ကား ထိုငါးရာသော နတ်သမီးတို့နှင့် အတူတကွ။ နတ်စည်းစိမ်ကို ခံစားခြင်းငှာ လျောက်ပတ်သော ကောင်းမှုကုသိုလ်ကို မပြုဖူးသည်၏အဖြစ်ကြောင့်။ ထိုနတ်သမီးတို့ကိုမြင်လျှင်ကြောက် ငင်လန့်ရှောင်သော ကြောင့်။ တောင်ခေါင်းဖြင့် ထွက်ပြေး၍။ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လေသော်။ ထိုအကြောင်းကို ဗာရာဏသီမင်းအား ကြားလျှောက်၏။ ဗာရာဏသီမင်းလည်း ထိုစကားကိုကြားလေလျှင်၊ ထိုမိန်းမတို့ကို မြင်ခြင်းငှာလည်းကောင်း၊ သရက်သီးကို စားခြင်းငှာလည်းကောင်း၊ အလိုရှိရကား၊ အမတ်တို့အား ပြည်ကို ပေးအပ်ပြီးလျှင်၊ ယခင် တောသို့သွားသော အမှတ်ဖြင့်၊ လေး၊ မြား၊ တောင့်၊ သန်လျက်တို့ကို ယူကောက်၍ နှစ်ယောက်သုံးယောက်သာနောက်ပါလူခြံရံလျက်။ မုဆိုးညွှန်အပ်သော လမ်းခရီးဖြင့်သွားလေသော်၊ နှစ်ယူဇနာ သုံးယူဇနာလောက်ရောက်လျှင်၊ နောက်ပါ လူတို့ကိုထားခဲ့၍ မုဆိုးသားနှင့်သာ သွားကြသဖြင့်။ ရောက်ခါနီးလျှင် မုဆိုးသားကိုလည်းပြန်စေ၍ တစ်ယောက်တည်းထည်း သရက်တောသို့ဝင်လေ၏။ ထိုအခါ ငါးရာသော နတ်မိန်းမပျိုတို့သည်။ ထိုမင်းကိုမြင်ကုန်လျှင် ဤသူကား လူသာမန်မဟုတ်။ လူကို အုပ်ချုပ်သောမင်းတည်းဟု သိကုန်၍ များစွာချစ်ခြင်း မြတ်နိုးခြင်းဖြင့် ရှိသေစွာရှေးရိုးချိုး၍ နတ်၌ဖြစ်သော အဝတ်တန်ဆာ ပန်းနံ့သာနံ့ ပြောင်းတို့ဖြင့် ကောင်းစွာတန်ဆာဆင်လျက်။ ဗိမာန်ထက်သို့ တင်၍ အထူးထူးအပြားပြားအားဖြင့် များမြတ်သော အရသာရှိသော နတ်၏ဘောဇဉ်တို့ကို ကျွေးမွေး၍၊ မင်း၏အလိုနှင့်လျောက်ပတ်အောင်ဆည်းကပ်ခစားကုန်၏။ ထိုမင်းနှင့် ပျော်ပါးသောမိန်းမတို့အား ကာလအားဖြင့် အနှစ်နှစ်ရာကျော်သတည်း။ တစ်ရံရောအခါ မင်းသည် ညဉ့်သန်းခေါင်အခါ အိပ်ရာမှထထိုင်ပြီး လျှင် ထိုင်လျက်ရေကန်နားသို့သွားသော အတိစာရ မိန်းမကိုမြင်၍၊ ဤမိန်းမသည်။ ဤအခါဝယ်အဘယ် အကြောင်းဖြင့် သွားသနည်းဟုစုံစမ်းလျက် နောက်မှ လိုက်၏။ ယင်းသို့လိုက်လျှင် ခွေးကိုက်၍စားသော ထိုမိန်းမကိုမြင်၍ အကြောင်းကိုမသိရကား၊ သုံးရက်တိုင်အောင်စူးစမ်းပြီးမှ။ အကြောင်းကိုသိလျှင် ဤခွေးနက်ကား၊ ဤမိန်းမပျက်၏ရန်သူဖြစ်လတ္တံ့ဟု နှလုံးပြုလျက်ထက်စွာသော မြားဖြင့်ပစ်သတ်၍ အသက်ကုန်စေပြီးမှ။ ထိုမိန်းမကိုလည်း ပုတ်ခတ်၍ ရေကန်၌ချပြီးမှ–ဆယ်ယူလျှင် ရှေးအသွင်အတိုင်း ပကတိရှိသည်ကို

mgyoe.com

mgyee.com

မြင်၍။ အကြောင်းကိုမေးသော်။ အရှင်မင်းကြီး၊ ငါ ကားကိမိလပြည်၌ သီလနှင့်ပြည့်စုံသော ဥပသကာ၏ မယားဖြစ်၍၊ အတိစာရ အမှုကိုပြုပြီးလျှင် မုသားဆို သောကြောင့်။ ထိုမကောင်းမှု၏အကျိုးကို ခံစားရသည် ဟုဆို၏။ ။တသုကမ္မသဝိပါကံ။ မုသာဝါဒသု စူဘယံ။ ။ပေတဝတ္ထုပါဠိတော်။ ။တသုကမ္မသုစ၊ ထိုအတိစာရကံ၏လည်းကောင်း။ မုသာဝါဒသုစ၊ မုသာဝါဒကံ၏လည်းကောင်း။ ဥဘယံ–ဥဘယသု၊ နှစ်ပါးစုံသောကံ၏။ ဝိပါကံ၊ အကျိုးကို။ မယာ၊ ငါသည်။ အနုဘူတံ၊ ခံစားအပ်ပြီ။ ။မင်းလည်းထို စကားကိုကြားလျှင် နှလုံးမသာယာသည်ဖြစ်၍ ပြန်လို သော အခြင်းအရာပြ၏။ နတ်သမီးလည်း အထူးထူး အပြားပြား မင်းအား တောင်းပန်၏။ မင်းလည်းမနေလို ငါ့ကိုပြည်သို့ပို့ပါဟုဆိုသောကြောင့်။ ထိုနတ်သမီး လည်း ဗာရာဏသီပြည်သို့ ပို့ပြီးလျှင်။ ငိုကြွေးမြည် တမ်းလျက် မိမိနေရာသို့ ပြန်ရှာလေ၏။ မင်းလည်း ပြည်သို့ရောက်လျှင်။ ကြောက်ထိတ်လန့်ခြင်းသံဝေဂ တရားကိုပွားစေလျက်။ များစွာသော ကောင်းမှုကုသိုလ် တို့ကိုပြု၏။ ထိုမင်းကား ငါတို့ဘုရားအလောင်းတော် ပင်တည်း။ ထိုအခါ ငါ့တို့သဗ္ဗညုဘုရားသည်လောက ၌ ပွင့်တော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးမှ။ အစဉ်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေ ၏။ တစ်နေ့သ၌ အရှင်မောဂ္ဂလာန်သည်။ ထိုမိန်းမတို့ နေရာသို့ရောက်၍ အခြံအရံငါးရာနှင့်တကွ။ ထိုမိန်းမ ကိုမြင်လေသော်။ ပြုအပ်သောအမှုကို မေးမြန်းတော်မူ ၏။ ထိုမိန်းမလည်း အလုံးစုံကို အရှင်မောဂ္ဂလာန်အား ကြားလျှောက်ထား၏။ အရှင်မောဂ္ဂလာန်လည်းအလုံးစုံ ကိုသဗ္ဗညုဘုရားအားလျှောက်ထား၏။ ဘုရားသဗ္ဗညု လည်း၊ ထိုကိုအကြောင်းပြု၍ ရောက်လာသော ပရိသတ် တို့အား တရားဟောတော်မူ၏။ လူအပေါင်းလည်း ထို အကြောင်းကိုကြား၍။ တရားသံဝေဂရသောကြောင့်၊ မကောင်းမှုမှ ကြဉ်ရှောင်ကြကုန်၏။ ။ဤ၌ ထိုငါးရာ သောမိန်းမတို့သည် သရဏဂုံတည်သော ဥပသကီမ၏ အဖြစ်သို့ရောက်ကုန်လျက်၊ မကောင်းမှုမှ ကြောက် ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂကင်းချေသောကြောင့်။ မမှန်စကားမုသားဆိုရကား။ ထိုမုသာဝါဒကံ၏ အကျိုး အားဖြင့်၊ များစွာဆင်းရဲခြင်းသို့ ရောက်ကြကုန်၏။ ထိုကြောင့် ယခုအခါ ပညာရှိအပေါင်းသူတော်ကောင်း တို့ကား၊ အပါယ်ဒုဂတိဘေးကို ဆင်ခြင်လျက်။ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်းဩတ္တပ္ပ သံဝေဂ တရားကိုနှလုံးထား၍၊ မုသားဆိုခြင်းမှ ကြဉ်ရှောင်ကုန် ရာ၏။

ဘုရားမြတ်စွာသည်၊ ရာဇဂြိုဟ်ပြည် ဝေဠု ဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်။ ရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲပြီးလျှင်။ ငါးရာ သော ရဟန်းတို့ကိုခေါ်၍၊ ဂယာသီသ၌ ဘုရားအတုကို ပြုလျက်နေ၏။ ထိုအခါ သာရိပုတ္တရာမောဂ္ဂလာန်တို့ကို စေလွှတ်၍ ရဟန်းတို့ကိုခေါ်ယူစေလျှင်၊ ရှင်ဒေဝဒတ် ၏အာခံတွင်းမှ သွေးပူပွက်ပွက်ထွက်လေ၏။ ထိုဝယ် ကာလ ဓမ္မသဘင်တွင်။ ငါ့ရှင်တို့၊ ဒေဝဒတ်ကား၊ မုသား ဆို၍ သံဃာတော်အား၊ သင်းခွဲခြင်းကိုပြုသောကြောင့်။ ယခုအခါ ပြင်းစွာနာလျက်ကြီးစွာသောဒုက္ခကို ခံစားရ၏ ဟု ပြောဆိုကြကုန်၏။ ထိုအခါသဗ္ဗညုဘုရား ကြွလာ၍ မေးတော်မူသောအကြောင်းကို လျှောက်ကြားသော်၊ ချစ်သားတို့ ယခု၌သာ မုသားဆိုသည်မဟုတ်။ ရှေး၌ လည်းဆိုဖူးပြီ။ ယခု၌သာ မုသားဆို၍ ကြီးစွာသော ဒုက္ခကို ခံစားရသည်မဟုတ်၊ ရှေး၌လည်း ခံစားရလေ ပြီဟု မိန့်တော်မူ၏။ အတိတ်ကို ဆောင်တော်မူ၏။ ချစ်သားတို့ လွန်လေပြီးသောအခါ။ ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုအခါ ငါဘုရား လောင်းတော်သည်၊ တာဝတိံသာနတ်ပြည်၌၊ မထင်ရှား သော နတ်သားဖြစ်တော်မူ၏။ တစ်ရံရောအခါ ဗာရာဏသီပြည်၌၊ ကြီးစွာသော ပွဲသဘင်သည် ထင်ရှား ဖြစ်၏။ ထိုသဘင်၌ကား၊ လူအများတို့ သာကြည့်ရှုကြ သည် မဟုတ်ကုန်။ များစွာသော နဂါး၊ ဂဠုန်၊ ဘုမ္မစိုး စသော နတ်တို့သည်။ လာ၍ကြည့်ကြကုန်၏။ ထိုအခါ တာဝတိံသာနတ်ပြည်မှ နတ်သားလေးယောက်တို့သည်၊ ကက္ကရုမည်သော နတ်ပန်းတို့ဖြင့် ပြုအပ်သော ပန်းခွေ တို့ကိုပန်ဆင်၍၊ သဘင်ရှုခြင်းငှာ ဆင်းလာကုန်၏။ တစ်ဆယ့် ယူဇနာရှိသော ဗာရာဏသီပြည် အလုံးသည်၊ ကက္ကရု မည်သောနတ်ပန်း၏ အနံ့ဖြင့်၊ သင်းပျံ့မွှေးကြိုင်၏။ လူတို့သည် ပန်းနံ့သာမွှေးကြိုင်၍၊ ပန်းခိုင်ကိုပန်ဆင်

mgyoe.com

သော နတ်သားတို့ကို မမြင်ရကား။ အဘယ်သူတို့သည် ဤပန်းခိုင်ကို ပန်ဆင်ကုန်သနည်းဟု စူးစမ်းရှာဖွေကုန်၏။ ထိုအခါ နတ်သားလေးယောက်တို့သည်၊ ဤလူတို့ကား ငါတို့အား စူးစမ်းရှာဖွေကုန်သည်ဟုသိ၍။ မိမိတို့၏အာနုဘော်ကို၊ လူတို့အားပြပြီးလျှင်။ မင်းရင်ပြင်ကောင်းကင်ဝယ် ရပ်ကုန်၏။ လူအပေါင်းတို့လည်း အညီအညွတ် စည်းဝေး၍ ပြည့်ရှင်မင်း အိမ်ရှေ့မင်း စသည်တို့နှင့်တကွ ကြည့်ကြကုန်၏။ ထိုနောင်မှ သင်နတ်သားတို့သည်။ အဘယ်နတ်ပြည်မှလာကြကုန်သနည်းဟု မေးမြန်းကုန်၏။ တာဝတိံသာနတ်ပြည်မှ လာကြောင်းကိုဆိုလျှင်။ အဘယ်အကြောင်းဖြင့် လာကြကုန်သနည်းဟုမေးသော်။ ပွဲသဘင်ရှုခြင်းငှာလာသည်ဟု ဆိုကုန်၏။ အရှင်နတ်သားတို့ ပန်ဆင်သောပန်းကား အဘယ်ပန်းနည်းဟု မေးသော်၊ ကက္ကရုမည်သော နတ်ပန်းတည်းဟု ဆိုကုန်လျှင်။ အရှင်နတ်သားတို့ နတ်ပြည်တွင်၊ သည့်ပြင်ပန်းတို့သည် ပေါများပါကုန်။ ယခု ပန်ဆင်သော ပန်းများကို၊ ငါတို့အားပေးခဲ့ပါကုန်ဟု တောင်းကြကုန်၏။ နတ်သားတို့လည်း လူအပေါင်းတို့၊ ဤကက္ကရုမည်သော နတ်ပန်းတို့ကား။ ကြီးသောအာနုဘော်ရှိကုန်၏။ နတ်တို့အားသာလျှင်လည်းကောင်း။ လူတို့တွင် အကြင်သူသည် သီလပညာရှိ၏။ ထိုသူအားသာလျှင်လည်းကောင်း ထိုက်ကုန်၏။ သီလပညာမဲ့သူ လူမိုက်တို့အား၊ ဤပန်းတို့ကိုကား မထိုက်ကုန်ဟု ဆိုကုန်၏။ အကြင်လူတို့သည်၊ ဤမည်သောဂုဏ်၊ ဤမည်သောဂုဏ်တို့နှင့် ပြည့်စုံကုန်၏။ ထိုလူတို့အားသာ ထိုက်၏ဟု ဆို၍။ ထိုနတ်သားတို့အကြီးဆုံးဖြစ်သော နတ်သားသည် ဤစကားကိုဆို၏။ အို–လူအပေါင်းတို့။ အကြင်သူသည် ကိုယ်ဖြင့်လည်း သူ့ဥစ္စာကိုမခိုး။ နှုတ်ဖြင့်လည်း မုသားမဆို။ စည်းစိမ်ချမ်းသာတို့ကို ရ၍လည်း၊ ပမာဏ်တရား၌မယုဉ်။ ထိုသူသည် ကက္ကရုမည်သော နတ်ပန်းတို့ ကိုထိုက်၏။ ထိုကြောင့်။ ထိုဆိုအပ်ပြီးသော ဂုဏ်နှင့် ပြည့်စုံသော သူအားသာ။ နတ်ပန်းမြတ်ကို ပေးပါမည် ဟုဆို၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည်။ ထိုစကားကိုကြားလတ်သော်။ ငါ့အား ဤဂုဏ်တို့တွင် တစ်စုံတစ်ခုမျှမရှိ၊ ယင်းသို့မရှိသော်လည်း။ မုသားဆို၍ ထိုပန်း တို့ကို ပန်ဆင်မည်။ ယင်းသို့ ပန်ဆင်လျှင်။ လူရှင် အပေါင်းတို့သည်။ ဤပုဏ္ဏားကား မြတ်သော ဂုဏ်နှင့် ပြည့်စုံသော သူတည်းဟု။ ငါ့အား သိကြကုန်လတ္တံ့ဟု ကြံ၍ ငါကား နတ်သားဆိုသော ဂုဏ်အလုံးစုံနှင့် ပြည့်စုံ၏ဟုဆိုပြီးလျှင်။ ထိုပန်းတို့ကိုယူ၍ ပန်ဆင်ပြီးနောက်။ နှစ်ယောက်မြောက်သော နတ်သားကို တောင်းပြန်၏။ နတ်သားလည်း အကြင်သူသည်။ တရားသဖြင့် ရွှေငွေဥစ္စာကို ရှာ၏။ ကောက်ကျစ်စဉ်းလဲသောအားဖြင့်။ ရွှေငွေဥစ္စာကို မဆောင်။ စည်းစိမ်ဥစ္စာကိုရသည်ရှိသော်၊ ပမာဒတရား၌ မယှဉ်။ ထိုသူသည် နတ်ပန်းမြတ်ကို ထိုက်၏ဆိုသော်။ ပုရောဟိတ်ပုဏ္ဏားက။ ငါကား ဤဂုဏ်နှင့်ပြည့်စုံ၏ဟုဆို၍ ပန်းတို့ကို ပန်ဆင်ပြီးနောက်။ သုံးယောက်မြောက်သော နတ်သားကို တောင်းပြန်၏။ ထိုနတ်သားလည်း။ အကြင်သူ၏ စိတ်သည်။ နနွင်းသည်တပ်ခြင်း ပျက်လွယ်သကဲ့သို့ မဟုတ်။ မြဲမြံခိုင်ခံ့တည်တံ့၏။ ကံ–ကံ၏အကျိုးကို သက်ဝင်၍ ယုံကြည်၏။ သူတစ်ပါးတို့၏စကားကို သဒ္ဓါတရားဖြင့် ယုံကြည်လျက်။ အနည်းငယ်ဖြင့် ပျက်ခြင်းမရှိ။ ကောင်းသော အရသာကို သူတစ်ပါးတို့အား။ မဝေဖန်ဘဲကို မစား။ ခွဲခြမ်းဝေဖန်၍သာစား၏။ ထိုသူသည် နတ်ပန်းမြတ်ကို ထိုက်၏ဟုဆိုသော်။ ပုရောဟိတ်ပုဏ္ဏားက။ ငါ့ကား ဤဂုဏ်တို့နှင့် ပြည့်စုံ၏ဟူ၍။ နတ်ပန်းတို့ကို ပန်ဆင်ပြီးနောက်။ လေးယောက်မြောက်သော နတ်သားကို တောင်းပြန်၏။ ထိုနတ်သားလည်း။ အကြင်သူသည်၊ မျက်မှောက်မျက်ကွယ်သူတော်ကောင်းတို့ကို မဆဲရေး။ အကြင်အခြင်းဖြင့် ဆိုလေ့ရှိ၏။ ထို အခြင်းဖြင့်သာပြုလေ့ရှိ၏။ ထိုသူသည် နတ်ပန်းမြတ်ကိုသာ ထိုက်၏ဟုဆိုသော်၊ ပုရောဟိတ်ပုဏ္ဏားက။ ငါကား ဤဂုဏ်နှင့်ပြည့်စုံ၏ဟုဆို၏။ နတ်ပန်းတို့ကို ပန်ဆင်၏။ နတ်သားလေးယောက်တို့လည်း။ ပုရောဟိတ်ပုဏ္ဏားအား လေးပါးသော ပန်းခွေတို့ကိုပေး၍။ နတ်ပြည်သို့ ပြန်သွားလေကုန်၏။ ထိုနတ်သားတို့ သွားလေလျှင်၊ ပုရောဟိတ်ပုဏ္ဏား၏ဦးခေါင်း၌။ ပြင်းစွာသော ဝေဒနာသည် ဖြစ်လာ၏။ ထက်စွာသော တောင်ထွတ်ဖြင့် ကြိတ်ဘိသကဲ့သို့ သံပြားဖြင့် ကွပ်ညှပ်သကဲ့သို့ဖြစ်၏။ ဆင်းရဲဝေဒနာဖြင့်။ ပြင်းစွာရောက်ဘိရကား။ ပုဏ္ဏားသည် ထိုမှ ဤမှလူးလည်လျက်။ ပြင်းစွာသော အသံဖြင့် ဟစ်အော်

m.gloo.com

 mgyoe.com



၏။ အဘယ်နည်းဟု အကြောင်းကိုမေးသော်။ ငါကား ငါ့အတွင်းဝယ် ထင်ရှားမရှိသော ဂုဏ်တို့ကို၊ ထင်ရှားရှိ၏ဟု မုသားဆို၍။ ထိုနတ်သားတို့အား ပန်းကိုတောင်းမိချေသည်။ မုသားဆို၍ ပန်းကိုပန်ဆင်သော ငါ့အား များစွာသော ဆင်းရဲခြင်းသို့ရောက်သည် ဖြစ်၍။ ငါ၏ ကိုယ်မှထိုပန်းတို့ကို ပယ်ပါဟုဆို၏။ ထိုပန်းတို့ကား သံပြားဖြင့် ကွပ်ညှိဘိသကဲ့သို့ပယ်ခြင်းငှာ မတတ်နိုင်ကုန်၏။ ထိုပုဏ္ဏားကို ချီမ၍ အိမ်သို့ဆောင်ရကုန်၏။ ပုဏ္ဏားအား ဆင်းရဲဝေဒနာပြင်းစွာခံ၍ မြည်တမ်းလျက်။ ခုနစ်ရက်တို့ကို လွန်ကုန်၏။ ဗာရာဏသီမင်းလည်း။ သည်အတိုင်းမှန်က ဒုဿီလ ပုဏ္ဏားကား သေလတ္တံ့။ အဘယ်သို့ပြုရအံ့နည်းဟု မှူးမတ်တို့ကိုတိုင်ပင်သော်။ အရှင်မင်းကြီး ခံမြဲပွဲသဘင်ကို ခံတော်မူလျှင်။ ထိုနတ်သားတို့သည် လာပါကုန်လတ္တံ့။ ယင်းသို့လာသည် ကာလ သိရကုန်အံ့ဟုဆိုသော် မင်းလည်း ခံမြဲပွဲသဘင်ကိုခံစေ၏။ နတ်သားတို့လည်း။ ပန်းကို ပန်ဆင်ပြီးလျှင်။ လာမြဲလာ၍ မင်းရင်ပြင်၌ တည်ကုန်၏။ မင်းလည်း ဒုဿီလပုဏ္ဏားကို၊ မိမိအိမ်မှချီမ၍ ခေါ်ဆောင်ပြီးလျှင်။ ယာဉ်ဖြင့် နတ်သားလေးယောက်တို့ရှေ့၌ ဝပ်၍တောင်းပန်စေ၏။ ပုဏ္ဏားလည်း အရှင်နတ်သားတို့ ငါ့အား အသက်ကို ချမ်းသာပေးပါ။ သည့်ပြင်တစ်ခါ ဝါကြွား၍ မုသားမဆိုဝံ့ပါပြီဟု တောင်းပန်၏။ နတ်သားတို့လည်း။ ဒုဿီလပုဏ္ဏား၊ သင်ကဲ့သို့ယုတ်မာသော သဘောရှိသော သူအား။ ဤနတ်ပန်းတို့သည် မလျောက်ပတ်ကုန်။ သင်ဒုဿီလပုဏ္ဏားကား။ ငါတို့အား လှည့်စားမည်ဟု အမှတ်ပြု၍။ မုသားဆိုခြင်း၏အကျိုးကို သင်ခံရသည်ဟု။ လူအများအလယ်တွင် ဒုဿီလပုဏ္ဏားကိုများစွာ ကဲ့ရဲ့ပြီးလျှင်။ ဦးခေါင်းမှ ပန်းခေါင်းခုကို ဖယ်ရှား၍။ များစွာသော လူတို့အား အဆုံးအမပေးပြီးမှ။ မိမိတို့နေရာ တာဝတိံနတ်ပြည်သို့ ပြန်လည်၍သွားကြကုန်၏။ ။ အတ္တနောမုသာဝါဒဖလံလဒ္ဓန္တိ မဟာဇနမဇ္ဈေဒုဿီလ ဗြာဟ္မဏံဂရဟိတွာသီသတော ပုပ္ဖစုမ္ဗိဋကံအပနေတွာ မဟာဇနဿဩဝါဒံဒတွာသကဋ္ဌာနမေဝအဂမံသု။ ။ဇာတ်အဋ္ဌကထာ။ ။ အတ္တနော၊ မိမိ၏။ မုသာဝါဒဖလံ၊ မုသားဆိုသောအကျိုးကို။ တယါ၊ သင်သည်။ လဒ္ဓ၊ ရအပ်၏။ ဣတိ၊ သို့။ မဟာဇနမဇ္ဈေ၊ လူအများ၏ အလယ်၌၊ ဒုဿီလဗြာဟ္မဏံ၊ ဒုဿီလပုဏ္ဏားကို။ ဂရဟိတွာ၊ ကဲ့ရဲ့၍။ သီသတော၊ ဦးခေါင်းမှ။ ပုပ္ဖပစုမ္ဗိဋကံ၊ ပန်းခွေကို။ အပနေတွာ၊ ပယ်၍။ မဟာဇနဿ၊ လူများအား။ ဩဝါဒံ၊ အဆုံးအမကို။ ဒတွာ၊ ပေး၍။ သကဋ္ဌာနမေဝ၊ မိမိတို့နေရာတာဝတိံသာနတ်ပြည်သို့သာလျှင်။ အဂမံသု၊ ပြန်သွားကြကုန်၏။ ။ သဗ္ဗညုဘုရားသည်။ ဤဓမ္မဒေသနာကို ဆောင်တော်မူ၏။ ထိုအခါ ဒုဿီလပုဏ္ဏားကား၊ ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ နတ်သားလေးယောက်တို့တွင်။ တစ်ယောက်ကား ကဿပ ဖြစ်လာ၏။ တစ်ယောက်ကား မောဂ္ဂလာန်ဖြစ်လာ၏။ တစ်ယောက်ကား သာရိပုတ္တရာ ဖြစ်လာ၏။ အကြီးနတ်သားကား ယခုအခါ ဘုရားမြတ်စွာ ငါဖြစ်လာ၏ဟု၊ ဇာတ်တော်ကိုပေါင်းတော်မူ၏။ ။ (ဤပုရောဟိတ်ပုဏ္ဏားသည်။ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂကင်းသောကြောင့်။ မမှန်စကား မုသားဆိုလျှင်၊ နတ်သားအား ကက္ကရုပန်းကို တောင်းသည်။ နတ်သားတို့လည်း ပုဏ္ဏားစကားကို ယုံကြည်သောကြောင့်။ နတ်ပန်းကိုပင် ပုဏ္ဏားအား ပေးသည်။ ယင်းသို့ သူတစ်ပါး ယုံကြည်လောက်အောင်။ မမှန်စကားမုသားဆို၍ရသော ပန်းဖြစ်သောကြောင့်၊ ပန်လျှင် သည်းမခံနိုင်အောင် ဆင်းရဲဝေဒနာရောက်၍။ သေလောက်သောဒဏ္ဍာဘေးကို၊ ယခု ပစ္စုပ္ပန်ဘဝ၌ပင် တွေ့ရချေသည်။ နောင်တမလွန်ဘဝ၌လည်း။ အပါယ်ဘေး ကိုတွေ့ရလိမ့်မည်။ ဤသို့ ပုရောဟိတ်ပုဏ္ဏားသည်။ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂမှ ကင်းသောကြောင့်။ မုသားဆိုလျှင် ဘေးဒဏ်ရောက်သည်ကို ထောက်၍၊ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့ကား၊ ဩတ္တပ္ပသံဝေဂတရားကို နှလုံးထား၍။ မုသားဆိုခြင်းမှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏)။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်။ ရှင်ဒေဝဒတ်သည် သံဃာတော်ကို သင်းခွဲသော။ သံဃာဘေဒကမုသာဝါဒကံ၏ အစွမ်းဖြင့် မြေသို့ဝင်လေလျှင်။ တရားသဘင်၌ ရဟန်းတို့သည်။ ငါ့ရှင်တို့ဒေဝဒတ်သည် မုသားဆို၍ မြေမျိုလေလျှင်။ အဝီစိငရဲ၌သာ လဲလျောင်းရာရှိလေ၏ဟု။ စကားကို ဖြစ်စေကုန်၏။ ။

mgyoe.com

ဒေဝဒတ္တောမုသာဝါဒကတွာ ပထဝိံပဝိဋ္ဌော အဝိစိပရာ ယနောဇာတော။ ။ ဇာတ်အဋ္ဌကထာ။ ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ မုသာဝါဒံ၊ မုသားဆိုခြင်းကို။ ကတွာ၊ ပြု၍။ ပထဝိံ၊ မြေသို့။ ပဝိဋ္ဌော၊ ဝင်ရလေသော်။ အဝိစိ ပရာယနော၊ အဝီစိငရဲလျှင် လဲလျောင်းရာရှိသည်။ ဇာတော၊ ဖြစ်၏။ ။ ဘုရားမြတ်စွာသည် ကြွလာ၍ မေးတော်မူသောကြောင့်။ အကြောင်းကို လျှောက်ထား လသော်။ ချစ်သားတို့၊ ယခု၌သာ မြေမျိုရှာသည်မဟုတ်။ ရှေး၌လည်း မျိုလှသေးပြီဟု မိန့်တော်မူ၍။ အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ၊ ကမ္ဘာဦး၌ မဟာသမတမင်းသည်၊ အသက်အသင်္ချေမင်းပြု၏။ ထို မင်းသားဝရရောဇ။ ထိုမင်းသား ကလျာဏ။ ထိုမင်းသား ဝရက လျာဏ။ ထိုမင်းသား ဥပေါသထ။ ထိုမင်းသား ဝရဥပေါသထ။ ထိုမင်းသာ မန္ဓာတု၊ ထိုမင်းသား ဝရမန္ဓာ တု၊ ထိုမင်းသားဝရ။ ထိုမင်းသားဥပဝရ။ ထိုမင်းသား စေတီယ။ ဤတစ်ဆယ်တစ်ဆက်သော မင်းတို့သည်။ အသက်အသင်္ချေ မင်းပြုကုန်၏။ (ဤမင်းတို့၏ အစဉ် ကား။ များစွာသော ကျမ်းဂန်တို့၌လာ၏။ ယင်းသို့လာ သော်လည်း။ တစ်စောင်နှင့် တစ်စောင်မညီညွတ်ဘဲ အစဉ်ကွဲ၍ သာလာသည်။ ယခုအစဉ်ကား စေတီယ ဇာတ်၌ လာသောအစဉ်တည်း)။ ။ ဤမင်းတို့တွင် နောက်ဆုံးဖြစ်သော စေတီယမင်းသည်၊ စေတီယတိုင်း သောတ္ထိပြည်၌ မင်းပြု၏။ မင်းတို့၏တန်ခိုးလေးပါးနှင့် ပြည့်စုံ၏။ တန်ခိုးလေးပါးဟူသည်ကား။ အဆင်းလှ ခြင်း၊ သက်ရှည်ခြင်း၊ ပုဏ္ဏားတို့ ချစ်ခင်နှစ်သက်ခြင်း၊ သူကြွယ်တို့ချစ်ခင်နှစ်သက်ခြင်း၊ ဤလေးပါးတည်း။ ။ စတုက္ကဒ္ဓိတိအဘိရူပေါဒီဃာယုကော ဗြာဟ္မဏဂဟပတိ ကာနံ ပိယောဟောတိမနာပေါ။ ။ ဇာတ်ငြိကာ။ ။စတု က္ကဒ္ဓိတိ၊ တန်ခိုးလေးပါးဟူသည်ကား။ အဘိရူပေါ၊ အလွန်အဆင်းလှသည်။ ဟောတိ၏။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်။ ဟောတိ၏။ ဗြာဟ္မဏဂဟ ပတိကာနံ၊ ပုဏ္ဏားသူကြွယ်တို့သည်။ ပိယော၊ ချစ်အပ် သည်။ မနာပေါ၊ နှစ်သက်အပ်သည်။ ဟောတိ၊ ၏။။ ကောင်းကင်ပျံသွားနိုင်၏။ နတ်သား လေးယောက်တို့ သည် အရပ်လေးမျက်နှာတို့မှာ၊ သန်လျက်စွဲ၍။ စောင့်ရှောက်ကုန်၏။ ကိုယ်မှစန္ဒကူးနံ့။ ခံတွင်းမှကြာညို

အနံ့လှိုင်၏။ ထိုစေတီယမင်း၏ ပုရောဟိတ်ကား၊ ကပ္ပိလမည်သော ပုဏ္ဏားတည်း။ ကပ္ပိလပုဏ္ဏား၏ညီ ဖြစ် သောကောရကလမ္ဗမည်သော ပုဏ္ဏားသည် စေတီ ယမင်းနှင့်တကွ၊ တစ်ဦးသော ဆရာ၌အတတ်သင်ဖော် အဆွေခင်ပွန်းတည်း။ ထိုစေတီယမင်းသည် ကောရကလမ္ဗ အား။ မင်းသားလက်ထက်က ပင်ငါမင်းအဖြစ်သို့ရောက် လျှင် သင်အား ပုရောဟိတ်အရာကို ငါပေးအံ့ဟု ဝန်ခံ ၏။ ထိုမင်းသည် မင်းအဖြစ်သို့ရောက်သည့်ကာလ၊ အဘ၏ပုရောဟိတ်ဖြစ်သော ကပ္ပိလပုဏ္ဏားကို အရာမှ ရွေ့ရှားအောင် မတတ်နိုင်။ စင်စစ်မှာမူ ပုရောဟိတ် ပုဏ္ဏားကကြီး၍။ မိမိကငယ်ရကား၊ အခစားလာလေ သော်။ ထိုပုဏ္ဏား၌ များစွာအရိုအသေပြုရ၏။ ပုဏ္ဏား လည်း၊ ထိုအခြင်းအရာကိုမှတ်၍၊ မင်းတို့မည်သည်၊ အရွယ်တူတို့နှင့်သာလျောက် ပတ်ရာ၏။ ငါ့မှာမူကား။ ကြီးရင့်ပြီ၊ ရဟန်းပြုတော့အံ့ဟုကြံ၍။ မင်းကြီးငါကား ကြီးရင့်ပြီ။ ငါ့အိမ်ဝယ် ငါ့သားငယ်ရှိ၏။ ထိုငါ့သားကို ပုရောဟိတ်ပြုပါလေ။ ငါမူကား၊ ရဟန်းပြုတော့အံ့ဟု၊ မင်းကိုပန်၍ သားကို ပုရောဟိတ်အရာ၌ထားပြီးလျှင်။ မိမိကား မင်းဥယျာဉ်သို့ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင်။ ဈာန် အဘိညာဉ်ကို ဖြစ်စေပြီးမှ။ သားကိုအမှီပြုလျက်။ ထိုဥယျာဉ်၌နေ၏။ ကောရကလမ္ဗကား။ ဤနောင်တော် သည် ရဟန်းပြုသော်လည်း။ ပုရောဟိတ်အရာကို ငါ့အားမပေးဟု အစ်ကို၌ရန်ငြိုးဖွဲ့၏။ တစ်နေ့သ၌ ချမ်းသာသောစကားဖြင့် စေတီယမင်းနှင့်နေကြစဉ်၊ မင်းက ကောရကလမ္ဗ၊ သင်သည် အဘယ့်ကြောင့် ပုရောဟိတ်မလုပ်သနည်းဟု မေးလျှင်။ နောင်တော်လုပ် သောကြောင့် မလုပ်ရဟု ဆို၏။ သင်နောင်တော်သည်။ ရဟန်းပြုလေပြီ မဟုတ်လောဟု ဆိုသော်။ ရဟန်းကား ပြု၏။ အရာကိုကား သားအားလွှဲခဲ့သည်ဟုဆိုလျှင်။ သင်ပင် ပုရောဟိတ်လုပ်ဟု မင်းကဆို၏။ အရှင်မင်းကြီး အစဉ်အဆက်လာသော အရာအထူးကို အစ်ကိုအား ပယ်ရှား၍ ငါကားမလုပ်နိုင်ဟုဆိုလျှင်။ ယင်းသို့တပြီး ကား သင့်အားအကြီးပြု၍။ အစ်ကိုကို ငါအငယ်လုပ် မည်ဟု ဆို၏။ အဘယ်သို့လုပ်မည်နည်း မေးသော်။ မုသားဆို၍ လုပ်မည်ဟုဆိုလျှင်၊ အရှင်မင်းကြီး သိတော် မူ၏။ အကျွန်ုပ် နောင်တော်ကား များစွာသော မဖြစ်ဖူး

 mgyoe.com 

မြဲအုံ့ဖွယ်သရဲနှင့်ပြည့်စုံ၏။ ဝိဇ္ဇာဓိုရ်သကဲ့သို့ ထိုငါ၏ နောင်တော်သည်။ မဖြစ်ဖူးမြဲသော သဘောဖြင့်၊ အရှင်မင်းကြီးတို့အား လှည့်စားလတ္တံ့။ နတ်သားလေးယောက်တို့သည် ကွယ်ပျောက်သကဲ့သို့။ ကိုယ်ခံတွင်းမှ အပုပ်အနံ့လှိုင်ပျံ့သကဲ့သို့။ ကောင်းကင်မှ လျှောကျ၍၊ မြေ၌တည်သကဲ့သို့။ မြေသို့ငင်သကဲ့သို့။ သင်မင်းကြီးတို့ကို ပြုလတ္တံ့ဟုဆိုလျှင်၊ သင်သည် ငါ့ကို ဤသို့မမှတ်လင့်၊ ငါကား စွမ်းနိုင်၏ဟုဆိုသော်၊ အဘယ်အခါဆို တော်မူမည်နည်းဟုမေး၍။ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆိုမည်ဟု ဆိုလျှင်။ ထိုစကားသည် ပျံ့နှံ့ရ ကား။ မင်းသည်မုသားဆို၍ အကြီးကိုအငယ်။ အငယ်ကို အကြီးပြုပြီးလျှင်။ အရာအထူးကို အငယ်အားပေးလတ္တံ့ သတတ်။ မုသာဝါဒဟူသည် အဘယ်သို့သဘောရှိသနည်း။ အမည်းလော အဖြူလောစသည်ဖြင့်တွေးတောကြံစည်ကြ၏။ ထိုအခါလူအပေါင်းတို့သည် အမှန်ကိုဆိုသောကာလဖြစ်၍။ မုသာဝါဒဟူသည်။ ဤသို့သဘောရှိ၏ဟု မသိကြကုန်။ ပုရောဟိတ်ပုဏ္ဏားသားလည်း၊ ထိုစကားကိုကြား၍။ အဘထံသို့သွားလျှင်။ ဘခင်မင်းသည် မုသားဆို၍ အကြီးကိုအငယ်။ အငယ်ကို အကြီးပြုပြီးလျှင်။ ရာထူးကို ဘထွေးအားပေးလတ္တံ့ဟု ဆို၏။ အဘပုဏ္ဏားလည်း။ ချစ်သားမင်းသည်မုသားဆို၍လည်း ငါတို့၏အရာအထူးကို မပယ်နိုင်ရာ။ ဘယ်နံ့အခါဆိုလတ္တံ့နည်းဟု မေးသော်။ ဤ နေ့မှခုနစ်ရက်မြောက်သော နေ့၌ဆိုလတ္တံ့ဟုဆိုလျှင်။ ထိုအခါ ငါ့အား ကြားလှည့်ဟုဆို၏။ ခုနစ်မြောက်သော နေ့၌။ လူအပေါင်းတို့သည်။ မုသာဝါဒကို ကြည့်ရှုကြကုန်အံ့ဟု မင်းရင်ပြင်ဝယ်၊ ညောင်စောင်း အဆင့်ဆင့်ဖွဲ့၍ တည်ကြကုန်၏။ ပုဏ္ဏားသားလည်း ထိုအကြောင်းကို အဘအား ကြား၏။ မင်းလည်း တန်ဆာဆင်ယင်ပြီးလျှင် ထွက်လာ၍။ လူအပေါင်း၏အလယ် မင်းရင်ပြင်ဝယ် ကောင်းကင်၌တည်၍ ရသေ့လည်း ကောင်းကင်ဖြင့်လာ၍။ မင်း၏ရှေ့ဝယ် စမ္မခဏ်ကို ခင်းပြီးလျှင်။ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေပြီးမှ။ မင်းကြီး သင်သည် မုသားဆို၍ ရာထူးကို ငါ့ညီအား ပေးမည်ဟူသည် မှန်သလောဟု မေး၏။ မှန်ကြောင်းကိုဆိုလျှင်။ ထိုမင်းအား ဆုံးမလိုသောကြောင့်။ မင်းကြီးမုသာဝါဒဟူသည် ဝန်လေး၏။ ကျေးဇူးဂုဏ်ကို ဖျက်ဆီးတတ်၏။ အပါယ်လေးပါးဝယ် ဖြစ်စေတတ်၏။ မင်းဖြစ်လျက် မုသားကိုဆိုမူကား၊ တရားကိုသတ်သည်မည်၏။ တရားကို သတ်ကလည်း။ ကိုယ်ကိုသတ်သည်မည်၏ဟုဆုံးမ၏။ ထိုအထက်အလွန်ဆုံးမလိုရကား။ မင်းကြီးအကယ်၍ မုသားဆိုအံ့။ မင်း၏တန်ခိုးလေးပါးတို့ ကွယ်ပျောက်ခြင်း။ နတ်သားလေးယောက်တို့ ကွယ်ပျောက်ခြင်း။ ကိုယ်ခံတွင်းမှ အပုပ်နံ့လှိုင်ပြန့်ခြင်း။ ကောင်းကင်မှလျှောကျခြင်း။ မြေသို့ဝင်ရခြင်းသည်ဖြစ်လတ္တံ့ဟုဆို၏။ ထိုစကားကိုကြားလေသော်။ မင်းလည်း ကြောက်ရကား။ ကောရကလမ္ဗကိုစိုက်၍ ကြည့်၏။ ထိုအခါ ကောရကလမ္ဗက မဆွကပင်၊ သင်မင်းကြီးအား ထိုစကားကို ငါဆိုသည် မဟုတ်လောဟု ဆို၏။ မင်းလည်း ကပ္ပိလပုဏ္ဏား၏စကားကို မနာမယူမူ၍။ မိမိသည် ဆိုအပ်သော စကားကို ရှေးရှုထားလျက်။ ရှင်ရသေ့ သင်ကားအငယ်။ ကောရကလမ္ဗကားအကြီးဟု ဆို၏။ ထိုအခါ ရှေးဦးစွာသော မုသာဝါဒဖြင့်။ မင်း၏တန်ခိုးလေးပါးတို့သည် ကွယ်ပျောက်ကုန်။ နတ်သားလေးယောက်တို့လည်း။ မုသားဆိုသော မင်းအား မစောင့်ရှောက်သဖြင့်။ အဘယ်အကျိုးရှိအံ့နည်းဟု သန်လျက်ကို ခြေရင်း၌ပစ်၍ ကွယ်ပျောက်ကုန်၏။ ကိုယ်ခံတွင်းမှလည်း ဝစ္စကုဋိကြက်ဥပုပ်ကဲ့သို့။ မကောင်းသော အနံ့သည် လှိုင်ပြန်၏။ ကောင်းကင်မှလျှောကျ၍ မြေ၌တည်လေ၏။ ထိုအခါ ကပ္ပိလပုဏ္ဏားက။ အရှင်မင်းကြီး တစ်ခွန်းသော မုသာဝါဒအကျိုးကို ရှုလော့။ ဤမျှတည်းဖြင့် မင်း၏တန်ခိုးတို့သည် ကွယ်ပျောက်လေကုန်ပြီ၊ ရှေးအတိုင်းပကတိရှိစေလိုမူ၊ အမှန်ကိုသာဆိုပါဟု ဆုံးမပါသော်လည်း မနာမယူ။ သင်ကား ငါ့အား လှည့်စားလှည့်ပတ်လိုသည်ဟု နှလုံးပြု၍ နှစ်ကြိမ်မြောက်မုသားဆိုလျှင်။ ဖမျက်တိုင်အောင်မြေသို့ ဝင်လေ၏။ ပုဏ္ဏားလည်း အရှင်မင်းကြီးမုသားဆိုသော မင်း၏ နိုင်ငံ ဝယ်။ အခါမဟုတ်သည်၌ မိုးရွာ၏။ အခါဟုတ်သည်၌ကားမရွာ။ ရှေးအတိုင်း ပကတိရှိစေလိုမူ။ အမှန်ကိုသာဆိုပါဟုဆိုသော်လည်း မနာမယူ၍။ သုံးကြိမ်မြောက်မုသားဆိုလျှင်။ ပုဆစ်တိုင်အောင် မြေသို့ဝင်လေ၏။ ထိုနောင် မင်းကြီး ဤမျှတည်းဖြင့် မှတ်တော်မူ။

mgyoe.com

mgyoe.com
မုသားဆိုသော သူအား။ မြွေနဂါးလို လျှာနှစ်ခွနှင့် ရှိတတ်လှသည်။ ရှေးအတိုင်း ပကတိရှိစေလိုမူ။ အမှန်ကိုသာဆိုပါဟုဆိုသော်လည်း မနာမယူဘဲ လေးကြိမ်မြောက် မုသားဆိုလျှင်၊ ခါးတိုင်အောင်မြေသို့ ဝင်လေ၏။ ထိုနောင်ပုဏ္ဏားက ဤမျှတည်းဖြင့် မှတ်တော်မူ။ မင်းကြီးမုသားဆိုသောသူအား လျှာမဲ့ငါးကဲ့သို့ စကားမပီရှိတတ်လှသည်။ ရှေးအတိုင်း ပကတိရှိစေလိုမူ၊ အမှန်ကိုသာဆိုပါဟု ဆုံးမငြားသော်လည်း။ နားမထောင်ဘဲ ငါးကြိမ်မြောက်မုသားဆိုလျှင်။ ချက်တိုင်အောင်မြေသို့ဝင်လေ၏။ ထိုနောက်မှ ဤမျှတည်းဖြင့် မှတ်လော။ မင်းကြီး မုသားဆိုသောသူအား။ သားယောကျ်ားမရ။ သားမိန်းမသာ မွေးတတ်ပါသည်။ ရှေးအတိုင်း ပကတိရှိစေလိုမူ။ အမှန်ကိုသာဆိုပါဟု ဆုံးမငြားသော်လည်း နားမထောင်ဘဲ ခြောက်ကြိမ်မြောက် မုသားဆိုလျှင်။ သားမြတ်တိုင်အောင် မြေသို့ဝင်လေ၏။ ထိုနောင်မှ ဤမျှတည်းဖြင့် မှတ်လော၊ မင်းကြီးမုသားဆိုသောသူအား လားလားကျေးဇူးမပြု ရှေးအတိုင်း ပကတိရှိစေလိုမူ။ အမှန်ကိုသာဆိုပါဟု ဆုံးမငြားသော်လည်း။ နားမထောင်ဘဲ ခုနစ်ကြိမ်မြောက် ကပ္ပိလပုဏ္ဏားကားအငယ်၊ ကောရကလမ္ဗကအကြီးဟု မုသားဆိုလျှင်။ ထိုအခါ ပထဝီမြေကြီးသည် ဟင်းလင်းပေါက်လျက်မီးတောက်မီးလျှံသည် အဝီစိငရဲမှထ၍ ယူလေ၏။ ထိုစေတီယမင်းသည်၊ အဂတိလေးပါးသို့လိုက်၍၊ ခုနစ်ခွန်းသော မုသာဝါဒစကားကိုဆို၍ မြေမျိုလေလျှင်၊ လူအပေါင်းတို့အား များစွာသော ကြောက်ထိတ်လန့်ခြင်းသည်ဖြစ်၏။ ။ မဟာဇနောစေတီယရာဇာဂ္ဂလ္လသိ အက္ကော သိတွာမုသာဝါဒံဝတွာအဝီစိံ ပဝိဌ္ဌောတိဘယပတ္တောအဟောသိ။ ။ဇာတ်အဋ္ဌကထာ။ ။မဟာဇနော၊ လူအများအပေါင်းသည်။ စေတီယရာဇာ၊ စေတီယမင်းသည်။ ဂ္ဂလ္လသိ၊ ကပ္ပိလရှင်ရသေ့ကို။ အက္ကောသိတွာ၊ ဆဲရေး၍။ မုသာဝါဒံ၊ မဟုတ်မမှန်သော စကားကို။ ဝတွာ၊ ဆို၍။ အဝီစိံ၊ အဝီစိငရဲသို့၊ ပဝိဌ္ဌော၊ ဝင်လေ၏။ ဣတိ၊ ဤသို့။ ဘယပတ္တော၊ ကြောက်ခြင်းသို့ရောက်သည်။ အဟောသိ၊ ဖြစ်လေပြီ။ ။စေတီယမင်းသားငါးယောက်တို့သည် အဘကို မြေမျိုသောကြောင့် ကြောက်ရ၊ ပုဏ္ဏားရသေ့ကို တောင်းပန်၍ ပုဏ္ဏားရသေ့ပေးသောအမှတ်ဖြင့်။ အကြီးဆုံး မင်းသားသည်။ စေတီယတိုင်းသေဝတ္ထိယပြည်မှ အရှေ့တံခါးဖြင့် ထွက်သွား၍။ ဟတ္ထိပုရမြို့ကို တည်ထောင်လေ၏။ နှစ်ယောက်မြောက်သော မင်းသားသည်၊ တောင်တံခါးဖြင့် ထွက်သွား၍။ အဿပုရမြို့ကို တည်ထောင်လေ၏။ သုံးယောက်မြောက်သော မင်းသားသည်၊ အနောက်တံခါးဖြင့် ထွက်သွား၍ သီဟပုရမြို့ကို တည်ထောင်လေ၏။ လေးယောက်မြောက်သော မင်းသားသည် မြောက်တံခါးဖြင့် ထွက်သွား၍၊ ဥတ္တရပဉ္စာလမြို့ကို တည်ထောင်လေ၏။ ငါးယောက်မြောက်သော မင်းသားသည်၊ အဘနေရာသောတ္ထိယပြည်၌ စေတီကြီးစွာတည်ပြီးလျှင်၊ အနောက်မြောက်ထောင့်သို့ထွက်သွား၍။ ဒဒ္ဒရမြို့ကို တည်ထောင်လေ၏။ ဘုရားမြတ်စွာသည်၊ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ ထိုအခါစေတီယမင်းကား၊ ယခုအခါဒေဝဒတ်ဖြစ်လာ၏။ ကပ္ပိလပုဏ္ဏားကား၊ ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။ ။ဤစေတီယမင်းသည်။ ဒဏ္ဍာဘေး၊ ဒုဂတိဘေးတို့မှ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂကင်းသောကြောင့်။ အကြီးကိုအငယ်၊ အငယ်ကိုအကြီးပြုသောအားဖြင့်၊ အဂတိလေးပါးသို့လိုက်၍ မုသားဆိုလေသည်။ ယင်းသို့ဆိုလေလျှင်။ ထိုမုသာဝါဒအကျိုးအားဖြင့် ပစ္စုပ္ပန်၌လည်း အတိုင်းမသိသော ဒဏ္ဍာဘေးကို တွေ့ရလေသည်။ တမလွန်၌လည်း ကြီးစွာသော ဒုဂတိဘေးကို တွေ့ရချေသည်။ မုသာဝါဒကံ၏အပြစ်ကား။ အလွန်ကြီးမားစွာ၊ မုသားဆိုသောသူအား၊ မကောင်းမှု အလုံးစုံကို အကုန်ပြုသည်မည်၏။ ထိုကြောင့်။ ဣတိဝုတ်စသော ကျမ်းတို့၌။ ။ ဧကံဓမ္မံအတီတဿ၊ မုသာဝါ ဒိဿဇန္တုနော။ ဝိတိဏ္ဏပရလောကဿ၊ နတ္ထိပါပံအကရိယံ။ ။ ဟုသဗ္ဗညုဘုရား ဟောတော်မူ၏။ ။ ဧကံဓမ္မံ၊ မုသာဝါဒဟုဆိုအပ်သော တစ်ခုသောတရားကို။ အတီတဿ၊ မုသာဝါဒိဿ၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသော။ ဝိတိဏ္ဏပရလောကဿ၊ ကူးသွားအပ်သော တမလွန်လောကရှိသော။ ဇန္တုနော၊ သတ္တဝါအား။ အကရိယံ၊ မပြုအပ်သော။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။ ။ (ထိုစေတီယမင်းသည်၊ ဩတ္တပ္ပသံဝေဂကင်း၍ မုသားဆိုလျှင်။ ထိုထိုသောဘေးတို့သို့ ရောက်ရသည်ကိုထောက်

mgyoe.com

mgyoe.com

၍၊ ယခုအခါပညာရှိအပေါင်း သူတော်ကောင်းတို့မှာ၊ ဒဏ္ဍာဘေး ဒုဂတိဘေးတို့မှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂတရားကို နှလုံးထားလျက်၊ မှုသားဆိုခြင်းမှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏။

ဤသည်ကား မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းသောကြောင့်၊ မုသာဝါဒအမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။ ။ သဗ္ဗညုဘုရား၏ အသီတိမဟာသာဝကအဝင်၊ အရှင်သာဝတမထေရ်သည်။ ကမ္ဘာတစ်သိန်းထက်က၊ ပဒုမုတ္တမြတ်စွာဘုရားလက်ထက်၌ ဟံသာဝတီပြည်ဝယ်၊ အမျိုးအိမ်၌ဖြစ်၍ သဗ္ဗညုဘုရား၏တရားဒေသနာတော်ကို ကြားရလေလျှင်၊ တေဇောဓာတ်ဝယ်လိမ္မာသော ရဟန်းတို့ထက် မြတ်သောအရာကို ဆုတောင်း၍။ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင်၊ ကမ္ဘာတစ်သိန်းပတ်လုံး၊ နတ်လူတို့၌ ကျင်လည်ပြီးမှ။ ငါတို့ဘုရားလက်ထက်တော်ဝယ်၊ သာဝတ္ထိပြည်တွင် ပုဏ္ဏားအမျိုး၌ ဖြစ်လာ၍၊ သာဂတဟူသောအမည်ကို မှည့်၏။ ထိုသာဂတ လုလင်သည်၊ နောင်အခါ ဘုရားသာသနာတော်သို့ ဝင်၍ ရှင်ရဟန်းပြုပြီးသော်၊ သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေ၍။ လေ့လာသော အဖြစ်သို့ရောက်၏။ ထိုအခါ ဘုရားမြတ်စွာသည်၊ ဒေသစာရီလှည့်လည်တော်မူသော်၊ ကောသမ္ဗီပြည်၏အနီး၊ ဘဒ္ဒဝတီပြည်သို့ ရောက်တော်မူ၏။ ထိုဘဒ္ဒဝတီပြည်၏အနီး၊ အမ္ဗတိတ္ထမည်သောမြစ်ဆိပ်၌၊ ကူးတို့သူကြီးဟောင်းအား များစွာသော အာဂန္တုက ရန်သူတို့သည်၊ ရိုက်နှက်ပုတ်ခတ်၍ သတ်ကြကုန်၏။ ထိုကူးတို့ သူကြီးဟောင်းသည်၊ ဆန့်ကျင်သော ဒေါသစိတ်ဖြင့်၊ နောင်အခါ သင်တို့အား ညှဉ်းဆဲနှိပ်စက်ရပါလို၏ဟု ဆုတောင်း၍။ အမ္ဗတိတ္ထဆိပ်၌ပင် ကြီးသော တန်ခိုးအာနုဘော်ရှိသော နဂါးဖြစ်လေ၏။ ထိုနဂါးသည်၊ ဆန့်ကျင်သော ဒေါသစိတ်ရှိသည်၏အဖြစ်ကြောင့်၊ အခါမဟုတ်သည်၌သာ မိုးတို့ကို ရွာစေ၏။ အခါဟုတ်သည်၌ကား မရွာစေ။ ကောက်ပင်တို့သည်။ မပြည့်စုံရကား၊ တိုင်းသားပြည်သူ အလုံးစုံတို့သည်၊ ထိုဘေးကိုငြိမ်းစေခြင်းငှာ၊ နှစ်တိုင်းနှစ်တိုင်း ပူဇော်မှုကို ပြုကုန်လျက်။ ထိုနဂါးမင်း၏နေရာအလို့ငှာ အိမ်တစ်ခုကို ပြုကြကုန်၏။ ဘုရားသဗ္ဗညုလည်း။ ထိုအမ္ဗတိတ္ထဆိပ်ဖြင့်သာလျှင်။ မြစ်ကိုကူး၍ ထိုနဂါးအိမ်၌သာလျှင် ညဉ့်အိပ်အံ့ဟု နှလုံးပြု၍ ကြွတော်မူ၏။ ထိုအခါ သာဂတမထေရ်သည်။ ဤအိမ်၌ ကြမ်းတမ်းသော တန်ခိုးကြီးသော နဂါးသည်။ နေသတည်းဟုကြား၍။ နဂါးကို ဆုံးမပြီးလျှင်။ အနိုင်အမျဉ်းမရှိသည်ကို ပြု၍ သဗ္ဗညုဘုရား၏နေရာကို စီရင်ခြင်းငှာသင့်၏ဟု နှလုံးပြု၍။ နဂါးနေရာသို့ဝင်ပြီးလျှင်၊ ပလ္လင်ကို ထက်ဝယ်ဖွဲ့ခွေ၍နေ၏။ အမ္ဗတိတ္ထနဂါးမင်းလည်း။ ပြင်းစွာ အမျက်ထွက်ရကား။ ငါ၏နေရာသို့ဝင်၍နေသော။ ဤဦးပျဉ်းကား အဘယ်နည်းဟု အခိုးထောင်းထောင်းလွှတ်၏။ သာဂတမထေရ်လည်း ထိုထက်အလွန်ထူးချွန်၍ နှစ်ဆတက်အခိုးလွှတ်၏။ နဂါးလည်း အမျက်ကို သည်းမခံနိုင်ရကား အလျှံပြောင်ပြောင်လွှတ်၏။ မထေရ်လည်း တေဇောဓာတ်ကို ဝင်စား၍နှစ်ဆတက်အလျှံလွှတ်၏။ မိမိတန်ခိုးဖြင့်။ နဂါးတန်ခိုးကုန်စေ၏။ ထိုအခါ နဂါးသည်။ ဤရဟန်းကား၊ မြတ်စွာတကားဟု၊ မထေရ်၏ခြေရင်း၌ ဝပ်၍။ အရှင်ဘုရားတို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟု လျှောက်၏။ ထိုအခါ မထေရ်က။ ငါ့အားဆည်းကပ်ဖွယ်ကိစ္စမရှိ၊ ဘုရားသဗ္ဗညုသို့သာ ဆည်းကပ်ပါလောဟု ဆိုလျှင်၊ ကောင်းပြီဟု ဝန်ခံ၍၊ သဗ္ဗညုဘုရားအား ခစားဆည်းကပ်လေ၏။

မယှံသရဏာဂမနကိစ္စံနတ္ထိ၊ ဒသဗလသဿသရဏံဂစ္ဆာမိတိသောသာဂတိသရဏံဂတော။ ။ အင်္ဂုတ္တရအဋ္ဌကထာ။ ။ မယှံ၊ ငါ့အား။ သရဏာဂမနကိစ္စံ၊ ကိုးကွယ်ရာ ဆည်းကပ်ဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဒသဗလဿ၊ မြတ်စွာဘုရားအား။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆ၊ ဆည်းကပ်လေလော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ သော၊ ထိုနဂါးသည်။ သာဓုတိ၊ ကောင်း၏ဟူ၍။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်လေ၏။ ။ ထိုအခါမှစ၍။ တစ်စုံတစ်ယောက်သောသူကိုမျှမညှဉ်းဆဲ။ မိုးကိုလည်းကောင်းစွာ ရွာစေ၏။ ကောက်ပင်တို့ကို လည်းကောင်းစွာ ပြည့်စုံစေ၏။ ထိုအခါ သဗ္ဗညုဘုရားသည်။ ဘဒ္ဒဝတီပြည်မှ ကောသမ္ဗီပြည်သို့ကြွတော်မူ၏။ ကောသမ္ဗီပြည်သားတို့သည်။ အရှင်သာဂတမထေရ်သည်။ အမ္ဗတိတ္ထမည်

mgyoe.com

mgyoe.com

သောနဂါးကြမ်းကို ဆုံးမအပ်သည်ဟု ကြား၍။ ဘုရားသဗ္ဗညု၏ ကြွလာခြင်းကို မျှော်ကုန်လျက်။ များစွာသောပူဇော်သက္ကာရတို့ကို စီရင်ကြကုန်၏။ သဗ္ဗညုဘုရားလည်း ကောသမ္ဗီပြည်သို့ ရောက်တော်မူလျှင်၊ များစွာပူဇော်သကာပြုပြီးမှ၊ အရှင်သာဂတကိုကပ်ကုန်၍။ အရှင်တို့ဝယ်အဘယ်ရခဲသနည်း။ ရခဲသည်ကိုစီရင်ပါမည်။ အမိန့်ရှိပါဟုဆိုလျှင်၊ ဆဗ္ဗဂ္ဂီတို့က၊ ရဟန်းတို့အား သေအရက်ရခဲသည်။ သေအရက်ကို စီရင်ဟုဆိုသော်၊ ထိုကောသမ္ဗီပြည်သားတို့သည်၊ အိမ်တိုင်းအိမ်တိုင်း၌ ခိုခြေအဆင်းရှိသော ကြည်သော သေကိုစီရင်၍။ အရှင့်သာဂတမြို့တွင်းသို့ ဆွမ်းခံလာသည်ကို သောက်တော်မူပါဟု ဆို၏။ အရှင်သာဂတလည်း၊ သိက္ခာပုဒ်ကို မပညတ်မီဖြစ်၍။ အတံယဲအတံယဲ သောက်လေ၏။ ယင်းသို့သောက်၍၊ မြို့မှထွက်သွားသော်၊ မြို့တံခါး၌ အရက်ယစ်သောကြောင့် လဲလေ၏။

နဂရမှနိက္ခမန္တော နဂရဒွါရေပရိပတိ။ ။ ဝိနည်းပါဠိတော်။ ။ နဂရမှာ၊ မြို့မှ၊ နိက္ခမန္တော၊ ထွက်သွားသည်ရှိသော်။ နဂရဒွါရေ၊ မြို့တံခါး၌။ ပရိပတိ၊ လဲ၏။ ယင်းသို့လဲသည်ကို၊ သဗ္ဗညုဘုရားမြို့မှ ထွက်လာလေသော်၊ မြင်တော်မူ၍၊ ချစ်သားတို့ သာဂတကို ဆောင်ခဲ့ကြကုန်ဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း၊ သာဂတကို၊ ဘုရားအမိန့်တော်အတိုင်း အရန်သို့ ဆောင်၍။ ဘုရားရှိတော်မူရာ ဦးခေါင်းပြုတော်မူ၍ သိပ်ထားကုန်၏။ အရှင်သာဂတလည်း ပြန်ပြီးလျှင်။ ဘုရားရှိရာ ခြေပြု၍အိပ်၏။ ထိုအခါ ဘုရားသဗ္ဗညုက၊ ချစ်သားတို့ ရှေးအခါ၊ သာဂတသည်၊ ငါဘုရား၌ရှိသေကြောက်ရက်ခြင်းရှိသည် မဟုတ်လောဟု မေးတော်မူ၏။ ရှိသေကြောက်ရက်ခြင်းရှိကြောင်းကို ရဟန်းတို့က လျှောက်လျှင်၊ ချစ်သားတို့ ယခုအခါ သာဂတသည်။ ငါဘုရား၌ ရှိသေကြောက်ရက်ခြင်းရှိသေး၏လောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးလှသော ဘုရား။ မရှိချေဟု လျှောက်ကုန်လျှင်။ ချစ်သားတို့ ယင်းသို့ရှိသေကြောက်ရက်အပ်သော အရာဝယ် ရှိသေကြောက်ခြင်းကို ဖျက်ဆီးတတ်သော သေသောက်ခြင်း၏။ အပြစ်ကို ကြည့်ရှုကြကုန်။ ချစ်သားတို့ ရှေးအခါ သာဂတသည် ကြီးသော တန်ခိုးအာနုဘော်ရှိသော၊ အမ္ဗတိတ္ထနဂါးမင်းကို။ ဆုံးမခြင်းငှာ စွမ်းနိုင်သည်မဟုတ်လောဟု မေးတော်မူ၏။ စွမ်းနိုင်ကြောင်းကို လျှောက်ကြကုန်လျှင်၊ ချစ်သားတို့ ယခုအခါ သာဂတသည် အမ္ဗတိတ္ထနဂါးမင်းကို မဆိုနှင့်ဦး။ ရေမြွေငယ်ကိုသော်လည်း။ ဆုံးမခြင်းငှာ စွမ်းနိုင်ပါဦးမည်လောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးလှသော ဘုရား၊ မစွမ်းနိုင်ချေဟု လျှောက်ထားကြလျှင်။ ချစ်သားတို့၊ အကြင်သေကိုသောက်၍ သတိပညာကင်းလျက်။ မိန်းမောတွေဝေခြင်းသည် ဖြစ်ရာ၏။ ထိုသေကိုသောက်အပ် သောက်ကောင်းပါမည်လောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးလှသော ဘုရား။ မသောက်အပ် မသောက်ကောင်းချေဟု လျှောက်ကြကုန်၏။ ချစ်သားတို့၊ ယင်းသို့မသောက်အပ် မသောက်ကောင်းသော သေကိုသာ။ သာဂတသောက်ခြင်းသည် မလျောက်ပတ်ဟု မိန့်တော်မူ၍။ သိက္ခာပုဒ်ပညတ်တော်မူ၏။ အရှင်သာဂတလည်း၊ တစ်နေ့မိုးသောက်မှ သေအရယ်ပြယ်၍ သတိရလတ်သော်၊ ငါကား သြတ္တပ္ပသံဝေဂ ကင်းသောကြောင့်။ သေအရက်သောက်ခြင်းကို ပြုမိသည်ဟုသိ၍။ မိမိအပြစ်ကိုကြားပြီးလျှင်၊ ဘုရားသဗ္ဗညုအားကန်တော့၍။ သြတ္တပ္ပသံဝေဂ တရားကို နှလုံးထားလျက်။ ဝိပဿနာကို ပွားစေသော်၊ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ရောက်လေ၏။

(ဤ၌အရှင်သာဂတသည်၊ ကမ္ဘာတစ်သိန်းကာလပတ်လုံးပါရမီဖြည့်၍။ ရင့်ပြီးသောပါရမီရှိသော မဟာသာဝကဖြစ်လျက်၊ သြတ္တပ္ပသံဝေဂကင်းသောကြောင့်၊ မသောက်အပ် မသောက်ကောင်းသော အသေအရက်ကိုသောက်၍၊ အကြောက်အရှက်ကင်းခြင်း၊ ရှာန်အဘိညာဉ်ဂုဏ် အလုံးစုံတို့၏ ပျောက်ခြင်းဟုဆိုအပ်သော၊ အတ္တနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး၊ တွေ့ရချေသည်။ နောင်အခါ ဒုဂတိဘေးလည်း တွေ့သင့်လျက်၊ အရဟတ္တမဂ်ဖျက်စီး၍သာ၊ ချမ်းသာလေတော့သည်။ ယင်းသို့ မဟာသာဝကတို့စဉ်လျက်။ သြတ္တပ္ပသံဝေဂကင်း၍ သေအရက်သောက်ခြင်းကိုပြုလျှင်၊ ပျက်စီးရလေသည်ကို ထောက်၍။ ယခုအခါ၊ ပညာရှိအပေါင်း သူတော်ကောင်းတို့ကား၊ သြတ္တပ္ပသံဝေဂ တရားကို နှလုံးထား၍။ များစွာအပြစ်ရှိသော သေအရက်သောက်ခြင်းမှ၊ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏)။

* * *

mgyoe.com

mgyoe.com

## (သူရာ)

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ။ ဝိသာခါ၏ အဖော်ဖြစ်သော၊ သေအရက်သောက်စားသော၊ ငါးရာသော မိန်းမတို့ကို အကြောင်းပြု၍။ တစ်ခုသော ဓမ္မဒေသနာကို ဟောတော်မူ၏။ သာဝတ္ထိပြည်၌ သေအရက်ကိုသောက်စား၍၊ ပျော်ပါးရွှင်လန်းသော သဘင်ကို ကြွေးကြော်လေသော်၊ ထိုငါးရာသော မိန်းမတို့သည်။ လင်တို့၏ သဘင်ကိုကစားသောအဆုံး၌ ထက်လှစွာသော သေအရက်ကို စီရင်၍။ သဘင်ကစားကုန်အံ့ ဟုနှလုံးပြုလျက်။ ဝိသာခါ၏အထံသို့သွားပြီးလျှင်၊ ရှင်မဝိသာခါ၊ ငါတို့သည် သဘင်ကစားကုန်အံ့ဟုဆိုသော်။ ရှင်မတို့။ ဤသဘင်ကားအရက်သဘင် ဖြစ်သည်။ ငါကားသေအရက် မသောက်ဟုဆိုလျှင်။ ရှင်မတို့သည်၊ သဗ္ဗညုဘုရားအား။ များစွာသော အလှူကိုပေးပါကုန်။ ငါတို့မူကား၊ ပွဲသဘင်ကစားပါဦးမည်ဟု ဆိုကုန်၏။ ဝိသာခါလည်းကောင်းပြီ ဟုဝန်ခံ၍ ထိုမိန်းမတို့ကို လွှတ်လိုက်ပြီးလျှင်။ ရှင်တော်ဘုရားကို တပည့်သားနှင့် တကွပင့်ဖိတ်ပြီး၍။ ကြီးစွာသော အလှူကိုပေးပြီးမှ ညချမ်းသောအခါ။ ပန်းနံ့သာလက်စွဲလျက်၊ တရားနာခြင်းငှာ၊ ငါးရာသော မိန်းမတို့ဖြင့် ခြံရံလျက်။ ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ ထိုငါးရာသော မိန်းမတို့သည်ကား၊ သေအရက်ကို သောက်ကုန်လျက်။ ဝိသာခါမနှင့်အတူတကွသွားကြ၍။ တံခါးမုခ်ဝ၌ ရပ်ပြီးမှ။ ဘုရားသဗ္ဗညုအထံသို့ စင်ကြယ်ကုန်၏။ ဝိသာခါကား၊ ဘုရားမြတ်စွာကို ရိုသေစွာရှိခိုးပြီးမှ သင့်တင့်သောအရပ်၌နေ၏။ ထိုငါးရာသော မိန်းမတို့တွင် အချို့တို့ကား သဗ္ဗညုဘုရားရှေ့တော်ဝယ် ကကြကုန်၏။ အချို့တို့ကား၊ သီကြကုန်၏။ အချို့တို့ကား၊ လက်လှုပ်ခြင်း ခြေလှုပ်ခြင်းကို ပြုကြကုန်၏။ အချို့တို့ကား၊ ခိုက်ရန်ပွား၍ အချင်းများကြကုန်၏။ ဘုရားမြတ်စွာလည်း၊ ထိုမိန်းမတို့အား ထိတ်လန့်ခြင်းကို ဖြစ်စေခြင်းငှာ။ မျက်မှောင်တော်မှ ညိုသောရောင်ခြည်တော်ကို လွှတ်လျှင်။ အမိုက်တိုက်အတိ ဖြစ်လေ၏။ ထိုမိန်းမတို့သည်ကြောက်ရကား။ သေအရက်ယစ်ခြင်းသည် ကင်းလေ၏။ ဘုရားမြတ်စွာလည်း၊ နေရာပလ္လင်မှ ကွယ်ခဲ့၍ မြင်းမိုရ်တောင်ထိပ်၌ ရပ်လျက် ဥဏ္ဏာလုံမွေးရှင်တော်မှဖြူသောရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုအခါ နေအထောင် လအထောင်ကဲ့သို့ ပြောင်ပြောင်ထွန်းလင်း၏။ ဘုရားမြတ်စွာလည်း၊ မြင်းမိုရ်တောင်ထိပ်၌ ရပ်လျက်။ ထိုမိန်းမတို့အား ထိတ်လန့်စေခြင်းငှာ တရားဟောတော်မူ၏။ ဟောတော်မူသော အဆုံး၌ ထိုငါးရာသော မိန်းမတို့သည်၊ သောတာပန် တည်လေကုန်၏။ ဘုရားမြတ်စွာလည်း၊ မြင်းမိုရ်တောင်ထိပ်မှဆင်းလာ၍ ဘုရားနေရာ ဂန္ဓကုဋိတိုက်ရိပ်၌ နေတော်မူ၏။ ထိုအခါ ဝိသာခါက ရိုသေစွာရှိခိုး၍။ အရှင်ဘုရား၊ အရက်ကြောက်ကို ဖျက်ဆီးတတ်သော။ ဤသေသောက်ခြင်း မည်သည်၊ အဘယ်အခါမှ စ၍ဖြစ်ပါသနည်းဟု မေးလျှောက်၏။ ဘုရားမြတ်စွာလည်း။ ဝိသာခါအား၊ ကြားလိုသောကြောင့် အတိတ်ကိုဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်၊ ကာသိတိုင်းသားဖြစ်သော၊ သူရာမည်သော မုဆိုးတစ်ယောက်သည်၊ သမင်သားငါးရှာခြင်းငှာ၊ ဟိမဝန္တာသို့သွားလေ၏။ ထိုဟိမဝန္တာ၌ သစ်ပင်တစ်ခုသည် ပေါက်၍လက်ခုပ်တစ်ဖောင်လောက်ရှိသောအခါ သုံးဖြာခွာ၍ ထိုအခွအလယ်တွင်၊ အိုးစရည်းပမာဏတွင်းရှိ၏။ ထိုတွင်းသည် မိုးရွာလေလျှင် ရေပြည့်လျက်။ ထက်ဝန်းကျင်သစ်ပင်ကိုရ၍ ပေါက်သောသျှိသျှား၊ ဖန်ခါး၊ ငရုတ်ချုံတို့မှ အရွက်အသီးတို့သည် ပြုတ်၍ထိုတွင်း၌ ကျကုန်၏။ ထိုသစ်ပင်၏အနီးအပါး။ သယံဇာတသလေးအိုင်မှ၊ သလေးစပါးကို၊ ကျေးများတို့သည် ယူဆောင်ပြီးလျှင်။ ထိုသစ်ပင်၌ နား၍ စားကုန်၏။ ထိုသို့စားသော သလေးဆန်တို့သည်။ ထိုတွင်း၌ကျကုန်၏။ ယင်းသို့လျှင်၊ ထိုရေသည် နေပူဖြင့် ကျက်ရကား။ နီသောအဆင်းရှိလျက်၊ အရက်သေဖြစ်လေ၏။ နွေလအခါ ရေမွတ်သိပ်စွာသော ကျေးငှက်အပေါင်းတို့သည်၊ သောင်းသောင်းအုတ်အာ လာကြကုန်၏။ ထိုရေကိုသောက်လျှင် ယစ်သောကြောင့်။ ပျံဆင်း၍ သစ်ပင်ခြေရင်း၌ ကျကုန်၏။ ကျရာအရပ်တွင် လူးလဲ၍ စဉ်းငယ်အိပ်ပြီးမှထ၍၊ တွန်မြည်လျက် ပျံထွက်လေကုန်၏။ မျောက်၊ ရှဉ့်စသောသတ္တဝါတို့လည်း၊ ဤအတူပင်

mgyoe.com

mgyoe.com

သောက်၍၊ ဝမ်းမြောက်ဝမ်းသာ သွားလေကုန်၏။
သူရာမည်သော တောလည်မုဆိုးသည် ထိုအခြင်းအရာ
ကို မြင်သော်။ ဤရေသည် အကယ်၍ အဆိပ်ဖြစ်ငြား
အံ့။ ဤသတ္တဝါတို့သည် သေကုန်ရာ၏။ သေကား
မသေ၊ အတန်ငယ် အိပ်နေပြီးမှထ၍ အလိုရှိရာသို့သွား
ကြကုန်၏။ ဤရေကားအဆိပ်မဟုတ်ဟု နှလုံးပြု၍
အတန်ငယ်ယူပြီးမှ မိမိသောက်သည်ရှိသော်၊ ယစ်ရကား
အမဲသားတို့ကို စားလို၍ မီးဖိုလျက် အိပ်လျှင် သစ်ပင်
ရင်း၌ ကျလာသော ခါ၊ ကြက်အစရှိသည်တို့ကို သတ်ပြီး
မှ၊ မီးကျီး၌ မြှုက်ကင်၍ လက်တစ်ဘက်ဖြင့် ကလျက်၊
တစ်ဘက်ဖြင့် အမဲသားကို စားလျက် နှစ်ရက်သုံးရက်။
ထိုသစ်ပင်အောက်၌နေ၏။ ထိုသစ်ပင်မှ အနီးမဝေး
သော အရပ်၌၊ ဝရုဏအမည်သော ရသေ့တစ်ဦးလည်း
နေ၏။ မုဆိုးသည် ထိုရသေ့နှင့် အဆွေခင်ပွန်းဖြစ်ရ
ကား။ ဤအဖျော်ကို ရသေ့နှင့်တကွ သောက်အံ့ဟု ကြံ
၍။ ဝါးကျည်တောက်တစ်ခုကို ပြည့်စေပြီးလျှင် အမဲ
ကျက်နှင့်တကွ ဆောင်သွား၍။ အရှင်ဘုရား ဤအဖျော်
ကို သောက်တော်မူပါဟု ဆို၍၊ အတူနှစ်ယောက်ပင်
သောက်စားကြကုန်၏။ ဤသို့လျှင် သူရာမည်သော
မုဆိုးသည်လည်းကောင်း၊ ဝရုဏမည်သော ရသေ့သည်
လည်းကောင်း၊ မြင်အပ်ပြုအပ်သည်၏အဖြစ်ကြောင့်။
ထိုအဖျော်၏ သူရာ၊ ဝရုဏဟူသော အမည်ဖြစ်၏။
ထိုသူနှစ်ယောက်တို့လည်း။ ဝါးကျည်တောက်တို့ကို
ပြည့်စေပြီးလျှင်။ ထမ်းပိုးဖြင့် ထမ်းဆောင်၍၊ ပစ္စန္တရစ်
အစွန်မြို့သို့ သွားပြီးသော်၊ အဖျော်ပြုတတ်သောသူတို့
သည် ရောက်လာကုန်၏ဟု မင်းအား ကြားကုန်၏။
မင်းလည်းခေါ်စေ၍။ အဖျော်ကို ကပ်စေကုန်၏။ ထိုမင်း
သည်။ နှစ်ကြိမ်သုံးကြိမ်သောက်လျှင် ယစ်၏။ ထို
အဖျော်လည်း၊ နှစ်ရက်စာ သုံးရက်စာသာတည်း။ ထို
နောင်မှ အဖျော်ရှိသေး၏လောမေးလျှင်၊ ရှိသေး၏ဟု
ဆိုသော်၊ အဘယ်မှာနည်းမေးလျှင်၊ ဟိမဝန္တာမှာဟု ဆို
၏။ ယင်းသို့တပြီးကားသွား၍ ဆောင်ချေဟုစေလျှင်။
ထိုသူနှစ်ယောက်တို့သည်၊ တစ်ကြိမ်နှစ်ကြိမ်သွား၍
ဆောင်ပြီးမှ။ မပြတ်ဆောင်ခြင်းငှာ မတတ်နိုင်ဟု နှလုံး
ပြု၍၊ အဆောက်အဦတို့ကို စီရင်ပြီးလျှင်။ ထိုသစ်ပင်၏
အခေါက်ကို အစပြု၍။ အလုံးစုံကိုထည့်ပြီးမှ၊ မြို့၌ပင်
သေအရက် ချက်ကုန်၏။ မြို့သားမြို့သူတို့လည်း။ သေ
အရက်သောက်၍ မေ့လျော့ခြင်းသို့ရောက်ရကား၊ များစွာ
ဆင်းရဲကုန်၏။ မြို့အလုံးသည်ဆိတ်၍၊ အချည်းနှီးကဲ့သို့
ဖြစ်၏။

နဂရံသုညံဝိယအဟောသိ။ ။ဇာတ်အဋ္ဌက
ထာ။ ။ နဂရံ၊ မြို့သည်။ သုညံဝိယ၊ ဆိတ်သကဲ့သို့။
အဟောသိ၊ ဖြစ်၏။ ။ သေသောက်သောကြောင့်၊ မြို့အ
လုံးသည်ဆိတ်လျက်ပျက်ရကား၊ သေသောက်ခြင်း၏
အပြစ်သည်ကြီးမားစွာ။ ။ အဖျော်ပြုတတ်သူ ထိုလူနှစ်
ယောက်တို့ကား၊ ထိုပစ္စန္တရစ်မြို့မှ ထွက်ပြေးလာ၍။
ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင်၊ ပြည့်ရှင်မင်းအားအဖျော်
သမားတို့လာကုန်၏ဟု ကြားစေ၏။ မင်းသည် ခေါ်၍
မျိုးရိက္ခာ ပေးစေပြီးလျှင် သေအရက်ကို ချက်စေကုန်၏။
သေအရက်ကိုသောက်ရကား၊ ဗာရာဏသီပြည်လည်း
နည်းတူပင်ပျက်ချေ၏။

တံပိနဂရံတထေဝဝိနဿိ၊ ။ဇာတ်အဋ္ဌက
ထာ။ ။တံပိနဂရံ၊ ထိုဗာရာဏသီပြည်သည်လည်း။ တ
ထေဝ၊ ထိုအသူသာလျှင်။ ဝိနဿိ၊ ပျက်၏။ ။ထိုအ
ဖျော်သမားနှစ်ယောက်တို့လည်း၊ ဗာရာဏသီပြည်မှ
ပြေးခဲ့၍၊ သာကေတပြည်သို့ဝင်လျှင်၊ သာကေတပြည်
လည်းပျက်ပြန်ချေ၏။ သာကေတပြည်မှ ထွက်ပြေးခဲ့
၍။ သာဝတ္ထိပြည်၌၊ သဗ္ဗမိတ္တမည်သော မင်းသည်မင်း
ပြုသတတ်။ ထိုမင်းလည်း၊ အဖျော်သမားနှစ်ယောက်
တို့အား ချီးမြှောက်ထောက်ပံ့၍။ အဘယ်ဖြင့်သင်တို့
အားလိုသနည်းဟုမေးသော်၊ အဆောက်အဦဖြစ်သော
သျှိသျှား၊ ဖန်ခါးစသော၊ သစ်သီး၊ သလေးဆန်မှုန့်၊ အိုး
စရည်းငါးရာတို့ကိုလိုပါသည်ဟုဆိုလျှင်၊ ထိုအလုံးစုံကို
ပေးစေ၏။ ထိုနှစ်ယောက်သော အဖျော်သမားတို့
သည်။ ငါးရာသော အိုးစရည်းတို့၌ သေကိုထည့်၍၊
ကြွက်ဖောက်မည့်ဘေးမှ ကြောက်သောကြောင့်။ အိုး
ကိုစောင့်ရှောက်ခြင်းငှာ၊ တစ်လုံးတစ်လုံးသော အိုး၏
အနီး၌။ တစ်ကောင်တစ်ကောင်သော ကြောင်ကိုဖွဲ့
ချည်စေကုန်၏။ ထိုကြောင်တို့သည်၊ သေကျက်၍
ဝေဖိတ်သောအခါ၊ အိုးစရည်းဝမ်းတို့၌ ယိုကျသော
သေကို သောက်ကုန်လျက်။ ယစ်၍ အိပ်ပျော်ကုန်၏။
ကြွက်တို့သည်လာပြီးလျှင်။ ကြောင်တို့၏ နား၊ နှာ

mgyoe.com

mgyoe.com


ခေါင်း၊ အစွယ်၊ အမြီးတို့ကိုခဲကုန်၏။ ကြောင်တို့သည် မလှုပ်ရကား၊ သေသောက်၍ သေကုန်၏ဟူသော အမှတ်နှင့်၊ မပြတ်မင်း၏အမှု၌ယှဉ်ကုန်သော မင်းချင်းယောကျ်ားတို့သည်၊ မင်းအား ကြားလျှောက်ကုန်၏။ မင်းလည်း။ ထိုသူတို့ကား အဆိပ်သမားဖြစ်ကုန်လတ္တံ့ဟု နှလုံးပြု၍။ ထိုသူနှစ်ယောက်တို့၏ ဦးခေါင်းတို့ကို ဖြတ်စေ၏။ ထိုသူနှစ်ယောက်တို့လည်း၊ အရှင်မင်းကြီးသေအရက်ပါ။ အရှင်မင်းကြီး ချိုမြိန်ပါ၏ဟု မြည်တမ်းလျက်သာ သေရှာကုန်၏။

တေသုရံဒေဝမစ္စုရံဒေဝါတိဝိရဝန္တာဝမရိံသု။ ။ ဇာတ်အ ဋ္ဌကထာ။ ။ တေ၊ ထိုသူရာ ဝရုဏတို့သည်။ ဒေဝ၊ မင်း ကြီး၏။ သုရံ၊ သေအရက်တည်း။ ဒေဝ၊ မင်းကြီး။ မ စ္စုရံ၊ ချိုမြိန်ကောင်းမြတ်ပါ၏။ ဣတိ၊ သို့။ ဝိရိဝန္တာ၊ မြည်တမ်းကုန်လျက်သာလျှင်။ မရိံသု၊ သေရှာကုန်၏။

မင်းလည်းထိုသူနှစ်ယောက်ကို သတ်ပြီးလျှင်၊ အိုးတို့ကို ခွဲဟုစေ၏။ ကြောင်တို့လည်း သေအရက်ပျက်လျှင်ထ၍ ကစားကြကုန်၏။ မင်းချင်းတို့လည်း ကြောင်တို့ကိုမြင်၍ မင်းအား ကြားကုန်၏။ မင်းလည်း အကယ်၍ အဆိပ်ဖြစ်ငြားအံ့။ ဤကြောင်တို့သေကုန်ရာ၏။ စင်စစ်မှာမူ ချိုမြိန်ကောင်းမြတ်သည် ဖြစ်ရာ၏။ ထိုအဖျော်ကို သောက်အံ့ဟု မြို့အလုံးကို တန်ဆာဆင်စေ၍။ မင်းရင်ပြင်၌ မဏ္ဍပ်ကနားပြုပြီးမှ။ တန်ဆာဆင်အပ်သော မဏ္ဍပ်၌စိုက်အပ်သော ထီးဖြူ ရှိသောပလ္လင်ဝယ် နေပြီးလျှင်။ အမတ်ပေါင်းခြံရံလျက်။ သေအရက်ကို သောက်ခြင်းငှာ အားထုတ်၏။ ထိုအခါ သိကြားမင်းသည် အဘယ်သူတို့သည်၊ မိဘကို လုပ်ကျွေးခြင်းစသည်တို့၌ မမေ့လျော့ကြကုန်သနည်း။ သုစရိုက်သုံးပါးတို့ကို ဖြည့်ကြကုန်သနည်းဟု လောကကို ကြည့်ရှုလတ်သော်၊ သေသောက်ခြင်းငှာ အားထုတ်၍နေသော ထိုမင်းကိုမြင်လေလျှင်၊ အကယ်၍ ဤမင်းသည် သေသောက်တုံအံ့။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းသည် ပျက်လတ္တံ့။ အကြင်အခြင်းဖြင့် သေရည်ကိုမသောက်လတ္တံ့။ ထိုအခြင်းဖြင့် မင်းကို ငါပြုအံ့ဟု နှလုံးပိုက်၍။ တစ်လုံးသော သေအိုးကို လက်ဝါးပြင်ဝယ်ထားပြီးမှ ပုဏ္ဏားအသွင်ဖြင့်လာ၍။ မင်း၏ရှေးရှုကောင်းကင်၌ ရပ်လျက်၊ ဤအိုးကို ဝယ်ပါဟုဆို၏။ ထိုအခါ သဗ္ဗမိတ္တမင်းက ထိုအခြင်းအရာကိုမြင်၍၊ ကောင်းကင်၌ရပ်သော ပုဏ္ဏားကို မြင်သော်၊ အရှင်ပုဏ္ဏားသည် အဘယ်အရပ်မှ လာသနည်းမေး၏။ အကြင်အိုးကို ဝယ်ပါဟုဆို၏။ ထို အိုးကား အဘယ်အိုးနည်းဟု မေး၏။ ယင်းသို့တပြီးကား အိုး၏အပြစ်များအကြောင်းကို နားထောင်တော်မူပါဟု ဆို၍။ အရှင်မင်းကြီး။ ဤအိုးကား ထောပတ်၊ ဆီပျား၊ တင်လဲအိုးမဟုတ်။ အကြင်သေကို သောက်၍ ကမ်းပါးချောက်သို့ ဦးစောက်ကျရာ၏။ မစားကောင်းသော အဆိပ်ကို စားရာ၏။ ထိုသေခြင်း ပြည့်သောအိုးတည်း။ အကြင်သေကိုသောက်၍ အဝတ်မဝတ်အချည်းစည်း လှည့်လည်သွားလာ၏။ ထိုသေဖြင့် ပြည့်သောအိုးတည်း။ အကြင်သေကိုသောက်၍ အရှက်အကြောက်ကင်းခြင်းကို ပြု၏။ ထိုသေဖြင့် ပြည့်သောအိုးတည်း။ အကြင်သေကို သောက်၍ ဒုစရိုက်သုံးပါးတို့ကိုပြု၏။ ထိုသေဖြင့်ပြည့်သော အိုးတည်း။ အကြင်သေကို သောက်၍ ဒသဘာတိက ညီနောင်မင်းတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ ထိုသေဖြင့် ပြည့်သောအိုးတည်း။ အကြင်သေကိုသောက်၍ အသူရာတို့သည် တာဝတိံသာနတ်ပြည်မှ လျှောကျကုန်၏။ ထိုသေဖြင့် ပြည့်သောအိုးတည်း။ ဤသို့အစရှိသည်ဖြင့် သေ၌အပြစ်များကြောင်းကိုများစွာ ဆို၏။ ထိုသဗ္ဗမိတ္တမင်းသည် ပုဏ္ဏားဆိုသောစကားကို ကြားလျှင် သေ၌အပြစ်များကြောင်းကိုသိ၍၊ နှစ်သက်ရကား ပုဏ္ဏားအား ချီးမွမ်းခြင်းကိုပြုလျက်၊ အရှင်ပုဏ္ဏားသင်သည် ငါ၏မိဘ၊ ဆွေမျိုး၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူ မဟုတ်ပေဘဲလျက်၊ အစဉ်သနားသဖြင့်။ ငါ့အားများ မြတ်သော အကျိုးစီးပွားကို အလိုရှိပေသည်။ သင့်စကားကို ငါလိုက်နာ၍ သင့်ကိုဆရာပြုအံ့။ ဆရာအားတစ်နှစ်လျှင် အခွန်တစ်သိန်းထွက်သော ရွာပေါင်းငါးရာတို့ကိုလည်းကောင်း၊ ကျွန်မိန်းမတစ်ရာ၊ ကျွန်ယောကျ်ားတစ်ရာတို့ကိုလည်းကောင်း၊ ခုနစ်ရာသော နွားတို့ကိုလည်းကောင်း၊ အာဇာနည်မြင်းကသော ရထားဆယ်စီးတို့ကို လည်းကောင်း၊ ငါပေး၏။ သင်သည် ငါ၏ဆရာပြုပါဟုဆို၏။ ထိုစကားကိုကြား၍ သိကြားမင်းလည်း ပုဏ္ဏား၏အသွင်ကို ပယ်ရှား၏။ သိကြား၏အသွင်ကို ပြပြီး

mgyoe.com

mgyoe.com

သော်၊ မိမိကိုယ်ကို သိစေလျက်၊ ကောင်းကင်၌ ရပ်၍၊ ယခုမင်းကြီးပေးသမျှ အလုံးစုံကို အကုန်မင်းကြီးအား ငါပေး၏။ ငါကားပုဏ္ဏားမဟုတ်၊ သိကြားတည်း။ သင်မင်းကြီးမှာ၊ အထူးထူး အပြားပြားများ မြတ်သော အရသာရှိသော ဘောဇဉ်ခဲဖွယ်ကိုသာ စားပါ။ သေမသောက်ပါလင့်။ သေသောက်ခြင်းမှ ကြဉ်ရှောင်၍၊ ဒုစရိုက်သုံးပါးတို့ကို ပယ်ရှားလျက်၊ သုစရိုက်သုံးပါးတို့၌ မွေ့လျော်သည်ဖြစ်၍၊ နတ်ပြည်သို့ကပ်လော့ဟု အဆုံးအမဩဝါဒပေး၍။ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။ မင်းလည်း သိကြားဆုံးမတိုင်း သေမသောက်ဘဲ သေအိုးတို့ကိုခွဲ၍ ပစ်စေပြီးမှ သီလကို ခံယူ၍ အလှူပေးလျက်။ အထက်နတ်ရွာသို့လားလေ၏။ ဇမ္ဗူဒီပါကျွန်း၌ ထိုအခါမှစ၍။ သေသောက်ခြင်းသည် ပြန့်ပွားလေ၏။ ဘုရားမြတ်စွာလည်း ဤဓမ္မဒေသနာကိုဆောင်တော်မူ၍၊ ထိုအခါ သဗ္ဗမိတ္တမင်းကား၊ ယခုအခါ အာနန္ဒာဖြစ်လာ၏။ သိကြားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ဤ၌ပစ္စန္တရစ်မင်းနှင့်တကွ မြို့သူမြို့သားတို့သည်၊ ဒုဏ္ဍာဘေး ဒုဂတိဘေးတို့မှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းချေသောကြောင့်။ သုရာဝရုဏာဟု ဆိုအပ်သော အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းဖက်၍ သေ အရက်သောက်လေလျှင်၊ ဒဏ္ဍာဘေးတွေ့၍ မြို့အလုံးသည် ပျက်စီးချေ၏။ ထိုအတူ ဗာရာဏသီတိုင်းကြီးလည်း ပျက်စီးတိမ်းယိမ်းချေ၏။ သုရာဝရုဏာဟု ဆိုအပ်သော အရက်သမားနှစ်ယောက်တို့လည်း၊ သာဝတ္ထိပြည်သို့ရောက်လျှင် မိမိတို့ပြုအပ်သော အကုသိုလ်ကံ ရင့်ရကား။ ဒဏ္ဍာဘေးတွေ့လျက် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရလေကုန်၏။ သာဝတ္ထိပြည် သဗ္ဗမိတ္တမင်းမှာမူကား၊ သိကြားမ၍ သြတ္တပ္ပသံဝေဂနှင့် ယှဉ်သောကြောင့် သေသောက်ခြင်းမှ ကြဉ်ရကား။ တိုင်းပြည်အလုံးစုံကို ပျက်စီးခြင်းတည်းဟူသော ဒဏ္ဍာဘေး၊ အပါယ်၌ကျခြင်းတည်းဟူသော ဒုဂတိဘေးတို့မှကင်းစေလျက်၊ အထက်နတ်ပြည်၌ ဖြစ်ရလေသတည်း။ ဤသို့ သြတ္တပ္ပသံဝေဂနှင့်ယှဉ်၍ သေသောက်ခြင်းမှ ကြဉ်ရှောင်ခြင်း၌ အကျိုးကိုမြင်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကို နှလုံးသွင်း၍။ ဤသေသောက်ခြင်းမှ ဝေးစွာကြဉ်ရှောင်ကုန်ရာ၏။

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ၊ အနာထပိဏ်သူဌေး၏တူကို အကြောင်းပြု၍ တစ်ခုသော ဓမ္မဒေသနာကို ဟောတော်မူ၏။ ထိုအနာထပိဏ်သူဌေး၏တူသည်၊ မိဘတို့သေလွန်သည်ရှိသော်၊ မိဘတို့၏အမွေအနှစ်ဖြစ်သော ကုဋေလေးဆယ်မျှလောက်သောရွှေငွေဥစ္စာတို့ကို၊ သေစာသေရက် သောက်စားသဖြင့်များမကြာအလုံးစုံကို အကုန်ဖျက်ဆီးပြီးမှ။ ဦးရီးဖြစ်သောသူဌေး၏ အထံသို့လာ၏။ ထိုအခါ သူဌေးကြီးကချစ်သားသင်သည်။ ဥစ္စာကုဋေ ရွှေငွေလေးဆယ်မျှလောက်ကို သေသောက်သဖြင့်။ ဖျက်ဆီးခြင်းသည်မသင့်တကားဟု များစွာအပြစ်တင်ပြီးမှ။ တစ်ထောင်မျှလောက်သော ဥစ္စာကိုပေး၍။ ဤဥစ္စာဖြင့် သေမသောက်သင့်ဖောက်ကား ရောင်းဝယ်ကုန်သွယ်ခြင်းကိုပြုဟု ဆိုဆုံးမ၍ လွှတ်လိုက်၏။ သူဌေးတူလည်း၊ ထိုတစ်ထောင်မျှလောက်သော ဥစ္စာကို။ ခါးမှာဆောင်ယူ၍သေတင်းကုတ်သို့ သွားပြီးလျှင်။ သေသောက်ကြူးကိုနှင့် အတူတကွ သောက်စား၍ ကုန်လေ၏။ ယင်းသို့ကုန်ပြန်လျှင် တစ်ဖန်သူဌေးကြီးအထံသို့လာ ပြန်၏။ သူဌေးကြီးလည်း ဆုံးမမြဲဆုံးမ၍။ ငါးရာမျှလောက်သော အသပြာတို့ကို ပေးလိုက်၏။ သူဌေးတူလည်း၊ ရှေးနည်းဖြင့်၊ သေတင်းကုတ်သို့ သွား၍ သောက်စားလျှင်၊ များမကြာကုန်ပြန်လေ၏။ ယင်းသို့ ကုန်လျှင်။ သူဌေးကြီးထံသို့ တစ်ဖန်လာမြဲလာပြန်၏။ သူဌေးကြီးလည်း ပုဆိုးကြမ်းနှစ်ထည်ပေး၍ လွှတ်လိုက်၏။ ထိုပုဆိုးကြမ်း နှစ်ထည်ကိုလည်း။ အရက်နှင့်လဲ၍ သောက်လေ၏။ ယင်းသို့လျှင် သုံးကြိမ်တိုင်အောင် ချီးမြှောက်မစ၍ ဆုံးမသွန်သင်သတည်း။ လေးကြိမ်မြောက် တစ်ခါပြန်လာသော်။ လည်တိုင်၌ ကိုင်စေပြီးမှ အိမ်ပြင်သို့နှင်ထုတ်စေ၏။ ယင်းသို့နှင်ထုတ်စေလျှင်။ ထိုသူဌေးတူသည်။ ကိုးကွယ်ရာမရှိရကား၊ သူတစ်ပါးတို့၏ နံရံကိုမှီ၍ သေလေ၏။ အသေကောင်ကိုခြေထောက်၌ ဆွဲငင်လျက်။ လွှင့်ပစ်သုသာန်၌ ပစ်ကြကုန်၏။ အနာထပိဏ်သူဌေးသည်။ ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင်။ မိမိတူ

mgyoe.com

mgyoe.com

အကြောင်း အလုံးစုံကို။ သဗ္ဗညုဘုရားအား လျှောက်ထား၏။ ဘုရားသဗ္ဗညုလည်း သူဌေးကြီး ကုဋ္ဋေလေးဆယ်သော ဥစ္စာရွှေငွေကို သေဖိုးမလောက်သော ထိုသူကို သင်သည်တစ်ထောင့်ငါးရာသော အသပြာပုဆိုးကြမ်းနှစ်ထည်မျှဖြင့်။ အဘယ်မှာ ရောင့်ရဲစေနိုင်အံ့နည်း။ ထိုသူအားငါသည် ရှေးအခါ အလိုခပ်သိမ်းကိုပေးတတ်သော အိုးကိုပေးသော်လည်း ရောင့်ရဲစေခြင်းငှာ မတတ်နိုင်ရာဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသော်။ ငါဘုရားလောင်းတော်သည် သူဌေးအမျိုး၌ဖြစ်၍ အရွယ်ရောက်က သူဌေးအရာကိုရ၏။ ထိုသူဌေး၏ အိမ်ဝယ်မြေ၌မြှုပ်ထားအပ်သော ဥစ္စာကား၊ ကုဋ္ဋေလေးဆယ်မျှလောက်များသတည်း။ ထိုသူဌေး၏သားကား တစ်ယောက်တည်းဖြစ်၍ ချစ်လှစွာ၏။ ထိုသူဌေးကား များစွာသော ဒါနသီလစသော ကောင်းမှုတို့ကို ပြု၍ သေလွန်သောအခါ၊ တာဝတိံသာ၌သိကြားနတ်မင်း ဖြစ်လေ၏။ သူဌေးသားကား၊ အမိအဖတို့သေလွန်လျှင်။ လွင်ပြင်ဝယ်ထားသော ဥစ္စာတို့ကိုသေအရက်သောက်၍၊ မလောက်ရကား။ မြှုပ်ထားအပ်သော ဥစ္စာကုဋ္ဋေလေးဆယ်ကို မြေမှဖော်ထုတ်၍ သေတင်းကုတ် မဏ္ဍပ်ဆောက်ပြီးလျှင်။ လူအပေါင်းများစွာ ခြံရံလျက်။ အရက်သေစာ သောက်စား၏။ အရက်ယစ်သည်ကာလ။ ကျွမ်းသမား၊ ကချေသည် အစရှိသည်တို့အား။ တစ်ထောင်တစ်ထောင်မျှလောက်သော ဥစ္စာကို ပေးလျက်။ သေကြူးခြင်း၊ မိန်းမကြူးခြင်း၊ အံကြူးခြင်း၊ ပွဲလမ်းသဘင် ပျော်ရွှင်မြူးထူးခြင်းသို့ ရောက်လျက်။ အဘယ်အရပ်၌ ကခြင်းရှိသနည်း။ အဘယ်အရပ်၌ သီချင်းရှိသနည်း။ အဘယ်အရပ်၌ တီးမှုတ်ခြင်းရှိသနည်းဟု၊ ပွဲလမ်းသဘင်ကိုသာ လှည့်လည်ရှာလျက်။ မမြင့်ကြာမီ ကုဋ္ဋေလေးဆယ်မျှ လောက်သော ဥစ္စာကို အတွင်းအပ အသုံးဆောင်နှင့်တကွ ဖျက်ဆီးပြီးမှ။ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ရောက်ရကား၊ ပုဆိုးကြမ်းစုတ်ကိုဝတ်လျက်။ ခွက်လက်စွဲ၍ တောင်းစားရလေ၏။ အဘဖြစ်သော မိုးသိကြားလည်း။ သား၏အကြောင်းကို ဆင်ခြင်လေသော်။ ဆင်းရဲငြိုငြင်ပင်ပန်းသောအဖြစ်ကိုသိရကား။ သား၏ချစ်ခြင်းဖြစ်လာ၍။ အလိုခပ်သိမ်းကိုပေးတတ်သော အိုးတစ်လုံးကို ပေးပြီးလျှင်။ ချစ်သား အကြင်အခြင်းအရာဖြင့်။ ဤအိုးသည် မကွဲ။ ထိုအခြင်းအရာဖြင့် ကောင်းစွာစောင့်ရှောက်ပါ။ ဤအိုးသည်မကွဲဘဲ။ အမြဲတည်သော် သင်ချစ်သားအား။ ဥစ္စာ၏ အပိုင်းအခြား မည်သည်မဖြစ်လင့်။ မရေတွက်နိုင်သော ဥစ္စာကိုပေးတတ်သော အိုးတည်း။ မမေ့မလျော့ ကောင်းစွာ စောင့်ရှောက်ဟု မှာထားဆုံးမခဲ့ပြီးမှ။ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လည်တက်သွားလေ၏။ သူဌေးသားလည်း။ ထိုအိုးကိုရသည်မှစ၍။ သောက်ချင်တိုင်း သေအရက်ကို သောက်စား၍ သွားလာလှည့်ပတ်၏။ တစ်နေ့သ၌ များစွာသော သေကိုသောက်လျက်၊ အရက်ယစ်မူးသဖြင့် ရူးချေသောကြောင့်။ ထိုအိုးကိုပင် ကောင်းကင်သို့ပစ်လျက်၊ လက်ဖြင့်ခံ၍ ကစားချေ၏။ ယင်းသို့ကစားလျှင်၊ အရက်ယစ်ရကား၊ မဖမ်းမိဘဲ ချော်လွဲ၍ မြေတွင်ကျလျှင် အိုးကွဲချေ၏။

ကုမ္ဘောဘူမိယံပတိတွာဘိဇ္ဇိ။ ။ ဇာတ်အဋ္ဌကထာ။ ။ ကမ္ဘော။ အိုးသည်။ ဘူမိယံ၊ မြေ၌။ ပတိတွာ၊ ကျ၍။ ဘိဇ္ဇိ၊ ကွဲ၏။ ။ ထိုအိုးကွဲသည်မှစ၍။ ဆင်းရဲမြဲဆင်းရဲသဖြင့်၊ ပုဆိုးကြမ်းကို ဝတ်ပြီးမှ ခွက်လက်စွဲလျက်၊ ထမင်းတောင်းစားသော်၊ သူတစ်ပါးအိမ်နံရံကို မှီ၍သေလေ၏။ ဘုရားမြတ်စွာသည်။ ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ ထိုအခါအိုးကိုခွဲသော သေသောက်ကြူးသူဌေးသားကား၊ ယခုအခါအနာထပိဏ် သူဌေး၏တူဖြစ်လာ၏။ သိကြားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။ ။ (ဤ၌သူဌေး၏ တူသည်၊ မကောင်းမှုမှာ ကြောက်ထိတ်လန့်ခြင်း ဩတ္တပ္ပသံဝေဂကင်းသောကြောင့်၊ သေအရက်သောက်စားလျှင် များစွာပျက်စီးခြင်းသို့ရောက်ရလေသည်ကို ဆင်ခြင်၍၊ ယခုအခါ ပညာရှိပေါင်း သူတော်ကောင်းတို့ကား၊ များစွာပျက်စီးခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို မသောက်မစားဘဲ၊ ဩတ္တပ္ပသံဝေဂတရားကို နှလုံးထားလျက်၊ သေအရက် သောက်ခြင်းမှ ရှောင် ကြဉ်ကုန်ရာ၏။ သေသောက်ခြင်း၏အပြစ်ကား၊ စည်းစိမ်ဥစ္စာ၏ ဆုံးရှုံးခြင်း။ သူတစ်ပါးတို့နှင့် တိုက်ရန်ဖြစ်ခြင်း။ အနာရောဂါ၏ထူပြောခြင်း။ အကျော်အစောမရှိခြင်း။ အရှက်ကြောက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကိုပြ မဖုံးလွှမ်း

mgyoe.com

mgyoe.com

နိုင်ခြင်း။ စီးပွားမဲ့ စီးပွားရှိကိုသိတတ်သော ပညာ၏ ဆုတ်ယုတ်ခြင်း။ ဤခြောက်ပါးသော အပြစ်ကို။ ပစ္စုပ္ပန်၌ပင်ရ၏ဟု သိဂ်ါလောဝါဒသုတ်၌ ဟောတော်မူသည်။ စင်စစ်မူကား၊ ငါးပါးသီလတို့တွင် သုရာမေရယ် မဇ္ဇပမာဒဋ္ဌာနသည် သာလွန်စွာ အပြစ်ကြီးသည်။ ပါဏာတိပါတစသည်တို့ကား၊ ထိုသုရာမေရယမဇ္ဇပမာဒဋ္ဌာနလောက် အပြစ်မကြီး၊ အဘယ်ကြောင့်နည်းဟူမူ၊ လူဖြစ်လျက်ပင် ရူးသွပ်သောအဖြစ်ကို ဖြစ်စေသဖြင့်၊ အရိယာတို့၏ တရား၏ အန္တရာယ်ကို ပြုသောကြောင့်တည်း)။

အပိစေတ္ထသုရာမေရယ မဇ္ဇပမာဒဋ္ဌာနမေ ဝမဟာသာဝဇ္ဇံ။ နတထာ ပါဏာတိပါတာဒယော။ ကသ္မာ မနုဿဘူတဿာဝိဥမ္မတ္တကဘာဝသံ ဝတ္တနေနအရိယ မဂ္ဂန္တရာယကရဏတော။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ အပိစစင်စစ်သော်ကား။ ဧတ္ထ၊ ဤငါးပါးသီလတို့တွင်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနသည်သာလျှင်။ မဟာသာဝဇ္ဇံ၊ ကြီးသော အပြစ်ရှိ၏။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတစသည်တို့သည်။ တထာ၊ ထိုအတူ။ မဟာသာဝဇ္ဇ၊ ကြီးသော အပြစ်ရှိသည်။ နဟောန္တိ၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ မနုဿဘူတဿဝိ၊ လူဖြစ်လျက်လည်း။ ဥမ္မတ္တကဘာဝသံဝတ္တနေ၊ ရူးသွပ်သောအဖြစ်ကို ဖြစ်စေသဖြင့်။ အရိယမဂ္ဂန္တရာ ယကရဏတော၊ အရိယာတို့၏ တရား၏အန္တရာယ်ကိုပြုခြင်းကြောင့်တည်း။ ။ ဤအဋ္ဌကထာပါဌ်၏ အဓိပ္ပာယ်သော်ကား။ အရိယာတို့သည် အရိယာတို့၏အဖြစ်သို့ ရောက်ကုန်သည် ရှိသော်၊ မိမိအသက်ကြောင့်သော်လည်း၊ သူတစ်ပါးတို့၏ အသက်ကိုမသတ်၊ သူ့ဥစ္စာကိုမခိုး၊ သူ့သားအိမ်ရာကို မပြစ်မှား၊ မုသားမဆို၊ သေရက်ကို မသောက်။ ထို့ကြောင့် ငါးပါးသီလကို အရိယကန္တသီလဟု ဆိုသည်။ သေအရက်ကို သောက်သောသူကား။ ပုထုဇဉ်ဖြစ်၍သာ သောက်သည်။ ယင်းသို့သောက်လျှင် ရူးသွပ်ရကား၊ သူ့အသက်ကိုလည်း သတ်၏။ သူ့ဥစ္စာကိုလည်း ခိုး၏။ သူ့သားအိမ်ရာကိုလည်း လွန်ကြူး၏။ မုသားလည်း ဆို၏။ သေရက်ကိုလည်း သောက်၏။ သေရက်ယစ်မူး၍ ရူးသွပ်သော သူသည်။ ဘယ် အကုသိုလ်ကိုမျှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂ မရှိ လွန်ကြူးသည်သာတည်း။ ထိုကြောင့် အရိယာတို့၏တရားအန္တရာယ်ကို ပြုတတ်ရကား။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနသည်သာ အပြစ်ကြီး၏ဟု အဋ္ဌကထာဆရာတို့ဆိုသည်။ ။ အောက်မုသာဝါဒ၌။ နတ္ထိပါပံ အကရိယံဟု ဟောတော်မူသည်မှာ။ မုသာဝါဒသည်၊ ပါဏာတိပါတစသည်တို့ထက်၊ ထက်မြက်လွန်ကဲစွာ သာလွန်၍ အကျိုးပေးသောကြောင့်၊ မုသာဝါဒကို ချီးမြှောက်သောအားဖြင့် ဟောတော်မူသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနကဲ့သို့၊ တစ်ပါးသော အကုသိုလ်ကို ဖြစ်စေနိုင်သောကြောင့် ဟောတော်မူသည် မဟုတ်။ ဤသည်ကား မကောင်းမှုမှ ကြောက်ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂကင်းသောကြောင့်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနအမှုကို ပြုကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။ ။သြတ္တပ္ပသံဝေဂ မရှိသောကြောင့်၊ ငါးပါးသီလကို လွန်ကြူးကုန်သော သူတို့၏ဝတ္ထုသက်သေအမြွက်ကားပြီး၏။

ယခုအခါ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍။ မကောင်းမှုကိုကြဉ်ရှောင်ကုန်သောသူတို့၏ ဝတ္ထုသက်သေကို၊ ပါဠိအဋ္ဌကထာလာတိုင်း စိုးစဉ်းထုတ်ပြအံ့။

လွန်လေပြီးသောအခါ၊ ငါတို့ဘုရားသဗ္ဗညုပွင့်တော်မမူမီကာလ အတန်ကြာက၊ အလ္လကပ္ပတိုင်း၌ ငတ်မွတ်ခေါင်းပါးရကား၊ အသက်ရှင်ခြင်းငှာ မတတ်နိုင်သောကြောင့်၊ ကောတုဟလက အမည်ရှိသော ယောကျ်ားတစ်ယောက်သည်။ ကာဠီအမည်ရှိသော မယားနှင့် သားငယ်ကိုခေါ်ယူပြီးလျှင်၊ ကောသမ္ဗီပြည်သို့သွား၍ အသက်မွေးအံ့ဟု နှလုံးပြု၍။ အနည်းငယ်သောလမ်းရိက္ခာကို ယူလျက် ထွက်ခဲ့၏။ အဟိဝါတ အနာကြောင့် များစွာသော လူတို့သေသည်ကို မြင်သောကြောင့် ထွက်ခဲ့သည်ဟူ၍လည်း ဆိုကြကုန်၏။ ထိုလင်မယားသားအမိသုံးယောက်တို့သည် သွားကြ၍ လမ်းကြားဝယ် ရိက္ခာကုန်လေသော်၊ မွတ်သိပ်ရကား သားငယ်ကိုဆောင်ခြင်းငှာ မတတ်နိုင်ကုန်။ ထိုအခါ လင်ယောကျ်ားက မယားမိန်းမကို ဤသို့ဆို၏။ အဘယ်မိန်းမ။ ငါတို့အသက်ရှင်က သားမျှကို ရလတ္တံ့။ ယခု ပင်ပန်းသောအခါဝယ်။ သားငယ်ကို စွန့်ခွာ၍

mgyoe.com

mgyoe.com

အလွတ်သာသွားကုန်အံ့ဟု ဆို၏။ အမိ၏နှလုံးသည်၊ သားသမီးတို့၌ သာလွန်၍ နူးညံ့ရကား။ အသက်ရှင်လျက်ကို စွန့်ပစ်ခြင်း ငှာမတတ်နိုင်ဟု ဆို၏။ ယင်းသို့ မတတ်နိုင်သော်၊ အဘယ်သို့ဆောင်မည်နည်းဟု လင်က မေးသော်၊ အလှည့်အလည်ဆောင်ကုန်အံ့ဟု ဆို၍ ဆောင်ကြလေလျှင်။ မိခင်သည် မိမိအလှည့်ကျသည် ကာလ၊ သားရွှေတုံးကို၊ ပန်းကုံးပန်းဆိုင်းကဲ့သို့ ချီမပြီးလျှင်၊ ရင်ဝယ်အိပ်စေ၍။ ရင်ခွင်ဖြင့် ရွက်ဆောင်လျက် အဘအားပေး၏။ အဘကား သားကိုချီကာမျှဖြင့်။ ငတ်မွတ်လှသော ဘေးကြောင့်၊ မိန်းမအား သားကို စွန့်ပစ်ရအောင်၊ ထပ်ခါထပ်ခါဆိုပါသော်လည်း၊ အလိုလို ပယ်ရှား၍။ စကားတုန့်ကိုမျှ မမေးဘဲနေလေ၏။ သားငယ်လည်း၊ အလှည့်အလည် ချီဆောင်လျှင် ပင်ပန်းရကား၊ အဘ၏ ရင်ခွင်ကြားဝယ် အိပ်ပျော်ရလေ၏။ ယင်းသို့ အိပ်ပျော်သည်ကိုသိလျှင် မိခင်ကိုရှေ့က သွားစေ၍။ အဘကား နောက်လိုက်လျက်။ သားငယ်ကို ချုံရိပ်၌ သိပ်ထားခဲ့၍ သွားလေ၏။ မယားလှည့်၍ ကြည့်လျှင်။ သားငယ်ကို မမြင်ရကား။ ငါ့သား အဘယ်မှာနည်းဟုမေးသော်၊ ချုံရိပ်၌ သိပ်ထားခဲ့ကြောင်းကို ဆိုလျှင်။ မိခင်ကသားကို ကင်းလျက်၊ အသက်ရှင်ခြင်းငှာ ငါမတတ်နိုင်။ ငါ့သားကို ဆောင်ယူပါချေဟု လက်ခြေဖြင့် ရင်ဘတ်ကို ခတ်တီးလျက် ငိုကြွေး၏။ ယင်းသို့ ငိုကြွေးသည်ကာလ၊ ပြန်၍ ဆောင်ရလေ၏။ ဤသို့လျှင် ထိုယောကျ်ားသည် လမ်းကြား၌ သားငယ်ကိုစွန့်ပစ်ခဲ့ဖူးသော မကောင်းမှု၏အကျိုးကြောင့်၊ ဘဝတစ်ပါး၌ မိမိအား သူတစ်ပါးတို့သည် ခုနစ်ကြိမ်တိုင်အောင် ပစ်စွန့်လတ္တံ့။ မကောင်းမှုဟူသည် အနည်းငယ်တကားဟု၊ လားလားမှ မထိမဲ့မြင်မပြုအပ်။

ပါပကမ္မံနာမေတံအပ္ပကန္တိနအဝမညိတဗ္ဗံ။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ တော်ပါပကမ္မံနာမ၊ ဤမကောင်းမှုမည်သည်ကို။ အပ္ပကန္တိ၊ အနည်းငယ်တကားဟု၊ နအဝမညိတဗ္ဗံ၊ မထိမဲ့မြင်မပြုအပ်။ ။ ထိုလင်မယားတို့သည်သားငယ်ကို ဆောင်ကုန်လျက်၊ ပင်ပန်းစွာသွားကြကုန်သော်၊ တစ်ခုသော နွားကျောင်းသား ရွာသို့ ရောက်လေကုန်၏။ ရောက်သောနေ့၌ပင်၊ နွားရှင်နွားကျောင်းသား၊ နွားမင်္ဂလာသည်ဖြစ်သတည်း။ ပစ္စေကဗုဒ္ဓါတစ်ပါးလည်း။ နွားကျောင်းသား အိမ်၌မပြတ် ဆွမ်းဘုဉ်းပေး၏။ နွားကျောင်းသားသည်၊ များစွာသော ပါယာသဘတ်ကို စီရင်ပြီးလျှင်၊ အရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေး၍မင်္ဂလာပြု၏။ ထိုလင်မယား သားအမိတို့ကို၊ နွားကျောင်းသား မြင်လေသော်၊ အဘယ်အရပ်မှ၊ အဘယ်အကြောင်းကြောင့် လာကြကုန်သနည်းဟုမေးလျှင်၊ အကြောင်းအလုံးစုံကို အကုန်ကြား၍။ နူးညံ့သော သဘောရှိသော အမျိုးသားသည်၊ ထိုလင်မယား သားအမိတို့၌၊ အစဉ်သနားသဖြင့်၊ များစွာသော ထောပတ်ဂဏာကို ပေး၏။ မယားသည်၊ သခင် သင်အသက်ရှင်က၊ ငါရှင်သည်မည်၏။ ခုနစ်ရက်ကျော် ရှစ်ရက်ခန့်ကာလ၊ ဝအောင် မစားရသော သခင်အား။ အလိုရှိတိုင်း စားပါဟု ဂဏာထောပတ်ကို၊ လင်သို့ရှေးရှုသာတွန်းဘိ၍၊ မိမိကား အတန်ငယ်သာစား၏။ လင်ယောကျ်ားသည်၊ များစွာစားသော်လည်း၊ ငတ်မွတ်ခြင်း အာသာဖြင့်၊ တဏှာကို မဖျောက်နိုင်လေ။ နွားကျောင်းသားလည်း ထိုသူအားပေးပြီးမှ။ မိမိစားခြင်းငှာအားထုတ်၏။ ကေဘုဟလကအမည်ရှိသော ယောကျ်ားလည်း။ နွားကျောင်းသားကို ကြည့်လျက်နေသော်။ အင်းပျဉ်အောက်ဝယ်နေသောခွေးမအား။ နွားကျောင်းသားသည် ခူး၍ ပေးအပ်သော ဂဏာခဲကိုမြင်လျှင်။ ဤခွေးမကား ဘုန်းရှိစွာ၊ မပြတ်လျှင် ဤသို့သဘောရှိသော ဘောဇဉ်ကို ရ၏ဟုကြံ၏။ ထိုယောကျ်ားသည် ညဉ့်အခါ၌။ ဂဏာကိုကြေစေခြင်းငှာ မစွမ်းနိုင်ရကား။ သေပြီးလျှင် ခွေးမဝမ်းတွင် ပဋိသန္ဓေနေလေ၏။ ထိုယောကျ်ား၏ ကာဠီအမည်ရှိသော မယားလည်း။ လင်အားသင်္ဂြိုဟ်ပြီးလျှင်။ ထိုအိမ်၌ အခစားလုပ်၍ရသော ဆန်တစ်ကွမ်းစားကို ချက်ပြီးမှ။ ပစ္စေကဗုဒ္ဓါ၏သပိတ်၌ ထည့်ပြီးလျှင်၊ အရှင်ဘုရား ဤဒါန၏အဖို့ အာနိသင်သည်။ အရှင်ဘုရားတို့၏ ကျွန်အား ရောက်ပါလေစေဟု အမျှဝေ၏။ ယင်းသို့ဝေပြီးမှ။ ထိုမိန်းမ ကြံသည်မှာ။ ငါကား ဤအိမ်၌ ပင်နေခြင်း ငှာသင့်မြတ်၏။ မပြတ်ပင် အရှင်ဘုရားသည် ဤအိမ်သို့ကြွလာ၏။ လှူဖွယ်ဝတ္ထုရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ။ နေ့တိုင်းရှိခိုးလျက် အမှုကြီးငယ်ကို ရွက်ဆောင်၍ ကြည်ညိုသော ငါ့အား များစွာ ကောင်းမှုကုသိုလ်သည်ပွားလတ္တံ့ဟု နှလုံးပြု၍။

mgyoe.com

mgyoe.com

ထိုအိမ်၌ပင် အခစားလုပ်လျက်နေ၏။ ထိုခွေးမသည် ခြောက်လလည်းကောင်း၊ ခုနစ်လလည်းကောင်း လွန်သော် ခွေးငယ်တစ်ခုကို ဖွားမြင်လေ၏။ ခွေးရှင်နွားကျောင်းသားလည်း၊ ခွေးငယ်အား နွားမတစ်ခု၏နို့ကို တိုက်၍ မကြာမြင့်မီကြီးပွားစေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါဘုရားသည် ဆွမ်းစားလသော်၊ တစ်ခုတစ်ခုသော ထမင်းခဲကို အမြဲလျှင်ထို ခွေးငယ်အားပေးစေ၏။ ခွေးငယ်လည်း ထမင်းခဲကို မှီပြု၍ ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းကို ပြု၏။ နွားကျောင်းသားလည်း တစ်နေ့နှစ်ကြိမ် ပစ္စေကဗုဒ္ဓါအား ခစားဆည်းကပ်၏။ အခစားသွားလေသော် လမ်းကြားသား ရဲရှိရာအရပ်၌ လှန်ကန်ဖြင့် ချုံတို့ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း၊ ပုတ်ခတ်လျက် သူသူဟူသောအသံကို သုံးကြိမ်တိုင်အောင်ပြုပြီးမှ သားရဲဟူသမျှကို ပြေးစေ၏။ ခွေးငယ်လည်း သခင်နှင့်အတူပင် သွား၏။ နွားကျောင်းသားလည်း တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါကို အရှင်ဘုရား အကြင်အခါ အကျွန်ုပ်ကားလပ်အားသော အခွင့်မရှိ။ ထိုအခါ ဤခွေးငယ်ကို စေပါအံ့။ ထိုခွေးငယ်လာသော အမှတ်ဖြင့် အရှင်မြတ်သည် ကြွတော်မူပါဟု လျှောက်၏။ ထိုအခါမှစ၍ မိမိ မအားလပ်သောနေ့၌ ချစ်သားသွားချေ၊ အရှင်ဘုရားကိုပင့်ချေဟု ခွေးငယ်ကိုစေ၏။ ခွေးငယ်လည်း တစ်ခွန်းတည်းသောစကားဖြင့် ပြေးသွား၍ အရှင်ပုတ်ခတ်သော အရပ်၌ သုံးကြိမ်တိုင်အောင် ဟောင်ပြီးလျှင်။ သမင်သားရဲတို့ကို ပြေးစေပြီးသော်။ ပစ္စေကဗုဒ္ဓါ၏အထံသို့လာပြီးမှ။ တံခါးဝတွင် သုံးကြိမ်တိုင်အောင် ဟောင်လျက်၊ မိမိလာသော အဖြစ်ကိုသိစေ၍ အိပ်၏။ ပစ္စေကဗုဒ္ဓါလည်း အခါကိုမှတ်လျက်ကျောင်းမှ ထွက်လာသော်။ ခွေးလည်း ဟောင်လျက် ရှေ့နားကသွား၏။ ပစ္စေကဗုဒ္ဓါဘုရားလည်း၊ ကြိုးကြားကြိုးကြား ခွေးငယ်ကို စုံစမ်းသောအားဖြင့် တစ်ပါးလမ်းကို ကြွတော်မူ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါ၏ ရှေ့ကဖီလာကန့်လန့်ရပ်လျက် ဟောင်ပြီးမှ။ ခရီးဟုတ်သည်သို့ တင်၏။ တစ်နေ့သ၌ ခရီးတစ်ပါးကို သွားသည်ရှိသော် ထိုခွေးသည် ဖီလာကန့်လန့်ရပ်၍ တားမြစ်သော်လည်း မနစ်ဘဲ ခွေးကိုခြေဖြင့် ပယ်ရှား၍ သွားတော်မူ၏။ ခွေးလည်း ပစ္စေကဗုဒ္ဓါ၏ မနစ်သောအဖြစ်ကို သိလျှင်။ နှစ်သိမ့်သောဌာ သင်းပိုင် စွန်း၌ ကိုက်၍ ဆွဲငင်လျက် ခရီးမှန်သို့တင်၏။ ဤသို့ထိုခွေးသည် ပစ္စေကဗုဒ္ဓါ၌ ပြင်းစွာချစ်သတည်း။ နောက်အခါ ပစ္စေဗုဒ္ဓါအား သင်္ကန်းရိုနွမ်းသောကြောင့်။ နွားကျောင်းသားက သင်္ကန်းလျာပုဆိုးကို လှူ၏။ ပစ္စေကဗုဒ္ဓါလည်း။ တကာသင်္ကန်းဟူက တစ်ယောက်အထီးတည်းပြုခြင်း ငှာခဲ၏။ သို့ဖြစ်၍ ချမ်းသာသော အရပ်သို့ သွား၍၊ ပြုအံ့ဟုဆို၏။ နွားကျောင်းသားက။ ဤအရပ်တွင် သာပြုတော်မူပါဟု လျှောက်လျှင်။ သည်တွင် မတတ်ကောင်းဟုဆိုသော်။ ယင်းသို့တပြီးကား၊ အရှင်ဘုရား၊ တစ်ပါးအရပ်မှာ မကြာပါစေလင့်ဟု ဆို၏။ ခွေးလည်း ထိုစကားကို နားထောင်လျက် အနီး၌နေ၏။ ပစ္စေကဗုဒ္ဓါလည်း နွားကျောင်းသားကို နှစ်သိမ့်စေပြီးလျှင် ကောင်းကင်သို့ပျံတက်၍ ဂန္ဓမာဒနတောင်သို့ ရှေးရှုကြွတော်မူ၏။ ခွေးလည်း ကောင်းကင်သို့ပျံသွားသော ပစ္စေကဗုဒ္ဓါကို ကြည့်လျက်၊ မျက်စိမြင်ကောင်းသော အရပ်ကို ပစ္စေကဗုဒ္ဓါလွန်လျှင်၊ နှလုံးကွဲခဲ့၏။ ယင်းသို့ကောက်ကျစ်သော သဘောမရှိရကား။ နှလုံးကွဲ၍ သေလျှင်။ တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင်ခြံရံလျက်။ ကြီးစွာသော နတ်စည်းစိမ်ကိုစံရလေ၏။ ထိုနတ်သား၏ နားရင်း၌အပ်၍ တိုးတိုးပြောဆိုသော အသံသည် ယူဇနာတစ်ထောင်းရှိသော တာဝတိံသာကိုလွှမ်းမိုး၏။ ထို့ကြောင့် ဃောသကနတ်သားဟု အမည်အားဖြင့်တွင်၏။ အဘယ်ကံ၏ အကျိုးကြောင့် ဤနတ်သားအား ဤသို့သောအသံနှင့် ပြည့်စုံသနည်းဟူမူ၊ ပစ္စေကဗုဒ္ဓါ၌ ချစ်သဖြင့် ဟောင်သော ကံ၏အကျိုးကြောင့်တည်း။

ပစ္စေကဗုဒ္ဓေ ပေမေန ဘုက္ကရဏာဿ နိဿန္ဒာ ။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါ၌။ ပေမေန၊ ချစ်သဖြင့်။ ဘုက္ကရဏာဿ၊ ဟောင်ခြင်း၏။ နိဿန္ဒာ၊ အကျိုးတည်း။ ။ ထိုနတ်သားသည် နတ်ပြည်၌ကာလအမြင့် အရှည်မတည်ဘဲစုတေခဲ့၏။ နတ်တို့သည်အသက်၏ကုန်ခြင်း အာယုက္ခယ။ ကောင်းမှု၏ကုန်ခြင်းပုညက္ခယ။ အာဟာရ၏ ကုန်ခြင်းအာယုက္ခယ။ အမျက်ထွက်ခြင်း ကောပ။ ဤလေးပါးသောအကြောင်းတို့ကြောင့်။ နတ်ပြည်မှစုတေကြကုန်၏။ ထိုလေးပါးတို့တွင် အကြင်နတ်သားသည် များစွာကောင်း

mgyoe.com

mgyoe.com

မှုကုသိုလ်ကို ပြုအပ်၏။ ထိုနတ်သားသည် နတ်ပြည်၌ ပဋိသန္ဓေနေပြီးမှ အသက်ထက်ဆုံးတည်၍ စုတေမှု၊ အာယုက္ခယအားဖြင့် စုတေသည်မည်၏။ အကြင်နတ်သားသည် အနည်းငယ်သော ကောင်းမှုကုသိုလ်ကိုပြုအပ်၏။ ထိုနတ်သားသည် ကျိ၌ထည့်အပ်သောလေးကွမ်းစားမျှလောက်သော စပါးသည်။ အကြား၌ကုန်သကဲ့သို့ အသက် အပိုင်းအခြား၏ အတွင်း၌ စုတေမှု၊ ပုညက္ခယအားဖြင့် စုတေသည်မည်၏။ အချို့သော နတ်သားသည် ကာမဂုဏ်ကို ခံစားသည်ရှိသော်၊ သတိတွေဝေသဖြင့်၊ အာဟာရကို မစားသောကြောင့် စုတေမှု။ အာဟာရက္ခယအားဖြင့် စုတေသည်မည်၏။ အချို့သောနတ်သားသည်၊ သူတစ်ပါးစည်းစိမ်ကို မြင်လျှင်၊ သည်းမခံနိုင်ဘဲ အမျက်ထွက်သောကြောင့် စုတေမှု၊ ကောပအားဖြင့် စုတေသည်မည်၏။ ဤဃောသကနတ်သားကား၊ အာဟာရက္ခယအားဖြင့် စုတေ၏။ စုတေပြီးလျှင်၊ ကောသမ္ဗီပြည်ဝယ်ဗ၊ ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေနေလေ၏။ အမိပြည့်တန်ဆာမသည် လစေ့၍ သားဖွားလေသော်၊ ကျွန်မကိုခေါ်၍။ ရှင်မ ဤသတို့သားကို စကောပဲ့တွင် တင်၍၊ အမှိုက်စုမှုပစ်ပါချေဟုစေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ပြည့်တန်ဆာမတို့သည်၊ သမီးကိုကား မိမိအနွယ်အဆက်ကိုဖြစ်စေသောကြောင့်၊ သုတ်သင်မွေးကျွေးကုန်၏။ သားကိုကား မလိုကုန်။ ထို့ကြောင့် စွန့်ပစ်စေသတည်း။ သူငယ်ကိုခွေး၊ ကျီး၊ လင်းတတို့သည်၊ အဝေးကသာရံ၍ နေကုန်၏။ ပစ္စေကဗုဒ္ဓါ၌ ချစ်သဖြင့်။ ဟောင်သော က်၏အကျိုးကြောင့်၊ တိုးချဉ်း၍အနီးသို့ မကပ်ဝံ့ကုန်။ ထိုအခါ လူတစ်ယောက်သည်ကား၊ အဘယ်နည်းဟု သွား၍ စူးစမ်းလျှင်၊ သူငယ်ကိုမြင်၍ သား၏ချစ်ခြင်းကိုရလျက်၊ ငါ့အား သားရသည်ဟု ဆိုပြီးလျှင်၊ အိမ်သို့ဆောင်လေ၏။ ထိုအခါ ကောသမ္ဗီသူဌေးသည်၊ မင်း အားခစားခြင်းငှာ သွားလေသော်၊ မင်းအိမ်မှ ပြန်လာသော၊ ပုရောဟိတ်ပုဏ္ဏားကိုတွေ့၍။ အသို့နည်းဆရာ၊ ယနေ့နိမိတ်အစီအရင်ကိုပြုတတ်သော နက္ခတ်နှင့်ယှဉ်ခြင်းကို၊ သင်ဆရာသည် ကြည့်ပါ၏လောဟု မေး၏။ ကြည့်ပါ၏ မဟာသူဌေးကြီးဟု ဆိုလေသော်၊ ယင်းသို့တပြီးကား၊ ဆရာတို့အား တစ်ပါးကိစ္စ အဘယ်သို့ဖြစ်လတ္တံ့။ ဇနပုဒ်အား အဘယ်သို့ဖြစ်လတ္တံ့ဟု မေး၏။ ထိုအခါ၊ ဆရာပုရောဟိတ်က။ ငါတို့သားကား၊ ထင်ရှားသောသူဌေးကြီးဖြစ်လတ္တံ့ဟုဆို၏။ ထိုအခါ သူဌေး၏ မယားသည်၊ ရင့်မာသော ကိုယ်ဝန်ရှိရကား၊ ဖွားမဖွားကိုသွား၍ လျင်မြန်စွာကြည့်စေဟု၊ နောက်ပါ လူတို့ကိုစေ၏။ မဖွားချေသေးဟု ဆိုသောစကားကို ကြားလျှင်၊ ပြည့်ရှင်မင်းအား ဖူးမြင်ခဲ့ပြီးမှ လျင်မြန်စွာ အိမ်သို့လာ၍။ ကာဠီအမည်ရှိသော ကျွန်မကိုခေါ်ဆောင်၍။ အသပြာတစ်ထောင်ပေးပြီးလျှင်။ ရှင်မသွားချေ။ ဤပြည်မှာ ရှာဖွေစူးစမ်း၍။ ယနေ့ဖွားသော သူငယ်ကို ဝယ်ဆောင်ချေဟု စေ၏။ ကာဠီကျွန်မလည်း၊ စူးစမ်းလျက်၊ ထိုအိမ်သို့သွားလေလျှင်၊ သူငယ်ကို မြင်၍။ ဤသူငယ်သည်၊ အဘယ်ကာလ၌ ဖွားသနည်းဟု အိမ်ရှင်တို့ကို မေးလျှင်၊ ယနေ့ပင်ဖွားသည်ဟုဆိုသော်၊ ငါ့အား ရောင်းပါဟု၊ အသပြာကို အစထား၍။ အဖိုးပွားစေလျက်၊ တစ်ထောင်တိုင်အောင် ပေးပြီးမှ။ သူဌေးအား ပြ၏။ သူဌေးလည်း၊ အကယ်၍ ငါ့အား သမီးဖွားမူ။ ထိုသူကို ငါ့သမီးနှင့် ပေးစား၍။ သူဌေးအရာကို ဆောင်နှင်းမည်။ အကယ်၍ သားဖွားမူ။ ထိုသူကိုလူမသိအောင် သတ်မည်ဟု အကြံနှင့် မွေးကျွေး၏။ သူဌေးကတော်လည်း။ နှစ်ရက်သုံးရက်လွန်လျှင် သားပင် ဖွားလာ၏။ ထိုအခါ သူဌေးသည်။ ဤသူရှိကငါ့ သားက သူဌေး၏ အရာကိုမရရာ၊ ဤသူမရှိမှ ရမည်။ ယခုပင် ဤသူကို သတ်မှသင့်မည်ဟု ကြံ၍။ ကာဠီ ကျွန်မကိုခေါ်ပြီးလျှင်။ ရှင်မကာဠီသွားချေ။ ခြံမှနွားတို့ထွက်သည်ကာလ၊ ခြံဝ၌ ဗီလာကန့်လန့်အိပ်ဝပ်စေမူ။ နွားနင်း၍ သေလတ္တံ့။ ထိုသူသေမသေကို သိသာမှုလာခဲ့ပါဟု မှာလိုက်၏။ ကာဠီကျွန်မလည်း သွား၍ နွားကျောင်းသားခြံဝကို ဖွင့်ကာမျှဝယ်၊ ထိုသူငယ်ကို ခြံဝ၌ ပက်လက်သိပ်၏။ နွားအပေါင်း၏ ခေါင်းကြီးဖြစ်သော ဥသဘနွားသည်။ တစ်ပါးသောကာလ၊ နောက်မှထွက်လျက်၊ ထိုနေ့၌ကား။ နွားခပ်သိမ်းတို့ ၏။ ရှေးဦးစွာထွက်လာ၍။ သူငယ်ကို ခြေလယ်ကြား၌ထားလျက်ရပ်၏။ အရာအထောင်မကသော နွားအပေါင်းတို့သည် ဥသဘ၏ နံပါးနှစ်ဘက်တို့ကိုပွတ်သပ်လျက် ထွက်ကြကုန်၏။ နွားကျောင်းသားလည်း ဤဥသဘသည် ရှေးကာလမူ နောက်မှထွက်လျက် ယနေ့

mgyoe.com

mgyoe.com

ကား ရှေ့ဖျားထွက်သွား၍။ တံခါး၀၌ မတုန်မလှုပ်ရပ်သည်ကား။ အကြောင်းအသို့နည်းဟု ကြံ၍ သွားလျှင်။ နွားအောက်တွင် သူငယ်ကိုမြင်၍ ဤသည်လျှင် ငါ့သားတည်းဟု သား၏ချစ်ခြင်းဖြင့် အိမ်သို့ဆောင်လေ၏။ ကာဠီကျွန်မလည်း၊ ထိုအကြောင်းကို သွား၍ သူဌေးအား ကြားလတ်သော်။ သူဌေးလည်းသွားချေ။ တစ်ထောင်ပေး၍ ယူချေဦးဟုစေသောကြောင့်။ တစ်ဖန်တစ်ထောင်ပေး၍ ရွေးရပြန်လေ၏။ ထိုအခါ ကျွန်မကို သူဌေးဆိုသည်ကား၊ ရှင်မကာဠီ၊ ဤပြည်ဝယ် လှည်းသားငါးရာတို့သည်။ နက်ဖြန် နံနက်စောစောထ၍၊ ကုန်သွယ်ခြင်းငှာ သွားကုန်လတ္တံ့။ သင်သည်၊ ဤသူငယ်ကိုဆောင်သွား၍၊ လမ်းကြားလှည်းကြောင်း၌ အိပ်စေလော့။ နွားသော်လည်းနင်းလတ္တံ့။ လှည်းဘီးသော်လည်း ဖြတ်လတ္တံ့။ သေမသေကို သိခါမှလာပါလှည့်ဟု မှာလိုက်၏။ ကျွန်မကာဠီလည်း။ သူဌေးဆိုတိုင်းပြု၏။ ထိုအခါလှည်းသားအကြီးသည်။ ရှေ့ကသွား၍ နွားများကိုနှင်လေသော်။ နွားတို့သည် ထိုအရပ်သို့ရောက်လျှင်။ လှည်းဦးကို စွန့်ကုန်၏။ အဖန်တစ်လဲလဲက၍ နှင်သော်လည်း၊ ရှေ့သို့မသွားကုန်။ ယင်းသို့မသွား၍ လုံ့လပြုစဉ်ပင် နေအရုဏ်တက်သောကြောင့်။ အဘယ်အကြောင်းနည်းဟု လမ်းခရီးကိုကြည့်လေသော်။ သူငယ်ကို မြင်၍ သို့စင်ဝန်လေးသောအမှုကို ပြုမိသည်ဟု ကြံလျက် ငါ့အားသားရသည်ဟု နှစ်သက်ဝမ်းမြောက်ကောက်ယူ၍။ အိမ်သို့ဆောင်လေ၏။ ရှေးနည်းတူ တစ်ထောင်ပေး၍ ဆောင်စေပြန်၏။ ယခုအခါ ထိုသူငယ်ကို၊ သူကောင်ပစ်ရာ သုသာန်သို့ဆောင်သွား၍ ချုံကြားဝယ် အိပ်စေလော့။ ထိုသုသာန်၌ ခွေးမူလည်းခဲလတ္တံ့။ ဘီလူးမူလည်းစားလတ္တံ့၊ သေမသေကိုသိကာမှ လာပါလှည့်ဟု မှာဆို၏။ ထိုကာဠီကျွန်မလည်း သူဌေးကို ဆိုတိုင်းသုသာန်၌ ထားလေ၏။ ထိုသူငယ်ကို ခွေး၊ ကျီး၊ လင်းတသည်လည်းကောင်း၊ ဘီလူးသည်လည်းကောင်း၊ မချဉ်းကပ်ဝံ့။ ထိုသူငယ်အား မိဘ၊ ညီသား၊ အစ်ကိုစသည်တို့တွင် တစ်စုံတစ်ယောက်မျှ စောင့်ရှောက်မည့်သူ မရှိဘဲလျက်။ ထိုသုသာန်လယ်ဝယ် အဘယ်သူ စောင့်ရှောက်သောကြောင့်။ ခွေး၊ ကျီး၊ လင်းတတို့ မချဉ်းကပ်ဝံ့သနည်းဟူမူ၊ ခွေးဖြစ်စဉ်ကာလ ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့်ဟောင်၍ စောင့်ရှောက်ခဲ့ဖူးသော ကံထူး၏ အကျိုးစက်ကြောင့်တည်း။ ထိုအခါ ဆိတ်ကျောင်းသားတစ်ယောက်သည်။ ဆိတ်တစ်ထောင်ကို ဆောင်ယူလျက်။ သုသာန်နံပါးဖြင့် သွားလေသော်။ ဆိတ်မတစ်ကောင်သည်။ သစ်ရွက်တို့ကိုစား၍ ချုံကြားသို့ ဝင်ရာဝယ်။ သူငယ်ကိုမြင်၍ ပုဆစ်တို့ဖြင့် ရပ်လျက် နို့တိုက်၏။ ဆိတ်ကျောင်းသား မောင်းလျက် ဟေဟဟု အသံပြုသော်လည်းမထွက်၊ ဆိတ်ကျောင်းသားသည် တုတ်ဖြင့် နှက်၍ ထွက်စေအံ့ဟု နှလုံးပြု၍ ချုံကြား သို့ဝင်လေလျှင်။ ဆိတ်မအောက်တွင် သူငယ်ကိုမြင်၍ ရွှင်လန်းဝမ်းမြောက် ကောက်ယူပြီးမှ။ ငါ့အား သားရသည်ဟု ဆိုပြီးလျှင် ဖယ်လေ၏။ ကာဠီကျွန်မလည်း ထိုအကြောင်းကို သူဌေးအား ကြားလေသော်။ တစ်ထောင်ပေး၍ တစ်ဖန်ဆောင်ပြန်လေ၏။ ထိုအခါ သူဌေးက ကျွန်မကာဠီကို ဆိုသည်ကား။ ရှင်မကာဠီ၊ ဤသူကိုယူသွား၍ ခိုးသူများကို ပစ်ချရာ တောင်ချောက်၌ ဦးစောက်ပစ်ချလော့။ တောင်ဝှမ်း၌ ခတ်လျက် အပိုင်းပိုင်းပြတ်စင်၍ မြေတွင်ကျလတ္တံ့။ သေမသေကို သိကာမှလာလှည့်ပါဟု မှာဆို၏။ ထိုကျွန်မကာဠီလည်း သူဌေးဆိုတိုင်းပစ်လေ၏။ ထိုတောင်ဝှမ်းကိုမှီ၍ ကား ဝါးချုံကြီးတစ်ခုသည်။ တောင်ကို အစဉ်လျှောက်လျက် ကြီးပွား၍ ချုံကြီး၏ထိပ်ထက်၌။ တစ်ခဲနက်သော ဆင်ရွေးချုံရှိ၏။ ထိုချုံထက်ဝယ် သူငယ်ကျလေ၏။ ထိုနေ့၌ ကြုထရုံသည် ကြီးအားသားနှင့်တကွ ဝါးနှီးအလို့ငှာသွား၍ ထိုဝါးချုံကို ဖြတ်ခြင်းငှာ အားထုတ်၏။ ထိုအခါ ဝါးချုံလှုပ်၍ သူငယ်အသံပြုလေသော်။ သူငယ်သံကိုကြားက၊ နံပါးတစ်ဘက်ဖြင့် တက်ကြည့်လေလျှင်၊ သူငယ်ကိုမြင်သောကြောင့်၊ ရွှင်လန်း ဝမ်းမြောက်ကောက်ယူ၍ ငါ့အားသားရသည်ဟု နှလုံးပြုလျက်။ ဆောင်ယူသွားလေ၏။ ကာဠီကျွန်မလည်း ထိုအကြောင်းကို သူဌေးအားကြားလေသော်။ သူဌေးလည်း တစ်ထောင်ပေး၍ ဆောင်စေပြန်၏။ သူဌေးသည် ဤအမှုကိုပြုစဉ်၊ သူငယ်သည် အရွယ်ရောက်၍ ကြီးရကား အမည်အားဖြင့် ဃောသကဟု တွင်၏။ ထိုဃောသကသည်။ သူဌေး၏မျက်စိ၌ ဆူးငြောင့်ကဲ့သို့ ထင်၏။ မျက်စိဖြင့် ဖြောင့်ဖြောင့်မျှ မကြည့်ဝံ့။ ထိုအခါ ဃောသက၏ သေကြောင်းကိုကြံသော သူဌေးသည်၊

mgyoe.com

mgyoe.com

မိမိ၏ အဆွေခင်ပွန်းအိုးထိန်းသည်၏အထံသို့သွား၍ အဘယ်အခါ အိုးဖုတ်ရာ ကျင်းကိုမီးတိုက်လတ္တံ့နည်းဟု မေးသော်၊ နက်ဖြန်ခါဟုဆိုလျှင်။ ယင်းသို့တပြီးကား၊ တစ်ထောင်မျှလောက်သော ဥစ္စာကိုယူ၍။ ငါ၏အမှု တစ်ခုကို ရွက်ဆောင်ပါဟုဆို၏။ ထိုအခါ အိုးထိန်းက အဘယ်အမှုနည်းဟု မေးသော်၊ ငါ့အား သားယုတ် တစ်ယောက်သည် ရှိ၏။ ထိုသားယုတ်ကို သင့်အထံသို့ စေပါမည်။ လာသည်ကာလ ထိုသားယုတ်ကို ဖမ်း၍ တိုက်တွင်းသို့သွင်းပြီးလျှင်၊ ထက်စွာသော ပဲခွပ်ဖြင့် အပိုင်းပိုင်းဖြတ်ပြီးလျှင် အိုး၌ထည့်၍၊ အိုးကျင်းမှာ မီးဖုတ်ပါလော့။ ဤတစ်ထောင်မျှလောက်သော ဥစ္စာကား သင်အား စရန်သတ်ရုံမျှသာ။ ထိုထက်အလွန်ပြုဖွယ်ကိုမူကား သင်အား နောက်မှအလျောက် ငါပြုမည်ဟု ဆို၏။ အိုးထိန်းသည်လည်း ကောင်းပြီဟု ဝန်ခံ၏။ သူဌေးလည်း တစ်နေ့ မိုးသောက်ရောက်လသော်။ ဃောသကကိုခေါ်၍၊ ချစ်သား ယမန်နေ့ ငါသည် အိုးထိန်းအားတစ်ခုသော အမှုကိုစေအပ်၏။ သင်သည် အိုးထိန်းအထံသို့သွားချေ။ ယမန်နေ့ကစေအပ်သော အမှုကို ပြီးပါစေလောဟု ဆိုချေဟုစေ၏။ ဃောသက လည်းကောင်းပြီဟု ဝန်ခံ၍ သွားလေ၏။ သူငယ်ဖော် တို့နှင့်တကွ ဂုံညင်းကစားသော သူဌေးသားရင်းသည်။ အိုးထိန်းအိမ်သို့သွားသော ဃောသကကို မြင်လေသော် ခေါ်ပြီးလျှင်၊ အစ်ကိုဘယ်သို့သွားမည်နည်းဟု မေး၍။ အဘသတင်းစကားကို ယူ၍အိုးထိန်းအိမ်သို့သွားမည် ဟုဆိုလျှင်၊ ငါသည် အိုးထိန်းအိမ်သို့ သွားပါမည်။ ဤ သူငယ်တို့ကား ငါ့အားများစွာ ဂုံညင်းကို အောင်ကုန်၏။ ထိုဂုံညင်းကို ငါ့အား တစ်ဖန်အောင်၍ ပေးပါဟုဆို၏။ ငါသည်အဘမှ ကြောက်၏ဆိုသော်၊ မကြောက်လင့် အစ်ကို။ ငါသည် ထိုသတင်းစကားကို သွား၍ ဆောင် မည်။ ငါမလာခင် နိုင်အောင်ပြုနှင့်ပါဟု ဆို၏။ ဃောသကသည်။ ဂုံညင်းကစားခြင်း အရာဝယ် အလွန် လိမ္မာသောကြောင့်၊ သူဌေးသားရင်းသည် ဃောသကကို ဤသို့မြဲစွာ ဖွဲ့ဆိုသည်။ ဃောသကလည်း၊ သူဌေးသား ရင်းကို၊ ယင်းသို့တပြီးကား အိုးထိန်းအား ဤသို့ဆိုလေ၊ ယမန်နေ့ပေးစေအပ်သော အမှုကို ပြီးပါစေဟုဆို၍ လွှတ်လိုက်၏။ သူဌေးသားရင်းလည်း အိုးထိန်းအထံသို့ သွား၍ မှာလိုက်တိုင်းဆို၏။ ထိုအခါ၊ အိုးထိန်းက သူဌေးသားရင်းကို၊ သူဌေးမှာဆိုသောအမှတ်ဖြင့် သတ်၍ အိုးဖုတ်ကျင်း၌ ပစ်၏။ ဃောသကလည်း တစ်နေ့ပတ် လုံးကစားပြီးမှ၊ ညချမ်းသောအခါ အိမ်သို့သွားလေ သော်၊ သူဌေးသည် ဃောသကကိုမြင်၍ သင်ချစ်သား သည် မသွားချေလောဟုဆိုလျှင်၊ မိမိမသွားခြင်း၏ အကြောင်းညီငယ်သွားခြင်း၏အကြောင်းကို၊ သူဌေးအား ကြား၏။ သူဌေးလည်း ထိုစကားကိုကြားလျှင်၊ ပြင်းစွာ သော အသံကိုပြုလျက်။ ကိုယ်လုံး၌ ကျိုက်ကျိုက်ဆူ သော သွေးရှိသကဲ့သို့ဖြစ်၍၊ အချင်းအိုးထိန်း။ ငါ့ကို မဖျက်ပါလင့်ဟု လက်နှစ်ဖက်ကိုချီ၍ ပြင်းစွာငိုလျက်၊ အိုးထိန်းအိမ်သို့ ပြေးလေ၏။ အိုးထိန်းလည်း၊ ဤ အခြင်းအရာဖြင့်လာသော သူဌေးကိုမြင်လျှင်၊ အရှင် သူဌေးမင်းအသံမပြုလင့်၊ သင့်၏အမှုကားပြီးပြီဟု ဆို၏။ ထိုသူဌေးသည် တောင်ဖြင့် ဖိစီးသကဲ့သို့၊ ကြီးစွာ သော သောကသည်ဖိရကား၊ များစွာအတိုင်းမသိအောင် ဆင်းရဲဒုက္ခကို ခံစားရလေ၏။ မပြစ်မှားအပ်သောသူ၌ ပြစ်မှားရကား။ ဒဏ်ဆယ် ပါးတို့တွင်။ ဆွေမျိုး၏ ပျက်စီးခြင်းဟုဆိုအပ်သော ဒဏ်ကိုခံရလေ၏။ ထိုကြောင့် သဗ္ဗညုဘုရားလည်း။ ဓမ္မပဒ၌။ ။ ယောဒဏ္ဍေနအဒဏ္ဍေ သု၊ အပဒုဋ္ဌေသုဒုဿတိ။ ဒသန္နမညတရံဌာနံ၊ ခိပ္ပ မေဝနိဂစ္ဆတိ။ ။ ဝေဒနံဖရု သံဇာနိံ၊ သရီရဿစဘေဒနံ။ ဂရုကံဝါပိအာဗာဓံ။ စိတ္တ က္ခေပဥ္စပါပုဏေ။ ။ ရာဇ တောဝါ ဥပသဂ္ဂံ။ အဗ္ဘက္ခာ နဉ္စဒါရုဏံ။ ပရိက္ခယဉ္စ ဉာတိနံ၊ ဘောဂါနဉ္စပဘင်္ဂုနံ။ ။ အထဝဿအာဂါရာနိ၊ အဂ္ဂိဍယှတိပါဝကော။ ကာယဿဘေဒါဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။ ။ ဟုဟောတော်မူ၏။ ။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ ဒဏ်မထိုက်ကုန်သော။ အပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန် သော သူတို့၌။ ဒုဿတိ၊ ပြစ်မှား၏။ သောပုဂ္ဂိုလ်သည်။ ဒသန္နံ၊ ဆယ်ပါးသောအရာတို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ဌာနံ၊ ဒဏ်ဟုဆိုအပ်သော အရာသို့။ ခိပ္ပမေဝ၊ လျှင်စွာလျှင်။ နိဂစ္ဆတိ၊ ရောက်ရာ၏။ ။ ဖရုသံ။ ကြမ်းကြုတ်သော။ ဇာနိံ၊ အသွေးအသားကို ဆုတ်ယုတ် စေတတ်သော။ ဝေဒနဉ္စ၊ ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ၊ သည်းမခံနိုင်အောင် လေးသော။ အာဗာဓံဝါပိ၊

mgyoe.com

mgyoe.com

အနာသို့လည်းကောင်း။ စိတ္တက္ခေပဥ္စ၊ စိတ်၏ပျံ့လွင့်ခြင်းသို့လည်းကောင်း။ ပါပုဏော၊ ရောက်ရာ၏။ ။ ရာဇတော၊ မင်းမှ၊ ဥပသဂ္ဂံဝါ၊ ဘေးဒဏ်သို့လည်းကောင်း၊ ဒါရု ဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဥ္စ၊ စွပ်စွဲခြင်းသို့လည်းကောင်း၊ ဉာတိနံ၊ ဆွေမျိုးတို့၏ပရိက္ခယဥ္စ၊ ကုန်ခြင်းသို့လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်ချမ်း သာတို့၏။ ပဘင်္ဂုနဥ္စ၊ ပျက်စီးခြင်းသို့လည်းကောင်း၊ ပါပုဏော၊ ရောက်ရာ၏။ ။ အထ၊ ထိုမှတစ်ပါး၊ အဿ၊ ထိုမပြစ်မှားအပ်သော သူကိုပြစ်မှားသောသူ၏။ အာဂါရာနိ၊ အိမ်တို့ကို။ ပါဝကော၊ ပါဝကဟုဆိုအပ်သော သူကိုပြစ်မှားသောသူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ ။ မပြစ်မှားအပ်သောသူကို၊ ပြစ်မှားသောသူ ဌေးအား။ အထူးအားဖြင့် ဆွေမျိုး၏ ပျက်စီးခြင်းဟူသောဒဏ်ကို ခံရလေသတည်း။ ကြွင်းသော ဒဏ်ကိုး ပါးလည်းရောက်သည်များ၏။

ယင်းသို့ဒဏ်သင့်သော်လည်း။ သူဌေးသည် ဃောသကကို အလွန်မုန်းရကား။ အဘယ်သို့လျှင် သတ်ရအံ့နည်းဟု ကြံ၏။ ယင်းသို့ကြံပြီးလျှင်၊ ငါ့အား သားယုတ်တစ်ယောက်သည် ရှိ၏။ ဤသားယုတ်ကို သတ်၍ မစင်တွင်းမှာ ချပါလေ။ ယင်းသို့ပြုသည်ရှိသော်၊ ငါသည်ဦးရီးအား ပြုဖွယ်ကိစ္စကို ပြုပါအံ့ဟု ကမ္ဗည်းရေးပြီးလျှင်၊ ချစ်သားဃောသက၊ ငါတို့ရွာတစ်ရွာဝယ်ဘဏ္ဍာစိုးသည် ရှိ၏။ ဤကမ္ဗည်းစာကိုထို ဘဏ္ဍာအားပေးချေဟု ဆို၍။ ထိုကမ္ဗည်းစာကို ဃောသက၏ ပုဆိုးစွန်၌ ဖွဲ့၏။ (ငယ်သောကာလမှစ၍ သတ်ခြင်း၊ အားထုတ်သော သူဌေးသည်။ ထိုဃောသကကို အဘယ်မှာ အက္ခရာအတတ်ကို သင်စေအံ့နည်း)။ ယင်းသို့ဖြစ်သောကြောင့် အက္ခရာအတတ်ကို မသိရှာလေ။ မသိသောကြောင့်။ မိမိအား သတ်စေသော ကမ္ဗည်းစာကို။ ပုဆိုးစွန်မှာဖွဲ့၍ ထွက်လေသော်၊ သခင်ငါ့အား လမ်းခရီးကြားဝယ် ဤမည်သော ရွာ၌။ ငါ၏ အဆွေဖြစ်သော သူဌေးသည်ရှိ၏။ သင်သည် သူဌေး အိမ်၌ နံနက်စာစား၍သွားပါလေဟု ဆိုလေသော်၊ ဃောသကလည်းကောင်းပြီဟု ဝန်ခံပြီးမှ။ အဘကိုရှိခိုး၍ထွက်ခဲ့လျှင်၊ ထိုရွာသို့ရောက်၍ သူဌေးအိမ်ကို မေးမြန်းပြီးမှသွားသော်၊ သူဌေးမယားကို တွေ့လေ၏။

ချစ်သားသင်ကား အဘယ်မှလာသနည်းဟု သူဌေးမယားကမေးသော်၊ မြို့တော်မှလာကြောင်းကို ဆိုလေ၏။ သင်သည် အဘယ်သူ၏သားနည်းဟုမေးသော်။ သင်တို့၏အဆွေဖြစ်သော ကောသမ္ဗီသူဌေးသားဟု ဆို၏။ ဃောသကဟူသည် သင်ပင်လောဟု မေးသော်။ ဧ–ဟုတ်၏ ဟုဆို၏။ ဃောသကကို မြင်သည်နှင့်တကွ သူဌေးမယားအား သား၏ချစ်ခြင်းသည် ပြင်းစွာ ဖြစ်လေ၏။ သူဌေးအား သမီးကား တစ်ယောက်တည်းသော၊ အရွယ်မှာဆယ်ငါးနှစ်ကမောက်၍ ဆယ့်ခြောက်နှစ် အရွယ်တင့်တယ်သော အဆင်းရှိ၏။ ထိုသမီးကို စောင့်ရှောက်ခြင်းငှာတစ်ယောက်သော အစေအပါး ကျွန်မကို ပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ နေစေ၏။ သူဌေးသမီးလည်း ထိုခဏဝယ် ကျွန်မကို အိမ်ဈေးသို့စေ၏။ ထိုအခါ ကျွန်မသွားသည်ကို သူဌေးမယားမြင်လေသော်။ သင်ကား ဘယ်သို့သွားမည်နည်းဟု မေး၍၊ ရှင်မသမီးစေသောကြောင့်၊ အိမ်ဈေးသို့သွားမည်ဟုဆိုလျှင်၊ အရှင်စေသည်ကိုထားဘိဦး။ လာတည့်ပါ ငါ့သားအား အင်းပျဉ်ကို ခင်း၍ ခြေဆေးပြီးမှ ဆီလိမ်းပြီးလျှင် အိပ်ရာကို ခင်း၍ပေးပါ။ ပြီးသည်အခါမှ၊ အရှင်အမှုကိုပြုလော့ဟု ဆို၏။ ကျွန်မလည်း သူဌေးမယားဆိုတိုင်းပြု၏။ ယင်းသို့ပြု၍ကြာမြင့်မှလာသော ထိုကျွန်မကို သူဌေးသမီးသည် ခြိမ်းခြောက်၏။ ထိုအခါ ကျွန်မက သခင်မ ငါ့အား အမျက်မထွက်လင့်။ သူဌေးသား ဃောသကလာ၍ ပြုဖွယ်ကိစ္စဟူသမျှကို ပြုရသောကြောင့် ကြာမြင့်သည်ဟု ဆို၏။ ထိုသူဌေးသမီးအား သူဌေးသား ဃောသကဟူသော အသံကိုကြားကာမျှဖြင့်၊ ချစ်ခြင်းသည် အရေစသည်တို့ကို ဖြတ်ပြီးလျှင်၊ ရိုးတွင်းချဉ်ဆီကို မှီ၍တည်၏။ အဘယ့်ကြောင့်နည်းဟူမူ။ ကောတုဟလက အမည်ရှိသောသူဖြစ်သည် ကာလ။ ထိုသူဌေးသမီးသည် ဃောသကသူဌေးသား၏ မယားဖြစ်ဖူးသောကြောင့်တည်း။ ဆန်တစ်စလယ်ချက်ကို ပစ္စေကဗုဒ္ဓါအား လှူသောကံ၏ အစွမ်းကြောင့် ဤသူဌေးမျိုး၌ ဖြစ်လာသတည်း။ ဤသို့ရှေး၌ အတူတကွနေကြဖူးသောကြောင့် ချစ်ခြင်းဖြစ်သတည်း။ ထိုကြောင့် ဘုရားသဗ္ဗညုလည်း ပါဠိဓာတ်၌။ ။ပုဗ္ဗေဝသန္နိဝါသေန၊ ပစ္စုပ္ပန္နတိတေနဝါ။ ဧဝံတံဇာယ

mgyoe.com

တေပေမံ၊ ဥပ္ပလံဝယထောဒကေ။ ။ဟုဟောတော်မူ၏။

ဥဒကေ၊ ရေ၌။ ဥပ္ပလံဝ၊ ကြာညိုသည်လည်း။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ပုဗ္ဗေသန္နိဝါသေနဝါ၊ ရှေး၌အတူတကွ နေဖူးသောကြောင့် လည်းကောင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ ပစ္စုပ္ပန် အစီးအပွားကြောင့်လည်းကောင်း။ တံပေမံ၊ ထိုချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ။ထိုနောင်မှ သူဌေးသမီးက ကျွန်မကို သူဌေးသားယောသကကား အဘယ်မှာ နည်းဟု မေး၍ အိပ်ရာ၌အိပ်သည် ဟုဆိုလျှင်။ ထိုသူ၏ လက်၌ တစ်စုံတစ်ခုပါသလောဟုမေး၍ ပုဆိုးစွန်မှာ ကမ္ဗည်းပါ၏ဟုဆို၏။ ထိုသူဌေးသမီးလည်းတစ်ပါးကို နှလုံးသွင်း၍ မမြင်ရစဉ်။ ပြာသာဒ်ကဆင်း၍ ကမ္ဗည်းကို ဖြေယူပြီးလျှင်၊ မိမိတိုက်ခန်းသို့ဝင်သွား၍ တံခါးကို ပိတ်ပြီးလျှင်၊ လေသာတံခါးကို ဖွင့်၍ အက္ခရာယူ၍ လိမ္မာရကား၊ ကမ္ဗည်းကိုဖတ်သော်။ သြော်၊ မိုက်စွာ တကား၊ မိမိ၏သေကြောင်း ကမ္ဗည်းစာကို ပုဆိုးစွန်မှာ ဖွဲ့ချည်၍လှည့်လည်ဘိ၏။ အကယ်၍ ငါမမြင်ငြားအံ့၊ ထိုသူအား အသက်မရှိလေပြီဟု နှလုံးပြု၍။ ကမ္ဗည်းကို ဆုတ်ဖွဲ့၍။ သူဌေးစကားဖြင့် တစ်ပါးသော ကမ္ဗည်းကို ရေး၏။ ငါ့သားယောသကကို ရွာတစ်ရွာမှာ လက်ဆောင် ပဏ္ဏာတို့ကို ယူပြီးလျှင်၊ ဤမည်သော ဇနပုဒ်သူဌေး၏ သမီးနှင့်ထိမ်းမြားခြင်း မင်္ဂလာကိုပြုပြီးမှ၊ မိမိနေသော ရွာလယ်အဆုံတွင် ဘုံခုနစ်ဆင့်ရှိသော အိမ်ကိုဆောက် လုပ်ပြီးလျှင်၊ ဝင်းခြံကာရံလျက် မြဲမြံစွာ ယောကျ်ားတို့ကို အစောင့်အရှောက်ထားလေလော့။ ငါ့အားလည်း ဤအမှု ဤအမှုကိုပြုအပ်ပြီဟု သတင်းစကားကြားပါ၊ ယင်းသို့ကြားသည်ကာလ ဦးရီးအားပြုဖွယ်ဟူသမျှကို ငါပြုအံ့ဟု ကမ္ဗည်းအသစ်ရေးပြီးလျှင်။ ပုဆိုးစွန်တွင် ဖွဲ့ချည်၏။ ယောသကလည်း နေ့အဖို့ အိပ်ပြီးမှထ၍ စားသောက်ပြီးလျှင် သွားလေသော်၊ နက်ဖြန်နံနက် စောစောကပင် ထိုရွာသို့ရောက်၍၊ ရွာလယ်တွင် ဘဏ္ဍာစိုးကိုမြင်၏။ ဘဏ္ဍာစိုးလည်း ယောသကကို မြင်လျှင်၊ အသို့နည်း ချစ်သားဟုမေး၍ အဘမှာသော ကမ္ဗည်းစာကို ထုတ်ပြသော်။ စာကိုဖတ်၍ နှစ်သက်ရကား။ လူများတို့၊ ငါ့သခင်သည် ငါ၌မြတ်နိုးခြင်းကို ရှုကြပါကုန်။ သားကြီးကိုပင် မင်္ဂလာမှုပြုစိမ့်ငှာ ငါ့အထံသို့ စေလာ၏။

လျင်မြန်စွာထင်းရေအစရှိသည်ကို ဆောင်ကြကုန်ဟု စေပြီးမှ။ ရွာလယ်တွင် ဆိုအပ်ပြီးသော အပြားရှိသော အိမ်ကို ဆောက်လုပ်၍။ ရွာတစ်ရွာမှ ပဏ္ဏာလက်ဆောင် တို့ကို ယူပြီးလျှင်၊ ဇနပုဒ်သူဌေးသမီးကို တောင်း၍ ထိမ်းမြား ပြီးမှ၊ သူဌေးအား ငါကား ပြုဖွယ်ကိစ္စဟူသမျှ ကိုပြု အပ်ပြီဟု သတင်းစကားကြားလိုက်၏။ ထိုစကား ကို ကြား၍။ သူဌေးအား ငါပြုသည်ကား တစ်ခုမျှမဖြစ်။ မပြုသည်သာ ဖြစ်တုံလာ၏ဟု ကြီးစွာသော ဒေါမနဿ ဖြစ်လေ၏။ သားရင်းသေသော။ သောကပေါ်မှာ။ ထို သောကထပ်ပြန်လာ၍ ကြီးစွာဝမ်းကို ဆောင်လျှင်၊ အလွန်ပင် သွေးသွန်သော အတိသာရဝမ်းကျနာကို ဖြစ်စေ၏။ သူဌေးသမီးလည်း၊ အကယ်၍ သူဌေးအထံ မှတစ်စုံ တစ်ယောက်ရောက်လာသည် ဖြစ်အံ့၊ ငါ့အား မကြားဘဲကို သူဌေးသားမသိစေလင့်ဟုမှာထား၏။ သူဌေးကြီးလည်း ယခုမှ ထိုသားယုတ်အား ငါ့အမွေကို မခံစေအံ့ဟု နှလုံးပြု၍ ဘဏ္ဍာစိုးကို ခေါ်ပြီးလျှင်။ ငါ့ သားကို ငါမြင်ချင်သည်၊ လျင်မြန်စွာ လူတစ်ယောက် ကိုစေ၍ ငါ့သားကိုခေါ်ပါဟု ဆို၏။ ထိုဘဏ္ဍာစိုး လည်းကောင်းပြီဟု ဝန်ခံ၍၊ လူတစ်ယောက်ကို စေ၏။ သူဌေးသမီးလည်း။ ထိုယောကျ်ားလာသောအဖြစ်ကို သိလေသော်၊ ခေါ်စေ၍အကြောင်းကို မေး၏။ ယောကျ်ား လည်း သူဌေးလာလျှင်။ သားကိုမြင်ချင်သည်၊ ခေါ်၍ပေး ပါဟု ဆိုသောကြောင့်၊ လာရကြောင်းကိုဆိုလျှင်။ အမောင် အားကြီးသေး၏လော၊ အားနည်းပြီလောဟု မေးလသော်၊ အားကြီးပါသေး၏။ ထမင်း ပင်များစွာ ဝင်သေးသည်ဟုဆိုလျှင်၊ သူဌေးသမီးလည်း၊ ထို အကြောင်းကို၊ သူဌေးသားအား မသိစေဘဲ။ ထိုယောကျ်ား အား၊ အစားအဝတ်ပေး၍၊ ငါစေမှသွား၍၊ ဤအပါး တွင်ပင်နေဦးတော့ဟု ဆို၏။ သူဌေးလည်း တစ်ဖန် ဘဏ္ဍာစိုးကို ခေါ်၍။ အသို့နည်းငါ့သားထံ သို့လူမစေ လောဟုဆို၏။ စေပါ၏ ရှင်သူဌေး၊ ယောကျ်ားကား မပြန်လာပါသေးဟု ဆိုလျှင်၊ ယင်းသို့ တပြီးကား ယောကျ်ားတစ်ယောက်ကို ထပ်၍စေဦးဟု ဆို၏။ သူဌေးသမီးကစေသူ၊ လုလင်ကို ရှေးနည်းပင် ချုပ်ထား ၏။ ထိုအခါ သူဌေးအား၊ အနာကကား အားကြီးလေ ၏။ တစ်ခွင်ဝင်လျှင် တစ်ခွက်ထွက်၏။ သူဌေးက

mgyoe.com

mgyoe.com

တစ်ဖန် ဘဏ္ဍာစိုးကို ငါ့သားထံသို့ လူမစေ လောဟုမေး ပြန်လျှင်။ စေပါ၏ မလာသေးဟု ရှေးနည်းဖြင့်ဆိုသော်၊ ထပ်၍စေဦးဆိုသောကြောင့်၊ တစ်ယောက်ထပ်မံ၍ စေရပြန်၏။ သူဌေးသမီးလည်းသုံး ကြိမ်မြောက် ရောက်လာသော ယောကျ်ားအားအကြောင်းကို မေးမြန်းသော်၊ သူဌေးလည်း ပြင်းစွာနာ၏။ အစာမဝင်ပြီ၊ သေရုံသာရှိတော့သည်ဟုဆို၏။ သူဌေးသမီးလည်း ယခုကား သွားချိန်သင့်ပြီဟု နှလုံးပြု၍ သူဌေးသားအား မောင့်အဘနာ၍ခေါ်လာသည်ဟု အကြောင်းကိုကြား၏။ သူဌေးသားလည်း ယခုအဘယ်သို့ပြုရအံ့နည်းဟု ဆိုသော်၊ ရွာတစ်ရွာမှာ ပဏ္ဏာလက်ဆောင်တို့ကို ယူစေ၍ အဖူးအမြော်သွားအံ့ဟုဆိုလျှင် ကောင်းပြီဟု ဝန်ခံ၍ ပဏ္ဏာလက်ဆောင်တို့ကို လှည်းနှင့်တိုက်စေ၍၊ ကောသမ္ဗီပြည်သို့ သွားလေ၏။ ထိုအခါ သူဌေးသမီးက အမောင် အားနည်းလှပြီ။ ဤမျှလောက်လက်ဆောင်ကို ရှာသော် ကြာမြင့်လတ္တံ့။ ဤ လက်ဆောင်တို့ကို ပြန်လေစေဟု ဆို၍၊ ထိုအလုံးစုံကို မိမိအိမ်သို့ ပို့ပြီးမှ သွားကြသော်၊ မြို့အနီးအပါးသို့ ရောက်လျှင်။ အရှင်သား သင်ကား အဘ၏ ခြေနံပါးဝယ်နေပါ။ ငါ့မှာမူကား ဦးခေါင်းနံပါး ကနေအံ့ဟု ဆို၏။ အိမ်သို့ဝင်လာကတည်းကပင်။ အိမ်ရှေ့အိမ် နောက်အစောင့်အရှောက် မိမိလူတို့ကိုထား၏။ အိမ်တွင်းသို့ဝင်ပြီးလျှင် ယခင်မှာဆိုသည့်အတိုင်း။ လင် ကားခြေနံပါး။ မယားကား ခေါင်းနံပါးဝယ် တည်လေ၏။ ထိုခဏဝယ် သူဌေးပက်လက်အိပ်ရာမှ၊ ဘဏ္ဍာစိုးကခြေကို ဆုတ်လျက်၊ အရှင့်သားလာပြီဟုဆို၏။ အဘယ်မှာနည်းဟုမေး၍။ ခြေရင်းနားမှာ ဆိုလျှင်၊ သားကိုမြင်သော်။ ဘဏ္ဍာစိုးကို ခေါ်၍။ အမောင် ငါ့အိမ်ဝယ်အဘယ်မျှ ဥစ္စာရှိမည်နည်း မေး၍ ကုဋေလေးဆယ်၊ မြေဝယ်မြှုပ်ထားအပ်၏။ အတွင်းအပအသုံးအဆောင်၊ လယ်ယာ၊ ဥယျာဉ်၊ ရေကန်၊ အခြေနှစ်ချောင်း၊ အခြေလေးချောင်း။ ယာဉ်၊ ရထား၊ အပိုင်းအခြားကား။ ဤမျှတည်းဟုဆိုသော်။ ထိုအလုံးစုံသော ဥစ္စာကိုငါသည်။ ငါ့သား ယောသကအားမပေးဟု ဆိုလိုလျက်၊ အမျက်ရောဂါ အဖိအစီးအားကြီးလှသောကြောင့်။ လှီးလွဲချော်ချွတ်လျက်၊ ပေး၏ဟု ဆိုမိချေ၏။ ထိုစကားကို သူဌေးသမီးကြားလျှင်။ သည်ပြင်တစ်ခြား စကားထပ်ပြန်ရာ၏ဟု နှလုံးပြု၍ စိုးရိမ်ခြင်းဖြင့် နိပ်စက်သကဲ့သို့။ ဆံပင်ကိုဖရိုဖရဲပြုပြီးမှ။ ငိုကြွေးလျက် ဖခင်အဘယ်မည်သော စကားကိုဆိုဘိသနည်း။ ဖခင်၏ဤစကားကို ကြားရသော်။ ကျွန်တော်မတို့ အသရေမရှိရောင်တကားဟု ဆိုပြီးလျှင်။ ရင်လယ်ကို ဦးခေါင်း ဖြင့် ပွတ်သပ်လျက်။ အကြင်အချင်းဖြင့် ထပ်မံ၍။ တစ်ဖန်စကားကို မဆိုနိုင်။ ထိုအချင်းဖြင့် ငိုကြွေးသော အခြင်းအရာကို ပြ၏။ သူဌေးလည်း ထိုခဏ၌ပင် သေရှာလေ၏။

အနိစ္စာဝတသဗ္ဗသင်္ခရာ။ ။ချွေးမနှင့်သား၊ လင်မယားတို့လည်း၊ ဥတေနမင်းအား ထိုအကြောင်းကိုကြားကုန်၏။ ဥတေနမင်းလည်း သူဌေးအလောင်းကိုကောင်းမွန်စွာသင်္ဂြိုဟ်စေ၍။ သူဌေးအား သားသမီးရှိ၏လောဟု မေး၏။ ရှိပါ၏။ ယောသကကား၊ ထိုသူဌေးသားပင်။ မိမိတွင်ရှိသမျှ အလုံးစုံကို။ အကုန်သားအားပေးပြီးမှ။ သေရှာလေ၏ ဟုလျှောက်၏။ နောက်ကာလ၊ ဥတေနမင်းက၊ သူဌေးသားကို ခေါ်စေ၏။ ထိုနေ့မိုးရွာသောကြောင့်။ မင်းရင်ပြင်မှာ။ ထိုထိုအရပ်တွင်ရေတင်လေ၏။ သူဌေးသားလည်း၊ မင်းအားမြင်အံ့ဟုလာလေသော်၊ မင်းလည်းလေသာတံခါးကိုဖွင့်၍၊ လာသောသူဌေးသားကို ကြည့်လေလျှင်။ မင်းရင်ပြင်ဝယ် ရေကိုခုန်လွှား၍ လာသည်ကိုမြင်၏။ လာ၍ ရှိခိုးသော သူဌေးသားကိုမြင်လျှင်။ ယောသကဟူသည်။ မောင်ပင်လောဟုမေး၏။ မှန်ကြောင်းကို လျှောက်လျှင်၊ ဖခင်သေသည်ဟူ၍ကား မစိုးရိမ်လင့်၊ မောင့်ဘအရာကို ငါသည် အမောင်အားပင်ပေး၏ဟု နှစ်သိမ့်စေပြီးမှ၊ သွားတော့ဟု လွှတ်လိုက်၏။ သူဌေးသားလည်း လာသောအခါ ခုန်လွှား၍လာသော ရေကို အသာသက်ဆင်း၍ သွားလေ၏။ ထိုအကြောင်းကို မင်းမြင်လျှင်၊ ချက်ချင်းပင် ခေါ်စေ၍ အမောင်သင်သည်။ ငါ့အထံသို့ လာသည်ကာလ။ ရေကိုခုန်လွှား၍လာ၏။ သွားသည်ကာလ။ ရေကိုဆင်း၍သွားသည်။ အကြောင်းကား အသို့နည်းဟု မေးတော်မူ၏။ အရှင်မင်းကြီး အကျွန်ုပ်ကား လာသောအခါဝယ်၊ သူငယ်ဖြစ်၍ ကစားသော ကာလသာ။ ယခုမှာမူကား၊ အရှင်မင်းကြီးက အရာအထူးကို ပေးသနားတော်မူလျှင်၊ ရာထူးရှင်ဖြစ်၍။ သိမ်မွေ့တည်ကြည်စွာ ကျင့်ရပါသည်ဟု

mgyoe.com

mgyoe.com

လျှောက်၏။ ထိုစကားကိုကြား၍၊ မင်းလည်း ဤယောကျ်ားကား၊ သမာဓိရှိသောသူတည်း။ ယခုပင် ရာထူးကိုပေးအံ့ဟု အဖစားသော စည်းစိမ်ကျေးလက် အလုံးစုံကို အကုန်ပေး၍။ အလုံးစုံတစ်ရာတစ်ရာဖြင့် သူဌေးအရာကိုပေး၏။ ယောသကလည်း၊ ရထားစီးလျက်။ လက်ယာရစ် မြို့ကိုလည်၏။ ကြည့်တိုင်း ကြည့်တိုင်းသော အရပ်သည် တုန်လှုပ်၏။ ထိုအခါ သူဌေးသမီးက ကျွန်မကာဠီနှင့် စကားပြော၍ နေစဉ်။ အမယ်ကာဠီ သင်သား၏ ဤမျှသော စည်းစိမ်ချမ်းသာသည်။ ငါကိုမှီ၍ သာပြီး၏ဟုဆို၏။ အဘယ့်ကြောင့်နည်း ရှင်မဟုဆိုသော်။ ဤသူသည် မိမိ၏သေကြောင်းစာကိုပုဆိုးစွန်မှာ ဖွဲ့ချည်၍။ ငါတို့အိမ်သို့ ရောက်လာသည်။ ထိုအခါ။ ငါက ထိုကမ္ပည်းစာကို ဆုတ်တဲ့ပြီးမှ။ ငါနှင့် ထိမ်းမြားစိမ့်သောငှာ၊ ကမ္ပည်းစာကို အသစ်ရေး၍။ ဤမျှသော ကာလပတ်လုံး အစောင့်အရှောက်ကို ငါပြုအပ်သည်ဟုဆို၏။ ရှင်မ သင်သည်။ ဤမျှတည်းကိုသာ မြင်၏။ ဤသူကိုသူဌေးသည်။ ငယ်သောကာလမှစ၍ သတ်စေသော်လည်း။ သတ်ခြင်းငှာ မတတ်နိုင်။ စင်စစ်မှာမူ ဤသူကိုအမှီပြု၍ သူဌေးအားများစွာဆုံးပါးပျက်စီးသည်။ သူဌေးသည် ဝန်လေးသောအမှုကို ပြုဘိ၏ဟု ဆို၏။ မြို့ကို လက်ယာရစ်လည်၍ အိမ်သို့ဝင်သော သူဌေးသားကိုမြင်လျှင်၊ သူဌေးသမီးသည်။ ဤမျှသော စည်းစိမ်ချမ်းသာကား ငါ့ကိုမှီ၍ ပြီးသည်ဟု နှလုံးပြု၍ ရယ်မောလေ၏။ ထိုအခါ သူဌေးသားက။ အဘယ်ကို ရယ်မောသနည်းဟုမေးသော်။ အကြောင်းတစ်ခုကို မှီ၍ ရယ်သည်ဟု ဆို၏။ အကြောင်းကို ဆိုလော့ဟုဆိုသော်၊ မဆိုရကား။ ဓားကို ကိုင်ပြီးလျှင်။ သင်သည် အကယ်၍ မဆိုငြားအံ့။ ဤဓားဖြင့် နှစ်ပိုင်းဖြတ်မည်ဟု ခြိမ်း၏။ ယင်းသို့ခြိမ်းလျှင်၊ သူဌေးသမီးက သင်သည်။ ဤမျှသော စည်းစိမ်ချမ်းသာကို။ ငါ့ကိုသာမှီ၍ ရအပ်၏ဟု နှလုံးပြု၍ ငါရယ်သည်ဟု ဆို၏။ ဤအလုံးစုံသော စည်းစိမ်ချမ်းသာကို၊ ငါ့အားပေးအပ်သည် မဟုတ်လော။ ယင်းသို့ပေးရာဝယ်၊ အဘယ်ဖြင့် သင်နှင့် ဆိုင်သနည်းဟုဆို၏။ ထိုသူဌေးသားကား၊ ဤမျှသော ကာလပတ်လုံး၊ အဘပြုသမျှကို မသိရာလေ။ ထို့ကြောင့် သူဌေးသမီး စကားကိုမယုံ။ ထိုအခါ သူဌေးသမီးက၊ သေကြောင်း ကမ္ပည်းစာကိုယူ၍လာသည်မှစ၍၊ မိမိပြုသမျှ အလုံးစုံကို အကုန်ပြန်ပြော၏။ ရှင်မသင်ကား၊ မမှန်သော စကားလုပ်ဆို့စားသည်ဟု ဆိုလျှင်၊ မယုံမူကား အမယ်ကာဠီကို မေးဟုဆိုသောကြောင့်၊ ကာဠီကို မေးလျှင်။ မှန်၏ချစ်သား၊ သူဌေးကား သင့်ကို၊ ငယ်သောကာလမှစ၍ သတ်စေသည်။ မသတ်နိုင်လေ။ စင်စစ်မှာမူ၊ သူဌေးသာ ဆုံးပါးပျက်စီးခြင်း ကြီးလှလေ၏။ ခုနစ်ပါးသောအရပ်တို့၌။ သင်သည် သေခြင်းမှ လွတ်၍။ ယခုအခါ စားသောရွာကလာ၍။ သူဌေး၏အဖြစ်သို့ရောက်သည်ဟု ဆို၏။ ထိုစကားကို ကြားလျှင်။ သူဌေးကား၊ ငါ့အဘသည် အလွန်ဝန်လေးသောအမှုကိုသာ ပြုဘိ၏။ ဤသို့သဘောရှိသော၊ သေခြင်းမှ လွတ်သော ငါ့အား။ မေ့လျော့သောအားဖြင့်၊ အသက်ရှင်ခြင်းငှာမတတ်ကောင်း။ မမေ့မလျော့အံ့ဟု နှလုံးပြု၍။ နေ့တိုင်းနေ့တိုင်း၊ တစ်ထောင်တစ်ထောင်စွန့်ပြီးလျှင်။ ခရီးသွားအထီးကျန်စသည်တို့အား အလှူကိုပေး၏။ ။ ဒေဝသိကံသဟဿံ သဟဿံဝိသဇ္ဇေတွာ အဒ္ဓိ ကကပဏ္ဏာဒီနံဒါနံပဋ္ဌပေသိ။ ။ ဓမ္မပဒအဋ္ဌကထာ။ ။ ဒေဝသိကံ၊ နေ့တိုင်း။ သဟဿံ သဟဿံ၊ တစ်ထောင်တစ်ထောင်သော ဥစ္စာကို။ ဝိသဇ္ဇေတွာ၊ စွန့်၍။ အဒ္ဓိကကပဏ္ဏာဒီနံ၊ ခရီးသွား အထီးကျန် အစရှိသည်တို့အား။ ဒါနံ၊ အလှူကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။

ဤ၌ ယောသက သူဌေးသားသည်။ လမ်းကြားဝယ်သားကို ပစ်ထားခဲ့ဖူးသော မကောင်းမှုကံ၏ အကျိုးကြောင့်၊ မိမိအားလည်း၊ ခုနစ်ပါးသော အရပ်ဌာနတို့၌။ သူတစ်ပါးတို့ပစ်စွန့်ကုန်သည်။ ယင်းသို့ပစ်စွန့်သော်လည်း၊ ရှေးရှေးသော ဘဝက ပြိတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ ပါဏာတိပါတမှကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးပေါ်မှာ၊ ပစ္စေကဗုဒ္ဓါအား၊ ဘေးရန်ကင်းအောင် စောင့်ရှောက်သော ကုသိုလ်ကံသည်။ ဥပထမ္ဘကပြု၍ ထောက်ပံ့ပြန်သောကြောင့် ဘေးရန်ကင်းလျက်၊ သေခြင်းမှ လွတ်သတည်း။ ပြိတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍။ သူ၏အသက်ကိုသတ်ခြင်းတည်းဟူသော၊ ပါဏာတိပါတမှ ကြဉ်ရှောင်သောသူအား၊ သူတစ်ပါးလုံ့လဖြင့် မသေနိုင်ခြင်းသည်။ ပါဏာတိပါတမှ ကြဉ်ခြင်း၏အကျိုးပင်တည်း။ ။ပရှ

mgyoe.com

ပက္က မေနအမရဏာတာပါဏာတိပါတာဝေရမဏိ ယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ ပရူပက္ကမေန။ သူတစ်ပါးလုံ့လဖြင့်။ ဝါ၊ လုံ့လကြောင့်။ အမရဏာတာ၊ မသေသောအဖြစ်သည်။ ပါဏာတိပါတာဝေရမဏိယာ၊ ပါဏာတိပါတမှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ (ဤဃောသက သူဌေးသားကဲ့သို့။ သူတစ်ပါးလုံ့လဖြင့် မသေလိုကုန်သော၊ ယခုအခါ ပညာရှိအမျိုးသား အပေါင်း သူတော်ကောင်းတို့သည်။ သြတ္တပ္ပသံဝေဂတရား ကို နှလုံးထား၍၊ သူ၏အသက်ကိုသတ်ခြင်းတည်းဟူ သော၊ ပါဏာတိပါတမှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏)။

အစိန္တေယျ၊ လောကတန်ဆောင်၊ ငါးမာရ် အောင်ဖြစ်တော်မူသော၊ ဘုရားသဗ္ဗညုသည်။ ဒီဃလံဂိ ကမြို့ကိုအမှီပြု၍၊ တောရကျောင်းကုဋိ၌ နေတော်မူ စဉ်၊ ဒီဃလံဂိကမြို့သား၊ ပုဏ္ဏားနှစ်ယောက်တို့သည်။ သာသနာတော်မှ အပရသေ့ရဟန်းပြု၍၊ လေးဆယ်ရှစ် နှစ်တို့ပတ်လုံး၊ ပူပန်သော အကျင့်ကို ကျင့်ကုန်၏။ ထိုသူနှစ်ယောက်တို့တွင်၊ တစ်ယောက်သော ပုဏ္ဏား သည်၊ ငါ့အားရဟန်းပြု၍ နေကာ၊ မျိုးနွယ်စဉ်ဆက် သည်ပျက်လတ္တံ့။ လူထွက်မှသင့်မည်ဟု ကြံ၍၊ မိမိ သည်ကျင့်အပ်သော အကျင့်ကို သူတစ်ပါးတို့အား နွား တစ်ရာငွေတစ်ပိဿာနှင့် ရောင်း၍၊ ၎င်းဥစ္စာကို အရင်း ပြုသဖြင့်၊ မယားရလျှင် မယားနှင့်တကွနေကြ၏။ ထိုအခါ မယားလည်း သားငယ်တစ်ယောက်ကို ဖွားလေ၏။ ထိုသူ၏ အဖော်ပုဏ္ဏားလည်း အဆွေ၏ပြန်လာသော အဖြစ်ကိုသိ၍ သားမယားတို့ကို ခေါ်ပြီးလျှင် အဖူး အမြင်သွားလေ၏။ သွားပြီးလျှင်၊ သားငယ်ကို အမိ လက်ဝယ်ပေးပြီးမှ၊ ရှေးဦးစွာ မိမိရှိခိုး၏။ ထိုနောင်မှ အဘအား သားကိုပေးအပ်၍ အမိရှိခိုး၏။ ထိုအခါ ဆရာ ပုဏ္ဏားက သင်တို့အား အသက်ရှည်စေကုန်ဟု ဆို၏။ သားငယ်ရှိခိုးသည် ကာလမည်သို့မျှမဆိုဆိတ်ဆိတ်သာ နေ၏။ ထိုအခါ လင်မယားတို့က အရှင်ဘုရား ကျွန်ုပ် တို့ ရှိခိုးသည်ကာလ။ အသက်ရှည်ကြစေကုန်ဆို၍။ ထို သူငယ်ရှိခိုးသည်ကာလ မည်သို့မျှမဆို။ အဘယ်ကြောင့် ဆိတ်ဆိတ်နေတော်မူသနည်းဟု မေးကုန်၏။ ဤ သူငယ်ကား အန္တရာယ်တစ်ခုရှိ၏ဟုဆိုသော်၊ ဤသူငယ် သည် အဘယ်မျှအသက်ရှည်မည်နည်းဟု မေးလျှင်

ခုနစ်ရက်သာ အသက်ရှည်မည်ဟု ဆို၏။ အရှင်ဘုရား တားမြစ်ခြင်း၏ အကြောင်းကိုသိပါသလောဟု မေး သော်၊ ငါကားတားမြစ်ခြင်း၏အကြောင်းကို မသိချေဟု ဆိုလျှင်၊ အရှင်ဘုရား တားမြစ်ခြင်း၏အကြောင်းကို မသိချေဟုဆိုလျှင်၊ အရှင်ဘုရား တားမြစ်ခြင်း၏ အကြောင်းကို ဘယ်သူသိသနည်းဟု မေးသော်၊ ရဟန်း ဂေါတမသည် သိ၏။ ရဟန်းဂေါတမ၏ အထံသို့သွား ၍ မေးကြချေဟု ဆို၏။ ရဟန်းဂေါတမအထံသို့ သွား က၊ ငါတို့အား အကျင့်ယုတ်အံ့သည်မှ ကြောက်၏ဟု ဆိုသော်၊ သင်သားဝယ် အကယ်၍ ချစ်ခြင်းရှိငြားအံ့ သွား၍မေးလော့၊ အကျင့်စုတ်မှယုတ်ခြင်းငှာ မကြောက်ပါ လင့်ဟုဆို၏။ ထိုပုဏ္ဏားလည်း ဘုရားသဗ္ဗညုအထံသို့ သွား၍ ရှေးနည်းဖြင့်ရှိခိုးသော်။ ဘုရားသဗ္ဗညုလည်း၊ ရှေးနည်းဖြင့် မိန့်တော်မူ၏။ ယင်းသို့မိန့်တော်မူသော သဗ္ဗညုဘုရားအား၊ လင်မယားတို့သည်၊ ရှေးနည်းဖြင့် မေးလျှောက်ကုန်၏။ ယင်းသို့ မေးလျှောက်လျှင် ရှင်တော် ဘုရားလည်း၊ ပုဏ္ဏားနည်းတူပင် မိန့်တော်မူ၏။ ထို ပုဏ္ဏားကား ဘုရားသဗ္ဗညု မဟုတ်သော်လည်း။ မိမိ မန္တန် ကို ဉာဏ်တော်နှင့် နှီးနှောလျက်ဆို၏။ အန္တရာယ် ကိုပယ်ခြင်းအကြောင်းကိုသာ မသိရှာတည်း။ ပုဏ္ဏား လင်မယားတို့လည်း သား၏အန္တရာယ်ကို ပယ်ခြင်းအ ကြောင်းရှိပါသလောဟု မေးလျှောက်ကုန်၏။ ရှိ၏မိန့် တော်မူလျှင်၊ အရှင်ဘုရား အဘယ်နည်းဟုလျှောက်၏။ ပုဏ္ဏားအကယ်၍ သင်သည် မိမိအိမ်တံခါးဝယ် မဏ္ဍပ် ဆောက်ပြီးလျှင်၊ ထိုမဏ္ဍပ်အလယ်တွင် အင်ပျဉ်တစ်ခု ကို ခင်းစေ၍။ ထိုအင်ပျဉ်ကို ရံလျက်၊ ရှစ်ခုတစ်ဆယ့် ခြောက်ခုသော နေရာတို့ကို ခင်းစေပြီးမှ။ ထိုနေရာ၌ ငါ့ တပည့်သားတော်တို့ကို နေစေလျက်။ ခုနစ်ရက်ပတ်လုံး မပြတ်ပရိတ်အရံအတားကို ပြုခြင်းငှာ တတ်နိုင်ငြားအံ့။ ယင်းသို့တတ်နိုင်ငြားက သင်သား၏ အန္တရာယ်သည်၊ ပျောက်ပြယ်ရာ၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးလှ သောဘုရား။ အကျွန်ုပ်ကား အရှင်ဘုရား၏ မိန့်တော်မူ သည်အတိုင်း မဏ္ဍပ်အစရှိသည်တို့ကို ပြုခြင်းငှာတတ် နိုင်ပါ၏။ အရှင်ဘုရား၏ တပည့်သားတော်တို့ကို အဘယ်မှာရနိုင်အံ့နည်းဟု လျှောက်၏။ သဗ္ဗညုဘုရား က၊ သင်ကား ဤမျှအမှုကို ပြုလေ။ တပည့်သားတို့ကို

mgyoe.com

ငါစေမည်ဟု မိန့်တော်မူတိုင်း မိမိကိစ္စကို ပြီးစေ၍။ သဗ္ဗညု ဘုရားအားကြား လျှောက်၏။ ဘုရားသဗ္ဗညုလည်း တပည့်ရဟန်းတို့ကို စေတော်မူ၏။ ရဟန်းတို့လည်း သွား၍ မဏ္ဍပ်အလယ်အင်ပျဉ်ဝယ် သူငယ်ကို အိပ်စေကုန်လျက် ခုနစ်ရက်ပတ်လုံး ပရိတ်အရံအတား ပြုကြကုန်၏။ ခုနစ်ရက်မြောက်သောနေ့၌ သဗ္ဗညုဘုရားလည်း ကိုယ်တော်တိုင်ပင် ကြွတော်မူ၏။ ယင်းသို့ ကြွတော်မူလျှင်၊ စကြဝဠာအတွင်း၌နေကုန်သော အလုံးစုံသော နတ်တို့သည် စည်းဝေးကုန်၏။ အဝရုဒ္ဓက အမည်ရှိသော ဘီလူးတစ်ယောက်သည်၊ တစ်ဆယ့်နှစ်နှစ်ပတ်လုံး ဝေဿဝဏ္ဏနတ်မင်းကို ခစား၍။ ထိုဝေဿဝဏ္ဏနတ်မင်းအထံမှ ဆုရလေသော်။ ဤမှ ခုနစ်ရက်မြောက်သောနေ့ဝယ်၊ ဤသူငယ်ကို ယူပါလေဟူသော ဆုကိုရ၏။ ယင်းသို့ဆုရသောကြောင့်။ ထိုအဝရုဒ္ဓက အမည်ရှိသော ဘီလူးလည်းလာ၍ တည်လာရပ်လာ၏။ သဗ္ဗညုဘုရားမဏ္ဍပ်၌ တည်တော်မူသည်ရှိသော်၊ တန်ခိုးကြီးသော နတ်တို့သည် စည်းဝေးကုန်ရကား။ တန်ခိုးနည်းသော နတ်တို့သည် တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် ဆုတ်သွားရကုန်၏။ အဝရုဒ္ဓကအမည်ရှိသော ဘီလူးလည်း။ တန်ခိုးနည်းရကား ဆုတ်သွားလေ၏။ သဗ္ဗညုဘုရားလည်း ညဉ့်သုံးယံပတ်လုံး ပရိတ်အရံအတား ပြုတော်မူ၏။ ခုနစ်ရက်ပတ်လွန်က၊ အဝရုဒ္ဓကဘီလူးသည် သူငယ်ကိုမရ။ ရှစ်ခုမြောက်သော ရက်အရုဏ်တက်ကာမျှ၌ သူငယ်ကိုဆောင်၍၊ သဗ္ဗညုဘုရားအား ရှိခိုးစေကုန်၏။ ထိုအခါ ဘုရားသဗ္ဗညုကအသက်ရှည်စေဟု မိန့်ဆိုလေ၏။ ဘုန်းတော်ကြီးလှသောဘုရား။ သူငယ်၏ အသက်ကား အဘယ်မျှလောက်တည်ပါမည်နည်းဟု လျှောက်၏။ တစ်ရာ့နှစ်ဆယ်တည်လိမ့်မည် ပုဏ္ဏားဟု ဘုရားသဗ္ဗညုက မိန့်တော်မူ၏။ ယင်းသို့ တပြီးကား ထိုသတို့သားအား အာယုဝဍ္ဍနသတို့သားဟူသော အမည်ကို မှည့်ကုန်အံ့ဟုဆို၍၊ အမည်မှည့်ကြကုန်၏။ အထဿ အာယုဝဍ္ဍနကုမာရောတိနာမမကံသု။ ။ဓမ္မပဒအဋ္ဌကထာ။ ။ အထ၊ ထိုသို့ တစ်ရာနှစ်ဆယ်ရှည်သည်ရှိသော်။ အဿ၊ ထိုသတို့သားအား။ အာယုဝဍ္ဍနကုမာရောတိနာမံ၊ အာယုဝဍ္ဍနသတို့သားဟူသော အမည်ကို။ အကံသု၊ ပြုကုန်၏။

ထိုအာယုဝဍ္ဍနသတို့သားသည်၊ ကြီးပွားလေသော်၊ ငါးရာသော ဥပါသကာ တို့ဖြင့်ခြံရံလျက်၊ လှည့်လည်သွားလာ၏။ ။ဤ၌အာယုဝဍ္ဍနသတို့သားသည်၊ ဖွား၍ ခုနစ်ရက်မြောက်၌။ သေလောက်သောဘေးဒဏ်ရောက်လျက်၊ နောက်နောက်လွန်ပြီးသော ဘဝတို့က၊ ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ ပါဏာတိပါတမှ ကြဉ်ခဲ့ဖူးသော ကုသိုလ်ကံကြောင့် သူတစ်ပါး လုလ္လဖြင့် မသေမူ၍။ အသက်ရှည်စွာ တစ်ရာ့နှစ်ဆယ် နေရလေသတည်း။

ဒီဃာယုကတာပါဏာတိပါတာ ဝေရမဏိယာဖလံ။ ။ဒီဃာယုကတာ၊ အသက်ရှည်သော အဖြစ်သည်။ ပါဏာတိပါတဝေရမဏိယာ၊ ပါဏာတိပါတမှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ (ဤသို့ခုဒ္ဒကပါဌအဋ္ဌကထာ၌ မိန့်သည်နှင့် အညီ။ ဤအာယုဝဍ္ဍနသတို့သားကဲ့သို့၊ အသက်ရှည်စွာနေလိုပါမူ။ ယခုအခါ ပညာရှိပေါင်း။ သူတော်ကောင်းတို့လည်း။ ဩတ္တပ္ပသံဝေဂတရားကို နှလုံးထား၍။ ပါဏာတိပါတမှ၊ အလွန်ဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏)။ ။ ဤသည်ကား ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည် ဖြစ်၍။ သူ၏အသက်ကို သတ်ခြင်းတည်း ဟူသော၊ ပါဏာတိပါတမှ ကြဉ်ကြကုန်သော သူတို့၏ ဝတ္ထုသက်သေတည်း။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ၊ အနာထပိဏ်သူဌေး၏ ဒါနကို အကြောင်းပြု၍ တစ်ခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏။ အနာထပိဏ်သူဌေးသည်။ ဇေတဝန်ကျောင်းတော်ကိုစွဲ၍။ ငါးဆယ့်လေးကုဋေသော ရွှေငွေဥစ္စာများကို။ ဘုရားသခင်သာသနာတော်၌စွန့်ကြဲ၍။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးတို့ကို ထား၍၊ တစ်ပါးသော ဝတ္ထု၌ ရတနာဟူသောအမှတ်သညာမျှ မဖြစ်စေဘဲ၊ သဗ္ဗညုဘုရားဇေတဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်နေတော်မူသည်ရှိသော်။ နံနက်စောစော တစ်ကြိမ်။ နံနက်စာစားပြီး တစ်ကြိမ်၊ ညချမ်းသောအခါ တစ်ကြိမ်၊ ဤသို့တစ်နေ့ သုံးကြိမ်တိုင်အောင် ဆည်းကပ်ခစားခြင်းငှာ သွား၏။ သည်မှတစ်ပါး အကြားအကြား၌လည်း၊ ဆည်းကပ်ခစားခြင်းငှာ သွား၏။ ယင်းသို့သွားသော်လည်း။ သာ

mgyoe.com

mgoe.com

မဏောပဋ္ဋင်းငယ်တို့သည်၊ ငါ၏လက်ဝယ်အဘယ်ကို ယူ၍လာသနည်းဟု ကြည့်ကုန်ရာ၏ဟု နှလုံးပိုက်၍၊ လက်၌တစ်စုံတစ်ခုမပါဘဲ။ အချည်းစည်းမသွားဖူး နံနက်စောစော သွားသည်ရှိသော်။ ယာဂုကိုယူ၍၊ နံ နက်စာစားပြီးသွားသည် ရှိသော်။ ထောပတ်၊ ဆီဥ၊ ဆီ၊ ပျား၊ တင်လဲအစရှိသည် တို့ကိုယူ၍။ ညချမ်းသော အခါ သွားသည်ရှိသော်။ ပန်းနံ့သာ အဝတ်ပုဆိုးတို့ကို ယူ၍သွား၏။ ဤသို့ နေ့တိုင်းနေ့တိုင်းစွန့်သော သူဌေး ၏ စွန့်ကြဲခြင်းပမာဏကား။ ဤမျှဤရွေ့ဟု မရှိ လေ။ အလွန်များပြားသတည်း။

ဓဝံဒိဝသေဒိဝသေပရိစ္စ ဇန္တသပနသ။ ပရိစ္စာ ဂေပမာဏံနတ္ထိ။ ။ ဇာတ်အဋ္ဌကထာ။ ။ ဓဝံ၊ ဤသို့။ ဒိဝသေဒိဝသေ၊ နေ့တိုင်းနေ့တိုင်း၌။ ပရိစ္စဇန္တသ၊ စွန့် သော၊ အဿ၊ ထိုအနာထပိဏ်သူဌေး၏။ ပရိစ္စဝဂေ၊ စွန့်ကြဲခြင်း၌။ ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။ ။ ရောင်းဝယ်ခြင်းကိုမှီ၍၊ အသက်မွေးကုန်သော။ များစွာသော ကုန်သည်တို့သည်၊ သူဌေး၏လက်မှ ကမ္ပည်းကိုတင်၍၊ တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိ သော မြီကြွေးတို့ကို ချေးယူကုန်၏။ ထိုတစ်ဆယ့်ရှစ် ကုဋေသော မြီကြွေးတို့ကို သူဌေးသည်မတောင်းမခံ၊ သည်မှတစ်ပါး အမျိုးတို့၏ဥစ္စာဖြစ်သော၊ တစ်ဆယ့်ရှစ် ကုဋေသော ဥစ္စာကို အစိရ ဝတီမြစ်နား၌ မြှုပ်ထားသည် ရှိသော်။ မြစ်ရေသည် ကမ်းကိုတိုက်သောကြောင့်။ ကမ်းပြတ်၍ သမုဒ္ဒရာ၌ တည်ကုန်၏။ အိမ်၌ကားငါးရာ သော ရဟန်းတို့ကို၊ နေ့တိုင်းမပြတ် နိစ္စပတ်လှူ၏။ အနာထပိဏ် သူဌေးအိမ်သည်၊ ရဟန်းသံဃာ၏ ခရီး လေးဆုံတွင် တူးအပ်သော၊ ရေတွင်းရေကန်နှင့်တူ၏။ အနာထပိဏ်သူဌေးသည်၊ အလုံးစုံသော ရဟန်းသံဃာ တို့၏ အမိအရာ၌တည်၏။ ထို့ကြောင့် သူဌေးအိမ်သို့ သဗ္ဗညုဘုရားလည်း ကြွတော်မူ၏။ အသီတိမဟာသာဝ ကတို့လည်း ကြွကြကုန်၏။ သည်မှတစ်ပါးထွက်ကုန် ဝင်ကုန်သော၊ ရဟန်းတို့၏ ပမာဏကားမရှိ၊ အလွန် များသတည်း။ သူဌေး၏အိမ်ကား၊ ဘုံခုနစ်ဆင့်တံခါး မုခ်ခုနစ်ခုတို့ဖြင့် တန်ဆာဆင်အပ်၏။ စတုတ္ထတံခါး မုခ်ဝယ်၊ ယုတ်မာသောမိစ္ဆာဒိဋ္ဌိနတ်တစ်ယောက်သည် နေ၏။ ထိုမိစ္ဆာဒိဋ္ဌိနတ်သည်။ အိမ်သို့သဗ္ဗညုဘုရား ဝင်တော်မူသော်လည်းကောင်း။ အသီတိမဟာသာဝက တို့ ဝင်ကြသော်လည်းကောင်း၊ ကြွင်းသော ရဟန်းတို့ ဝင်ကြသော်လည်းကောင်း၊ မိမိဗိမာန်၌ တည်ခြင်းငှာ မတတ်နိုင်။ သူငယ်တို့ကို လက်ဝယ်ဆွဲပြီးမှ၊ မြေကြီး၌ ဆင်းသက်၍တည်၏။ ထိုအခါ မိစ္ဆာနတ်ကြသည်ကား၊ ရဟန်းဂေါတမသည်လည်းကောင်း၊ သာဝကတို့သည် လည်းကောင်း၊ ဤအိမ်သို့ဝင်ကြသည်ရှိသော်၊ ငါ့အား ချမ်းသာခြင်းမရှိ၊ အခါ မပြတ်မြေ၌ဆင်း၍ တည်ခြင်းငှာ မတတ်နိုင်။ အကြောင်းအခြင်းဖြင့်။ ထိုအိမ်သို့ မဝင်ကြ ကုန်။ ထိုအခြင်းပြုမှ သင့်မည်ဟု ကြံ၏။ ယင်းသို့ ကြံပြီးလျှင်၊ တစ်နေ့သ၌၊ သူဌေး၏ အမှုကြီးငယ်ကို ရွက်ဆောင်သောသူ၏အထံသို့၊ အိပ်ရာဝင်သောအခါ သွား၍၊ နတ်၏အရောင်အဝါကို ပြလျက်တည်၏။ ဤ၌ အဘယ်သူနည်းဟု မေးသည်ရှိသော်၊ ငါကား စတုတ္ထ တံခါးမုခ်ဝယ်စောင့်သောနတ်ဟု ဆို၏။ အဘယ့်ကြောင့် လာသနည်းဟုဆိုသော်၊ သင်တို့သည် သူဌေး၏ အမှု အရာကို မမြင်ကြပါလော။ မိမိ၏ပစ္ဆိမအရွယ်ကိုမငဲ့ဘဲ၊ ဥစ္စာတို့ကို ရဟန်းဂေါတမအား ပူဇော်သည်။ ကုန်သွယ် ခြင်း၊ လယ်လုပ်ခြင်းကိုမပြု၊ အကြောင်းအခြင်းဖြင့်၊ မိမိ အမှုကြီးငယ်ကိုပြု၏။ ထိုအခြင်းဖြင့်၊ သူဌေးကို ဆုံးမ ကြကုန်လော။ အကြောင်းအခြင်းဖြင့်လည်း၊ ရဟန်းဂေါတမ သည်ဤ အိမ်သို့မဝင်။ ထိုအခြင်းဖြင့် ပြုလော့ဟုဆို၏။ ထိုအခါ အမှုကြီးငယ်ကိုပြုသော သူက၊ နတ်မိုက်၊ သူဌေးသည်ဥစ္စာကို စွန့်သော်လည်း၊ နိယျာနိကဖြစ်သော ဘုရားသာသနာတော်၌သာ စွန့်သည်။ သူဌေးသည် အက‌ေ်၍ ဥသျှောင်ဝယ်ကိုင်၍ ငါ့ကိုရောင်းငြားအံ့။ ငါကား မည်သို့မျှဆိုဝံ့မည် မဟုတ်၊ သင်သည်သွားပါ။ ငါ့အထံသို့မလာပါလင့်ဟု ဆို၏။ ထိုမိစ္ဆာနတ်သည်၊ သူဌေးသားကြီးကိုလည်း နည်းတူပင်ကပ်၍ဆို၏။ သူဌေးသားလည်း နည်းတူပင် ခြိမ်းခြောက်၍လွှတ်လိုက် ၍။ သူဌေးနှင့်ကား စကားမဆိုဝံ့လေ။ ကုန်သွယ်လယ် လုပ်တို့ကိုလွှတ်၏။ အလှူကိုမပြတ်ပေးသော သူဌေး အား၊ အခွန်အတုတ် နည်းပါးလေသော်၊ ဥစ္စာသည် ကုန်ခြင်းသို့ ရောက်လေ၏။ ထိုနောင်မှ အစဉ်ဖြင့်။ ဆင်းရဲခြင်းသို့ရောက်သော သူဌေးအား၊ အစားအဝတ် အိပ်ရာ အသုံးအဆောင်တို့သည် ရှေးနှင့်မတူကုန်။

mgoe.com

 mgyoe.com 

ယင်းသို့ဖြစ်သော်လည်း။ အလှူကိုကား ရဟန်းသံဃာအားပေးသည်သာတည်း။

ဖဝံဘူတောပိဘိက္ခု သံဃသဒါနံဒေတိယေဝ။ ။ဇာတ်အဋ္ဌကထာ။ ။ဖဝံဘူတောပိ၊ ဤဆင်းရဲသည်ပင်ဖြစ်သော်လည်း။ ဘိက္ခုသံဃသ၊ ရဟန်းသံဃာအား၊ ဒါနံ၊ အလှူကို။ ဒေတိယေဝ၊ ပေးလှူသည်သာလျှင်လည်း။ ။မွန်မြတ်သည်ကို ပြု၍ကား မလှူနိုင် လေ။ ထိုအခါတစ်နေ့သ၌ သဗ္ဗညုဘုရားရှိခိုး၍နေသောသူဌေးကို အလှူပေးရပါ၏လော သူဌေးဟူ သဗ္ဗညုဘုရားက မေးကော်မူ၏။ ပေးရပါ၏အရှင်ဘုရား။ အမွန်အမြတ်ကိုကား မလှူနိုင်။ ကြမ်းတမ်းခေါင်းပါးသော ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ လှူရပါတော့သည်ဟု လျှောက်၏။ ထိုအခါ သဗ္ဗညုဘုရားက သူဌေးကြီး။ ကြမ်းတမ်းခေါင်းပါးသော အစာကို ငါလှူရသည်ဟု စိတ်ကိုမတွန့်တိုစေလင့်။ စိတ်မွန်မြတ်သည်ရှိသော်ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့သာ လှူရသော ဒါနသည်ကြမ်းတမ်းခေါင်းပါးသော မည်သည်မရှိ။ အဘယ့်ကြောင့်နည်းဟူမူ၊ အကျိုးကြီးမြတ်သောကြောင့်တည်းဟု မိန့်တော်မူ၏။ စိတ်ကိုမွန်မြတ်ခြင်းကိုပြုခြင်းငှာစွမ်းနိုင်သောသူအား၊ သုခဒါနမည်သည် အနည်းငယ်မရှိဟူသော စကားကို ဤပါဠိဖြင့် သိအပ်၏။

နတ္ထိစိတ္တေပသန္နမှိ၊ အပ္ပကာနာမဒက္ခိဏာ။ တထာဂတေဝါသမ္ဗုဒ္ဓေ၊ အထဝါထဿသာဝကေ။ ။ စိတ္တေ၊ စိတ်သည်။ ပသန္နမှိ၊ ကြည်ညိုသည် ရှိသော်။ တထာဂတေဝါ၊ မြတ်စွာဘုရား၌လည်းကောင်း။ သမ္ဗုဒ္ဓေဝါ၊ ပစ္စေကဗုဒ္ဓါ၌ လည်းကောင်း။ အထ၊ ထိုမြို့။ တဿ၊ ထိုမြတ်စွာဘုရား၏။ သာဝကေဝါ၊ တပည့်သားတော်၌လည်းကောင်း။ အပ္ပကာ၊ အနည်းငယ်သော။ ဒက္ခိဏာနာမ၊ အလှူမည်သည် နတ္ထိ၊ မရှိ။ ။ သည်မှတစ်ပါးလည်း။ သူဌေးအား တရားတော်ဟောတော်မူ၏။ သူဌေးကြီး၊ သင်သည် ကြမ်းတမ်းခေါင်းပါးသော ဒါနကိုပေးလှူရသည်ရှိသော်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ကား လှူရ၏။ ငါကားဝေလာမ ပုဏ္ဏားဖြစ်သောအခါ၊ ဇမ္ဗူဒိပ်ါကျွန်းအလုံးကို ထွန်တုံးထွန်ပိုတို့ကို အထက်၌ ဖွဲ့သည်ကိုပြု၍။ ရတနာခုနစ်ပါး တို့ကိုပေးလှူသည်ရှိသော်၊ သရဏဂုံကို တည်သော အလှူခံပုဂ္ဂိုလ်၊ ပဥ္စသီလကိုစောင့်သောအလှူခံ ပုဂ္ဂိုလ်တစ်ယောက်မျှမရလေ။ ဒက္ခိဏေယျပုဂ္ဂိုလ်ကို အလွန်ရခဲလှသည်။ ထို့ကြောင့်၊ သုခဒါနကိုသာပေးရ၏ဟု စိတ်ကိုမတွန့်တိုစေလင့်ဟု မိန့်တော်မူ၍။ ဝေလာမ သုတ်ကိုဟောတော်မူ၏။ ထိုအခါ မိစ္ဆာနတ်သည် သူဌေး၏ စည်းစိမ်ချမ်းသာကြီးသောအခါ၊ ငါသည် သူဌေးနှင့် စကားမဆိုဝံ့။ ယခုကား ဆင်းရဲလှပြီ၊ ငါ့စကားကိုယူလတ္တံ့ဟု ထင်မှတ်၍ညဥ့်သန်းခေါင်အခါ။ အိပ်ရာတိုက်ခန်းသို့ ဝင်၍ကောင်းကင်ကရပ်လျက်၊ နတ်၏ အရောင်အဝါကိုပြ၏။ နတ်ကိုသူဌေးမြင်၍ သင်ကား အသူနည်းဟု မေး၏။ သူဌေးကြီးငါကား စတုတ္ထတံခါးဝယ် စောင့်သောနတ်ဟုဆိုသော်၊ အဘယ်အကျိုးငှာလာသနည်းဟုမေး၍၊ သင်အား အဆုံးအမပေးခြင်းငှာ လာသည်ဟုဆိုလျှင်။ ယင်းသို့ပြီးတကား၊ ပေးလော့ဟုဆို၏။ သူဌေးကြီး။ သင်ကား၊ ပစ္ဆိမအရွယ်ကိုမငဲ့၊ သားသမီးမျက်နှာကိုလည်း မထောက်၊ ရဟန်းဂေါတမအားသာ၊ အလှူပေး၍ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းကို မပြုသဖြင့်၊ ရဟန်းဂေါတမကို အမှီပြု၍ ဆင်းရဲ၏။ ယင်းသို့ဆင်းရဲသော်လည်း၊ ရဟန်းဂေါတမကိုမစွန့်၊ ယနေ့တိုင်အောင်ပင်လည်း၊ ရဟန်း တို့သည်အိမ်သို့ ဝင်သေး၏။ အကြင်ဥစ္စာကို ရဟန်းတို့ ဆောင်လေပြီ။ ထိုဥစ္စာကို တစ်ဖန်ပြန်၍ ဆောင်ခြင်းငှာ မတတ်ကောင်း။ ပေးမိသမျှမှာ လွန်ပါစေတော့။ ဤနေ့မှစ၍ မိမိလည်း ရဟန်းဂေါတမ၏အထံသို့မသွားလင့်။ ရဟန်းဂေါတမကို ပြန်၍မကြည့်ဘဲ၊ လုပ်မြဲတိုင်းမိမိ၏ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းအမှုကိုပြုလော့ဟု ဆို၏။ ထိုအခါ သူဌေးကြီးက၊ ဤသည်လျှင် သင်၏အဆုံးအမပေလောဟု မေး၏။ အင်း–ဟုတ်၏ ဟုဆိုသော်၊ သင်သို့သဘောရှိသော နတ်တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းဖြင့်လည်း၊ တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်သည်ကို သဗ္ဗညုဘုရားသည်။ ငါ့အား ပြုတော်မူအပ်၏။ ငါ၏သဒ္ဓါတရားသည်၊ မြင်းမိုရ်တောင်ကဲ့သို့၊ မတုန်မလှုပ်ဘဲအမြဲတည်၏။ ငါသည် နိယျာနိကသာသနာ၌၊ ဥစ္စာကိုစွန့်အပ်သည်ကို သင်ကားမလျောက်ပတ်သော အမှုကိုပြုအပ်၏။ ဘုရားသာသနာတော်၌၊ ပုတ်ခတ်ခြင်းကိုပေးအပ်၏။ ဤသို့သဘောရှိသော မိစ္ဆာနတ်ယုတ်နှင့်

mgyoe.com

တကွ တစ်အိမ်တည်း နေခြင်းငှာ မတတ်ကောင်း၊ လျင်မြန်စွာ ငါ့အိမ်မှထွက်သွားပါဟု ဆို၏။ ထိုမိစ္ဆာနတ်သည်၊ အရိယာသာဝက ဖြစ်တော်မူသော၊ သူဌေး၏စကားကို ကြား၍တည်ခြင်းငှာမတတ်နိုင်ရကား၊ မိမိနေရာသို့သွား၍ သားငယ်တို့ကိုလက်ဖြင့် ငင်လျက်၊ ပြင်ပသို့ထွက်ရ၏။ ထွက်ပြီး၍ကား၊ တစ်ပါး၌ နေရာကိုမရသောကြောင့်၊ သူဌေးကို ကန်တော့၍၊ ထိုစတုတ္ထတံခါးတွင်၊ နေအံ့ဟု ကြံလျက်၊ မြို့စောင့်နတ်သားအထံသို့ သွားပြီးလျှင်၊ ရှိခိုးလျက် ရပ်၏။ အဘယ်ကြောင်းကြောင့် လာသနည်းဟု မြို့ စောင့်နတ်သားက မေးလေသော်၊ အရှင် ငါကား မလိမ္မာသည်အလျောက်၊ မစူးစမ်း မဆင်ခြင်မူ၍၊ အနာထပိဏ် သူဌေးနှင့် စကားဆိုမိချေ၏။ သူဌေးသည် ငါ့အား အမျက်ထွက်၍ နေရာမှ နှင်ထုတ်၏။ သူဌေးကိုသည်းခံစေ၍ နေရာကို ငါ့အား ပေးလော့ဟု ဆို၏။ သင်သည် သူဌေးနှင့် ဘယ်စကားကို ဆိုသနည်းဟုမေးလေသော်၊ အရှင်ငါကား ဤနေ့မှစ၍၊ ဘုရားသံဃာအား ခစားဆည်းကပ်ခြင်းကို မပြုလင့်။ ရဟန်းဂေါတမအား၊ အိမ်သို့ဝင်ခြင်းကို မပေးလင့်ဟု ဆိုမိပေသည်ဟု ဆို၏။ သင်စကားဝန်လေးလှသည်။ သာသနာတော်၌ ပုတ်ခတ်ခြင်းကိုပေးအပ်၏။ ငါကား သင့်ကိုခေါ်၍၊ သူဌေးထံသို့မသွားဝံ့ဟု ဆို၏။ ထိုမိစ္ဆာနတ်လည်း၊ မြို့စောင့်နတ်ထံမှ၊ ချီးမြှောက်ခြင်းကို မရရကား။ စာတုမဟာရာဇ်နတ်မင်းများ အထံသို့သွားလေ၏။ နတ်မင်းများလည်း၊ ထိုစကားကိုကြားလျှင် ရှေးနည်းဖြင့်ဆို၍ အခွင့်မရရကား၊ သိကြားမင်းအထံသို့ ကပ်၍၊ ထိုအကြောင်းကိုကြားလျက်၊ အရှင်နတ်မင်း အကျွန်ုပ်ကားနေရာမရ ပါသောကြောင့်။ သူငယ်တို့ကို လက်ဖြင့်ဆွဲငင်လျက်၊ ကိုးကွယ်ရာမဲ့ လှည့်လည်ရ၏။ အရှင်နတ်မင်းတို့ကို အမှီပြု၍ အကျွန်ုပ်အား နေရာကို ပေးပါစေဟု အလွန်လျှင် တောင်းပန်၏။ သိကြားမင်းလည်း သင်ပြုသော အမှုကား အလွန်ဝန်လေးစွ။ သာသနာတော်၌၊ ပုတ်ခတ်ခြင်းကို ပေးအပ်၏။ ငါ့လည်း သင့်ကိုအမှီပြု၊ သူဌေးနှင့်တကွ စကားဆိုခြင်းငှာ မတတ်ကောင်း။ သူဌေး သည်းခံခြင်း အကြောင်းတစ်ခုကိုကား၊ ငါဆိုမည်ဟုဆိုသော်၊ ကောင်းပါပြီဟု ဆိုလျှင်၊ သူဌေးကြီး၏ လက်မှလူတို့သည်။ ကမ္မည်းတင်၍

ချေးယူအပ်သော၊ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာသည်ရှိ၏။ သင်သည်၊ သူဌေးကြီး၏ ဘဏ္ဍာစိုးအသွင်ကိုယူ၍၊ နှစ်ယောက် သုံးယောက်၊ နတ်လုလင်ပျိုတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လက်တစ်ဖက်ဖြင့် ကမ္မည်းကို၊ လက်တစ်ဖက်ဖြင့်က ညစ်ကိုကိုင်၍၊ ထိုကြွေးစား၊ မြီစားတို့၏ အိမ်သို့သွားပြီးမှ အိမ်လယ်၌ ရပ်လျက် နတ်၏ အာနုဘော်ကိုပြ၍၊ ထိုတစ်ဆယ့်ရှစ်ကုဋေသော ကြွေးမြီတို့ကို၊ တောင်းခံ၍ သူဌေး၏ အချည်းနှီးသော ကျီကျတို့ကို ပြည့်စေလော့။ သည်မှတစ်ပါး၊ အစိရဝတီမြစ်နားတွင် ရေတိုက်၍ မျောသော၊ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို မိမိ၏အာနုဘော်ဖြင့် ဆောင်ယူ၍။ အချည်းနှီးသော သူဌေးကြီး၏။ ကျီကျတို့ကို ပြည့်စေလော့။ သည်မှတစ်ပါး၊ ဤမည်သောအရပ်တွင်၊ အရှင်မရှိ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာသည်ရှိ၏။ ထိုတစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာကို။ မိမိအာနုဘော်ဖြင့် ဆောင်၍ အချည်းနှီးသော သူဌေးကြီး၏ ကျီကျတို့ကို ပြည့်စေလော့။ ဤငါးဆယ့်လေးကုဋေသော ဥစ္စာဖြင့် အချည်းနှီးသော သူဌေးကြီး၏ကျီကျတို့ကို ပြည့်စေခြင်း တည်းဟူသော ဒဏ်အမှုကိုပြု၍။ သူဌေးကြီးကို ကန်တော့လေလောဟု ဆို၏။ မိစ္ဆာနတ်လည်း ကောင်းပါပြီဟု၊ သိကြားမင်းစကားကို ဝန်ခံ၍။ သိကြားမင်းဆိုတိုင်း၊ အလုံးစုံသော ဥစ္စာတို့ကိုဆောင်၍၊ ကျီကျတို့ကို ပြည့်စေပြီးမှ၊ ညဥ့်သန်းခေါင်အခါ၊ သူဌေး၏အသရေရှိသော တိုက်ခန်းသို့ဝင်ပြီးလျှင်၊ ကောင်းကင်၌ နတ်၏ အရိပ်အယောင်ကို ပြလျက် ရပ်၏။ အဘယ်သူနည်းဟု သူဌေးက မေးသည်ရှိသော်၊ သူဌေးကြီး ငါကား သင့်အိမ်တွင် စတုတ္ထတံခါးဝယ်စောင့်သော နတ်မိုက်တည်း။ ငါသည် မောဟဖြင့် တွေဝေသောကြောင့်၊ ဘုရားကျေးဇူးတော်တို့ကို မသိဘဲ ရှေးနေ့တို့၌။ သူဌေးကြီးနှင့် အလွန်အကြူးဆိုမိသော စကားသည်ရှိ၏။ စကားကို ငါ့အား သည်းခံပါ၊ ငါလည်း သိကြားမင်း၏စကားဖြင့်၊ အရှင်သူဌေးကြီး၏ တစ်ဆယ့်ရှစ်ကုဋေသော ကြွေးမြီတို့ကိုလည်းကောင်း၊ မြစ်ရေ၌ မျောပါ၍ သမုဒ္ဒရာသို့ ဝင်သော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကိုလည်းကောင်း၊ သည်မှတစ်ပါး ထိုထိုအရပ်တွင် အရှင်မရှိသော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကိုလည်းကောင်း၊ ဤ

ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို ဆောင်၍ ကျိကျ တို့ကို ပြည့်စေသောအားဖြင့် ဒဏ်အမှုကို ပြုအပ်ပြီ။ ဇေတဝန်ကျောင်းတော်ကို စွဲ၍ကုန်သော ဥစ္စာအလုံးစုံ တို့ကို အကုန်စုပေါင်းအပ်ပြီ။ ယခုအခါ၊ ငါကား နေရာ ကို မရပါသောကြောင့် အလွန်ပင်ပန်း၏။ မလီမ္ဘာ၍ ဆိုမိသော ငါ့စကားကို နှလုံးမထားမူ၍၊ ငါ့အား သည်းခံပါ မဟာသူဌေးကြီးဟု ဆို၏။ အနာထပိဏ် သူဌေးလည်း၊ နတ်၏စကားကို ကြား၍ ဤနတ်ကား ငါသည် ဒဏ်အမှုကို ပြုအပ်ပြီး ဟူ၍လည်း ဆို၏။ မိမိ၏အပြစ်ကိုလည်း ဝန်ခံ၏။ ဤနတ်ကို ဘုရားသခင် အထံသို့ ဆောင်၍၊ ငါ၏ဂုဏ်ကျေးဇူးတို့ကိုသိစေအံ့ဟု ကြံ၏။ ထိုနောင်မှ အချင်းနတ် သင်သည် အကယ်၍ ငါ့ကို သည်းခံစေလိုသည်ဖြစ်အံ့။ သဗ္ဗညုဘုရား ရှေ့တော်ဝယ်၊ ငါ့ကို ကန်တော့လော့ဟု ဆို၏။ မိစ္ဆာနတ် လည်း ကောင်းပြီဟု ဝန်ခံ၍ ဘုရားအထံသို့သွားသော အခါ ငါ့ကို ခေါ်ပါဟု ဆို၏။ သူဌေးကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ တစ်ညဥ့်မိုးသောက်ရောက်လေ သော်၊ နံနက် စောစောကပင် နတ်ကိုခေါ်၍ သဗ္ဗညု အထံသို့သွားပြီးလျှင်၊ ထိုနတ်ပြုအပ်သော အမှုအလုံးစုံ ကို အကုန်သဗ္ဗညုဘုရားအားလျှောက်ထား၏။ ဘုရား သဗ္ဗညုလည်း၊ သူဌေးစကားကို ကြားတော်မူ၍၊ သူဌေးကြီး ဤလောက၌ ယုတ်မာသော မကောင်းမှု ရှိသော သူသည်လည်း၊ အကြင်အကြင်မျှလောက်၊ မိမိ မကောင်းမှုသည်မရင့်သေး၊ ထိုမျှလောက်ကောင်းသော အာရုံကို မြင်ရ၏။ အကြင်အခါ မိမိမကောင်းမှုသည် ရင့်၏။ ထိုအခါ မကောင်းသော အာရုံကို သာမြင်ရ၏။ ကောင်းမှုရှိသောသူသည်လည်း၊ အကြင်မျှလောက် မိမိ ကောင်းမှုသည် မရင့်သေး။ ထိုမျှလောက် မကောင်း သောအာရုံကိုမြင်ရတတ်၏။ အကြင်အခါ မိမိကောင်း မှုသည်ရင့်၏။ ထိုအခါ ကောင်းသောအာရုံကို သာမြင် ရ၏ဟု တရားဟောတော်မူ၏။ ဟောတော်မူသောအ ဆုံး၌ မိစ္ဆာနတ်သည် သောတပန်တည်လေ၏။

ပရိယောသာနေသာဒေဝတာသောတာပတ္တိ ဖလေပတိဋ္ဌာသိ။ ။ ဓာတ်အဋ္ဌကထာ။ ။ ပရိယောသာ နေ၊ ဟောတော်မူသော အဆုံး၌။ သာဒေဝတာ၊ ထိုမိစ္ဆာ နတ်သည်။ သောတပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ၊ တည်လေ၏။

ယင်းသို့သောတာပတ္တိဖိုလ်၌ တည်လေလျှင်၊ ထိုနတ်သည် တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ ဖြင့်မှတ်အပ်သော၊ သဗ္ဗညုဘုရား၏ခြေတော်ရင်း၌ ဝပ်စင်း၍ ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ အကျွန်ုပ် ကား ရာဂဖြင့် တပ်သောကြောင့်၊ ဒေါသဖြင့် ပြစ်မှားသော ကြောင့်၊ မောဟဖြင့် တွေဝေသောကြောင့်၊ အဝိဇ္ဇာတည်း ဟူသော အမိုက်တိုက်ဖြင့် ဖုံးလွှမ်းရကား။ အရှင်ဘုရား တို့၏ ဂုဏ်တော်ကျေးဇူးတော်ကို မသိသောကြောင့်၊ အကြင်ယုတ်မာသော စကားကိုဆိုမိ၏။ ထိုစကားကို အကျွန်ုပ်အား သည်းခံပါဟု။ သဗ္ဗညုဘုရားအား ကန်တော့ပြီးမှ၊ သူဌေးကြီးကိုလည်း ကန်တော့၍ သည်းခံစေ၏။ ။ဤ၌ အနာထပိဏ်သူဌေးသည်၊ ရှေးရှေးသောဘဝက ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ် ၍၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းတည်းဟူသော၊ အဒိန္န ဒါန်မှ ကြဉ်ခဲ့ဖူးသောကြောင့်၊ များသော ရွှေငွေရှိခြင်း၊ များသောဆန်စပါးရှိခြင်း၊ အဆုံးမရှိသော လယ်ယာ၊ ဥယျာဉ်၊ ရေကန်၊ အခြေနှစ်ချောင်း၊ အခြေလေးချောင်း အစရှိသော အတွင်းအပအသုံးအဆောင်နှင့် ပြည့်စုံခြင်း အကျိုးကိုခံရသည်။ ဇေတဝန်ကျောင်းတော် ဆောက်ရာ တွင်ပင်၊ ငါးဆယ့်လေးကုဋေသော ရွှေငွေဥစ္စာကုန် သည်။ အိမ်တွင် မြှုပ်ထားသော ဥစ္စာရွှေငွေလည်း ငါးဆယ့်လေးကုဋေပင် ရှိသေးသည်။ ပေါင်းရွှေငွေဥစ္စာ တစ်ရာ့ရှစ်ကုဋေပင် ကြွယ်ဝများပြောင်သည်မှတစ်ပါး၊ နေ့တိုင်းနေ့တိုင်း ရဟန်းသံဃာတို့အား လှူသော ဒါန ဝတ္ထုကား၊ ဤရွေ့ဤမျှ ပမာဏမရှိ၊ အလွန်များပြား သတည်း။ ဤသို့များသော ဥစ္စာရှိခြင်းသည်။ အဒိန္နဒါန် မှ ကြဉ်ခဲ့ဖူးသော ကံ၏အကျိုးစက်တည်း။

ဗဟုဒ္ဓနထာအဒိန္နဒါနဝေရမဏိယာဖလံ။ ။ ခု ဒ္ဒကပါဌအဋ္ဌကထာ။ ။ မဟာဒ္ဓနတာ၊ များသော ဥစ္စာရှိ သောအဖြစ်သည်။ အဒိန္နာဒါနဝေရမဏိယာ၊ အဒိန္န ဒါန်မှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ အစီရဝတီ မြစ်နား၌ ရေတိုက်၍မျောလာသော တစ်ဆယ့်ရှစ်ကုဋေ သောဥစ္စာတို့ကိုရပြန်၍။ ရေရန်သူမဖျက်ဆီးနိုင်ခြင်း၊ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို မြီစားကြွေးစားတို့ ချေးယူ၍ မပေးမဆပ်နေသည်ကို တစ်ဖန်ရပြန်၍အ

mgyoe.com

mgyoe.com
ဝိယဒါယာဒရန်သူတို့ မဖျက်ဆီးနိုင်ခြင်းသည်လည်း။ ရှေးရှေးဘဝက သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ သူ့ဥစ္စာကိုခိုးယူခြင်းတည်း ဟူသော အဒိန္နဒါန်မှကြဉ်ခဲ့ဖူးသောကြောင့်၊ များသောရွှေရှိခြင်း၊ များသောဆန်စပါးရှိခြင်း၊ အဆုံးမရှိသောလယ်ယာ၊ ဥယျာဉ်၊ ရေ ကန်၊ အခြေနှစ်ချောင်း၊ အခြေလေးချောင်း အစရှိသော အတွင်းအပအသုံးအဆောင်နှင့် ပြည့်စုံခြင်း အကျိုးကို ခံရသည်။ ဇေတဝန်ကျောင်းတော် ဆောက်ရာတွင်ပင်၊ ငါးဆယ့်လေးကုဋေသော ရွှေငွေဥစ္စာကုန်သည်။ အိမ်တွင်မြှုပ်ထားသော ဥစ္စာရွှေငွေလည်း ငါးဆယ့်လေးကုဋေပင်ရှိသေးသည်။ ပေါင်းရွှေငွေဥစ္စာ တစ်ရာ့ရှစ်ကုဋေပင်ကြွယ်ဝ များမြောင်သည်မှတစ်ပါး၊ နေ့တိုင်းနေ့တိုင်း၊ ရဟန်းသံဃာတို့အား လှူသောဒါန ဝတ္ထုကား၊ ဤရွေ့ ဤမျှဟု ပမာဏမရှိ၊ အလွန်များပြားသတည်း။ ဤသို့ များသော ဥစ္စာရှိခြင်းသည်။ အဒိန္နဒါန်မှ ကြဉ်ခဲ့ဖူးသော ကံ၏ အကျိုးစက်တည်း။

မဟဒ္ဓနတာအဒိန္နာဒါနဝေရမဏိယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။မဟဒ္ဓနတာ၊ များသောဥစ္စာရှိသောအဖြစ်သည်။ အဒိန္နာဒါနဝေရမဏိယာ၊ အဒိန္နဒါန်မှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ အစိရဝတီမြစ်နား၌ ရေတိုက်၍မျောလေသော တစ်ဆယ့်ရှစ်ကုဋေသောဥစ္စာတို့ကိုရပြန်၍။ ရေရန်သူမဖျက်ဆီးနိုင်ခြင်း၊ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို မြီစားကြွေးစားတို့ ချေးယူ၍ မပေးမဆပ်နေသည်ကို တစ်ဖန်ရပြန်၍၊ အဝိယဒါယာဒ ရန်သူတို့ မဖျက်စီးနိုင်ခြင်းသည်လည်း။ ရှေးရှေးဘဝက သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ သူ့ဥစ္စာကိုခိုးယူခြင်းတည်းဟူသော အဒိန္နဒါန်မှ ကြဉ်ခဲ့ဖူးသော ကံထူး၏ အကျိုးဆက်ပင် တည်း။

ရာဇစောရုဒကဂ္ဂိအပီ ယဒါယာဒေဟိ အသာဓာရဏ ဘောဂတာ။ အဒိန္နာဒါနဝေရမဏိယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ရာဇစောရုဒကဂ္ဂိအဝိယဒါယာဒေဟိ၊ မင်း၊ ခိုးသူ၊ ရေ၊ မီး၊ မချစ်မနှစ်သက်အပ်သော အမွေခံတို့နှင့်။ အသာဓာရဏဘောဂတာ၊ မဆက်ဆံသောစည်းစိမ်ဥစ္စာရှိသော အဖြစ်သည်။ အဒိန္နာဒါနဝေရမဏိယာ၊ အဒိန္နဒါန်မှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။(ယခုအခါအနာထပိဏ်သူဌေး ကဲ့သို့ ရန်သူမျိုးငါးပါးတို့နှင့် မဆက်ဆံဘဲ၊ များသောဥစ္စာစပါးစည်းစိမ်ရှိသော အဖြစ်ကို လိုရှိကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့ သည်လည်း၊ အနာထပိဏ်သူဌေးကဲ့သို့ သြတ္တပ္ပသံဝေဂတရားကို နှလုံးထား၍သူတစ်ပါးဥစ္စာကို ခိုးယူခြင်းတည်းဟူသော အဒိန္နဒါန်မှ ဝေးစွာ ကြဉ်ရှောင်ကုန်ရာ၏)။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ၊ ကုန်သည်ယောကျ်ား သူလှည့်စားကို အကြောင်းပြု၍၊ တစ်ခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည်မင်းပြုလေသော် ဘုရားလောင်းတော်သည်၊ သူကြွယ်အမျိုး၌ ဖြစ်၍။ သိ ကြားလိမ္မာသောအဖြစ်သို့ ရောက်လျှင်၊ ဥစ္စာပစ္စည်းတို့ကို ဆည်းပူး၍နေ၏။ ဘုရားလောင်းအား နောက်မှဖွားသော ညီတစ်ယောက်လည်းရှိ၏။ ထိုညီအစ်ကို နှစ်ယောက်တို့အား၊ နောက်ကာလမိဘတို့သည် သေလွန်ကုန်၏။ ယင်းသို့ သေလွန်ကုန်လျှင်၊ တစ်နေ့သ၌ မိဘတို့၏ဥစ္စာကို ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်းကိုပြုအံ့ဟု၊ ရွာတစ်ရွာသို့ သွားကြကုန်သည် ရှိသော်၊ တစ်ထောင်သော ဥစ္စာကိုရ၍ ထိုတစ်ထောင်သော ဥစ္စာကို ယူဆောင်လျက် ညီနောင်နှစ်ယောက်တို့သည် ပြန်လာကြကုန်၏။ ယင်းသို့ ပြန်လာကြလျှင်။ မြစ်ဆိပ်တွင် ကူးတို့လှေကို ငံ့လင့်ဆိုင်းတွ၍၊ ထမင်းစားကြကုန်၏။ အစ်ကိုအကြီးသည် ထမင်းစားပြီးလျှင်၊ ကြွင်းကျန်သော ထမင်းကို ဂင်္ဂါမြစ်တွင်းဝယ်နေကုန်သော ငါးလိပ်တို့အားပေး၊ လှူပြီးလျှင်၊ မြစ်စောင့်နတ်မှစ၍ အလုံးစုံသော နတ်တို့အား အမျှဝေ၏။ နတ်အပေါင်းတို့လည်း ဝမ်းမြောက်ဝင်းသာ အနုမောဒနာပြုခြင်းကြောင့်၊ နတ်၌ဖြစ်သော ခဲဖွယ်၊ ဘောဇဉ်၊ ဥယျာဉ်၊ ရေကန်၊ ဘုံဗိမာန် အရောင်အဝါ၊ လာဘ်သပ်ပကာတို့သည် တိုးပွားရကား၊ ဘုရားလောင်းအား ကျေးဇူးအလွန်တင်ကုန်၏။ ဘုရားလောင်းလည်း၊ ဂင်္ဂါမြစ်နား သဲစုအထက်၌ ကိုယ်ဝတ်ကို ခင်းလျက်လျောင်းစက်သော်၊ အိပ်ပျော်ခြင်းသို့ရောက်လေ၏။ ညီငယ်ကား သဘောအားဖြင့် အတန်ငယ်ခိုးတတ်သော သဘောရှိ၏။ ။
mgyoe.com

mgyoe.com

ကနိဋ္ဌဘာ တာပနသသထောက်စောရပကတိကော။ ။ ဇာတ်အဌကထာ။ ။ အသ၊ ထိုဘုရားလောင်း၏။ ကနိဋ္ဌဘာတာပန၊ ညီငယ်သည်ကား။ ထောက်၊ အတန် ငယ်၊ စောရပကတိကော၊ ခိုးတတ်သော သဘောရှိ၏။

ထိုညီငယ်သည်၊ အသပြာတစ်ထောင်ကို အစ်ကိုအားမပေးဘဲ မိမိချည်းသာယူလိုသောကြောင့်။ အသပြာကိုလည်းကောင်း၊ ကျောက်စရစ်ကိုလည်းကောင်း၊ တူတကွထား၏။ ညီနောင်နှစ်ယောက်တို့အား၊ အိပ်ရာမှထ၍ လှေစီးကြပြီးလျှင်၊ မြစ်ကူးသွားကြသော်၊ မြစ်၏ အလယ်၌ ညီငယ်သည် လှေကိုလှုပ်၍ ကျောက်စရစ်ထုပ်ကို ချအံ့ဟု နှလုံးပြုလျက်၊ လက်ဖြင့် အလွဲကိုကိုင်ရာ၍၊ သပြာထုပ်ကို ချလေ၏။ ယင်းသို့ချပြီးလျှင်၊ နောင်တော် အသပြာထုပ်ကား ရေဝယ်ကျလေပြီ။ အဘယ်သို့ပြုရအံ့နည်းဟုဆို၏။ အစ်ကိုကလည်း ရေဝယ်ကျသည်ကို အဘယ်သို့ပြုနိုင်အံ့နည်း။ ဤမျှ ဥစ္စာကို မစိုးရိမ်လင့်ဟု ဆို၏။ ဂင်္ဂါမြစ်ကိုစောင့်သော နတ်သည်။ ဤယောကျ်ား အမျှဝေအပ်သော ကောင်းမှုအဖို့ကို ဝမ်းမြောက်ဝမ်းသာပြု၍၊ ငါ့အားနတ်၌ဖြစ်သော စည်းစိမ်ချမ်းသာ အခြံအရံ အကျော်စောပြန့်ပြောပေသည်။ ထိုယောကျ်ား၏ဥစ္စာကို ငါသည်စောင့် ရှောက်ခြင်းငှာ တတ်ကောင်း၏ဟု နှလုံးပြု၍။ မိမိအာနုဘော်ဖြင့် ထိုအသပြာထုပ်ကို ငါးကြီးတစ်ကောင်ကို မျိုစေ၍။ မိမိသည် အစောင့်အရှောက်ကိုယူ၏။ ညီငယ် ယောကျ်ား မောင်ခိုးသားကား၊ အိမ်သို့သွားပြီးသော်၊ ငါသည် အစ်ကိုကြီးအား လှည့်စားအပ်လေပြီဟု နှလုံးပြု၍၊ ဝမ်းမြောက်ဝမ်းသာ ဥစ္စာထုပ်ကိုဖြေလျှင်၊ ကျောက်စရစ်ကိုမြင်၍ ပူပင်သော နှလုံးရှိရကား၊ ညောင်စောင်းအပေါင်းကို ဖက်၍အိပ်၏။ ထိုအခါတံငါအများတို့ ငါးဖမ်းခြင်းငှာ ဂင်္ဂါမြစ်၌ပိုက်ကွန်တို့ကို ချကြကုန်၏။ အသပြာထုပ်ကိုမျိုသော ထိုငါးသည်။ နတ်၏ အာနုဘော်အားဖြင့် ပိုက်ကွန်တွင်းသို့ဝင်လေ၏။ တံငါတို့လည်းငါးကိုယူပြီးသော်၊ ရောင်းချခြင်းငှာ မြို့သို့ဝင်လာကုန်လျှင်၊ လူရှင်အပေါင်းတို့က ငါးကြီးကိုမြင်၍ လိုချင်သောကြောင့် အဖိုးကြောင်းလမ်းကို စူးစမ်းမေးမြန်းကုန်၏။ တံငါတို့လည်း အသပြာတစ်ထောင်ကို။ ငွေခုနစ်ပဲကမှ ရောင်းမည်ဟု ဆိုကုန်၏။ လူတို့လည်း ခုနစ်ပဲမှာဟုတ်ပါစေတော့။ တစ်ထောင် ထိုက်သောငါးကို ငါးတို့အား ကြားမျှမကြားဖူးလေဟု ပြက်ရယ်ပြုကြကုန်၏။ တံငါတို့လည်း ငါးကိုယူပြီးလျှင် ဘုရားအလောင်း အိမ်တံခါးသို့သွား၍။ ဤငါးကို ဝယ်ပါဟုဆိုကုန်၏။ အစ်ကိုတို့ငါးကား အဖိုးအားဖြင့် မည်မျှထိုက်သနည်းဟုဆိုသော်၊ ငွေခုနစ်ပဲသာပေးပါတော့ဟု ဆို၏။ သူတစ်ပါးတို့အားကား၊ အဘယ်မျှ ရောင်းစားသနည်းဟုမေး၏။ သူတစ်ပါးတို့အားကား အသပြာတစ်ထောင်ကကို သုံးမူးတစ်ပဲ ကဲမှရောင်းမည်ဆိုသည်။ အမောင်ကိုမူကား သုံးမူးတစ်ပဲနှင့်သာ ရောင်းပါမည်။ သုံးမူးတစ်ပဲပေး၍သာ ဝယ်ယူပါတော့ဟု ဆိုကုန်၏။ ယင်းသို့တပြီးကား။ ကောင်းပြီဟု ခုနစ်ပဲပေး၍ဝယ်ယူပြီးလျှင်၊ အိမ်ရှင်မယားအား ငါးကိုခွဲစိမ့် သောငှာပေးအပ်လေ၏။ မယားလည်း ငါး၏ဝမ်းကိုခွဲလေသော်၊ ဝမ်းထဲတွင် အသပြာတစ်ထောင်ထုပ်ကိုမြင်၍။ လုလင်ဘုရားလောင်းအား ကြား၏။ ဘုရားလောင်းလည်း အသပြာထုပ်ကိုကြည့်၍ မိမိတံဆိပ်ကိုမြင်လျှင် မိမိဥစ္စာ၏ အဖြစ်ကိုသိ၍။ ယခုအခါ ဤတံငါတို့သည်၊ ဤငါးကို သူတစ်ပါးတို့အား ရောင်းစား ကုန်သည်ရှိသော်၊ တစ်ထောင်ခုနစ်ပဲတို့ဖြင့် ရောင်းစားကုန်၏။ ငါတို့မူကား၊ တစ်ထောင်သော အသပြာသည် ငါတို့ဥစ္စာဖြစ်သောကြောင့်။ ခုနစ်ပဲဖြင့်သာ ရောင်းရှာကုန်၏။ အဘယ်ကို မှီ၍ဆုံးလေပြီးသော၊ ဤအသပြာတို့ကို။ ငါသည် ရအပ်သနည်းဟု ဆင်ခြင်လေလျှင်၊ မြစ်စောင့်နတ်သည် ကောင်းကင်၌ ထင်ရှားသောအသွင်ကိုပြလျက်၊ ငါကား ဂင်္ဂါမြစ်ကိုစောင့်သောနတ်တည်း။ သင်သည် ဂင်္ဂါမြစ်၌ ငါးတို့အား အတိရေကဖက်ကိုပေးလျှ၍၊ ငါ့အား အမျှဝေအပ်၏။ ထိုကြောင့် သင့်ဥစ္စာကို ငါစောင့်ရှောက်သည်ဟုဆို၏။ ယင်းသို့ဆိုပြီးမှ သင့်ညီသည် သင့်အား လှည့်စားလိုသောကြောင့်၊ ထိုအမှုကိုပြုသည်။ သင်သည် ငါ့အား ကျေးဇူးရှိပေသောကြောင့်၊ ငါလည်း သင့်ဥစ္စာကို မပျက်မပျောက်ရအောင် ဆောင်၍ပေးသည်။ သင့် ညီငယ်ကား သူခိုးတည်း။ သူခိုးအား ဤဥစ္စာကိုမပေးပါလင့်ဟုဆို၏။ အစ်ကိုဘုရားလောင်းကား သနားတတ်သောသဘောရှိသောကြောင့်။ ညီငယ်သူခိုးအား ငါးရာပင် ခွဲဝေ၍ ပေးလေသေး၏။ ။ ဤ၌ အစ်ကိုဘုရားလောင်း

mgyoe.com

mgyoe.com

သည် ရှေးရှေးသောဘဝက သြတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍။ သူတပါးဥစ္စာကို ခိုးယူခြင်းတည်းဟူသော အဒိန္နာဒါန်မှ ကြဉ်ရှောင်ခဲ့ဖူးသော ကံထူး၏။ အကျိုးစက်ကြောင့်၊ ညီငယ်သည် သူခိုးပြ၍ ခိုးယူခိုးသူတည်းဟူသော ရန်သူကြောင့်လည်းကောင်း၊ ရေသို့ကျလျက်ရေဟူသော ရန်သူကြောင့်လည်းကောင်း၊ အသပြာတစ်ထောင်သည်၊ မဆုံးရှုံးဘဲလက်ထဲသို့ တစ်ဖန်ရောက်လာပြန်သတည်း။

သုခဝိဟာရိတာအဒိန္နာဒါနဝေရမဏိယာဖလံ။ ။ သုခဝိဟာရိတာ၊ ချမ်းသာစွာနေရသောအဖြစ်သည်။ အဒိန္နာဒါနဝေရမဏိယာ၊ အဒိန္နာဒါန်မှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ (ဤသို့ဝုဒ္ဓကပါဌအဋ္ဌကထာမိန့်သည်နှင့် အညီ။ ငါ့ဥစ္စာကိုရန်သူမျိုးငါးပါးတို့သည်၊ ဖျက်ဆီးလိမ့်မည်ဟူ၍။ ကြောင့်ကြစိုးရိမ်ခြင်းမရှိဘဲ ချမ်းသာစွာ နေရခြင်းသည်လည်း။ ရှေးရှေးသောဘဝက၊ သြတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍ သူတစ်ပါးဥစ္စာကိုဖျက်ဆီးခိုးယူခြင်းတည်းဟူသော၊ အဒိန္နဒါန်မှကြဉ်ခဲ့ဖူးသောကြောင့်ပင်တည်း။ ထို့ကြောင့် ယခုအခါ ပညာရှိအပေါင်းသူတော်ကောင်းတို့သည်လည်း။ ငါ့ဥစ္စာကို ရန်သူမျိုးငါးပါးတို့သည်၊ ဖျက်ဆီးခိုးယူလိမ့်မည်ဟု၊ ကြောင့်ကြစိုးရိမ်ခြင်းမရှိဘဲ၊ ချမ်းသာစွာနေရခြင်းတည်း ဟူသောအကျိုး။ ရန်သူမျိုးငါးပါးတို့ပင်ဖျက်ဆီးသော်လည်း၊ မပျက်မစီးနိုင်ခြင်းတည်းဟူသောအကျိုးကိုအလိုရှိကုန်မူကား၊ သြတ္တပ္ပသံဝေဂတရားကိုနှလုံးထား၍။ သူတစ်ပါးဥစ္စာကိုခိုးယူဖျက်ဆီးခြင်းတည်းဟူသော၊ အဒိန္နာဒါန်မှဝေးစွာကြဉ်ရှောင်ကုန်ရာ၏။ ။ ဤကား သြတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည်ဖြစ်၍၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်းတည်းဟူသော၊ အဒိန္နာဒါန်မှ ရှောင်ကြဉ်ကုန်သော သူတို့၏ဝတ္ထုသက်သေတည်း။

လွန်လေပြီးသောအခါ၊ ဤကမ္ဘာမှကမ္ဘာတစ်သိန်းထက်၌၊ ပဒုမုတ္တရဘုရားသခင်သည်၊ လူတွင်ထင်ရှားဘုရားဖြစ်တော်မူ၏။ ထိုပဒုမုတ္တရအမည်ရှိသော၊ မြတ်စွာဘုရားသည်။ ဟံသာဝတီပြည်ကို အမှီပြုတော်မူ၍၊ ခေမမိဂဒါယတော၌ နေတော်မူသည်ရှိသော်၊ ကြွယ်ဝများမြောင်သော ဥစ္စာပစ္စည်းနှင့်ပြည့်စုံသော၊ ဥပါသကာတစ်ယောက်သည်၊ နံနက်စာစားပြီးလျှင်၊ ဥပုသ်အင်္ဂါတို့ကိုဆောက်တည်၍၊ ပန်းနံ့သာအစရှိသည်တို့ကိုလက်စွဲလျက်၊ ကျောင်းသို့တရားနာသွားလေသော်၊ ထိုအခါပဒုမုတ္တရမြတ်စွာဘုရားက၊ ဥပါသကာတစ်ယောက်ကို၊ အကျွမ်းဝင်သော သူတို့ထက်မြတ်သောအရာဌာနန္တ၌ထားသည်ကို မြင်လေ၏။ ယင်းသို့မြင်လျှင် ထိုဥပါသကာသည်။ ထိုအရာဌာနကိုတောင့်တ၍။ သဗ္ဗညုဘုရားကို တပည့်သားနှင့်တကွ။ ပင့် ဖိတ်ပြီးလျှင်။ ခုနစ်ရက်ပတ်လုံး ဆွမ်းပန်းကျွေးပြီးမှ။ အဆုံးနေ့တွင် သင်္ကန်းသုံးထည်ကိုလှူ၍။ ထိုဝိသာသိကဌာနန္တရကိုဆုတောင်း၏။ ပဒုမုတ္တရမြတ်စွာဘုရားလည်း။ နောင်အခါကမ္ဘာတစ်သိန်းလွန်သော်။ ဂေါတမမြတ်စွာဘုရားလက်ထက်၌။ ထိုရာထူးကိုရလတ္တံ့ဟုဗျာဒိတ်စကားကိုကြားတော်မူ၏။ ထိုဥပါသကာလည်းကမ္ဘာတစ်သိန်းပတ်လုံး။ လူနတ်တို့၌ကျင်လည်ပြီးမှ။ ဤကမ္ဘာဝယ်။ ငါတို့ဘုရားလက်ထက်၊ ဘဂ္ဂတိုင်း။ သုသုမာရဂိရိပြည်၌။ သူဌေးအိမ်တွင်ဖြစ်လေ၏။ ဘုရားသဗ္ဗညုလည်း၊ တပည့်သားအပေါင်းခြံရံလျက်။ ဒေသစာရီလှည့်လည်တော်မူလေသော်။ ထိုသုသုမာရဂိရိပြည်သို့ရောက်၍။ ပဲဖင်းခုံတော၌နေတော်မူ၏။ ထိုအခါနကုလပိတာ အမည်ရှိသော ဤသူကြွယ်သည် သုသုမာရဂိရိပြည်သူပြည်သားတို့နှင့်တကွ။ ဘုရားသခင်ထံသို့လာ၍၊ ရှေးဦးစွာဖူးမြင်ခြင်းဖြင့်သာလျှင်။ နကုလပိတာ ဥပါသကာသည်လည်းကောင်း။ ထိုနကုလပိတာ ဥပါသကာ၏မယားဖြစ်သော နကုလမာတာ ဥပါသိကာမသည်လည်းကောင်း။ သဗ္ဗညုဘုရားကို။ ဤသူကား ငါတို့သားတည်းဟူသော အမှတ်ကိုဖြစ်စေ၍။ နှစ်ယောက်သော လင်မယားတို့သည်။ ဘုရားသဗ္ဗညု၏ ခြေတော်ရင်း၌ဝပ်၍။ ချစ်သား သင်ကား။ ဤမျှသော ကာလပတ်လုံး။ ငါတို့ကို စွန့်ပယ်။ အဘယ်၌လှည့်လည်သနည်းဟု ဆိုလျက်။ ငိုကြွေးကြကုန်၏။ အဘယ့်ကြောင့်မကြောက်မရှက် သားမဟုတ်ဘဲလျက်ပင်။ သားဟု မှတ်ထင်လေသနည်းဟူမူ။ နကုလပိတာအမည်ရှိသော ဤသူကြွယ်သည်။ ရှေးအခါဘဝငါးရာတို့ပတ်လုံး သဗ္ဗညုဘုရား၏ အဖရင်းဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့ပတ်လုံး ဘထွေးဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့

mgyoe.com

mgyoe.com

ပတ်လုံး ဘကြီးဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့ပတ်လုံး ဦးရီးဖြစ်ခဲ့ဖူး၏။ နကုလမာတာ အမည်ရှိသော ဤသူကြွယ်မလည်း။ ရှေးအခါ ဘဝငါးရာတို့ ပတ်လုံးသဗ္ဗညုဘုရား၏ အမိရင်းဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့ပတ်လုံးမိထွေးဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့ ပတ်လုံးမိကြီးဖြစ်ခဲ့ဖူး၏။ ဘဝငါးရာတို့ပတ်လုံး အရီးဖြစ်ခဲ့ဖူး၏။ ဤသို့ဘဝနှစ်ထောင်အားဖြင့်၊ ရှည်လျားလှ စွာသောနေ့ညဥ့်ပတ်လုံး။ အစဉ်တစိုက်လိုက်သော ချစ်ခြင်းရှိသည်။ ဤအဖြစ်ကြောင့်။ သဗ္ဗညုဘုရားကို မြင်လျှင်။ သားဟုထင်မှတ်လျက်။ နှစ်သက်မြတ်နိုးခြင်းကို မစွန့်လွှတ်နိုင်လေကုန်သတည်း။ ဘုရားသခင်လည်း အကြင်မျှလောက် ထိုသူတို့၏ဉာဏ်သည် မသန်မရင့်သေး။ ထိုမျှလောက်မည်သို့မျှ မိန့်တော်မမူ။ လျစ်လျူသာနေတော်မူ၏။ အကြင်အခါ ပါရမီကံသည် ရင့်သန်၏။ ထိုအခါ ထိုသူတို့အား။ လျှောက်ပတ်သော တရားအမြိုက်ကို တိုက်ကျွေးတော်မူ၏။ ယင်းသို့ တိုက်ကျွေးတော်မူလျှင်။ လင်မယားနှစ်ယောက်တို့သည်။ သောတာပတ္တိဖိုလ်၌တည်ကုန်၏။ သဗ္ဗညုဘုရားလည်း။ ထိုအခါမှစ၍။ သံသုမာရဂိရိပြည်သို့ မလာမရောက်။ နောက်အခါ ထိုသူကြီးရင့်သည်ကာလမှ။ သံသုမာရဂိရိပြည်သို့ ကြွတော်မူ၏။ ထိုအခါ နကုလပိတ သားသမီးခင်ပွန်းတို့လည်း။ သဗ္ဗညုဘုရားကြွတော်မူလာသည်ဟု ကြားလျှင်။ ဘုရားသဗ္ဗညုအထံတော်သို့ ကပ်၍။ ငါးပါးသောရှိခိုးခြင်းဖြင့် ရှိသေစွာရှိခိုးပြီးမှ မနက်ဖြန်အလို့ငှာ သံဃာတော်အပေါင်းနှင့်တကွ ပင့်ဖိတ်၍။ မိုးသောက်သောနေ့၌။ မိမိအိမ်တွင် ဘုရားအမှူးရှိသော သံဃာတော်ကို အထူးထူးအပြားပြား မြတ်သောအရသာရှိသော ဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၍။ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိသော ဘုရားသခင်သို့ကပ်၍။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကြကုန်၏။ ယင်းသို့ နေပြီးလျှင်။ နကုလာပိတာ အမည်ရှိသော သူကြွယ်သည်။ သဗ္ဗညုဘုရားအား။ ဤစကားကို လျှောက်ထား၏။ ဘုန်းတော်ကြီးလှသော ဘုရား။ အကျွန်ုပ်ကား အကြင်အခါမှစ၍။ နကုလမာတာ အမည်ရှိသောသူကြွယ်ကို၊ တစ်ဆယ့်ခြောက်နှစ်ရွယ်ငယ်သောအခါမှဆောင်အပ်၏။ ထိုအခါမှစ၍။ နကုလမာတာ အမည်ရှိသောသူကြွယ်မကို စိတ်မျှဖြင့်သော်လည်း လွန်ကျူး၍ ကျင့်မိသည်ကို မသိစဘူး။ ကိုယ်ဖြင့်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အရှင်ဘုရား၊ အကျွန်ုပ်တို့ကား။ ဤပစ္စုပ္ပန်ဘဝ၌လည်း အချင်းချင်းမြင်ခြင်းငှာ အလိုရှိပါကုန်၏။ နောင်သံသရာ တမလွန်ဘဝ၌လည်း အချင်းချင်းမြင်ခြင်းငှာ အလိုရှိပါကုန်၏ဟုလျှောက်၏။ နကုလမာတာအမည်ရှိသော သူကြွယ်မလည်း။ သဗ္ဗညုဘုရားအား ဤသို့လျှောက်ထား၏။ ဘုန်းတော်ကြီးလှသောဘုရား။ အကြင်ခါမှစ၍။ အကျွန်ုပ်ကို နကုလပိတာအမည်ရှိသော သူကြွယ်သည်။ ငယ်စဉ်ကာလမှ ဆောင်ယူအပ်၏။ ထိုအခါမှစ၍ အကျွန်ုပ်သည်။ နကုလပိတာ အမည်ရှိသော သူကြွယ်ကို။ စိတ်မျှဖြင့်လည်း လွန်ကျူး၍ ကျင့်မိသည်ကို မသိစဘူး။ ကိုယ်ဖြင့် လွန်ကျူး၍ ကျင့်ခြင်းဝယ် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အရှင်ဘုရား အကျွန်ုပ်တို့ကား၊ ဤပစ္စုပ္ပန်ဘဝ၌လည်း အချင်းချင်းတွေ့ခြင်းကို အလိုရှိပါကုန်၏။ နောင်သံသရာတမလွန်ဘဝ၌လည်း အချင်းချင်းတွေ့ခြင်းကို အလိုရှိပါကုန်၏ဟု လျှောက်၏။

ဣစ္ဆေယျာမမယံဘန္တေဒိဋ္ဌေစေဝဓမ္မေအညမည့်ပဿိတုံ၊ အဘိသံပရာယဉ္စအညမည့် ပဿိတုန္တိ။ ။ အင်္ဂုတ္တရအဋ္ဌကထာ။ ။ ဘန္တေ၊ အရှင်ဘုရား။ မယံ။ အကျွန်ုပ်တို့သည်။ ဒိဋ္ဌေစေဝဓမ္မေ၊ မျက်မှောက်သော၊ ကိုယ်၏။ အဖြစ်၌လည်း။ အညမည့်၊ အချင်းချင်း။ ပဿိတုံ၊ တွေ့ကြုံခြင်းငှာ။ ဣစ္ဆေယျာမ၊ အလိုရှိပါကုန်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လင်မယားနှစ်ယောက်တို့ လျှောက်ကြကုန်၏။ ။ ဤသို့သဗ္ဗညုဘုရားအား၊ အကျွမ်းဝင်သော စကားကိုလျှောက်ထားရခြင်းအကျိုးငှာ၊ ကမ္ဘာတစ်သိန်းပတ်လုံးပါရမီကိုဖြည့်ကြကုန်သတည်း။ ပါရမီကံ၏ အကျိုးသည်အပြီးသို့ရောက်၍။ လျှောက်ထားကြသည်ကို သိတော်မူသောကြောင့်၊ သဗ္ဗညုဘုရားလည်း၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်နေတော်မူလျက်၊ ဥပါသကာယောကျ်ား။ ဥပါသကီမိန်းမတို့ကို၊ ဌာနန္တရ၌ထားတော်မူရာဝယ်၊ နကုလပိတာကို။ ။ ဧတဒဂ္ဂံ ဘိက္ခဝေမမသာဝကာနံဥပါသကာနံဝိဿာသိကာနံယဒိဒံနကုလပိတာ။ ။ ဟုဝိဿာသိကဌာနန္တရ၌ ဧတဒဂ်ထားတော်မူ၏။ ။ နကုလ

mgyoe.com

o m


မာတာကိုလည်း။ ။ တေဒဂ္ဃဘိက္ခဝေမမသာဝိ ကာနံ ဝိသာသိကာနံယဒိဒံနကုလမာတာ။ ။ ဟုဝိသာသိက ဌာနဂ္ဂရည်ပင်၊ တေဒဂ်ထားတော်မူ၏။

ဤနကုလပိတာနှင့်-နကုလမာတာတို့သည်၊ ရှေးရှေးသောဘဝကသြတ္တပ္ပသံဝေဂနှင့်ပြည့်စုံသည် ဖြစ်၍၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့်လွန်ကျူး၍ ကျင့်ခြင်းတည်းဟူသော၊ ကာမေသု မိစ္ဆာစာရမှကြဉ် ခဲ့ဖူးသော ကံထူး၏အကျိုးဆက်ကြောင့်၊ ဆက်တိုင်း ဆက်တိုင်းသောဘဝတို့၌၊ လင်မယားနှစ်ယောက်တို့ သည်။ အချင်းချင်း အလွန်ချစ်ကြကုန်သည်။ ။ ဣတ္ထိပု ရိသာနံအညမညပိယတာ ကာမေသုမိစ္ဆာစာရဝေရမဏိ ယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ ဣတ္ထိပုရိသာနံ၊ လင်မယား ဖြစ်ကုန်သော မိန်းမယောကျ်ားတို့၏။ အ ညမညပိယတာ၊ အချင်းချင်းချစ် သောအဖြစ်သည်။ ကာမေသုမိစ္ဆာစာရဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ နကုလပိတာ သည်၊ ဘဝများစွာ၊ ကမ္ဘာတစ်သိန်းပတ်လုံး။ နပုန်း ပဏ္ဍုက်၏အဖြစ်၊ ဥဘတောဗျည်း၏အဖြစ်၊ မိန်းမ၏အ ဖြစ်သို့မကပ်ခြင်း။ နကုလမာတာသည်လည်း၊ ဘဝ များစွာကမ္ဘာတစ်သိန်းပတ်လုံး၊ နပုန်းပဏ္ဍုက်၏အဖြစ်၊ ဥဘတောဗျည်း၏အဖြစ်သို့ မကပ်ခြင်းသည်လည်း၊ ရှေး ရှေးသောဘဝက၊ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည် ဖြစ်၍ မိစ္ဆာစာရမှ ကြဉ်ခဲ့ဖူးသောကြောင့်ပင်ဖြစ်သည်။ ။ ဣတ္ထိဘာဝပဋိလာဘဿဝါ နပုံသက တပဋိလာဘ ဿဝါအဘဗ္ဗတာကာမေသုမိစ္ဆာစာရဝေရ မဏိယာဖလံ၊ ၎င်းခုဒ္ဒကပါဌအဋ္ဌကထာ။ ။ ဣတ္ထိဘဝ ပဋိလာဘ ဿဝါ၊ ယောကျ်ားဖြစ်လျက် မိန်းမအဖြစ်ကို ရခြင်း၏ လည်းကောင်း၊ နပုံသကတ္တပဋိလာဘဿဝါ၊ ယောကျ်ား မိန်းမဖြစ်လျက် နပုန်းပဏ္ဍုက်၏အဖြစ်ကိုရ ခြင်း၏ လည်းကောင်း၊ အဘဗ္ဗတာ၊ မထိုက်သောအဖြစ်သည်။ ကာမေသုမိစ္ဆာစာရဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ပီယဝိပ္ပယောဂါဘဝတာကာမေသုမိစ္ဆာစာရ ဝေရမဏိယာဖလံ။ ။ ပီယဝိပ္ပယောဂါဘာဝတာ၊ ချစ် သော သူတို့နှင့်ကွေကွင်းခြင်းမရှိသော အဖြစ်သည်။ ကာမေသ မိစ္ဆာစာရဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၏။ ဖလံအကျိုးတည်း။ ။ (ဤသို့ခုဒ္ဒကပါဌ အဋ္ဌကထာမိန့်သည်နှင့်အညီ။ လင်မယားနှစ်ယောက် တို့သည် နောက်က ပြဆိုအပ်ပြီးသောနည်းဖြင့်၊ ဘဝနှစ် ထောင်တို့ပတ်လုံး၊ မကွေမကွင်းဖြစ်ရခြင်းသည်လည်း၊ ရှေးရှေးသောဘဝက၊ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ် ၍၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ခဲ့ဖူးသောကံထူး၏ အကျိုးကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်လည်း၊ နကု လပိတာ-နကုလာမာတာကဲ့သို့၊ လင်မယားတို့၏ အချင်းချင်း ချစ်ခြင်း။ ယောကျ်ားဖြစ်သောသူ၏ မိန်းမ နပုန်းပဏ္ဍုက်၊ ဥဘတောဗျည်း၏အဖြစ်သို့ မကပ်ခြင်း။ တစ်ယောက်သည် တစ်ယောက်နှင့်၊ မကွေမကွင်းဖြစ် ခြင်းကို အလိုရှိကြကုန်မူ၊ ထိုနကုလပိတာ- နကုလ မာတာတို့ကဲ့သို့၊ သြတ္တပ္ပသံဝေဂတရားကို နှလုံးပြု၍ ကာမေသုမိစ္ဆာစာရဝေးစွာ ကြဉ်ရှောင်ကုန်ရာ၏)။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည်ဇေတဝန် ကျောင်း၌ ကိန်းအောင်းစံပျော်နေတော်မူသောအခါ။ ကိမိလပြည်၌ ရောဟကအမည်ရှိသော သူကြွယ် သားသည်၊ ကံ-ကံ၏အကျိုး၊ ရတနာသုံးပါး၏ဂုဏ် ကိုယုံကြည်သည်ဖြစ်၍၊ ရတနာသုံးပါး၌ ကြည်ညို၏။ သီလအကျင့်နှင့် ပြည့်စုံ၏။ ထိုကိမိလပြည်၌ပင် ရောဟ ကအမည်ရှိသော သူကြွယ်သားနှင့်တူသော စည်းစိမ် ချမ်းသာရှိသော အမျိုး၌၊ သတို့သမီးတစ်ယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍၊ ရတနာသုံးပါး၌ ကြည်ညို၏။ သဘောကောင်းသည်၏အဖြစ်ကြောင့်။ ဘဒ္ဒါဟူသော အမည်အားဖြင့်တွင်၏။ ထိုအခါ ရောဟက ၏ မိဘတို့သည်၊ ဘဒ္ဒါအမည်ရှိ သောသတို့သမီးကို တောင်း၍၊ အချိန်အရွယ်ရောက်သည်ကာလ၊ ရောဟက- ဘဒ္ဒါသမီးခင်ပွန်းတို့သည်။ အညီအညွတ်နေကြကုန် ၏။ ထိုဘဒ္ဒါကား အကျင့်သီလနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၊ မိန်းမကောင်းဟု ကိမိလပြည်တွင် ထင်ရှား ကျော်စော၏။ ထိုအခါ သာရိပုတ္တရာ-မောဂ္ဂလာန်နှစ်ပါး တို့သည်၊ တပည့်သားငါးရာစီ အခြံအရံရှိကုန်သည် ဖြစ်၍၊ ဇနပဒစာရီကကို လှည့်လည်ကြကုန်သည်ရှိ သော်၊ ကိမိလပြည်သို့ ရောက်လာကြကုန်၏။ ရောဟက လည်း မထေရ်နှစ်ပါးတို့၏တပည့်သားနှင့်တကွ ရောက်

mgyoe.com

လာသောအဖြစ်ကို သိ၍။ ဝမ်းမြောက်ရွှင်လန်းစွာ မဟာထေရ် တို့ကို ကပ်၍ရှိခိုးပြီးမှ၊ နက်ဖြန်အလို့ငှာ ပင့်ဖိတ်၍ နှစ်ရက်မြောက်သောနေ့၌၊ မွှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် အခြံအရံနှင့်တကွ မထေရ်နှစ်ပါး တို့ကိုလုပ်ကျွေးပြီးလျှင်။ မယားနှင့်တကွ တရားတော်ကို နာပြီးမှ မထေရ်တို့၏အဆုံးအမ၌ တည်၍၊ သရဏဂုံ တို့ကို လည်းခံယူ၏ ပဉ္စသီလတို့ကို ဆောက်တည်၏။ မယားဘဒ္ဒါကား အဋ္ဌမီ၊ စတုဒ္ဒသီ၊ ပဥ္စဒသီ၊ ပါဋိဟာ ရိယပက္ခတို့၌ ဥပုသ်ကိုလည်းသုံး၏။ အထူးအားဖြင့် သီလအကျင့်နှင့် ပြည့်စုံ၏။

ဝိသေသတောသီလာစာရသမ္ပန္နအဟောသိ။ ။ ဝိမာနဝတ္ထုအဋ္ဌကထာ။ ။သာ၊ ထိုဘဒ္ဒါသည်။ ဝိသေ သတော၊ လင်မှအထူးအားဖြင့်။ သီလစာရသမ္ပန္နာ၊ သီ အကျင့်နှင့် ပြည့်စုံသည်။ အဟောသိ၊ ဖြစ်၏။

ယင်းသို့သီလ အကျင့်နှင့် ပြည့်စုံရကား၊ နတ် များတို့လည်း။ ထိုဘဒ္ဒါကို အစဉ်သနားအပ်၏။ ထိုသို့ အစဉ်သနား အပ်သည်၏ အဖြစ်ကြောင့်သာလျှင်၊ မိမိ၏အထက်၌ကျသော မိစ္ဆာစာရကင်းသည်ကိုပြု၍၊ အလွန်စင်ကြယ်သော သီလအကျင့်ရှိရကား၊ လောက၌ အလွန်လျှင်ပျံ့နှံ့သော ကျော်စောသံရှိ၏။ အဘယ်သို့ ရှိသနည်းဟူမူ၊ ထိုဘဒ္ဒါသည်။ မိမိကား ကိမိလပြည်၌ တည်လျက်ပင်။ လင်ရောဟက၏ ဖောက်ကားရောင်း ဝယ် ကုန်သွယ်သည်၏အစွမ်းဖြင့်၊ တက္ကသိုလ်ပြည်၌ နေစဉ်၊ ပွဲသဘင်နေ့၌ အဖော်တို့သည် တိုက်တွန်းရ ကား။ နက္ခတ်သဘင်ကစားလိုသော စိတ်ဖြစ်လေသော်၊ အိမ်စောင့်နတ်သည် မိမိ၏အာနုဘော်ဖြင့်။ ဘဒ္ဒါကို တက္ကသိုလ်ပြည်သို့ဆောင်၍။ မိမိ၏လင်ဖြစ်သော ရောဟကနှင့်တကွ ပေါင်းဖက်စေ၏။ ယင်းသို့ ပေါင်း ဖက်စေ၍။ ပဋိသန္ဓေ ကိုယ်ဝန်တည်သည်ကာလမှ၊ ဘဒ္ဒါကို အိမ်စောင့်နတ်သည်၊ ကိမိလပြည်သို့ တစ်ဖန် ဆောင်ခဲ့၏။ ပဋိသန္ဓေကိုယ်ဝန်သည်အစဉ်အားဖြင့်။ ကြီးပွား၍ ထင်ရှားဖြစ်လေသော်၊ လင်၏ပေါက်တော် ဖြစ်သော မိဘဆွေမျိုးတို့သည်။ ထိုအကြောင်းကို မသိရ ကား။ ဘဒ္ဒါကား ယုံမှားသင်္ကာ ရှိကုန်၏။ ဤဘဒ္ဒါ သည် လင်သည် ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်း ငှာ၊ အရပ်တစ်ပါးသို့သွားသည် အခိုက်ကို၊ မိမိကြိုက် သော ယောကျ်ားတို့နှင့်၊ အတိစာရအမှုကိုပြုသည်ဟု ဆိုကုန်၏။ ဘဒ္ဒါလည်း ငါသည်၊ ငါ့လင်ဖြစ်သော ရောဟကမှတစ်ပါး အခြားယောကျ်ားကို စိတ်မျှသော် လည်း မလွန်ကျူး၊ ကိုယ်ဖြင့်ကား အဘယ်ဆိုဖွယ်ရှိ အံ့နည်းဟု ဆို၏။ ယင်းသို့ဆိုသော်လည်း၊ ထိုစကားကို အများပင် မယုံကြည်ကြ၊ ယင်းသို့မယုံကြည်သည်နှင့်။ ထိုအခါ၊ ဂင်္ဂါမြစ်ရေသည်၊ ကိမိလပြည်သား အပေါင်း တို့ကို၊ ငါ့သစ္စာ၏ အာနုဘော်ဖြင့် ချမ်းသာစေအံ့ဟု နှလုံးပြု၍၊ အကယ်ငါသည်၊ ငါ့လင်မှတစ်ပါး၊ အခြားသူ နှင့် အတိစာရအမှုကို ပြုသည်မှန်အံ့။ ငါ့အားအကျော် စောမဲ့သည် လွှမ်းမိုးသကဲ့သို့၊ ဤဂင်္ဂါမြစ်ရေသည်၊ ကိမိလပြည်အလုံးကို လွှမ်းမိုးသည်ဖြစ်စေသား။ အတိ စာရအမှုကိုမပြုသည်မှန်အံ့။ ငါ့အားမဟုတ်မမှန်သော အကျော်စောမဲ့သည်၊ လျှောကျပျောက်ပျက်သကဲ့သို့၊ ဤ ဂင်္ဂါမြစ်ရေလည်း။ လျှောကျပျောက်ပျက်သည်ဖြစ်စေ သော်ဟု။ သစ္စာဓိဋ္ဌာန်ပြု၏။ ယင်းသို့ သစ္စာပြုသည်နှင့် တစ်ပြိုင်နက်တစ်ချက်တည်း၊ ဂင်္ဂါမြစ်ရေလည်း၊ လျှော ကျပျောက်ပျက်လေ၏။ မိမိ၏ အကျော်အစောမဲ့လည်း ပျောက်ပျက်ရှင်းလင်းလေ၏။ ထိုအခါမှစ၍၊ ကိမိလ မြို့သူမြို့သားနှင့်တကွ၊ လင်၏မိဘပေါက်ဖော်ဆွေမျိုး တို့သည်၊ ယုံကြည်ရကား။ ဘဒ္ဒါကို သီလနှင့်ပြည့်စုံ သော မိန်းမဟူ၍ အလွန်ချစ်ကြင်မြတ်နိုးကြကုန်၏။ နောက်အခါ လင်နှင့်တကွ ပေါင်းမိပြန်သည်ကာလ၊ လင်လည်း မိဘပေါက်ဖော်ကဲ့သို့ပင်။ တွေးတောယုံမှား ရှိပြန်လျှင်။ လင်အားလည်း၊ တက္ကသိုလ်ပြည်တွင် နက္ခတ် ပွဲသဘင်ကစားသည်ကာလ။ သင်ကငါ့အား ပေးသည် လက်စွပ်တည်းဟု။ လက်စွပ်ကိုပြလျှင်။ လင်လည်း ယုံကြည်ရကား။ အလွန်ချစ်မြတ်နိုး၏။ ဘဒ္ဒါသည် နောက်အခါ သေလွန်၍။ ထိုအကျင့်သီလ အာစာရ ကြောင့်။ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအခါ၊ သဗ္ဗညုဘုရား။ သာဝတ္ထိပြည်မှ။ တာဝတိံသာနတ်ပြည် သို့ကြွ၍။ ပင်လယ်ကသစ်ပင်ရင်း၌ နေတော်မူသည်ရှိ သော်။ ဘဒ္ဒါသည်လာ၍ရှိခိုး၏။ ထိုအခါ ဘုရားသဗ္ဗညု က။ အရောင်အဝါ တင့်တယ်စွာနှင့်လာ၍။ ရှိခိုးသော နတ်သမီးကား၊ အသူနည်းဟု မေးတော်မူ၏။ ဘုန်း တော်ကြီးလှသောဘုရား။ အကျွန်ုပ်ကား ရှေးလူဖြစ်စဉ်

mgyoe.com

ကာလ။ ကိမိလပြည်ဝယ်။ ဘဒ္ဒါအမည်ရှိသော ဥပါသကာမတည်းဟု လျှောက်၏။ အဘယ်ကောင်းမှုကြောင့် သင်သည်။ ဤနတ်ပြည်သို့ရောက်လာသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးလှသောဘုရား။ အကျွန်ုပ်ကား အရှင်ဘုရား အဆုံးအမတော်ကို ခံ၍။ ကိမိလပြည်ဝယ်။ မကျိုးမပေါက်ရအောင် သီလကိုစောင့်ရှောက်ခဲ့ဖူးသော ကောင်းမှုကြောင့်။ ဤနတ်ပြည်သို့ ရောက်လာပါသည်ဟု လျှောက်၏။ သဗ္ဗညုဘုရားလည်းကောင်း၏ဟု မိန့်တော်မူ၏။

ဤဘဒ္ဒါသည်။ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍။ အတိစာရအမှုမကောင်းမှ ကြဉ်သောကောင်းမှု၏ အာနုဘော်ကြောင့်၊ ကိမိလပြည်အလုံးကို လွှမ်းမိုးလတ္တံ့သော ရေအယဉ်ကို လျှောကျစေရကား၊ ကိမိလပြည်သူပြည်သားတို့သည်။ အကျင့်သီလနှင့်ပြည့်စုံသော မိန်းမပေတကားဟု အလွန်ချစ်ကြင်မြတ်နိုးကြကုန်၏။ နောက်ကာလ၌လည်း၊ လင်နှင့်တကွယောက္ခမပေါက်ဖော်ဆွေမျိုးတို့သည်၊ အစာတိရမှ ကြဉ်ခြင်းကြောင့်။ အလွန်ချစ်ကြင်မြတ်နိုးကြကုန်၏။ ။ သဗ္ဗဇနပီယတာ ကာမေသုမိစ္ဆာစာရဝေရမဏီယာဖလံ။ ။ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ သဗ္ဗဇနပီယတာ၊ ခပ်သိမ်းသော လူအပေါင်းတို့ ချစ်မြတ်နိုးအပ်သောအဖြစ်သည်။ ကာမေသု မိစ္ဆာစာရ ဝေရမဏီယာ၊ ကာမေသု မိစ္ဆာစာရမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။(ဤဘဒ္ဒါအမည်ရှိသော မိန်းမကောင်းကဲ့သို့၊ ခပ်သိမ်းသော လူအပေါင်းတို့၏ချစ်ခြင်းကို အလိုရှိကုန်မူ။ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ ဘဒ္ဒါအမည်ရှိသော မိန်းမမြတ်ကဲ့သို့၊ သြတ္တပ္ပသံဝေဂတရားကို နှလုံးထားလျက်၊ ကာမေဂုဏ်တို့၌ မှားသောအကျင့်ဟုဆိုအပ်သော။ အတိစာရ အမှုကိုဝေးစွာ ရှောင်ကြဉ်ကုန်ရာ၏)။ ။ ဤကား၊ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍။ ကာမေသုမိစ္ဆာစာရအမှုမှာ၊ ကြဉ်ရှောင်ကြကုန်သောသူတို့၏ ဝတ္ထုသကေ်သေတည်း။

လွန်လေပြီးသောအခါ၊ ငါတို့သဗ္ဗညု ဘုရားမပွင့်မီကာလ အတန်ကြာက၊ တိုင်းစွန်ပြည်ကြပ်။ အမှတ်မရှိသော၊ ပစ္စန္တရစ်မင်းသည်၊ တစ်ထောင်မျှလောက်သော ဗိုလ်ပါသူရဲရှိ၏။ တိုင်းပြည်ကား အငယ်အကျဉ်းသာ။ ပညာကား အလွန်ကြီးကျယ်၏။ ထိုပစ္စန္တရစ်တိုင်းကြပ်မင်းသည် တစ်နေ့သ၌ ဤသို့ကြံ၏။ အကယ်၍ကား၊ ငါ့အား တိုင်းပြည်ဗိုလ်ပါ၊ ဆင်မြင်း သူရဲကားနည်းလှစွာ၏။ ပညာရှိသော်ကား၊ ငါ့အားတုမည်သူဇမ္ဗူဒီပါဝယ် ရှားသော်ရှား၏။ ပညာအားဖြင့်။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်းအဖြစ်ကို ယူခြင်းငှာတတ်ကောင်း၏ဟုကြံ၍။ အနီးဖြစ်သော တိုင်းကြီး ပြည်ကြီးရှင်မင်းအား သံကိုစေလွှတ်၏။ ခုနစ်ရက်တွင်းဝယ် ငါ့အား တိုင်းပြည်ကိုလည်း ပေးအပ်မည်လော။ ယင်းသို့မဟုတ်၊ စစ်တည်းပြိုင်ဆိုင်ထိုးနိုင်မည်လောဟု စေလိုက်၏။ ယင်းသို့ စေလိုက်ပြီးသည်မှ နောက်ကာလ၌။ ထိုပစ္စန္တရစ်မင်းသည်။ မိမိမှူးမတ်တို့ကိုခေါ်၍။ ငါသည်အစ်ကိုတို့အား မပန်မကြားဘဲ။ မလွှဲမဆိုင်း။ နိုင်အထက်အမှုကို ပြုမိချေပြီ။ ဤမည်သော မင်းအားသို့စကားကို စေမိချေပြီ။ သို့မဖွယ်မရာ စေမိရာဝယ် အဘယ်ပြုရအံ့နည်းဟု ဆို၏။ ထိုအခါ မှူးမတ်တို့က အရှင်မင်းကြီး။ ထိုတမန်ကို . လျင်မြန်စွာလိုက်သိမ်းသော်၊ မတော်ပါလောဟု လျှောက်ကုန်၏။ ။ မှူးတော်မတ်တော်တို့ တမန်သွားသည်ကား၊ ကာလရှည်လျားလေပြီ။ လိုက်သိမ်းသော်လည်း တော်မည်မဟုတ်ဟု မိန့်တော်မူ၏။ ယင်းသို့လိုက်သိမ်းခြင်းငှာ မတတ်ကောင်းသည်ဖြစ်အံ့။ အရှင်မင်းကြီးသည် ငါတို့ တိုင်းပြည်အလုံးစုံကို အကုန်ဖျက်ဆီးအပ်သည်မည်၏။ ဟုလျှောက်ကုန်၏။ ဖျက်ဆီးအပ်သည်ဖြစ်၍။ စေမိ၍ရှိပြီကို၊ အစ်ကိုတို့ ဘယ်သို့ပြုကြမည်နည်းဟု မေးတော်မူ၏။ အရှင်မင်းကြီး ယင်းသို့တပြီးကား။ သူတစ်ပါးလက်၌ သွေးသံတချင်းသေရခြင်းသည် ဆင်းရဲ၏။ ငါတို့သည် အချင်းချင်းပုတ်ခတ်၍ သေကုန်အံ့။ ကိုယ့်ကိုယ်ကိုယ်ထိုး၍ သေကုန်အံ့။ အထက် အထက်၌ ကြိုးဆွဲ၍ သေကုန်အံ့။ အဆိပ်ကိုစား၍ သေကုန်အံ့။ ဤသို့အမတ်တို့တွင် တစ်ယောက်သည် တစ်ယောက်အား သေခြင်းကိုသာ ချီးမွမ်း၏။ ထိုနောက်မှ မင်းသည် မှူးတော်မတ်တော်တို့ ဤသေခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတို့အား သူရဲကား အဘယ်မျှရှိသနည်းဟု မေးတော်မူ၏။ ထိုအခါ အရှင်မင်းကြီး။ အကျွန်ုပ်ကား သူရဲတည်း၊ အကျွန်ုပ်ကား သူရဲတည်းဟု၊ သူရဲတစ်ထောင်တို့သည် ထကြကုန်

mgyoe.com

၏။ ထိုနောင်မှ မင်းသည်။ ထိုသူရဲတစ်ထောင်တို့ကို စုံစမ်းအံ့ဟု အကြံပြု၍။ ကြီးစွာသောမီးပုံကို စီရင်ပြီးလျှင်။ အချင်းတို့ ငါကား၊ ဤအနိုင်အထက်အမှုကို ပြုမိ၍ ရှိချေပြီ။ ထိုအမှုကို ငါ၏မှုူးမတ်တို့သည်။ မြည်တွန်တောက်တီးကြကုန်၏။ ငါသည်၊ ဤမီးပုံတွင်းသို့ဆင်း၍သေတော့အံ့။ အဘယ်သူရဲတို့သည်၊ ငါနှင့်အတူတကွ သေဝံ့ကြမည်နည်း။ အဘယ်သူရဲတို့သည် ငါ့အား အသက်ကို စွန့်ကြမည်နည်းဟု မေးတော်မူ၏။ ယင်းသို့ မေးတော်မူသည်ရှိသော်၊ ထိုတစ်ထောင်အနက်က။ တစ်ဝက်ငါးရာသော သူရဲတို့သည်။ ငါတို့ကား အရှင်မင်းကြီးနှင့်တကွ၊ မီးပုံတွင်းသို့ဆင်း၍ သေကုန်အံ့ဟု ထကုန်၏။ ထိုနောက်မှ၊ မင်းသည်ကြွင်းသော သူရဲငါးရာတို့ကို၊ အမောင်တို့ သင်တို့ကား၊ ယခုအခါဝယ်၊ အဘယ်သို့ပြုကြအံ့နည်းဟု မေးတော်မူ၏။ ထိုအခါ၊ ငါးရာသော သူရဲတို့သည်။ အရှင်မင်းကြီး၊ ဤအမှုအရာကား ကြီးမြတ်သော ယောကျာ်းတို့၏ အမှုအရာမဟုတ်၊ ယုတ်နိမ့်သော မိန်းမတို့၏အမှုအရာသာ ဖြစ်သည်။ စင်စစ်မူကား၊ အရှင်မင်းကြီးသည်၊ အကြင်ရန်သူမင်းအား။ တမန်တော်ကို စေအပ်၏။ ထိုရန်သူမင်းနှင့် ငါတို့သည် တစ်ကြိမ်တစ်ခါ စစ်ပြိုင်ဆိုင်၍ မနိုင်သည်ကာလမှ။ ကြံထိုက်ရာကြံကြအံ့ဟု လျှောက်ကုန်၏။ ထိုနောင်မှ မင်းလည်း မီးပုံတွင်းသို့ဆင်းအံ့ဟု ဆိုသော၊ ငါးရာသော သူရဲတို့ကို။ အမောင်တို့ကား၊ ငါ့အားအသက်ကို စွန့်အပ်လေပြီ။ ထိုသူရဲငါးရာနှင့်တကွ။ ပေါင်း၍တိုက်ရမည်ဟု၊ အင်္ဂါလေးပါးရှိသော စစ်သည်ရဲမက်ကို ဖွဲ့၍၊ ထိုသူရဲတစ်ထောင်ဖြင့်ခြံရံလျက်။ မိမိနိုင်ငံ အပိုင်းအခြားသို့သွား၍နေနှင့်၏။ တိုင်းကြီးပြည်ကြီး အရှင်ဖြစ်သော ရန်သူမင်းလည်း။ တိုင်းကြပ် ပစ္စန္တရစ်မင်း၏စကားကို ကြားလျှင်။ အချင်းတို့ ဤတိုင်းပြည်စုတ် ခုဒ္ဒမင်းသည်။ ငါ့ကျွန်တစ်ယောက်မျှလည်း မလောက်ဘဲနှင့်။ ငါ့အား ပြစ်မှားရလေသည်တကားဟု အမျက်ထောင်းထောင်းထလျက်၊ လက်နက်လူသူစုရုံးပြီးမှ။ အလုံးစုံသော ဗိုလ်ပါကိုယူ၍။ စစ်ထိုးခြင်းငှာ ထွက်လာ၏။ တိုင်းကြပ်ပစ္စန္တရစ်မင်းလည်း၊ စစ်ထိုးခြင်းငှာ ရှေးရှုတက်လာသော။ တိုင်းကြီးပြည်ကြီးရှင်မင်းကိုမြင်လျှင်။ မိမိဗိုလ်ပါသူရဲတို့ကို ဤသို့ဆို၏။ အမောင်တို့ ငါကား မများလွန်းကုန်၊ သူ့အားကိုစာလျှင်။ ငါတို့က အလွန်ပင် အားနည်းသည်ဖြစ်၍။ သုံးကြောင်းသုံးဖြာမစိတ်မဖြာဘဲ၊ သူရဲတစ်ထောင်လုံးသည် စုရုံးပြီးလျှင်။ သန်လျက်ဓားကို မြဲမြံစွာကိုင်ပြီးမှ၊ လျင်မြန်စွာ ရန်သူမင်းရှေ့သို့။ ဖြောင့်ဖြောင့်သာ သွားကြကုန်လော့ဟုဆို၏။ တစ်ထောင်သော သူရဲတော်တို့လည်း။ မိမိတို့သခင်၊ အရှင်မင်းဆိုတိုင်း၊ မဆိုင်းမဆုတ် အားထုတ်လုံ့လပြုကြကုန်၏။

တေတထာအကံသု။ ။ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ။ ။ တေ၊ ထိုတစ်ထောင်သော သူရဲတော်တို့သည်။ တထာ။ ထိုမိမိသခင်အရှင်မင်း ဆိုတိုင်း။ အကံသု။ မဆိုင်းမဆုတ် အားထုတ်လုံ့လပြုကြကုန်၏။ ။ အဓိပ္ပာယ်ကား။ မိမိတို့သခင်၊ အရှင်မင်းသည်။ ရှေးရှေးသော ဘဝက။ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ မုသာဝါဒမှ ကြဉ်ခဲ့ရကား။ ယုံကြည်အပ်သော စကားရှိသောကြောင့်။ မိမိ အခြံအရံတို့သည်။ မိမိစကားကို နားထောင်လိုက်နာ၍ ပြုကြကုန်၏ဟူလိုသည်။ ။ယင်းသို့ ရန်သူမင်းသို့ ရှေးရှုပြေးသွားသောအခါ၊ ရန်သူမင်းစသည်တို့။ နှစ်ဖြာကွဲ၍ သူရဲတစ်ထောင်အား အကြားအပေါက်ကို ပေးကုန်၏။ ယင်းသို့ပေးကုန်လျှင်၊ တစ်ထောင်သော သူရဲတော်တို့သည်၊ ရန်သူမင်းကို အရှင်ဖမ်းကုန်၏။ အသိန်းအသန်းမက သောရန်သူမင်း၏ သူရဲတို့ကား၊ ကိုယ်လွတ်ထွက်ခွာ၍ တပိုတပါးပြေးသွားလေကုန်၏။ ယင်းသို့ မိမိသူရဲ တော်တို့ဖမ်းမိလျှင်။ အရှင်ဖြစ်သော၊ တိုင်းကြပ်ပစ္စန္တရစ်မင်းသည်။ ရန်သူမင်းကိုသတ်အံ့ဟု ရှေးရှုပြေးလာ၏။ ထိုအခါ ရန်သူမင်းက။ အသက်ကိုမသတ်ပါလင့်။ ချမ်းသာပေးပါဟု ဘေးမဲ့တောင်းပန်၏။ ယင်းသို့တောင်းလျှင်။ အသက်ကိုမသတ်ဘဲ။ ချမ်းသာပေးပြီးမှ။ သစ္စာရေတိုက်၍ မိမိလူပြုပြီးလျှင်၊ ထိုရန်သူမင်းနှင့်တကွ၊ မင်းတစ်ပါးသို့ ရှေးရှုသွား၍။ ထိုမင်း၏ နိုင်ငံအပိုင်းအခြား၌ တည်လျက်၊ တမန်စေလိုက်၏။ ခုနစ်ရက်တွင် စစ်သော်လည်း ထိုးမည်လော။ ယင်းသို့မဟုတ် ပြည်ကိုသော်တည်းပေးမည်လော။ အရေးစကားသိသာအောင် လျှောက်ဟု စေလိုက်၏။ ထိုမင်းလည်း၊ ဤမင်းသည် ရှေးအခါ မိမိသူရဲတစ်ထောင်မျှနှင့်၊ ရေတိုင်းပြည်ကြီးကို ရအောင်ယူနိုင်သေးသည်။ ယခုမှာ နှစ်ပြည်ထောင်ပေါင်း

mgyoe.com

၍ လာသည်ကို။ ငါခံနိုင်ခြိမ့်မည် မဟုတ်။ တိုင်းပြည်ကို အပ်မှသင့်တော့မည်ဟု ကြံ၍၊ စစ်မပြိုင်ဆိုင်ဝံ့ပါ၊ အလိုရှိရာယူပါတော့ဟု တိုင်းပြည်ကိုပေးအပ်လေ၏။ ယင်းသို့ ပေးအပ်လျှင်၊ မင်းနှစ်ပါးတို့သည် အရေးပြီးကြလေ၏။ ဤသို့သောနည်းဖြင့် ဇမ္ဗူဒီပါကျွန်း၌၊ အလုံးစုံ တစ်ရာသော မင်း တို့ကိုသိမ်းယူပြီးမှ၊ အဆုံးစွန်နောက်ကာလဝယ်၊ ဗာရာဏသီမင်းကိုလည်း သိမ်းယူလေ၏။ ထိုပစ္စန္တရစ်တိုင်းကြပ်မင်းသည်၊ တစ်ရာတစ်ယောက်သော မင်းပေါင်းခြံရံလျက်၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ်၊ ဧကရာဇ်အဖြစ်သို့ ရောက်၍။ တိုင်းပြည်ကိုဆုံးမလျက်၊ ဤသို့ကြံ၏။ ငါသည် ရှေးအခါငယ်စွာသော မင်းဖြစ်လျက်။ ယခုအခါ၊ ငါ၏ဉာဏ်နှင့် ပြည့်စုံခြင်းကြောင့်၊ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းထက်၌၊ တဘက်မဲ့မင်း ဖြစ်ရသည်။ လောကီလုလ္လနှင့်ယှဉ်သော အကြင်ငါ၏ဉာဏ်သည်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာတပ်ခြင်းကင်းခြင်းငှာ မဖြစ်ပါသေး။ ဤဉာဏ်ဖြင့်ငါသည်၊ လောကုတ္တရာတရားကို ရှာရပါမူကား။ ကောင်းလေစွဟုကြံ၏။ ယင်းသို့ကြံပြီးသည်နောက်၊ တစ်ရာတစ်ယောက်သော မင်းတို့အား အသီးသီး မိမိတို့တိုင်းပြည်ကိုပေးအပ်၍၊ မိမိသားမယားကိုလည်း မိမိဇနပုဒ်သို့လွှတ်လိုက်ပြီးလျှင်၊ ရှင်ရဟန်း၏အဖြစ်ကို ဆောက်တည်၍၊ ဝိပဿနာတရားကို အားထုတ်လေလျှင်၊ မကြာခင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုရလေသတည်း။

ဤ၌ပစ္စေကဗုဒ္ဓါ၏ အလောင်းဖြစ်သော ပစ္စန္တရစ်တိုင်းကြပ်မင်းသည်။ ရှေးရှေးသောဘဝက၊ သြတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ မဟုတ်မမှန် ပြောဆိုခြင်းတည်းဟူသော။ မုသာဝါဒမှ ကြဉ်ခဲ့ဖူးသော ကံထူး၏အကျိုးကြောင့်၊ ယုံကြည်အပ်သော စကားရှိရကား။ မိမိ၏အခြံအရံတို့သည် မိမိစကားကို နားထောင်လိုက်နာ၍ပြုလျှင်၊ ဇမ္ဗူဒီပါကျွန်းတွင်၊ အတုမရှိသော ဧကရာဇ်မင်း၏အဖြစ်သို့ ရောက်လေသတည်း။ အခြံအရံ ကျွန်ကျေးသားမယားတို့၊ လိုက်နာသော စကားရှိသောအဖြစ်၊ ယူအပ်သော စကားရှိသောအဖြစ်ကား၊ မုသာဝါဒမှ ကြဉ်ခြင်း၏ အကျိုးတည်း။

သုသုသကပရိဇနတာ။ အာဒေယျဝစနတာ။ မုသာဝါဒဆေရမဏီယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ သုသုသကပရိဇနတာ၊ ဆိုသောစကားကို နားထောင်လိုက်နာသော အခြံအရံ ကျွန်ကျေးသားမယားရှိသောအဖြစ်သည်လည်းကောင်း။ အာဒေယျဝစနတာ၊ ယူအပ်သောစကားရှိသော အဖြစ်လည်းကောင်း။ မုသာဝါဒ ဝေရမဏီယာ။ မုသာဝါဒမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။(ဤပစ္စေကဗုဒ္ဓါ၏အလောင်း၊ တိုင်းကြပ်ပစ္စန္တရစ်မင်းကဲ့သို့၊ သြတ္တပ္ပသံဝေဂတရားကို နှလုံးထား၍ မုသားဆိုခြင်းတည်းဟူသော မုသာဝါဒမှ ဝေးစွာကြဉ်ရှောင်ကုန်ရာသတည်း)။

ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း မွေ့လျော်နေတော်မူသောအခါ။ သာဝတ္ထိပြည်၌၊ အမျိုးသမီးတစ်ယောက်၏ယောကျ်ားဖြစ်သော လင်သည်၊ သဗ္ဗညုဘုရား၏ တရားဒေသနာတော်ကိုကြားလျှင်၊ အသင့်အားဖြင့် နှလုံးထားမိသည်နှင့်အညီ၊ ငါသည် ဤတရားကို လူဖြစ်လျက် အသက်ထက်ဆုံး ဖြည့်ကျင့်ခြင်းငှာမတတ်နိုင်ရာ၊ ရဟန်းပြု၍ ဖြည့်ကျင့်ခြင်းငှာ သင့်ရာ၏ဟု နှလုံးထား၍ မယားကိုပန်ပြီးလျှင်၊ အညတရဖြစ်သော ဝိက္ကာပါတိကမထေရ်၏အထံဝယ် ရဟန်းပြုလေ၏။ ။ အညတရဿ ပိဏ္ဍပါတိက ထေရဿ သန္တိကေပဗ္ဗဇိ။ ။အင်္ဂုတ္တရအဋ္ဌကထာ။ ။ အညတရဿ၊ အမှတ်မရှိသော။ ပိဏ္ဍပါတိကထေရဿ၊ ပိဏ္ဍပါတိကမထေရ်၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိ၊ ရဟန်းပြုလေ၏။ ။ ယင်းသို့ရဟန်းပြုလေလျှင်၊ ထိုအရှင်မယားဟောင်းကို၊ ဤမိန်းမကား၊ လင်မဲ့မယားတည်းဟုသိ၍၊ ပသေနဒီ ကောသလမင်းနန်းတော်သို့သွင်း၍၊ ကိုယ်လုပ်မောင်းမပြုလေ၏။ ထိုမိန်းမလည်း၊ နန်းတော်တွင်းမှာ ကိုယ်လုပ်အရာနှင့်နေလေ၏။ တစ်နေ့သ၌၊ မင်း၏ဥယျာဉ်ရေကန်မှ၊ များစွာသော ကြာညိုပန်းစည်းတို့ကို ယူဆောင်လာပြီးလျှင်၊ ရှင်ဘုရားအား ဆက်သလာကုန်၏။ ပသေနဒီကောသလမင်းလည်း၊ မောင်းမမိသံ ကိုယ်လုပ်တို့အား၊ များစွာသော ကြာညိုစည်းတို့ကို ဝေဖန်သည်ရှိသော်နှစ်စည်းသော ကြာညိုတို့သည်၊ ထိုရဟန်း၏ မယားဟောင်းဖြစ်သော မင်းမောင်းမလက်သို့ ရောက်ကုန်၏။ ထိုမောင်းမလည်း နှစ်စည်းသော ကြာညိုပန်းတို့ကို ရသည်ဟု ရွှင်ပျသော အခြင်းအရာကိုထင်စေပြီးမှ၊

mgyoe.com

နှာခေါင်းဝဖြင့် ထိုကြာညိုပန်းကို နမ်းပြီးလျှင်၊ လင်ရဟန်းကို အောက်မေ့ရကား၊ ငိုအားသည်းစွာ ငိုရှာလေ၏။ ထိုအခါ ပသေနဒီကောသလမင်းက၊ ရယ်မောရှ် တစ်ဖန်ငိုပြန်သော အခြင်းအရာကို မြင်သော်၊ ထိုမောင်းမကိုခေါ်တော်မူ၍၊ သင်သည် ယခုပင် ရယ်မောပြီးမှ နောက်တစ်ဖန် ငိုပြန်သည်အကြောင်းကား၊ မည်သို့နည်းဟု မေးတော်မူ၏။ မင်းမောင်းမလည်း အရှင်မင်းကြီး အကျွန်ုပ်ကား အခြားမောင်းမတို့နှင့်အတူအမျှ ကြာပန်းရသောကြောင့်၊ ဝမ်းမြောက်လှ၍ ရယ်မောပြုံးရွှင်ပါသည်။ ထိုကြာပန်းကို နမ်းပြန်လျှင်၊ ငယ်လင်ဖြစ်သော မောင်ယောကျ်ား၏ ခံတွင်းနံ့ဖြင့် မွှေးပျံ့ခြင်းတူ၍ အောက်မေ့ညိုးမြန်း၊ ဝမ်းပန်းကွဲသောကြောင့်။ ငိုပါသည်ဟု လျှောက်၏။ ပသေနဒီကောသလမင်းလည်း ထိုစကားကို များစွာမယုံကြည်ရကား၊ သုံးကြိမ်တိုင်အောင် ခြိမ်းခြောက်လျက် မေးမြန်းစိစစ်တော်မူ၏။ မောင်းမလည်း မိမိဆိုတိုင်း မဖောက်မပြန် မှန်ကန်သောကြောင့်၊ မကြောက်မရွံ့ ဝံ့ဝံ့ရဲရဲပင် လျှောက်၏။ ယင်းသို့ သုံးကြိမ်တိုင်အောင် လျှောက်ထားသော်လည်း၊ မယုံကြည်သောကြောင့်၊ ပသေနဒီ ကောသလမင်းသည်၊ အလုံးစုံသော မင်းနန်းတော်၌၊ ပန်းနံ့သာ နံ့သာပြောင်းအစရှိသော ကောင်းသောအနံ့တို့ကိုပယ်ရှား၍၊ ဘုရားအမှူးရှိသော သံဃာတော်အား၊ ထိုက်တံလျှောက်ပတ် ကောင်းမြတ်သော နေရာတို့ကိုခင်းပြီးလျှင်၊ ကြီးစွာသော အလှူကိုပေး၍ ဆွမ်းစားပြီးသောအဆုံး၌၊ ထိုမိန်းမကို သင်၏လင်ဟောင်းဖြစ်သောမထေရ်ကား၊ အဘယ်မထေရ်နည်းဟုမေး၍၊ ထိုမိန်းမကပြလေသော်၊ ဘုရားသဗ္ဗညုကို ရှိခိုး၍ ဘုန်းတော်ကြီးလှသောဘုရား၊ အရှင်ဘုရားတို့နှင့်တကွ သံဃာတော်အပေါင်းမှာ၊ ကျောင်းသို့ကြွတော်မူပါ။ ဤအမည်ရှိသော မထေရ်သည်၊ ဆွမ်းအနုမောဒနာ ပြုတော်မူပါလိမ့်မည်ဟု လျှောက်၏။ သဗ္ဗညုဘုရားလည်း၊ ထိုရဟန်းကိုထား၍ သံဃာတော်အပေါင်းနှင့် တကွကျောင်းသို့ ပြန်တော်မူ၏။ မထေရ်လည်းဆွမ်း အနုမောဒနပြုခြင်းငှာ အားထုတ်၍၊ နှုတ်ခံတွင်းကိုဖွင့်ကာမျှ၌၊ အလုံးစုံသော မင်းနန်းတော်သည်၊ နံ့သာကြုတ်ကဲ့သို့ဖြစ်၍၊ အလွန်မွှေးကြိုင်၏။ ပသေနဒီ ကောသလမင်းသည်၊ ထိုအကြောင်းကို သိတော်မူ သော်၊ သြော်အံ့ဖွယ်ရှိစွ။ ထိုမိန်းမသည် မှန်သောစကားကို ဆိုပေသည်ဟု ကြည်ညို၍၊ တစ်နေ့မိုးသောက်ရောက်လေသောအခါ။ လူတို့၏ဆရာဖြစ်သော သဗ္ဗညုဘုရားအား၊ ထိုအကြောင်းကို မေးလျှောက်၏။ ဘုရားသဗ္ဗညုလည်း၊ မင်းကြီး။ ဤရဟန်းကား လွန်လေပြီးသောအခါ၊ ဘုရားစကားကို ကြားနာသည်ရှိသော်၊ သာဓုသာဓုဟု ကောင်းကြီးကို ဖြစ်စေလျက်၊ အရိုအသေကြားနာ၏။ ယင်းသို့ ကောင်းချီးပေးခြင်းလျှင် အကြောင်းရှိသော ကုသိုလ်ကံကြောင့်၊ ဤကဲ့သို့ ခံတွင်းအနံ့မွှေးပျံ့ခြင်းတည်းဟူသော အကျိုးကိုရသည်ဟု မိန့်တော်မူ၏။

သဒ္ဓမ္မံဒေသနာကာလေ၊ သာဓုသာဓုတိဘာသတော။ မုခတောဇာယတေဂန္ဓော၊ ဥပ္ပလံဝါယထောဒကေ။ ။ အင်္ဂုတ္တရအဋ္ဌကထာ။ ။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဒေသနာကာလေ၊ ဟောကြားသော ကာလ၌။ သာဓုသာဓုတိ၊ ကောင်း၏ကောင်း၏ဟူ၍။ ဘာသတော၊ ဆိုသောသူ၏။ မုခတော၊ ခံတွင်းမှ။ ဂန္ဓော၊ မွှေးသောအနံ့သည်။ ဇာယတေ၊ ဖြစ်၏။ ယာထာကိံ၊ အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဥပ္ပလံဝါ၊ ကြာညိုသည်လည်း။ ဥဒကေ၊ ရေ၌။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့တည်း။ ။ဤ၌ ခံတွင်း အနံ့မွှေးပျံ့သော ရဟန်းသည်၊ ရှေးရှေးသော ဘဝက၊ ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍။ မုသာဝါဒမှ ကြဉ်ခဲ့ဖူးသော ကံထူး၏အကျိုးကြောင့်၊ ခံတွင်းအနံ့ မွှေးပျံ့သည်အပေါ်မှာ၊ သူတော်ကောင်းတို့ တရားကိုကြားနာသည်ကာလ၊ သာဓု သာဓုဟု ကောင်းချီးပေးသော ကုသိုလ်ကံသည်။ ထပ်မံပြန်သောကြောင့်၊ တရားဟောအံ့ဟု အားထုတ်၍၊ နှုတ်ခံတွင်းကို ဖွင့်လျှင်ပင်၊ အထင်အရှားတစ်နန်းတော်လုံး၊ နံ့သာကြုတ်ကဲ့သို့။ မွှေးပျံ့သင်းလှိုင်ခြင်း အကျိုးကို ရလေသည်။ သဗ္ဗညုဘုရားလည်း ထင်ရှားသောအများ ကုသိုလ်ကံကို ရည်၍သာ သူတော်ကောင်းတရားကို ကြားနာသောအခါ၊ သာဓုသာဓုဟု ကောင်းချီးပေးသော ကုသိုလ်ကံကြောင့်။ ဤခံတွင်းအနံ့၊ မွှေးပျံ့ခြင်းတည်းဟူသော အကျိုးကိုရသည်ဟု ပသေနဒီကောသလမင်းအား မိန့်တော်မူသည်။ ကြောင်းရင်းဖြစ်သော မုသာဝါဒမှ ကြဉ်ခြင်းကို မိန့်တော်မမူလေ။ ယင်းသို့ မိန့်တော်မမူသော်လည်း။ ဥပ္ပလဂန္ဓမုခတာမုသာဝါဒ ဝေရမဏီယာ

mgyoe.com

mgyoe.com

ဖလံ။ ။ ဥပ္ပလဂန္ဓမုခတာ ကြာညိုနံ့ကဲ့သို့ မွေးပျံ့သော ခံတွင်းရှိသော အဖြစ်သည်။ မုသာဝါဒ ဝေရမဏိယာ၊ မုသာဝါဒမှကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

(ဤသို့ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မိန့်သည်နှင့် အညီ၊ မုသာဝါဒမှ ကြဉ်ခြင်းတည်းဟူသော၊ ကုသိုလ်ကံ ကြောင်းရင်းခံသောကြောင့်၊ ခံတွင်းအနံ့မွေးပျံ့သည်ဟု မှတ်ရမည်။ ဤရဟန်းတို့ကဲ့သို့၊ ခံတွင်းနံ့မွေးပျံ့ခြင်းကို အလိုရှိကုန်မူ၊ ယခုအခါ၊ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ ဤရဟန်းတို့ကဲ့သို့ ဩတ္တပ္ပသံဝေဂ တရားကို နှလုံးထား၍၊ မုသားဆိုခြင်းတည်းဟူသော၊ မုသာဝါဒမှ ကြဉ်ရှောင်ပြီးလျှင်၊ သူတော်ကောင်းတရား ကို ကြားနာသည်ကာလ၊ သာဓုသာဓုဟု ကောင်းချီးပေး ကုန်ရာ၏)။ ။ ဤကား၊ ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည် ဖြစ်၍၊ မုသားဆိုခြင်းတည်းဟူသော မုသာဝါဒမှ ကြဉ်ရှောင်ကြကုန်သော သူတို့၏ဝတ္ထု သက်သေတည်း။

ဘုရားမြတ်စွာသည်၊ ဝေသာလီပြည်၊ မဟာ ဝုန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ နေတော်မူသော အခါ၊ သိကြားမင်းကို အကြောင်းပြု၍ တစ်ခုသော ဓမ္မ ဒေသနာကို ဟောတော်မူ၏။ လွန်လေပြီးသောအခါ၊ မဂဓတိုင်းမစလရွာ၌၊ မာဃအမည်ရှိသော လုလင် သည်၊ ရွာလယ်အမှုပြုရာ အရပ်သို့သွားပြီးလျှင်၊ မိမိ တည်ရာအရပ်ကို၊ ခြေဖျားဖြင့် မြေမှုန့်အမှိုက်တို့ကို ရက်ပြီးလျှင်၊ သာယာမွေ့လျော်ဖွယ်ရှိသည်ကို ပြု၍ ရပ်၏။ ထိုအခါ လူတစ်ယောက်သည် လာပြီးလျှင်၊ မာဃလုလင်ကို ထိုအရပ်မှ လက်ရုံးဖြင့် ပယ်ရှား၍၊ မိမိကား ထိုအရပ်တွင် ရပ်လေပြန်လေ၏။ မာဃလုလင် သည် ထိုသူအား အမျက်မထွက်ဘဲ၊ ခွာရှဲ၍၊ တစ်ပါး သော အရပ်ကို၊ မွေ့လျော်ဖွယ်ရှိအောင် ပြု၍ရပ်ပြန်၏။ တစ်ဖန်လည်း၊ လူတစ်ယောက်လာပြန်၍၊ မာဃလုလင် ကို ပယ်ရှားပြီးမှ၊ မိမိကား ထိုအရပ်တွင် ရပ်ပြန်လေ၏။ မာဃလုလင်သည် ထိုသူအားလည်း အမျက်မထား၊ တစ်ပါးသောအရပ်ကိုသာ မွေ့လျော်ဖွယ်ရှိအောင် ပြု၍ ရပ်၏။ ဤသို့လျှင် မာဃလုလင်ကို၊ ထိုအိမ်မှထွက် လာသော ယောကျ်ားတို့သည်၊ လက်ရုံးဖြင့် ပယ်ရှားပြီး လျှင်၊ သန့်စင်သော အရပ်ဝယ်၊ မိမိတို့တည်ကြကုန်၏။ မာဃလုလင်လည်း။ အလုံးစုံသော ဤသူတို့သည်၊ ငါပြုသောမှုဖြင့်ချမ်းသာရကား၊ ငါ့အား ချမ်းသာသော အကျိုးကို ပေးတတ်သော၊ ကောင်းမှုတရားသည်၊ ဖြစ်ပွားရာ၏ဟု အကြံပြု၍၊ နက်ဖြန်နံနက် မိုးသောက် လျှင်၊ ပေါက်တူး၊ တူးရွင်းကိုင်လျက်၊ ထိုအရပ်ဝယ် စင်ကြယ်သန့်ရှင်းအောင် တလင်းပြုလေ၏။ ထိုအခါ ရွာသားအားလုံးတို့သည်၊ မွေ့လျော်ဖွယ်ရှိရကား၊ သွား၍ တည်ကြကုန်၏။ ထိုနောင်မှ ထိုသူတို့အား၊ ချမ်းအေး သော ဆောင်းအခါ၊ ကြီးစွာသော မီးဖိုကို ပြု၍ ပေး၏။ ထိုနောင် မွေ့လျော်ဖွယ်ရှိသော အရပ်ဟူသည်ကို၊ လူရှင် ခပ်သိမ်းတို့သည် ချစ်အပ်၏။ တစ်စုံတစ်ယောက်သော သူ၏။ မချစ်ခြင်းသည် မရှိ။ ။ ရမ္မဏီယဋ္ဌာနံနာမသဗ္ဗေ သံ ပိယံကဿစိ အပိယံနာမနတ္ထိ။ ။ သုတ်မဟာဝါအဋ္ဌ ကထာ။ ။ ရမ္မဏီယဋ္ဌာနံနာမ၊ မွေ့လျော်ဖွယ်ရှိသော အရပ်မည်သည်ကား။ သဗ္ဗေသံ၊ ခပ်သိမ်းသော လူရှင် တို့သည်။ ပိယံ၊ ချစ်အပ်၏။ ကဿစိ၊ တစ်စုံတစ် ယောက်သောသူ၏။ အပိယံနာမ၊ မချစ်အပ်သောမည် သည်။ နတ္ထိ၊ မရှိ။ ။ ဤနေ့မှစ၍။ ငါသည်၊ ခရီးလမ်း ကြောင်းကို ကောင်းမွန်ညီညွတ်အောင်ပြုသဖြင့်၊ လှည့် လည်ခြင်းငှာ သင့်၏ဟုကြံလျက်၊ နံနက်စောစောက ထွက်၍ ခရီးလမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင် ပြုလျက်၊ မြေကို တူးဆွ၍ ပယ်အပ်သော သစ်ပင်သစ်ခက် တို့ကိုပယ်လျက်၊ လှည့်လည်သွားလာ၏။ ထိုအခါ မာဃလုလင်ကို သဘောတူ လူတစ်ယောက်မြင်လေ သော်၊ အဆွေ သင်ကား၊ အဘယ်အမှုကိုပြုသနည်းဟု မေး၏။ အဆွေငါကား၊ နတ်ရွာသို့သွားကြောင်း၊ လမ်း ခရီးသုတ်သင်ခြင်း အမှုကိုပြုသည်ဟု ဆို၏။ ယင်းသို့ တပြီးကား အဆွေ၊ ငါသည် သင်၏အဖော်ဖြစ်ပါအံ့ ဟုဆို၏။ ဖြစ်လော့။ အဆွေ နတ်ရွာလမ်းမည်သည်ကို။ များစွာသော လူအပေါင်းတို့သည် နှစ်သက်အပ်၏။ ချမ်းသာများကြောင်း ကောင်းသောခရီးတည်းဟု ဆိုပြီး လျှင်၊ ထိုအခါမှစ၍၊ နှစ်ယောက်အတူတကွ သုတ်သင် ကြ၏။ ဤနည်းအတူ။ နောက်လည်း တစ်ယောက် ပေါ်လာပြန်၏။ နောက်လည်း တစ်ယောက်ပေါ်လာ ပြန်၏။ အလုံးစုံပေါင်း၊ သုံးကျိပ်သုံးယောက် ဖြစ် သတည်း။

သဗ္ဗေပိတေတွိံသဇနာဇာတာ။ ။ ဇာတ်အဋ္ဌက

mgyoe.com

mgyoe.com

ထာ။ ။ သဗ္ဗေပိ၊ အလုံးစုံသော သူတို့သည်လည်း။ တေဋ္ဌိသဇနာ၊ သုံးကျိပ်သုံးယောက်သောသူတို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ။ အလုံးစုံ သုံးကျိပ်သုံးယောက်တို့သည်။ ပေါက်တူး စသည် လက်စွဲကုန်လျက်၊ ခရီးလမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင် ပြုကုန်လျက်၊ တစ်ယူဇနာ နှစ်ယူဇနာရှိကုန်သောအရပ်သို့ သွားကြကုန်၏။ ထိုသုံးကျိပ်သုံးယောက်သားတို့ကို ရွာစားသည်မြင်လေလျှင်။ ဤသူတို့ကား၊ မသင့်ရာ ဝယ်လုံ့လပြုကုန်၏။ အကယ်၍ ဤသူတို့သည်၊ တောမုငါးအမဲအစရှိသည်တို့ကို ဆောင်ကုန်ငြားအံ့။ သေအရက်ကိုချက်၍ သောက်ကုန်ငြားအံ့။ သည်မှတစ်ပါး အထူးထူးအပြားပြားသော အမှုကိုပြုကုန်ငြားအံ့။ ငါ့အားတစ်စုံတစ်ခုရရာ၏ဟု ကြံ၏။ ယင်းသို့ကြံပြီးသည်နောက် ထိုသုံးကျိပ်သုံးယောက်သားတို့ကို ခေါ်ဆောင်၍ အမောင်တို့သည် အဘယ်အမှုကို ပြုကုန်လျက်၊ လှည့်လည်သွားလာကြသနည်းဟု မေး၏။ သခင်ရွာစား၊ ကျွန်ုပ်တို့ကား၊ နတ်ရွာလမ်းကြောင်းကို ကောင်းမွန်ညီညွတ်အောင် သုတ်သင်သည် ဟုဆိုကုန်၏။ အမောင်တို့ အိမ်၌နေသောသူသည်၊ ဤအမှုကို ပြုခြင်းငှာမသင့်၊ တောမုငါးအမိစသည်တို့ကို ဆောင်ခြင်းငှာ။ သေအရက်ကိုသောက်ခြင်းငှာ။ သည်မှတစ်ပါး အထူးထူးအပြားပြားသော အမှုကို ပြုခြင်းငှာသင့်၏ဟု ဆို၏။ ထိုသုံးကျိပ်သုံးယောက်သားတို့လည်း။ ရွာစားအလိုကိုပယ်ကုန်၏။ ထိုရွာစားသည် ထပ်ခါထပ်ခါဆိုပါသော်လည်း အလိုသို့မလိုက်သည်ဖြစ်၍ အမျက်ထွက်ရကား။ မင်းအားကုန်းတိုက်၍ သတ်စေအံ့ဟုကြံပြီးမှ။ မင်းထံသို့ သွား၍အရှင်မင်းကြီး။ သုံးကျိပ်သုံးယောက်သော ခိုးသားတို့သည်။ ရွာပြည်တို့ကို အပေါင်းအစုပြုလျက်။ ဖျက်ဆီးသည်တို့ကို မြင်ပါ၏ဟု လျှောက်၏။ ယင်းသို့တပြီးကား။ သွား၍ဖမ်းချေဟု စေလျှင်။ ကိုယ်တိုင်ဖမ်း၍ ရွာစားသည် မင်းအား ပြလေ၏။ မင်းလည်း မစုံစမ်းမဆင်ခြင်ဘဲ ဆင်နှင့် ၎င်းတို့ကို နင်းဟုစေ၏။ မာဃလုလင်လည်း။ ၎င်းပြင် သုံးကျိပ်နှစ်ယောက်သောသူတို့အား၊ အဆွေတို့၊ ငါတို့အား မေတ္တာထား၍။ အခြားကိုးကွယ်ရာမရှိပြီ။ သင်တို့သည်။ တစ်စုံတစ်ယောက်အား အမျက်မထွက်ဘဲ။ မင်း၌လည်းကောင်း၊ ရွာစား၌ လည်းကောင်း၊ ဆင်၌လည်းကောင်း၊ ကိုယ်၌လည်းကောင်း၊ မေတ္တာစိတ်ကို အမျှထားကြကုန်ဟု။ အဆုံးအမပေး၏။ ကြွင်းသုံးကျိပ်နှစ်ယောက်သားတို့လည်း၊ မာဃလုလင်၏စကားကို နားထောင်လိုက်နာကုန်၏။ ထိုအခါ ထိုသူတို့၏ မေတ္တာအာနုဘော်ကြောင့်။ ဆင်သည် ကပ်ခြင်းငှာ မဝံ့ရကား။ မင်းအားလျှောက်ကုန်၏။ မင်း လည်းထိုအကြောင်းကို ကြား၍ လူများသောကြောင့် မနင်းဝံ့ဟန်ရှိသည်။ ပြာဖုံး၍ နင်းစေဟု စေ၏။ မင်းချင်းတို့လည်း။ မင်းစေတိုင်းပြုကုန်၏။ ယင်းသို့ပြုသော်လည်း၊ ဆင်သည် မနင်းဝံ့ရကား။ မင်းအားလျှောက်ပြန်၏။ မင်းလည်း ထိုအကြောင်းကို ကြား၍၊ ဆင်မနင်းရာဝယ် စုံစမ်းဖွယ် အကြောင်းရှိကောင်း၏ဟု။ ထိုသူတို့ကို ခေါ်ပြီးလျှင်။ မောင်လုလင်တို့၊ သင်တို့သည် ငါ့ကိုမှီ၍။ အဘယ်ကို မရကြကုန်သနည်းဟု မေး၏။ အရှင်မင်းကြီးအကြောင်းကို အသို့နည်းဟု လျှောက်ကုန်သော်။ သင်တို့သည် အပေါင်းအစုဖွဲ့ကုန်လျက်။ ရွာပြည်တို့ကို ဖျက်ဆီးသည် မဟုတ်လောဟု မေး၏။ အရှင်မင်းကြီးအား၊ ဘယ်သူလျှောက်ပေသနည်းဟု မေးကုန်သော်၊ ရွာစားလျှောက်သည်ဟုဆို၏။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့ကား။ သူခိုးမဟုတ်ပါကုန်။ မိမိ၏နတ်ရွာလမ်းကြောင်း ကောင်းမှုကုသိုလ်ကိုရှာကုန်သည်ဖြစ်၍၊ လှည့်လည်ပါကုန်သည်။ ရွာစားသည်၊ အကျွန်ုပ်တို့ကို မကောင်းမှု၌ တိုက်တွန်း၍။ မလိုက်နာသောကြောင့် အမျက်ထွက်ရကား။ ပျက်စီးစေလို၍။ ကုန်းတိုက်ခြင်းသာ ဖြစ်ပါသည်ဟု လျှောက်ကုန်၏။ မင်းလည်း ထိုစကားကိုကြား၍၊ အမောင်တို့ တိရစ္ဆာန်ဖြစ်သော ဆင်စဉ်လျက်။ သင်တို့၏ကျေးဇူးအထူးကိုသိပေသည်။ ငါကား လူဖြစ်လျက်ပင်။ သင်တို့၏ကျေးဇူးအထူးကို သိခြင်းငှာ မစွမ်းနိုင်လေ။ ငါအပြစ်ကို သည်းခံပါဟုဆိုပြီးမှ။ ရွာစားကို သားမယားနှင့်တကွ၊ ကျွန်ပြုစိမ့်သောငှာ။ ဆင်ကိုလည်း စီးနင်းစိမ့်ငှာ၊ မစလေရွာကိုလည်း အသုံးခံကျွေးပြုစိမ့်သောငှာ။ ထိုသူတို့အား အပိုင်စားပေးလေ၏။ ထိုသုံးကျိပ်သုံးယောက်သားတို့လည်း၊ ငါတို့ပြုအပ်သော ကောင်းမှု၏ အကျိုးအာနိသင်ကို။ ယခုပစ္စက္ခပင် မြင်ရပြီ။ သုံသိရာဝယ်။ ဆိုဖွယ် အဘယ်ရှိအံ့နည်းဟု၊ ဝမ်းမြောက်

mgyoe.com

mgyoe.com

ဝမ်းသာရှိကုန်သည်ဖြစ်၍။ ထိုဆင်ကို အလှည့်အလည် အားဖြင့် စီးသွားလျက်။ ယခုအခါ၊ ငါတို့သည် အတိုင်း ထက်အလွန် ကောင်းမှုကို ပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏။ အဘယ်ကောင်းမှုကိုပြုမည်နည်းဟု တိုင်ပင်ကြကုန်သော။ ခရီးလေးဆုံတွင် ထာဝရပြု၍ လူအပေါင်း၏ အပင်အပန်းဖြေရာ။ ကြီးစွာသော ဇရပ်ကို ဆောက်ကုန်အံ့ဟု လက်သမားကိုခေါ်၍၊ ဇရပ်ကို ဆောက်စေကုန်၏။ မာတုဂါမတို့၌ တပ်ခြင်းကင်းရကား။ မာတုဂါမတို့အား ဇရပ်၌အဖို့ကို မပေးကုန်။ မာဃလုလင်၏ အိမ်၌ကား။ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊ သုဇာတာဟူ၍ မယားလေးယောက်တို့သည် ရှိကုန်၏။ ထိုလေးယောက်တို့တွင် သုဓမ္မာသည် လက်သမားနှင့် တိုင်ပင်ပြီးလျှင် မောင်ကြီး ဤဇရပ်၌ ငါ့ကိုအကြီးပြုလောဟု တံစိုးလက်ဆောင်ပေး၏။ လက်သမားလည်း ကောင်းပြီဟု ဝန်ခံ၍ ရှေးဦးကပင် အချက်အလို့ငှာ သစ်သားကို ဖြတ်၍ ဖောက်ထွင်းပြီးမှာ အချက်ကိုပြီးစေ၏။ ဤဇရပ်ကား သုဓမ္မာဟု အက္ခရာရေးမှတ်လျက်။ ပုဆိုးဖြင့် ရစ်ပတ်၍ ထား၏။ ထိုအခါ ဇရပ်ပြီး၍။ အချင်းတင်သော နေ့၌။ လက်သမားက အမောင်တို့။ ငါကား ပြုဖွယ်အမှုတစ်ခုကိုမေ့၍ ကျန်လေသည်ဟု ဆို၏။ အဘယ်အမှုနည်းဟု မေးသော်။ အချင်ဟုဆိုလျှင်။ ယင်းသို့တပြီးကား ဆောင်ချေမည်ဟု ဆိုကုန်၏။ အမောင်တို့၊ ယခု ခုတ်သစ်သော သစ်စိုဖြင့်။ ပြုခြင်းငှာ မတတ်ကောင်း။ ရှေးမဆွကပင် ပြုပြင်၍ထားသော သစ်ခြောက်မှကောင်းသည်ဟု ဆို၏။ ယင်းသို့သော်၊ ယခုအခါဝယ်၊ ဘယ်သို့ပြုအံ့နည်းဟုဆိုကုန်လျှင်၊ တစ်စုံတစ်ယောက်သော သူ၏ အိမ်၌။ ရောင်းအပ်သော အချင်သည်၊ အကယ်၍ရှိငြားအံ့၊ ရှာကြကုန်ဟု ဆို၏။ ထိုသူတို့ရှာကြလေရာ သုဓမ္မာ၏အိမ်၌။ အချင်ကိုတွေ့၍။ အဖိုးတစ်ထောင်ပေးသော်လည်းမရောင်း၊ ဇရပ်၌ ကောင်းမှုအဖို့ကို အကယ်၍ ငါ့အားပေးဝေခြင်းအံ့။ အလကားပေးမည်ဟု ဆိုလျှင်။ ငါတို့ကား မာတုဂါမတို့အား ကောင်းမှုအဖို့ကိုမဝေလိုကုန်ဟု ဆိုကြကုန်၏။ ထိုအခါ လက်သမားက၊ အမောင်တို့သင်တို့သည်၊ ဗြဟ္မာ့ပြည်ကိုထား၍ တစ်ပါးသော ဘုံတို့၌၊ မာတုဂါမကင်းသည်ကိုကြားဖူးကုန်သလော။ အဘယ်အမှုသည် မာတုဂါမနှင့်

ကင်းနိုင်အံ့နည်း။ အချင်ကိုသာ ယူပါကုန်။ ယင်းသို့ယူက၊ ငါတို့ကိစ္စပြီးလိမ့်မည် ဟုဆို၏။ ထိုသူတို့လည်းကောင်းပြီဟု အချင်ကိုယူစေပြီးမှ၊ ဇရပ်ကိုပြီးစေကုန်လျက်၊ တစ်ဘို့ကားအစိုးရသောသူတို့နေရာ၊ တစ်ဘို့ကားသူဆင်းရဲတို့နေရာ၊ တစ်ဘို့ကားသူနာတို့နေရာဟုသုံးစုခွဲဝေကုန်၏။ ယင်းသို့ခွဲဝေပြီးလျှင်၊ သုံးကျိပ်သုံးယောက်တို့သည်၊ သုံးဆယ့်သုံးချပ်သော ပျဉ်ချပ်တို့ကိုခင်း၍၊ ဆင်အား အမှတ်ပေးကုန်၏။ အာဂန္တုဧည့်သည်သည်လာ၍၊ အကြင်သူ၏ ပျဉ်ချပ်၌ထိုင်၏။ ထိုဧည့်သည်ကိုခေါ်၍ ပျဉ်ချပ်ရှင်အိမ်သို့ ပို့စေ၏။ ထိုဧည့်သည်အား ခြေ၌ဆုတ်ခြင်း၊ ကျော၌ချေးတွန်းခြင်း၊ ထမင်းခဲဖွယ်ဘောဇဉ်တို့ကို၊ ပျဉ်ချပ်ရှင်ဝန်ပြုဟု ဆင်အား အမှတ်ပေး၍ ထားကုန်၏။ ဆင်လည်းလာ တိုင်းလာတိုင်းသော ဧည့်သည် အာဂန္တုကိုခေါ်ယူ၍။ ပျဉ်ချပ်ရှင် အိမ်သို့ပို့ပေ၏။ ပျဉ်ချပ်ရှင်လည်း၊ ဧည့်သည်အာဂန္တုနေသမျှ ကာလပတ်လုံး၊ ပြုဖွယ်ကိစ္စဟူသမျှကို ပြုရ၏။ မာဃလုလင်လည်း၊ ဇရပ်နှင့် အနီးအပါးဝယ် ပင်လယ်ကသစ်ပင်စိုက်၍၊ သစ်ပင်ရင်းတွင် ကျောက်ဖျာခင်း၏။ တံခွန်ကုက္ကားစိုက်၏။ ဇရပ်သို့ဝင်သမျှ လူအပေါင်းတို့သည်၊ အချင်ကိုမော်ကြည့်၍၊ အက္ခရာတို့ကို တပ်ပြီးလျှင်၊ ဤဇရပ်ကား သုဓမ္မာဇရပ်ဟု ဆိုကြကုန်၏။ သုံးကျိပ်သုံးယောက်သားတို့၏ အမည်သညာကား။ မထင်ရှားလေ။ ထိုအခါ သုနန္ဒာသည်၊ ဤသူတို့သည် ငါတို့အားအဖို့ကို မပြုကုန်ဘဲ၊ ဇရပ်ဆောက်ကုန်၏။ သုဓမ္မာမူကား၊ မိမိ၏လိမ္မာသည်၏အဖြစ်ကြောင့်။ အဖို့ဂို့ကို ရချေ၏။ ငါလည်း တစ်စုံတစ်ခုကောင်းမှု၏အဖို့ကို ဝင်ခြင်းငှာ တတ်ကောင်း၏ဟု ကြံ၍၊ ရေကန်ကို တူးစေ၏။ သုစိတ္တာလည်း၊ သုဓမ္မာကား အချင်ကိုပေးအပ်လေပြီ။ သုနန္ဒာကား၊ ရေကန်ကို တူးအပ်လေပြီ။ ငါလည်း တစ်စုံတစ်ခုကောင်းမှုကို ပြုအံ့ဟု ကြံ၍ ဇရပ်သို့လာပြီးလျှင်၊ ရေသောက်၍ ရေချိုး၍ သွားသောကာလ၊ ပန်းပန်ခြင်းငှာသင့်၏ဟု ပန်းအရန်ကိုပြုစေ၏။ ထိုပန်း အရန်၌များသောအားဖြင့်။ အသီးအပွင့်ကိုဆောင်သော သစ်ပင်တို့တွင်၊ ဤမည်သော သစ်ပင်သည်မရှိဟု ဆိုစရာမရှိသည်သာတည်း။ သုဇာတာမူကား ငါသည်၊ မာဃလုလင်၏ ဦးရီးသမီး မောင်နှမတော်

mgyoe.com

mgyoe.com

လည်း ဖြစ်သည်။ ခြေရင်း၌ အလုပ်အကျွေးမယား လည်းဖြစ်သည်။ ထိုသူပြုသမျှ ကောင်းမှုကား၊ ငါပြု အပ်သည်နှင့် အတူသာတည်းဟု ကြံ၍၊ တစ်စုံတစ်ခု သောကောင်းမှုကို မပြုလိုဘဲ၊ ကိုယ်ကိုသာတန်ဆာ ဆင်ယဉ်၍၊ ကာလကိုလွန်စေ၏။ မာဃလုလင်သည် မိဘအား လုပ်ကျွေးခြင်းအမျိုး၌၊ ကြီးသောသူတို့အား အရိုအသေပြုခြင်း၊ မှန်ကန်သောစကားကိုဆိုခြင်း၊ ရန့် ရင်းကြမ်းတမ်းသောစကားကို မဆိုခြင်း။ ကုန်းတိုက် ချောပစ်သောစကားကိုမဆိုခြင်း၊ မစ္ဆေဝန်တိုမပေး လိုခြင်းကိုဖျောက်ခြင်း၊ အမျက်မထွက်ခြင်း။ ဤ ခုနစ်ပါးသော သိကြားကျင့်ဝတ်တို့ကို ဖြည့်၍၊ အသက် ၏အဆုံးဝယ်၊ တာဝတိံသာနတ်ပြည်၌၊ သိကြားနတ်မင်း ဖြစ်လေ၏။

လုပ်ကျွေးမိဘ၊ ဇေဋ္ဌရိုသေ၊ မှန်ထွေသစ္စာ၊ ဖရုသာနှင့်၊ ဝိသုဏာပစ်၊ မစ္ဆေဝန်ကို၊ မရှိလိုဘဲ၊ မျက်ကို ရှောင်ရှား၊ ခုနစ်ပါးကို။ ။ သိကြားကျင့်ဝတ်အမြဲမှတ်။ သုံးကျိပ်နှစ်ယောက်သော အဖော်တို့လည်း၊ မာဃ လုလင်နှင့်အတူတကွ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြ ကုန်၏။ တေပိသဟာယာထတ္ထေဝနိဗ္ဗတ္တိံသု။ ။ ဓမ္မပဒ အဋ္ဌကထာ။ ။ အဿ၊ ထိုမာဃလုလင်၏။ တေပိသ ဟာယာ၊ ထိုသုံးကျိပ်နှစ်ယောက်သော အဖော်တို့သည် လည်း။ ထတ္ထေဝ၊ ထိုတာဝတိံသာနတ်ပြည်၌ သာလျှင်။ နိဗ္ဗတ္တိံသု၊ ဖြစ်ကြကုန်၏။ ။ ဇရပ်ဆောက်သော လက်သမားကား။ ဝိသုကြံနတ်သားဖြစ်၏။ မာဃ လုလင်အား၊ ဇရပ်၏အကျိုးကြောင့်၊ ယူဇနာတစ်ထောင် ရှိသော ဝေဇယန္တာပြာသာဒ်ပေါက်၏။ ကသစ်ပင်စိုက် ခြင်း၏ အကျိုးကြောင့်၊ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာ ရှိသော ပင်လယ်ကသစ်ပင်ပေါက်၏။ က သစ်ပင်ရင်း၌ ကျောက်ဖျာခင်းခြင်းကြောင့်၊ အလျားယူဇနာခြောက် ဆယ်၊ အနံယူဇနာငါးဆယ်၊ ထုတစ်ဆယ့်ငါးယူဇနာ ရှိသော ကျောက်ဖျာဖြစ်လာ၏။ ဆင်ကား ဧရာဝဏ် နတ်သားဖြစ်လာ၏။ ထိုအခါ တာဝတိံသာနတ်ပြည်၌၊ အသူရာနတ်တို့သည် နေကြကုန်၏။ ထိုအသူရာနတ် တို့သည်၊ အသစ်ဖြစ်သော နတ်သားတို့သည်၊ ဖြစ်လာ ကုန်သည်ဟု၊ နတ်၏အဖျော်ကို စီရင်ကုန်၏။ သိကြား လည်း၊ မိမိပရိသတ်အား အဖျော်ကို မသောက်လင့်ဟု အမှတ်ပေး၏။ အသူရာတို့ကား၊ အဖျော်ကိုသောက် ကုန်သည်ဖြစ်၍ ယစ်ကုန်၏။ သိကြားမင်းလည်း၊ ငါ့အားဤသူတို့နှင့် ဆက်ဆံသော မင်း၏အဖြစ်ဖြင့်၊ အဘယ်အကျိုးရှိအံ့နည်းဟု၊ မိမိပရိသတ် အားအမှတ် ပေးပြီးလျှင်၊ ထိုအသူရာတို့ကို ခြေတို့၌ ကိုင်စေ၍။ သမုဒ္ဒရာ၌ ပစ်ချလေ၏။ ထိုအသူရာတို့သည်၊ ဦးခေါင်း စောက်ထိုး၊ ခြေကားမိုးမျှော်၊ မြင်းမိုရ်တောင်အောက်သို့ ကျလေသော်၊ တောင်လယ်သို့ရောက်မှ သတိသညာကို ရ၍၊ ချစ်သားတို့ ငါတို့ကား၊ သေကိုမသောက်ကုန်ပြီဟု ဆိုကုန်၏။ ထိုအခါမှစ၍၊ အသူရာဟူသော အမည်တို့ သည်ဖြစ်ကုန်၏။

တေသိနေရုဝေမဇ္ဈကာလေ။ သညံလဘိတွာ တာတနသု ရံပိဝိမှာတိအဟံသု၊ တတောပဋ္ဌာယအသု ရာနာမဇာတာ။ ။ သံယုတ်အဋ္ဌကထာ။ ။ တေ၊ ထိုအ သူရာတို့သည်။ သိနေရုဝေမဇ္ဈကာလေ၊ မြင့်မိုရ်တောင် အလယ်သို့ရောက်သောအခါ၌။ သညံ၊ အမှတ်ကို။ လဘိတွာ၊ ရကုန်၍၊ တာတာ အမောင်တို့။ မယံ၊ ငါတို့ သည်။ သုရံ၊ သေကို။ နပိဝိမှာ၊ မသောက်ကြကုန်အံ့၊ ဤတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ တတော။ ထိုဆို သောအခါမှ။ ပဋ္ဌာယ၊ စ၍။ အသူရာနာမ၊ အသူရာမည် ကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ။ ဤ၌သိကြားမင်း လည်း၊ ဩတ္တပ္ပသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ မိမိပရိ သတ်နှင့် တကွ၊ သေသောက်ခြင်းမှ ကြဉ်ရကား၊ ဤအ မှုကို ပြုသည်ရှိသော်၊ အကျိုးသည်မရှိဟု၊ အကျိုးရှိ သည်မရှိသည်၌ အလိမ္မာသည်၏အဖြစ်ကြောင့်၊ အသူ ရာတို့နှင့် အတူတကွနေရသဖြင့်၊ အကျိုးမရှိဟု၊ အသူ ရာတို့ကိုမြင်းမိုရ်တောင် အောက်သို့ဆွဲပစ်၍၊ မိမိချည်း သာ တာဝတိံသာနတ်ပြည်၌၊ မင်းအဖြစ်ကိုရလေ၏။ အကျိုးရှိအကျိုးမဲ့၌ လိမ္မာသော အဖြစ်သည်၊ သုရာမေ ရမဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ခြင်း၏ အကျိုးပင်တည်း။

အတ္ထာနတ္ထကုသလတာသုရာမေရယ မဇ္ဇပမာ ဒဋ္ဌာန ဝေရမဏိယာဖလံ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ အတ္ထာနတ္ထကုသလတာ၊ အကျိုးရှိအကျိုးမဲ့၌ လိမ္မာ သောအဖြစ်သည်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဝေရ မဏိယာ၊ သုမေရယမဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ ။ (ဤသိကြားနတ်မင်းကဲ့သို့၊

mgyoe.com

အကျိုးရှိအကျိုးမဲ့၌ လိမ္မာသောအဖြစ်ကို အလိုရှိကုန်မူ။ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်၊ သိကြားနတ်မင်းကဲ့သို့၊ ဩတ္တပွသံဝေဂတရားကို နှလုံးထား၍၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော၊ သူရာမေရယမဇ္ဇပမာဒဋ္ဌာနမှ ဝေးစွာကြဉ်ရှောင်ကုန်ရာ၏)။

ဘုရားမြတ်စွာသည်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ နေတော်မူသောအခါ။ ကုမ္ဘဃောသက သူဌေးကို အကြောင်းပြု၍၊ တစ်ခုသော ဓမ္မဒေသနာကို ဟောတော်မူ၏။ ရာဇဂြိုဟ်ပြည်ဝယ်၊ သူဌေး၏အိမ်၌ ယင်အနာသည် ဖြစ်၏။ ထိုယင်အနာသည် ဖြစ်သည်ရှိသော်၊ ထိုအိမ်၌ ယင်တို့ကိုအစပြု၍၊ နွားတိုင်အောင်၊ တိရစ္ဆာန်တို့သည် ရှေးဦးစွာသေကုန်၏။ ထိုနောင်မှ အိမ်ရှင်တို့သည် သေကုန်၏။ ထို့ကြောင့်၊ ထိုယင်အနာသည် အလုံးစုံသောသူတို့၏နောက်၌။ သူဌေးလင်မယားတို့ကို ယူ၏။ ထိုသူဌေးလင်မယားတို့သည် အနာဖြင့် နှိပ်စက်ကုန်ရကား၊ အနီးအပါး၌တည်သော သားကိုကြည့်လျက်၊ မျက်ရည်ပြည့်သော မျက်စိတို့ဖြင့် သားကိုဆို၏။ ချစ်သား၊ ဤအိမ်၌ အနာဖြစ်သည်ရှိသော်၊ အိမ်နံရံကို လှန်ဖျက်၍၊ အကြင်သူတို့သည် ပြေးကုန်၏။ ထိုသူတို့သာအသက်ရကုန်၏။ ထို့ကြောင့် ချစ်သားသင်လည်း၊ ငါတို့ကိုမငဲ့ဘဲပြေး၍၊ အသက်ရှင်သည်ရှိသော်၊ တစ်ဖန်ပြန်လာ၍၊ ဤမည်သော အရပ်ဝယ်၊ လေးဆယ်သော ကုဋေဥစ္စာကို ငါတို့မြှုပ်ထားအပ်၏။ ထိုဥစ္စာကိုဖော်ထုတ်လျက် အသက်မွေးလေလော့ဟု ဆို၏။ သားလည်း မိဘတို့စကားကိုကြားလျှင်၊ ငိုယိုပြီးမှ၊ မိဘတို့ကိုရှိခိုး၍၊ သေဘေးမှ ကြောက်ရကား၊ အိမ်နံရံကိုလှန်ဖျက်၍ ထွက်ပြေးပြီးလျှင်၊ တောတောင်သို့သွား၍၊ တစ်ဆယ့်နှစ်နှစ် ပတ်လုံး၊ ထိုအရပ်၌နေပြီးမှ ပြန်လာ၏။ ထိုသူဌေးသားကို ငယ်စဉ်ကာလက သွား၍၊ ဆံမုတ်ဆိတ်ပေါက်ရောက်မှ ပြန်လာသောကြောင့်၊ တစ်စုံတစ်ယောက်သော သူသည်မသိ၊ ထိုသူဌေးသားသည် မိဘတို့ပေးအပ်သော အမှတ်ဖြင့်၊ ဥစ္စာထားရာအရပ်သို့ သွား၍ကြည့်လျှင်၊ ဥစ္စာ၏အနာမရှိသောအဖြစ်ကို သိ၍ဤသို့ကြံ၏။ တစ်စုံတစ်ယောက်သောသူသည်မ သိ၊ ယင်းသို့မဟုတ်ဘဲလျက် ငါသည် ဤဥစ္စာကိုဖော်ထုတ်၍ သုံးဆောင်ငြားအံ့၊ လူဆင်းရဲတစ်ယောက်သည်ငွေအိုးကို ခိုးဖော်သည်ဟု၊ ငါ့ကိုညှဉ်းဆဲကုန်ရာ၏။ အကယ်၍ ငါကား အခစားပြု၍ အသက်မွေးရသော်လျော်၏ဟု ကြံ၏။ ယင်းသို့ကြံပြီးသည်မှ နောက်ကာလ၌၊ ပုဆိုးကြမ်းစုတ်ကို ဝတ်ပြီးလျှင်။ အခ စားဖြင့် အလိုရှိသော၊ တစ်စုံတစ်ယောက်သော သူသည်၊ ရှိပါသလောဟု မေးမြန်းလျက်။ သူခစားလမ်းခရီးကိုလယ်၏။ ထိုအခါ၊ ကုမ္ဘဃောသကကို အခစားဖြင့် အလိုရှိသော သူတို့သည် မြင်၍၊ သင်သည် အကယ်၍ ငါတို့ကို အမှုတစ်ခုကို ပြုနိုင်သည်ဖြစ်အံ့။ သင်အား ထမင်းရိက္ခာပေးပါမည်ဟုဆိုကုန်သော်၊ အဘယ်အမှုနည်းဟုမေး၍၊ စောစောနိုးအောင် နှိုးစေသော အမှုဟု ဆို၏။ သင်သည် အကယ်၍ တတ်နိုင်ငြားအံ့။ နံနက်စောစောထ၍ အမောင်တို့ထကြကုန်လော။ လှည်းများ ထွန်များကို နွားတို့နှင့် ကကြကုန်လော့။ တိုက်ချိန်ထွန်ချိန်တန်ပြီ။ ဆင်စာမြင်းစာမြက်ရေအလို့ငှာ သွားချိန်တန်ပြီ။ အမိတို့ ထကြလော့။ သင်တို့သည်လည်း၊ ယာဂုထမင်းဟင်း ချက်ချိန်တန်ပြီ ချက်ကြကုန်လော့ဟု။ လှည့်လည်၍ ကြားလော့ဟု ဆို၏။ ကောင်းပြီဟု ဝန်ခံသော်၊ ထိုသူအား နေရာအိမ်တစ်ခုကို ပေးကုန်၏။ ထိုသူလည်း၊ နေ့တိုင်းပင် ထိုအမှုကိုပြု၏။ ထိုအခါ ဗိမ္ဗိသာရမင်းသည်၊ တစ်နေ့သ၌ ထိုသူ၏ အသံကိုကြားလေ၏။ ထိုမင်းကား သတ္တဝါခပ်သိမ်းတို့၏ ဆိုးကောင်းသော အသံကိုသိတတ်၏။ ထိုကြောင့် ဤအသံသည် သူဆင်းရဲ၏ အသံမဟုတ်၊ ဥစ္စာရှိသောသူ၏။ အသံတကားဟု မိန့်ဆိုလေ၏။ ထိုအခါ၊ မင်း၏အပါးတော်စေ၊ ကိုယ်လုပ်တော်တစ်ယောက်သည်၊ ငါတို့သခင် အရှင်မင်းကား၊ ဟူဟူညားညားသော စကားကိုမဆို၊ ငါတို့မင်းဆိုက။ ယုံကြည်ရသော စကားရှိသည်။ ငါသည် ဤအကြောင်းကို သိခြင်းငှာ မတတ်ကောင်းဟုကြံ၍ စုံစမ်းသော်၊ ကုမ္ဘဃောသကကိုမြင်၍ အရှင်မင်းကြီး ဤသူကား အခစားလုပ်သူ။ လူဆင်းရဲတည်းဟု လျှောက်၏။ မင်းလည်း။ ထိုကိုယ်လုပ်တော်၏ စကားကိုကြားသော်။ ဆိတ်ဆိတ်နေလျက် နှစ်ရက်မြောက်၌လည်းကောင်း။ သုံးရက်မြောက်၌လည်းကောင်း။ ထိုသူ၏အသံကိုကြား၍။

mgyoe.com

နည်းတူသာ မိန့်တော်မူ၏။ ကိုယ်လုပ်တော်လည်း။ နည်းတူအထပ်ထပ်စုံစမ်း၍။ အထီးကျန် သူလူဆင်းရဲပါဟုလျှောက်၏။ ယင်းသို့လျှောက်သော်လည်း။ မင်းသည်မယုံရကား။ ထပ်ခါထပ်ခါ ဥစ္စာရှိသော ယောကျ်ား၏အသံတကားဟု မိန့်တော်မူ၏။ ယင်းသို့မိန့်တော်မူသော်။ ကိုယ်လုပ်တော်က ဤအရာဝယ်။ စုံစမ်းဖွယ်အကြောင်းရှိကောင်းရာ၏။ ဤအကြောင်းကို မဖောက်မပြန်။ အမှန်သိခြင်းငှာတတ်ကောင်း၏ဟု ကြံ၍ မင်းအားလျှောက်၏။ အရှင်မင်းကြီး၊ အကျွန်ုပ်ကား တစ်ထောင်မျှလောက်သော ဥစ္စာကိုရပါသော်။ သမီးတော်ကိုခေါ်၍သွားပြီးမှ။ ထိုသူ၏ ဥစ္စာဟူသမျှ အလုံးစုံကို။ အကုန်မင်းနန်းတော်သို့သွင်းပါအံ့ဟု လျှောက်၏။ ဗိမ္ဗိသာရမင်းလည်း။ ကောင်းပြီဟု တစ်ထောင်မျှလောက်သော ဥစ္စာထုပ်ကို။ ထိုကိုယ်လုပ်တော်အား ပေးစေ၏။ ထိုကိုယ်လုပ်တော်လည်း ဥစ္စာတစ်ထောင်ကိုယူပြီးမှ။ သမီးအား အဝတ်နွမ်းကိုဝတ်စေ၍။ သမီးနှင့်တကွ အိမ်မှထွက်ပြီးသော်။ ခရီးသွားအဟန်။ သူ့ခစားလမ်းခရီးသို့သွားပြီးလျှင်။ အိမ်တစ်အိမ်သို့ဝင်၍။ အိမ်ရှင်တို့။ ငါတို့ကား၊ ခရီးသွားဖြစ်ပါကုန်သည် ညည်းတို့အိမ်၌၊ တစ်ရက်နှစ် ရက်အပင်အပန်းဖြေပြီးမှ သွားပါကုန်အံ့ဟု ဆို၏။ ထိုအခါ အိမ်ရှင်တို့က။ ရှင်မတို့။ ဤအိမ်၌ အိမ်သူသားများလှပါသည်။ နေရာမဆန့်ခဲ့။ ကုမ္ဘဃောသက၏ အိမ်သည်။ အိမ်နေလူတစ်ယောက်တည်းသာဖြစ်၍။ ကျယ်ဝန်းပါသည်။ ထိုအိမ်သို့သာသွားပါလေဟု ဆိုကုန်၏။ ထိုကိုယ်လုပ်တော်လည်း။ သမီးနှင့်တကွ၊ ကုမ္ဘဃောသက အိမ်သို့သွား၍။ အမောင်အိမ်ရှင်။ ငါတို့ကား ခရီးသွားဖြစ်ပါသည်။ အမောင်အိမ်တွင် တစ်ရက် နှစ်ရက်မျှ။ အပင်အပန်းဖြေ၍ နေပါရစေဟု ဆိုကုန်လျှင်။ ထိုကုမ္ဘဃောသကသည် အလိုမရှိရကား။ အထပ်ထပ်ပယ်၏။ ယင်းသို့ပယ်သော်လည်း။ ထိုကိုယ်လုပ်တော်သည်။ နက်ဖြန်နံနက် စောစောထွက်ပါအံ့။ ယနေ့တစ်ရက်မျှသာ နေပါရစေဟုဆို၍။ မသွားလိုဖွတ်ဆွဲနေလေ၏။ ယင်းသို့နေပြီးသည်နောက် မိုးသောက်လျှင်။ ထိုကုမ္ဘဃောသက တောသို့သွားမည်ကာလ။ သင့်ဖို့ရိက္ခာပေးခဲ့ပါ။ အာဟာရချက်ပြုတ်၍ ထားပါမည်ဟု ဆို၏။ ယင်းသို့ဆိုသော်လည်း။ ထိုကုမ္ဘဃောသကသည် အလိုမရှိရကား ငါ့စားဖွယ်ကိုငါကိုယ်တိုင်ပင် ချက်ပြုတ်၍ စားမည်ဆိုသော်လည်း။ ထိုကိုယ်လုပ်တော်က ထပ်ခါထပ်ခါဆိုရကား အားပါးနာသောကြောင့်။ ရိက္ခာပေး၍ သွားလေ၏။ ထိုကိုယ်လုပ်တော်လည်း။ ထိုရိက္ခာကို ယူကာမျှပြု၍။ အိမ်ဈေးမှသလေးဆန်တို့ကို ဝယ်ပြီးလျှင်။ မင်းအိမ်တွင်ချက်သောနည်းဖြင့်။ ကောင်းမွန်စင်ကြယ်စွာ ချက်၍။ နှစ်ခွက်သုံးခွက်သော စားမဲဟင်းလျာနှင့်တကွ။ ထိုသူတောမှ လာသည်ကာလပေး၍။ ထိုထမင်းဟင်းကိုစား၍ စိတ်ကားနူးညံ့သောအဖြစ်သို့ ရောက်လေ၏။ အိမ်ရှင်အမောင်၊ ငါတို့ကား၊ ပင်ပန်းအားကြီးလှသည်။ နှစ်ရက်သုံးရက်မျှ နေပါရစေဦးဟုဆိုသော်၊ ကောင်းပြီဟု ဝန်ခံလေ၏။ ကိုယ်လုပ်တော်လည်း။ ကုမ္ဘဃောသကအား၊ ညချမ်း နံနက်နည်းတူပင် ချက်၍ပေး၏။ ထိုထမင်းကိုစား၍၊ နူးညံ့သော စိတ်ရှိသည်၏အဖြစ်ကို သိရကား။ ထက်စွာသော ဓားဖြင့်။ ကုမ္ဘဃောသက၏ ညောင်စောင်းအပေါင်ကို။ ထိုထိုအရပ်၌ ဖြတ်ထား၏။ ကုမ္ဘဃောသကလာ၍ အိပ်ခါမျှပင်၊ ညောင်စောင်းသည် တွဲလဲဆွဲ၍လဲလေ၏။ အဘယ်သူသည်။ ဤညောင်စောင်းကို ဖြတ်ထားသနည်းဟု။ ကုမ္ဘဃောသက မေးလေသော်။ အမောင်သူငယ်တို့သည်။ ထိုထိုအိမ်မှ များစွာလာ၍ကစားကြသည်။ တားမြစ်သော်လည်းမနိုင်ဟုဆို၏။ ရှင်မတို့ ရှေးအခါငါသည်။ အရပ်တစ်ပါးသို့သွားသည်ရှိသော်။ အိမ်တံခါးကိုပိတ်၍ ထားခဲ့ရသည်။ သင်တို့ကြောင့် ယခုမှာမပိတ်သာ။ ငါ၏ဤဆင်းရဲကား။ သင်တို့ကိုမှီ၍သာဖြစ်သည်ဟုဆိုသော်၊ အမောင်သူငယ်တို့အား တားမြစ်ခြင်းငှာမနိုင်သည်ကို အဘယ်သို့ပြုရမည်နည်းဟုဆို၏။ ကိုယ်လုပ်တော်လည်း။ ဤသို့သောနည်းဖြင့် နှစ်ရက်သုံးရက်ဖြတ်၍သာလျှင်။ ကုမ္ဘဃောသကသည် စောင်းမြောင်းရှုတ်ချလျက် အမျက်နှင့်ဆိုပါသော်လည်း။ နည်းတူသာစကားပြန်၍။ တစ်ဖန်တစ်ချောင်းနှစ်ချောင်းသော ကြိုးတို့ကိုထား၍။ ကြွင်းသမျှကို အကုန်ဖြတ်၏။ ထိုနေ့၌ ကုမ္ဘဃောသကလာ၍ ထိုင်ကာမျှပင်။ မြေတွင်ညောင်စောင်းပြတ်၍ကျချေ၏။ ပုဆစ်နှင့်ဦးခေါင်းပေါင်းမိ၍ ထိလေ၏။ ကုမ္ဘဃောသကလည်း ထ၍။ ယခုအခါ

mgyoe.com

mgyoe.com

အဘယ်သို့သွားရအံ့နည်း။ အိပ်သော ညောင်စောင်း၏ အရှင်မှုမဖြစ်ရအောင်ငါ့ကိုသင်တို့ပြုကြသည်ဟုဆို ၏။ ထိုအခါ ကိုယ်လုပ်တော်က၊ သူငယ်များကို တား မြစ်၍ မနိုင်သည်ကို အဘယ်ပြုရအံ့နည်း။ ထိုသို့ဖြစ်စေ။ ဤညအခါဝယ် အဘယ်သို့အမောင် သွားမည် နည်းဟု၊ သမီးကို ခေါ်ပြီးလျှင်၊ ရှင်မ၊ သင်မောင်၏ အိပ်ရာကို ပြုပါလောဟုဆိုသော်။ ထိုသမီးသည်၊ နံပါးတစ်ဘက် မှာ အိပ်ရာခင်းပြီးမှ၊ လာလော့ သခင်သည်တွင်အိပ်ပါ ဟုဆို၏။ ကိုယ်လုပ်တော်လည်း။ ချစ်သား သွားချေ။ မောင့်နှမနှင့် အတူတကွ အိပ်ချေလော့ဟု ဆို၏။ ကုမ္ဘ ယောသကလည်း၊ ထ၍သွားပြီးမှ။ သမီး နှင့်အတူတကွ အိပ်လေလျှင်။ ထိုနေ့တွင်ပင် ပေါင်းဖော်ကြလေ၏။ သမီးလည်း ပေါင်းဖော်ပြီးလျှင် ထ၍ ငိုလေ၏။ ထိုအခါ အမိက၊ ချစ်သမီးအသို့နည်း ဟုမေး သော်။ ဤမည်သော အမှုသည် ဖြစ်ခဲ့၏ဟု ဆို၏။ ချစ်သမီးယင်းသို့ဖြစ်စေ။ ဖြစ်သည်ကို အသူတတ်နိုင်အံ့နည်း၊ သင်လည်း လင် တစ်ယောက် ကို ရခြင်းငှာ။ ဤသူလည်း၊ မယား တစ်ယောက်ကို ရခြင်းငှာတတ်ကောင်း၏ဟုဆိုပြီးလျှင် ထိုကိုယ်လုပ်တော်သည်။ ကုမ္ဘယောသကကို သမက် ဖမ်းလေ၏။ ထိုသမီး ယောက္ခမသုံးယောက်တို့သည် အညီအညွတ် နေကြကုန်၏။ ထိုနောင်နှစ်ရက်သုံးရက် လွန်လေသော်။ ကိုယ်လုပ်တော်သည်။ ဗိမ္ဗိသာရမင်း အား။ သတင်းစကားကြား လျှောက်၏။ အရှင်မင်းကြီး၊ သူခစား လမ်းခရီးတွင်။ သဘင်ပြုပါစေ။ အကြင်သူ၏ အိမ်တွင်သဘင်မပြု။ ထိုသူအားဤမည်သော ဒဏ်ထား လေဟု စေတော်မူပါဟုလျှောက်၏။ မင်းလည်း ကိုယ်လုပ်တော်လျှောက် တိုင်းပြုစေ၏။ ထိုအခါ ယောက္ခမကသမက်ကို။ ချစ်သား သူခစား လမ်းခရီးတွင် သဘင်ခံရမည်ဟု။ မင်းအာဏာဖြင့်စေလာသည်။ ဘယ်သို့ ပြုမည်နည်းဟုမေး၏။ မိခင်ငါကား၊ အခစား ပြု၍ အသက်မွေးရသည်၊ သဘင်ခံခြင်းငှာ ဘယ်မှာ တတ်နိုင်အံ့နည်းဟုဆိုသော်။ ကိုယ်လုပ်တော်ယောက္ခမ။ ချစ်သား အိမ်ရာထောင်သော လူ၏ဘောင်၌နေသော သူတို့သည်ကား။ မြီကြွေးကိုသော်လည်း ချေးယူရ ကုန်၏။ မင်းအာဏာကိုမဆန်သာ။ မြီမှာမူကား၊ တစ်စုံတစ်ခုသောအကြောင်းဖြင့်။ ဆပ်ပေးခြင်းငှာ

တတ်ကောင်း၏။ သွား၍ တစ်ကျပ် နှစ်ကျပ်မျှကို ရအောင်ရှာချေဟုဆို၏။ သမက်လည်း စောင်းမြောင်း ရှုတ်ချလျက်၊ သွား၍ ထားရာကုဋေလေးဆယ်မှ၊ တစ်ကျပ်မျှကိုသာ ဆောင်ခဲ့၏။ ကိုယ်လုပ်တော်လည်း။ ထိုငွေတစ်ကျပ်ကို မင်းအား ဆက်ပြီးလျှင်။ မိမိငွေ တစ်ကျပ်ဖြင့် သဘင်ခံ၍။ တစ်ဖန်နှစ်ရက်သုံးရက် လွန်လေလျှင် နည်းတူပင် မင်းအား လျှောက်ထားပြန် ၏။ မင်းလည်း ရှေးနည်းပင် စေပြန်၏။ တစ်ဖန် ယောက္ခမက သမက်ကို ဆိုပြန်သော်။ သမက်လည်း သွား၍ နှစ်ကျပ်သုံးကျပ် ငွေကို ဆောင်ယူလေ၏။ ယောက္ခမလည်း နှစ်ကျပ်သုံးကျပ်ငွေကို မင်းအား ဆက်သ ပြီးလျှင်။ နည်းတူပင် သဘင်ခံ၍၊ တစ်ဖန် နှစ်ရက်သုံး ရက်လွန်လေသော်။ ယခုအခါ မင်းချင်းတို့ကိုစေ၍ ခေါ်ယူပါဟု မင်းအား လျှောက်ထား၏။ မင်းလည်း လျှောက်ထားသည်အတိုင်း ခေါ်စေ၏။ မင်းချင်း ယောကျ်ားတို့သည် သွား၍။ ကုမ္ဘယောသကဟူသည် အဘယ်နည်းဟု ရှာကုန်လျှင်၊ ထိုသူကိုပင်မြင်၍ လာလော့မင်းချင်း၊ မင်းသည် သင်ကို ခေါ်တော်မူ၏ဟု ဆိုကုန်၏။ ကုမ္ဘယောသလည်း မင်းသည် ငါ့တို့ သိတော်မမူ၊ လူလျှင်တို့သာ ဖြစ်တန်ရာ၏။ ဤသို့အစ ရှိသော စကားကိုဆို၍ လိုက်လိုသော သဘောမရှိ။ ယင်းသို့မရှိလျှင် မင်းချင်းတို့သည် ကုမ္ဘယောသကကို၊ အနိုင်အထက် လက်အစရှိသည်တို့၌ ဆွဲငင်ကုန်၏။ ယင်းသို့ဆွဲငင်ရာ၊ ယောက္ခမ ကိုယ်လုပ်တော် မြင်လေ သော်။ ဟယ်အဆုံး အမခက် သူပျက်မင်းချင်းတို့၊ နင်တို့သည်။ ငါ့သမက်ကို လက်အစရှိသည်၌၊ ကိုင်ခြင်း ငှာ မထိုက်လျှောက်ဟု ခြိမ်းခြောက်၍ အမောင်လာပါ၊ ဘာမှမကြောက်လင့်၊ မင်းကိုမြင်မှု သင်၏လက်၌ကိုင် သော သူတို့၏ လက်ကိုဖြတ်စေအံ့ဟု ဆို၍ သမီးကိုခေါ် ပြီးမှ၊ ရှေ့ကသွားနှင့်၍။ မင်းနန်းတော်သို့ ဝင်ပြီးလျှင်၊ အသွင်ကို ဖောက်ပြန်စေလျက်၊ အထွေထွေအထူးထူး သော တန်ဆာတို့ကိုဆင်ယင်ပြီးမှ၊ တင့်အပ်လျှောက်ပတ် သော အရပ်ကရပ်၏။ ကုမ္ဘယောသကကိုလည်း၊ အတင်းဆွဲခေါ်၍ နန်းတော်သို့ဆောင်ခဲ့ကုန်၏။ ရှိခိုး၍ ရပ်သော၊ ကုမ္ဘယောသကမြင်လျှင်၊ ဘုရင်က၊ ကုမ္ဘ ယောသကဟူသည် သင်ပင်လောဟု မေးတော်မူ၏။

mgyoe.com

mgyoe.com

ဟုတ်ကြောင်းကိုလျှောက်လျှင်၊ အဘယ့်ကြောင့် ဥစ္စာအများကို ဝှက်ထား၍ မစားမသောက်နေသနည်းဟု မေးတော်မူ၏။ အရှင်မင်းကြီး အကျွန်ုပ်အား ဥစ္စာများသော အဖြစ်သည်။ အဘယ်မှာရှိအံ့နည်း။ အစားပြုလျက် အသက်မွေးရပါသည်ဟု လျှောက်၏။ အမောင်သို့မဆိုလင့်၊ ငါ့ကို အဘယ်ကြောင့်လှည့်စားသနည်းဟု မိန့်တော်မူ၏။ အရှင်မင်းကြီး မလှည့်စားပါ။ ဥစ္စာမရှိ၍သာ လျှောက်ပါသည်ဟု ဆို၏။ ထိုအခါ မင်းက၊ ကိုယ်လုပ်တော်ဆက်လာသော အသပြာတို့ကိုပြ၍၊ ဤအသပြာတို့ကား၊ အသူ့ဥစ္စာနည်းဟု မေးတော်မူ၏။ ကုမ္ဘဃောသကလည်း အသပြာတို့ကို သိ၍၊ ငါသည်။ ပျက်စွတကား၊ အဘယ်သို့သော အခြင်းအရာဖြင့်၊ ဤအသပြာတို့သည်။ မင်း၏လက်သို့ရောက်ကုန်သနည်းဟု၊ ဤမှ ထိုမှ ကြည့်လသော်၊ တန်ဆာဆင်လျက် တိုက်ခန်းတံခါး၌ ရပ်သောသားအမိတို့ကို မြင်လေလျှင်။ ဤအမှုသည် ဝန်လေးစွတကား။ ဤသားအမိသည် မင်းအားယှဉ်စေအပ်သည်ဖြစ်ရာ၏ဟု ကြံ၏။ ထိုအခါ၊ မင်းက အချင်းကိုအမှန်ကိုဆိုလော ၊ အဘယ့်ကြောင့် ဤသို့ပြုသနည်းဟု မေးတော်မူ၏။ အရှင်မင်းကြီး အကျွန်ုပ်အား၊ မှီခိုမရှိပါဟု လျှောက်၏။ ငါသို့သော မင်းသည်၊ မှီခိုရာမဟုတ်လောဟု မိန့်တော်မူ၏။ အရှင်မင်းကြီးသည်၊ အကယ်၍ အကျွန်ုပ်အား၊ မှီခိုရာဖြစ်ပါအံ့၊ ကောင်းပါ၏ဟု လျှောက်၏။ ကောင်းပြီ။ ငါပင်မှီခိုရာဖြစ်စေ။ ဥစ္စာကား အဘယ်မျှရှိသနည်းဟု မေးတော်မူ၏။ ကုဋေလေးဆယ်ရှိပါ၏ဟု လျှောက်၏။ အဘယ်ကိုရခြင်းငှာ တတ်ကောင်းသနည်း ဟုမေးတော်မူသော်၊ လှည်းတို့ကိုရခြင်းငှာ၊ တတ်ကောင်းပါ၏ဟု လျှောက်၏။ မင်းလည်း များစွာသော လှည်းတို့ကို ပေး၍ ဆောင်စေပြီးလျှင်။ မင်းရင်ပြင်၌ ပုံစေပြီးမှ၊ ရာဇဂြိုဟ်ပြည်သားတို့ကို ခေါ်၍၊ ဤပြည်ဝယ် အဘယ်သူအား။ ဤမျှလောက် ဥစ္စာများသနည်းဟု မေးတော်မူလျှင်။ အရှင်မင်းကြီးမရှိပါဟု လျှောက်လေသော်။ ဤသူကား အဘယ်သို့ပြုခြင်းငှာ သင့်အံ့နည်းဟု မေးတော်မူလျှင်။ ပူဇော်သက္ကာရပြုခြင်းငှာ သင့်ပါ၏။ ဟု လျှောက်ကုန်၏။ ဗိမ္ဗိသာမင်းလည်း များစွာသော ပူဇော်သက္ကာရဖြင့်။ ကုမ္ဘဃောသကကို သူဌေးအရာ၌ ထားပြီးမှ။ သမီးတော်ကိုလည်း ကုမ္ဘဃောသကအားပင် ပေးတော်မူ၍၊ ထိုကုမ္ဘဃောသကနှင့်တကွ ဘုရားသခင် ထံသို့သွားပြီးလျှင်။ ဘုန်းတော်ကြီးလှသောဘုရား၊ ဤယောကျ်ားကို ရှုတော်မူပါ။ ဤယောကျ်ားကဲ့သို့ တည်ကြည်သော စိတ်ရှိသော သူသည် လူတွင်ရှား၏။ ကုဋေလေးဆယ်ကြွယ်ဝလျက်၊ မော်လွင်ခြင်းမရှိ၊ ငါဟူသော မာနကိုမပြု၊ အထီးကျန်ကဲ့သို့၊ ပုဆိုးစုတ်ကို ဝတ်လျက်။ သူစားလမ်းခရီးဝယ်၊ အစားပြုလုပ်၍။ အသက်မွေးသည်ကို။ အကျွန်ုပ်သည် ဤမည်သော ဥပါယ်အကြောင့် ဖြင့်သိအပ်၏။ သိသောကြောင့်ခေါ်၍ ဥစ္စာရှိသော အဖြစ်ကို ဝန်ခံစေပြီးမှ၊ ထိုဥစ္စာကို ဆောင်၍။ သူဌေးအရာဝယ် ထားပြီးလျှင်။ သမီးကိုလည်း ထိုသူအားပေးအပ်၏။ ဘုန်းတော်ကြီးလှသောဘုရား။ ဤယောကျ်ားကဲ့သို့ တည်ကြည်သော သူကို။ အကျွန်ုပ် မမြင်ဖူးပါဟု လျှောက်၏။ ထိုစကားကိုကြားတော်မူသော်။ ဘုရားသဗ္ဗညုလည်း။ မင်းကြီး၊ ဤသို့ အသက်မွေးသောသူ၏။ အသက်ရှည်ခြင်းကား။ တရားနှင့်လျော်သော အသက်ရှင်ခြင်းမည်၏။ ခိုးခြင်းစသော အမှုသည်ကား။ ဤပစ္စုပ္ပန်လောက၌လည်း။ မိမိကိုယ်ကိုလည်းကောင်း။ သူတစ်ပါးကိုလည်းကောင်း။ နှိပ်စက်သည်မည်၏။ တမလွန်လောက၌လည်း။ ထိုခိုးခြင်းစသော အကြောင်းကြောင့်။ ချမ်းသာမည်သည်မရှိ။ ဆင်းရဲအတိသာဖြစ်သတည်း။ ယောကျ်ားအား စီးပွားဥစ္စာပျက်စီးသည်ကာလ။ လယ်ထွန်အမှုကိုလည်းကောင်း။ အစားအမှုကိုလည်းကောင်း၊ ပြု၍ အသက်မွေးခြင်းသည်သာ။ တရားနှင့် လျော်စွာအသက်မွေးခြင်း မည်၏။ ဤသို့သဘောရှိသော ထကြွလုံ့လနှင့် ပြည့်စုံသော။ အသိတရားနှင့် ပြည့်စုံသော။ ကိုယ်နှုတ်တို့ဖြင့် စင်ကြယ်သော အမှု ရှိသော။ ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသော။ ကိုယ်နှုတ်စိတ်ဖြင့် စောင့်ရှောက်သော၊ တရားနှင့်လျော်စွာ အသက်မွေးသော။ မမေ့မလျော့သော။ ဤခုနစ်ပါးသော ယသဝမုနတရားနှင့် ပြည့်စုံသောသူအား၊ စည်းစိမ်ချမ်းသာ အခြံအရံအစိုးရခြင်းဟု ဆိုအပ်သော။ ပရိဝါရယသ။ အကျော်အစောဟု ဆိုအပ်သော၊ ကိတ္တိယသ တရားနှစ်ပါးသည်၊ ပွားများသည်သာတည်းဟု မိန့်တော်မူ၏။

mgyoe.com

mgyoe.com

ဥဋ္ဌာနတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။ သညတဿစဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။ ။ ဟူသော ဓမ္မပဒဂါထာကို၊ ဟောတော်မူ၏။ ။ ဥဋ္ဌာနဝတော၊ ထကြွလုံ့လရှိသော သူအားလည်းကောင်း။ သတိမတော၊ သတိရှိသော သူအားလည်းကောင်း။ သုစိကမ္မဿ၊ စင်ကြယ်သော ကိုယ်အမှု နှုတ်အမှုရှိသော သူအားလည်းကောင်း။ နိသမ္မကာရိနော၊ အကျိုးအပြစ်ကို ဆင်ခြင်၍ ပြုလေ့ရှိသော သူအားလည်းကောင်း။ သညတဿဟ။ ကိုယ်နှုတ်တို့ဖြင့် စောင့်စည်းသော သူအားလည်းကောင်း။ ဓမ္မဇီဝိနော၊ တရားသဖြင့် အသက်မွေးသော သူအားလည်းကောင်း။ အပ္ပမတ္တယသ၊ တရားနှစ်ပါးသည်။ အဘိဝဍ္ဎတိ၊ လွန်စွာပွားများ၏။ ။ ဂါထာ၏အဆုံး၌၊ ကုမ္ဘဃောသသည်။ သောတပတ္တိဖိုလ်၌ တည်လေ၏။ သည်မှတစ်ပါး များစွာသော သူတို့သည်လည်း အကျွတ်တရားရကြကုန်၏။

ဤ၌ ကုမ္ဘဃောသကသည်၊ ရှေးရှေးသောဘဝက သံဝေဂပွားသံဝေဂနှင့် ပြည့်စုံသည်ဖြစ်၍၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာငါးပါး၊ မေရယငါးပါးကို သောက်စားခြင်းမှ၊ ကြဉ်ရှောင်ခဲ့ဖူးသော ကံထူး၏အကျိုးကြောင့်၊ ဥဋ္ဌာနဝန္တစသော ယသဝဍ္ဎနတရားခုနစ်ပါးနှင့် ပြည့်စုံရကား၊ ပရိဝါရယသ၊ ကိတ္တိဃသ၊ နှစ်ပါးတို့သည် လွန်စွာပွားများ ကုန်၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ ကြဉ်သောသူအားသာ။ ဤယသဝဍ္ဎနတရား ခုနစ်ပါးပြည့်စုံကောင်း။ မကြဉ်သော သူအား မပြည့်စုံကောင်း။ ။ ရတ္တိန္ဒိဝမတန္ဒိတာသဒါဥပဋ္ဌိတ သတိကာ ဉာဏဝန္တတာ အပ္ပမတ္တတာ သုရာမေရယမဇ္ဇ ပမဒဋ္ဌာန ဝေရမဏိယာဖဿနိ။ ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ ။ ရတ္တိန္ဒိဝမတန္ဒိတာ၊ နေ့ညဉ့်အလုံး မပျင်းမရှိသော အဖြစ်သည်လည်းကောင်း။ သဒါဥပဋ္ဌိတသတိတာ၊ အခါခပ်သိမ်း ထင်သော သတိရှိသော အဖြစ်လည်းကောင်း။ ဉာဏဝန္တတာ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောအဖြစ်သည်လည်းကောင်း။ အပ္ပမတ္တတာ၊ မမေ့မလျော့သောအဖြစ်သည်လည်းကောင်း၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာန ဝေရမဏိယာ၊ သုရာမေရယမဇ္ဇပမာဋ္ဌာနမှကြဉ်ခြင်း၏။ ဖလာနိ၊ အကျိုးတို့တည်း။ ။ ဤအဋ္ဌကထာ၌၊ ရတ္တိန္ဒိမတန္ဒိတာဟူသော ပါဠ်ဖြင့် ဥဋ္ဌာနဝံန္တဟူသော ယသဝဍ္ဎနတရား၏ ပြည့်စုံခြင်းကို ပြတော်မူသည်။ သဒါဥပဋ္ဌိတသတိကာ ဟူသောပါဠ်ဖြင့်၊ သတိမန္တဟူတော ယသဝဍ္ဎနတရားပြည့်စုံခြင်းကို ပြတော်မူသည်။ ဉာဏဝန္တတာဟူသော ပါဠ်ဖြင့်၊ နိသမ္မကာရိဟူသောယသဝဍ္ဎနတရား၏ ပြည့်စုံခြင်းကို ပြတော်မူသည်။ အပ္ပမတ္တတာဟူသော ပါဠ်ဖြင့်၊ အပ္ပမတ္တတာဟူသော ယသဝဍ္ဎန တရား၏ ပြည့်စုံခြင်းကို မုချနိတတ္ထအားဖြင့် ပြတော်မူသည်။ သုစိကမ္မသညတဓမ္မဇီဝိဟူသော ယသဝဍ္ဎနတရား သုံးပါး၏ ပြည့်စုံခြင်းကို ကားဥပစာရနေယျတ္ထအားဖြင့် ပြတော်မူသည်။

ဤငါးပါးသီလ၏ အကျိုး၌၊ ခုဒ္ဒကပါဌအဋ္ဌကထာဝယ်၊ ခုဒ္ဒကပါဌအဋ္ဌကထာမှာ။ ဤကျမ်း၌မှဆိုသည်ပါဠိအတိုင်းမလာမရှိ၊ ငါးပါးသီလ၏ အကျိုးများစွာဆိုရသောကြောင့်၊ ထိုနှင့်လျော်စွာရှေ့ နောက်အစဉ်လိုင်ဝှစ်ရှိသည်။ ဤကျမ်း၌မှာကား၊ လိုရာအကျိုးကို ခုဒ္ဒကပါဌအဋ္ဌကထာမှ ထုတ်မှာရသောကြောင့်၊ ထိုနှင့် လျော်စွာ ပါဠိပါဠိကို ပြင်၍ရေးရသည်။ ယင်းသို့ ရေးရလျက်၊ ထိုခုဒ္ဒကပါဌအဋ္ဌကထာဟု မှာဆိုသည်မှာ ထိုအဋ္ဌကထာလာသည့် အဓိပ္ပာယ်အတိုင်း၊ မှာဆိုရသောကြောင့်၊ ခုဒ္ဒကပါဌအဋ္ဌကထာပင် နှလုံးသွင်း၍ မှာဆိုခြင်းဖြစ်သည်။ မဆိုင်ရာကိုပယ်၍၊ ဆိုင်ရာကိုသာယူခြင်း။ ရှေ့နောက်အစဉ်လွဲခြင်း၊ ပုဒ်ကွဲခြင်းမျှသာထူးသည်။ ကြွင်းသည်မှာ၊ အဋ္ဌကထာအတိုင်းပင်။ ။ (ဤကုမ္ဘဃောသကသူဌေးကဲ့သို့၊ ယသဝဍ္ဎနတရား ခုနစ်ပါးနှင့် ပြည့်စုံခြင်းကို အလိုရှိကုန်မူ၊ ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်လည်း၊ ကုမ္ဘဃောသကသူဌေးကဲ့သို့၊ သံဝေဂပွားသံဝေဂတရားကို နှလုံးထား၍ ယစ်မူးအံ့လျော့ခြင်း၏ အကြောင်းဖြစ်သော၊ သေအရက်သောက်ခြင်းဟုဆိုအပ်သော သုရာမေရယမဇ္ဇပမာဒဋ္ဌာန မှ ဝေးစွာရှောင်ကြဉ်ကုန်ရာ၏)။

ဤကားသံဝေဂပွားသံဝေဂနှင့် ပြည့်စုံသည်ဖြစ် ၍၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ရှောင်ကုန်ကြကုန်သော သူတို့၏ဝတ္ထုသက်သေတည်း။

**သံဝေဂဝတ္ထုဒီပနီကျမ်း ဒုတိယတွဲပြီး၏။**

❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# သံဝေဂဝတ္ထုဒီပနီကျမ်း တတိယတွဲ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ.**

ယခုအခါအကြင့်ကြောင့် ဉာဏသံဝေဂကို ဆိုရာအခွင့်အစဉ်ရောက်ပြီ။ ထို့ကြောင့် ဉာဏသံဝေဂကိုဆိုပေအံ့သတည်း။ ထိုဉာဏသံဝေဂကား။ သတ္တဝါခပ်သိမ်းတို့အား မဖြစ်နိုင်။ ဖြစ်သော သတ္တဝါကား အနည်းသာ ဖြစ်၍။ မဖြစ်သော သတ္တဝါ များကြောင်းကိုဆိုလတ္တံ့သော၊ ဧကကနိပါတ်အင်္ဂုတ္တိုရ် ဇမ္ဗုဒီပပေယျာလသုတ်ကို ထောက်၍သိအပ်၏။ ။ သေယျထာပိ ဘိက္ခဝေအပ္ပမတ္တကံဣမသ္မိံဇမ္ဗုဒီပေအာရာမရမဏေယျကံ၊ ဝနရမဏေယျကံ၊ ဘူမိရမဏေယျကံ၊ ပေါက္ခရဏီရမဏေယျကံ။ အထခေါ ဧတဒေဝဗဟုတရံ ယဒိဒံ ဥက္ကူလဝိကုလံနဒီဝိဒုဂ္ဂံ ခါဏုကဏ္ဋကဋ္ဌာနံ ပဗ္ဗတဝိသမံ။ ဧဝမေဝခေါဘိက္ခဝေအပ္ပကာ တေသတ္တာ ယေသံဝေဇနီယေသုဋ္ဌာနေသု နသံဝိဇ္ဇန္တိ အထခေါ ဧတေဝ သတ္တာ ဗဟုတရာယေသံဝေဇနီယေသုဋ္ဌာနေသုနသံဝိဇ္ဇန္တိ။ ။ဘိက္ခဝေ။ ရဟန်းတို့။ သေယျထာပိ၊ ဉပမာမည်သည်ကား။ ဣမသ္မိံဇမ္ဗုဒီပေ၊ ဤတစ်သောင်းသချ်ာယူဇနာဖြင့်၊ ကျယ်စွာသော ဇမ္ဗူဒီပါကျွန်း၌။ အာရာမရမဏေယျကံ၊ သစ်သီးအရန် ပန်းအရန်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ ဝနရမဏေယျကံ၊ သရက်တော၊ သပြေတောဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ ဘူမိရမဏေယျကံ၊ မြေအပြင်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ ပေါက္ခရဏီရမဏေယျကံ၊ လေးထောင့်ကန်၊ တစ်ဖက်ဆည်ကန်ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်သည်လည်းကောင်း။ အပ္ပမတ္တကံ၊ အနည်းငယ်သာတည်း။ အထခေါ၊ စင်စစ်သော်ကား။ ယဒိဒံယံဣဒံဥက္ကူလဝိကုလံ၊ အကြင်မြင့်ရာအရပ် နိမ့်ရာအရပ်သည်လည်းကောင်း။ ယဒိဒံနဒီဝိဒုဂ္ဂံ၊ အကြင်မြစ်ကြောင်းချောင်းမြောင်းဖြင့်၊ ကျဉ်းမြောင်းခဲယဉ်းသော အရပ်သည်လည်းကောင်း။ ယဒိဒံခါဏုကဏ္ဋကဋ္ဌာနံ။ အကြင်သစ်ငုတ်ခလုတ်ဆူးငြောင့်တို့၏ တည်ရာအရပ်သည်လည်းကောင်း။ ယဒိဒံပဗ္ဗတဝိသမံ၊ အကြင်တောင်တို့ဖြင့် မညီမညွတ်သော အရပ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတဒေဝ၊ ထိုအရပ်သည်သာလျှင်၊ ဗဟုတရံ၊ အထူးသဖြင့်များ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သံဝေဇနီယေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဌာနေသု၊ ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌။ သံဝိဇ္ဇန္တိ၊ ထိတ်လန့်ကုန်၏။ ဧတေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထခေါ။ စင်စစ်သော်ကား။ ယေသတ္တာ။ အကြင်သတ္တဝါတို့သည်။ သံဝေဇနီယေသု။ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဌာနေသုဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌။ နသံဝိဇ္ဇာန္တိ။ အထိတ်လန့်ကုန်။ ဧတေဝသတ္တာ။ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ အလွန်များကုန်၏။ အဓိပ္ပာယ်ကား၊ ချစ်သားတို့၊ ယူဇနာတစ်သောင်းကျယ်သော ဇမ္ဗူဒီပါကျွန်း၌၊ သစ်သီးရန်ပန်းရန်ဖြင့် မွေ့လျော်ဖွယ်ရှိသော

mgyoe.com

mgyoe.com

အရပ်၊ သစ်သီးတောပန်းတောဖြင့်၊ မွေ့လျော်ဖွယ်ရှိသော အရပ်သည်။ အနည်းငယ်သာ။ စင်စစ်မှာမူကား၊ မြင့်စူမောက်မို့နိမ့်ဝှမ်းချိုင့်နက်သော အရပ်။ မြစ်ကြောင်းချောင်းမြောင်းဖြင့်၊ ခဲယဉ်းကျဉ်းမြောင်းသော အရပ်။ သစ်ငုတ်ခလုတ် ဆူးငြောင့်တို့၏ တည်ရာဖြစ်သော အရပ်။ တောင်ကြီးတောင်ငယ်တို့ဖြင့်၊ မညီမညွတ်သော အကြင်အရပ်သည် ရှိ၏။ ထိုအရပ်သည်သာ လွန်စွာများသကဲ့သို့၊ ဤအတူသာလျှင်၊ ချစ်သားရဟန်းတို့၊ အကြင်သတ္တဝါတို့သည်၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော၊ ဇာတိဒုက္ခစသော ရှစ်ပါးသောအကြောင်းတို့၌ ထိတ်လန့်ကုန်၏။ ထိုသတ္တဝါတို့ကား၊ အနည်းငယ်သာ။ အကြင်သတ္တဝါတို့သည်၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော၊ ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌ မထိတ်လန့်ကုန်။ ထိုသတ္တဝါတို့သည်၊ လွန်စွာများကုန်၏ဟူလို။ ။ အဓိပ္ပာယ်အကျဉ်းကား၊ ယူဇနာတစ်သောင်းကျယ်သော ဇမ္ဗူဒီပါကျွန်း၌၊ သာယာမွေ့လျော်ဖွယ်မရှိသော အရပ်သားများသကဲ့သို့။ ဤအတူ သတ္တဝါအနန္တတို့တွင်၊ ဉာဏသံဝေဂကို ဖြစ်စေတတ်သော သတ္တဝါကား၊ အနည်းငယ်သာဖြစ်၍။ မဖြစ်စေသော သတ္တဝါသာ လွန်စွာများ၏ဟု ဆိုလိုသည်။ ။ ဉာဏသံဝေဂကို ဖြစ်စေတတ်သော သတ္တဝါတို့တွင်လည်း။ သံဝေဂဖြစ်လျက်။ အသင့်အားဖြင့် တရားကို အားမထုတ်သော သတ္တဝါတို့သာ များသည်ဖြစ်၍၊ အားထုတ်သော သတ္တဝါနည်းသည်ကိုဆိုလတ္တံ့သော၊ ၎င်းအင်္ဂုတ္တိုရ်ပါဠိဖြင့် သိအပ်၏။ ။ ဧဝမေဝခေါ ဘိက္ခဝေအပ္ပကာ တေသတ္တာယေသံဝိဂ္ဂါယောနိသောပဒဟန္တိ။ အထခေါ ဧတေဝသတ္တာဗဟုတရာယေ သံဝိဂ္ဂါယောနိသောနပဒဟန္တိ။ ။ ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ ဤဇမ္ဗူဒီပါကျွန်းအတူသာလျှင်။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သံဝိဂ္ဂါ၊ ထိတ်လန့်ကုန်သည်ဖြစ်၍၊ ထိတ်လန့်ကုန်သောကြောင့်။ ယောနိသော၊ အသင့်အားဖြင့်။ ပဒဟန္တိ၊ အားထုတ်ကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထခေါ၊ စင်စစ်သော်ကား။ ယေသတ္တာ၊ တို့သည်။ သံဝိဂ္ဂါ၊ ထိတ်လန့်ကုန်လျက်။ ယောနိသော၊ သင့်အားဖြင့်။ နပဒဟန္တိ၊ အားမထုတ်ကုန်။ ဧတေသတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ လွန်စွာများကုန်၏။ ။ အဓိပ္ပာယ်ကား ချစ်သားရဟန်းတို့။ ဇမ္ဗူဒီပါကျွန်း၌ သာယာမွေ့လျော်ဖွယ်ရှိသော အရပ်သည်သာလွန်များစွာကဲ့သို့။ ဤအတူ အကြင်သတ္တဝါတို့သည် ထိတ်လန့်ကုန်သောကြောင့်။ အသင့်အားဖြင့် တရားကို အားထုတ်ကုန်၏။ အဆိုသတ္တဝါတို့ကား၊ အနည်းငယ်သာဖြစ်၍၊ အကြင်သတ္တဝါတို့သည် ထိတ်လန့်ကုန်လျက်။ အသင့်အားဖြင့် တရားကို အားမထုတ်ကုန်။ ထိုသတ္တဝါတို့သည် သာလွန်စွာ များကုန်၏ဟူ လိုသည်။ ။ ထိုနှစ်သုတ်တို့တွင်၊ ပဌမသုတ်၌ဒေသက ဖြစ်တော်မူသော သဗ္ဗညုဘုရား၏ အလိုတော်ကား။ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော ဇာတိဒုက္ခစသော ရှစ်ပါးသော အကြောင်းတို့၌ ဉာဏသံဝေဂကိုဖြစ်စေသော သတ္တဝါတို့ကား အနည်းငယ်သာ ဖြစ်၍။ ဉာဏသံဝေဂကို မဖြစ်စေသော သတ္တဝါတို့သာများသည်။ ထိုကြောင့် ယခုအခါ သင်တို့မှာ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော ဇာတိဒုက္ခစသော သံဝေဂဝတ္ထုတရားရှစ်ပါးတို့၌ ကြိုးစား၍၊ ဉာဏသံဝေဂကို ဖြစ်ကြစေဟု။ နေတ္တိဒေသနာဟာရနည်း အာဏတ္တိကို ပြတော်မူသည်။ ဒုတိယသုတ်၌၊ ထိတ်လန့်ခြင်းကိုဖြစ်စေလျက်၊ အသင့်အားဖြင့် တရားကိုအားထုတ်သော သတ္တဝါကား အနည်းငယ်မျှဖြစ်၍။ အားမထုတ်သောသတ္တဝါတို့သာ များကုန်သည်။ ထို့ကြောင့် ယခုအခါ သင်တို့မှာ၊ ထိတ်လန့်ခြင်းကို ဖြစ်စေလျက်။ ကြိုးစား၍ အသင့်အားဖြင့် တရားကိုအားထုတ်ကြကုန်ဟု နှိုးဆော်တိုက်တွန်းခြင်း။ ဒေသနာဟာရနည်း အာဏတ္တိကို ပြတော်မူသည်။ ။ ယခင်ပါဠိတော်၌ ဟောတော်မူအပ်သော ဇမ္ဗူဒီပါကျွန်း၏ မညီမညွတ်သောအဖြစ်ကိုဆိုလတ္တံ့သော ဇာတ်ဖြင့်လည်း သိအပ်၏။ ။ ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသော အခါ။ ရှင်သာရိပုတ္တရာကို အကြောင်းပြုလျက်၊ တစ်ခုသော ဓမ္မဒေသနာကို ဆောင်တော်မူ၏။ အရှင်သာရိပုတ္တရာသည်၊ မိမိအထံသို့ရောက်လာကုန်သော သီလမရှိကုန်သော တံငါမုဆိုးအစရှိသောကုန်သော မြင်တိုင်းမြင်တိုင်းသောသူတို့အား သီလကိုခံယူလော့ သီလကိုခံယူလော့ဟု သီလကိုသာပေး၏။ ထိုတံငါမုဆိုးအစရှိကုန်

mgyoe.com

mgmg.com

သော ဒုဿီလအမှုကိုသာပြုကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည်။ တပည့်တို့ကို ခေါ်တော်မူ၍။ ငါ့ရှင်တို့ ဤလူတို့သည် ငါ၏အထံမှ သီလကိုခံယူကုန်၏။ ခံယူပြီး၍ကား၊ မစောင့်မရှောက်ကုန်။ အဘယ်ကြောင့် ဤသို့ပြုကြကုန် သနည်းဟု မေးတော်မူ၏။ အရှင်ဘုရားတို့သည်။ ထိုသူတို့၏ အလိုမရှိသောအားဖြင့် သီလကိုပေးတော်မူကုန်၏။ ထိုသူတို့သည် အရှင်ဘုရား၏စကားကိုပယ်ရှားခြင်းငှာ မဝံ့သောကြောင့်သာ သီလကိုခံယူကုန်သည်။ စောင့်ရှောက်လိုသောကြောင့် မဟုတ်ကုန်။ ဤအခါမှစ၍ ဒုဿီလတို့အား သီလကို မပေးပါလင့်ဟု လျှောက်ကုန်၏။ မထေရ်အား နှလုံးမသာမယာဖြ်လေ၏။ ထိုအကြောင်းကို ကြား၍တရားသဘင်၌ ငါ့ရှင်တို့ သာရိပုတ္တရာအရှင်သည်။ မြင်တိုင်းမြင်တိုင်းသော ဒုဿီလတို့အား သီလကိုပေးသည်ဟု စကားကိုဖြစ်စေကုန်၏။ ဘုရားသဗ္ဗညုလည်း ကြွလာတော်မူ၍ မေးတော်မူလျှင်။ ထိုအကြောင်းကို လျှောက်ထားကုန်၏။ ချစ်သားတို့၊ ယခုအခါ၌သာ သာရိပုတ္တရာသည် မြင်တိုင်းမြင်တိုင်းသော သူတို့အား မတောင်းဘဲ သီလကိုပေးသည်မဟုတ်။ ရှေး၌လည်း ပေးသည်သာတည်းဟု မိန့်တော် မူ၍၊ အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုတော်မူသည်ရှိသော်၊ ဘုရားအလောင်းတော်သည် ပုဏ္ဏားမျိုး၌ဖြစ်၍၊ အမည်အားဖြင့် ကောရဏ္ဍိယလုလင်ဟု တွင်၏။ ထိုကောရဏ္ဍိယလုလင်သည် အရွယ်သို့ရောက်သည်ရှိသော်၊ တက္ကသိုလ်ပြည်ဝယ် ဒိသာပေါမောက္ခဆရာ၏ တပည့်ကြီး ဖြစ်၏။ ထိုအခါ ဒိသာပါမောက္ခဆရာသည် မြင်တိုင်း မြင်တိုင်းသော သူတို့အား မတောင်းမခံဘဲ သီလကို ပေး၏။ ထိုသူတို့သည် သီလကို ဆရာထံ၌ခံယူ၍ မစောင့်မရှောက်ကုန်။ ဆရာသည် ထိုအကြောင်းကို တပည့်တို့အား ကြား၏။ ဆရာအရှင် သင်တို့သည်၊ ထိုသူတို့၏အလိုမရှိဘဲ သီလကိုပေးကုန်၏။ ယင်းသို့ အလိုမရှိဘဲပေးသောကြောင့် သီလကို ဖျက်ကုန်သည်။ ဤအခါမှစ၍ သီလကို တောင်းသောသူတို့အားသာ ပေးတော်မူပါ၊ မတောင်းသော သူတို့အား မပေးပါလင့်ဟု လျှောက်ကုန်၏။ ယင်းသို့လျှောက်လျှင်၊ ဆရာအား နှလုံးမသာမယာ ဖြစ်လေ၏။ ထိုသို့ဖြစ်သော်လည်း၊ မရှောင်မကြဉ်၊ မြင်တိုင်းမြင်တိုင်းသော သူတို့အား သီလကိုပေးသည်သာတည်း။ ။ဇေ၀သန္တေပိဒိဋ္ဌဒိဋ္ဌာနေ သီလံဒေတိယေဝ။ ။ ဇာတ်အဋ္ဌကထာ။ ။ ဧဝံသန္တေပိ၊ ဤသို့နှလုံးမသာမယာသော်လည်း။ ဒိဋ္ဌဒိဋ္ဌာနေ၊ မြင်တိုင်းမြင်တိုင်းသော အရာ၌။ သီလံကို။ ဒေတိယေဝ၊ ပေးသည်သာတည်း။ ။ ထိုအခါ ရွာတစ်ရွာမှ တစ်နေ့သ၌၊ လူတို့သည်လာကုန်၍ ပုဏ္ဏားတို့၏ ဖတ်ရွတ်ခြင်းအကျိုးငှာ ဆရာကို ဖိတ်ကုန်၏။ ထိုအခါ ဆရာသည် ကောရဏ္ဍိယလုလင်တို့ကို ခေါ်၍၊ ထိုရွာသို့ သွားပြီးလျှင်၊ ပုဏ္ဏားတို့၏ ဖတ်ရွတ်သော အကျိုးအာနိသင်ကိုခံယူ၍ ငါတို့၏အဖို့ကို ဆောင်ချေဟု စေ၏။ ကောရဏ္ဍိလုလင်လည်း ဆရာစေတိုင်းသွား၍ ဆောင်ယူပြီးလျှင် ပြန်လာလေသော်။ ခရီးအကြားတွင် ချောက်တစ်ခုကိုမြင်၍၊ ငါတို့ဆရာသည် မြင်တိုင်းမြင်တိုင်းသော သူတို့အား မတောင်းမခံဘဲ သီလကိုပေး၏။ ဤအခါမှစ၍ အကြင်အခြင်းဖြင့် တောင်းသော သူတို့အားသာ ပေး၏။ ထိုအခြင်းဖြင့်ပြုအံ့ဟုကြံ၍၊ ကြွင်းသော လုလင်တို့သည်၊ ချမ်းသာစွာ ထိုင်နေကြကုန်စဉ်၊ ထပြီးလျှင် ကြီးစွာသော ကျောက်ကို ကိုင်ပြီး၍ ချောက်ထဲသို့ ပစ်ချ၏။ ထိုအခါ လုလင်တို့က ထ၍၊ ဆရာဆရာ အဘယ်ငှာ ဤသို့ပြုသနည်းဟု မေးကြကုန်၏။ ယင်းသို့မေးကြသော်လည်း၊ စကားတုံမမေးဘဲချောက်ထဲကိုသာ ကျောက်ကို ကောက်၍ အဖန်တစ်လဲလဲပစ်၏။ ထိုလုလင်တို့လည်း၊ လျင်မြန်စွာသွား၍ ဆရာအားအကြောင်းကို ကြားကုန်၏။ ဆရာလည်း လျင်မြန်စွာလာ၍၊ တပည့်အား ကောရဏ္ဍိယလုလင်၊ သင်သည် အဘယ်ကြောင့် ကြီးစွာသော ကျောက်ကို ကောက်၍ ချောက်ထဲသို့ပစ်ချခြင်း၌ သင်အား အဘယ်အကျိုးရှိသနည်းဟု မေး၏။ တပည့်လည်း ဆရာအား အကြောင်းကို သိစေလိုသောကြောင့်၊ ဆရာငါကား။ သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်သော ယူဇနာတစ်သောင်းကျယ်သော ဤဇမ္ဗူဒီပါမြေအပြင်ကို မြေမှုန့်တောင်ကျောက်တောင်တို့ကို ဖြိုပြီးလျှင်။ ညီညွတ်အောင်ပြုအံ့။ ထိုကြောင့် ချောက်ထဲသို့ကျောက်ကို ပစ်ချသည်ဟုဆို၏။ ဆရာလည်း တပည့်စကားကိုကြား၍၊ အမောင်ကောရဏ္ဍိယလုလင်၊ သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်

mgmg.com